
www.burmeseclassic.com



www.burmeseclassic.com


# Quality Publishing House

## ၏ အထူးပွဲတော်စာစဉ်

(၂–၁) ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)

ရန်ကုန်မြို့ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃ qualityph@gm

အထူးပွဲတော်စာစဉ်

ငြိမ်းချမ်းခြင်း ခရီးသည်

နယ်လ်ဆင်မင်ဒဲလား

Quality အယ်ဒီတာအဖွဲ့



NELSON MANDELA

| 1918-2013 |

"ရွေးကောက်ပွဲပြီးလို့ လူထုကရွေးချယ်တဲ့ အစိုးရ ... ခင်ဗျားတို့ ... တောင်အာဖရိက ... ကျွန်တော်တို့ ... ရှင်ရှိသေ ... တည်ဆောက်ကြရဦးမယ်"

နယ်လ်ဆင်မင်ဒဲလား



ငြိမ်းချမ်းခြင်း ခရီးသည်

နယ်လ်ဆင်မင်ဒဲလား

Quality အယ်ဒီတာအဖွဲ့

NELSON MANDELA

| 1918-2013 |

"ရွေးကောက်ပွဲပြီးလို့ လူထုကရွေးချယ်တဲ့ အာဏာရလာတဲ့အခါ နေ့ချင်းညချင်း ခင် ချမ်းသာသွားကြမယ်၊ မာစီးဒီးကားကြီးတွေ စီး ခင်ဗျားတို့ အိပ်မက်မက်မနေကြနဲ့။ လွတ်လပ်ပြီး အေးချမ်းတဲ့ဘဝကို ခင်ဗျားတို့ရမယ်၊ တောင် မြေပေါ်မှာ လူသားဂုဏ်သိက္ခာပြည့်ပြည့်ဝဝနဲ့ ရှင် ရမယ်။ ဒါလောက်ပဲ။ ဒီထက်ပိုပြီး ထူးထူးခြား ပြောင်းလဲသွားမှာ မဟုတ်ဘူး။ တောင် ဖွံ့ဖြိုးတိုးတက်ဖို့၊ ခင်ဗျားတို့ဘဝတွေ ဖွံ့ဖြိုး စိတ်ရှည်ကြရမယ်။ အလုပ်လုပ်ကြရမယ်။ ကျွန် ချစ်တဲ့ ဒီနိုင်ငံကို လွတ်လပ်စေတဲ့ လူရှိသေ ရှင်ရှိ တစ်ခုဖြစ်အောင် ကျွန်တော်တို့အတူတကွ


# ဂန္ဓာလောက

ဆုပြည့်စုံထွန်း စာပေ


အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

www.burmeseclassic.com






# သုပြည့်စုံထွန်းစာပေ

အမှတ် – ၅၀၈/၅၁၂၊ ၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ – ၃၈၃၆၆၄၊ ၀၁ – ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက

NO.114, NOVEMBER, 2016


**အလှန်ရွှေမျှား** — ၄
မာယာမယ်

**ဝင်းခိုင် (မကွေး)** — ၂၄
အငြိုးအတေး

**ထောင်မှူးကြီးသိန်းဝင်း** — ၄၄
မရလောကသားများပင် ကြောက်ရွံ့လေးစားရသော
အစိုးရဝန်ထမ်း၏ အမိန့်ဒေဂါ

**ညီညွှန့်** — ၃၇
အောင်ဇော်

**တာရာဝေ** — ၈၈
[illegible]

**ဒေသင်္ကဿက်ဝေ** — ၁၀၄
ကျန်မနှင့် ထူးဆန်းသောဂမုန်းပင်များ

**နီမိုးခိုင်** — ၁၂၀
သတိ ရှေ့ကိုက်တစ်ရာတွင် သရဲခြောက်နေသည်

**ကျော်နိုင်မိုလ်** — ၁၂၉
မုဆိုး၏ တစ္ဆေမှတ်တမ်း

**ကံမင်း** — ၁၄၂
တပလ္လင်မှ ဝိညာဉ်ခေါ်သံ

**သန္တာမြတ်သောင်း** — ၁၅၂
မရဏာမှတ်တိုင်

**နန္ဒဝင်းကျော်ခေါင် (ဓာတ္တသူမြင့်)** — ၁၆၈
သရဲစီးနေသည့်ကြက်

**ဘိုဘိုး** — ၁၈၀
တော်ဝင်သူ

**ဝင်းတိုင်မင်း (မြရောင်ဝေ)** — ၁၉၃
သစ်ပုပ်ပင်သရဲကြီးနှင့် တံငါသားဟောင်း


**မဝဏ္ဏ** — ၂၀၉
သိုဟောင်းနှင့် လက်ကောက်ငမိုး

**ဝင်းဘုန်းသိန်းသူ** — ၂၂၄
ဆောင်ပင်ပေါ်က တစ္ဆေသုံးကောင်

Next Month Preview — ၃


www.burmeseclassic.com

www.burmeseclassic.com




**အယ်ဒီတာချုပ်**
တိုးမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**
ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

**အုပ်ချုပ်မှုအယ်ဒီတာ**
ခင်မာရွှေ

**အယ်ဒီတာအဖွဲ့**
ညွန့်လင်းအောင်

**ထုတ်ဝေသူ**
ခင်မာရွှေ (ဆုပြည့်စုံထွန်းစာပေ)(၀၀၅၆၁)
အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းသရုပ်ဖော်**
တံခွန်၊ ဝင်းသိန်း၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊
ကျော်စိုးညိန်း၊ တောင်ငူ စိုးမြင့်လေး၊
လူသစ်အောင်(အင်းလျား)၊ ရန်နိုင်ဦး၊ ဖောင်နေကြည်၊
မျှော်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ဝိုင်းဖော်။

**မျက်နှာဖုံး**
ညွန့်လင်းအောင်

**စာစီနှင့်အဖွဲ့နှင့် ပြန်ချိရေးရုံးခန်း**
အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၃၈၃၆၆၄၊ ၈၁ ၃၈၆၈၃၃

**ပုံနှိပ်သူ**
ဖြိုးဝေလျှံပုံနှိပ်တိုက်၊ ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)
ဆန်စက်အပိုပစ္စည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ နေဇင်လတ်၊ ဝေလင်း
သန်းထက်ဇင်၊ ကောင်းကောင်း၊ ဖြိုးဖြိုးသင်း
မြတ်နှင်းသွယ်၊ စုဝေလွှင်၊ အိဖြိုး မိမိဇင်၊

**ဖြန့်ချိအားနှင့် ဖလင်**
Quality

**စာအုပ်ချုပ်**
တင်မေထွန်း

အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်


# ▶ Next



မင်းဘုန်းသိခ်သူ
## သုံးနိုင် ငါးနိုင် ရေငုပ်ပြိုင်

# ▶ Month

ဝင်းနိုင် (မကွေး)
## လူ့စည်း ကျတ်စည်း



# ▶ Preview



ညိုရောင်
## သွေးစုပ်ဖုတ်ကောင်နှင့် ပျောက်ဆုံးနေသော လူသတ်သမား

www.burmeseclassic.com

www.burmeseclassic.com

လက္ခဏာဖတ်ရခြင်း၊ အလုပ်မှာ လက္ခဏာရှင်၏ကံတရားကို မဖြစ်မီကြို တင်ပြောဆိုရခြင်းပင်ဖြစ်၍ ကံတရားကို ဖတ်ခြင်းပင် ဖြစ်သည်။

လူတို့မှာ မိမိတို့ အတိတ်မှပြုခဲ့ဖူးသော အကုသိုလ်ကံ၊ ကုသိုလ်ကံတို့၏ အကျိုးပေးသည့်အတိုင်း ယခုပစ္စက္ခ ဘဝတွင် အကြောင်းထင်တတ်ကြပေရာ ထိုကံတရား၏ ရွေ့ပြောင်းနိမိတ်များသည် လူတို့၏ လက်ဖဝါးပေါ်တွင် အစင်းကြောင်းများဖြင့် ပေါ်လွင်လျက်ရှိသည်။



ဒဂုန်ရွှေမျှား



www.burmeseclassic.com

www.burmeseclassic.com

# မာယာမယ်

**ဒဂုန်ရွှေမျှား**

လူပြိန်းနားလည်ရန် ပြောရမည်ဆိုသော် အသက်လမ်းကြောင်းနှင့် ပတ်သတ်၍ တိုလျှင် တိုသည့်အလျောက်၊ ရှည်လျှင် ရှည်သည့်အလျောက်၊ ဖြတ်လျှင်ဖြတ်သည့်အလျောက် မှန်လျှင် မှန်သည့်အလျောက်၊ ထင်လျှင် ထင်သည့်အလျောက် လက္ခဏာရှင်၏ အသက်တမ်းတို မှန်းဆနိုင်လေသည်။

လက္ခဏာဆိုသည်မှာ လက္ခဏာရှင်တို့အား အကျိုးပေးမည့် ကံတရား၏ ရှေ့သွားနိမိတ်များပင် ဖြစ်ပေသတည်း။

ကျွန်ုပ်ထံလာရောက်၍ လက္ခဏာကြည့်ကြသူများအနက် လာဘ်သပ်ပကာနှင့် တွေ့ကြုံ၍ ဆရာအား ကျေးဇူးသိသောအားဖြင့် လာရောက်ကန်တော့သူများလည်း ရှိ၏။

ဆင်းရဲဒုက္ခရောက်၍ မဲ့ပြာကျ... ဆရာကတွေ့လျှင် ကြည့်ရှုထောက်... ခဲ့ရသူများလည်း ရှိ၏။ လူတို့မည်သည်... ဒုက္ခရောက်သူကို မြင်လျှင် သနားရ... ချမ်းသာကြွယ်ဝသူကို မြင်လျှင် ပီတိ... သောမနဿဖြစ်ရ၏။

ဤကဲ့သို့ သဘောထားနိုင်ခြင်း... လျှင်မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်ရတရားလေးပါးဖြစ်၍ အမြင်လွယ်ကူသလောက် လက်တွေ့... ပွားများလုပ်ကိုင်ရန် ခဲယဉ်းလှ၏။

ကျွန်ုပ်သည် ဒုက္ခနှင့်တွေ့ကြုံ... သော အမှုသည်ပေါင်းများစွာကို ကယ်... ဆယ်ခဲ့ရဖူးရာ ကျွန်ုပ်၏ စိတ်မှာ ဒုက္ခ...

...က်မည့်သူများနှင့် တွေ့လျှင် မိမိ...တိုင်ဒုက္ခနှင့်တွေ့ကြုံရဘိသကဲ့သို့ ...လှိုက်လှဲလှဲ ဝမ်းနည်းမိ၏။

...ဘာကွယ်နိုင်က ကိုယ်တိုင်ကာ ...ပေး၏။ ကိုယ့်ထက်သာ၍ချမ်းသာ ...များတွေ့ရလျှင်လည်း လှိုက်လှိုက် ...ဲ့ဝမ်းမြောက်မိ၏။

ဤတရားနှစ်ပါးပင် ကျွန်ုပ်အား ...ကျိုးပေးသည်ဟု တစ်ထစ်ချမှတ်ယူ...၏။

ဥပေက္ခာတည်းဟူသောလျစ်လျူရှု...သော တရားသည်ကား နက်နဲလှ၍ ...ကျွန်ုပ်တို့ သာမန် အလုပ်သမားတစ်...ာက် အစဉ်ပွားများနိုင်ရန် ခဲယဉ်း...၏။

သို့သော် အိန္ဒိယပြည် ဟိမဝန္တာ...ာင်တွင် ဂူများအတွင်းရှိယောဂီကြီး...နှင့်တွေ့စဉ်က ဤတရားကိုအတော် ...လေ့လာလိုက်စားခဲ့လေရာ ကျွန်ုပ် ...ည်း အတော်အတန် ပေါက်ရောက် ...၍ အခြားသူများနှင့်စာလျှင် ရာခိုင် ...ဆယ်ခန့် ကျွန်ုပ်က ပိုမိုမည်ဟု ...ည်းမှတ်ယူမိ၏။

မေတ္တာတရားကား ကျွန်ုပ်သည် ...ဉ်ပွားလျက်ရှိရာ မေတ္တာတို့မည် ...ည် ဘုန်းပြန်သောအကျိုးကိုပေးတတ်သည့်အတိုင်း မည်မျှလောက် ခဲယဉ်းသော ကိစ္စဖြစ်စေ၊ လျော့လျော့ရှုရှုနှင့် အောင်မြင်သည်က များသဖြင့် လူတစ်ယောက်၏ မေတ္တာဓာတ် သည် အခြားတစ်ယောက်အပေါ်တွင် စူးစူးစိုက်စိုက်ထားရှိက မည်မျှလောက် ခရီးရောက်ကြောင်း သိသာနိုင်ပေသည်၊

သို့သော် မည်မျှပင် မိမိ၏မေတ္တာစိတ်ထားစေကာမူ မလိုမုန်းတီးသူများ၊ ရန်ရှာလိုသူများ၊ ကလဲ့စားချေလိုသူများကား မကြာမကြာ ပေါ်ခဲ့ရာ တစ်ခါက ကျွန်ုပ် ၏ အသက်ကို ရန်ရှာသူ တစ်ယောက်အကြောင်းကို လည်းကောင်း၊ မိန်းမနှင့်သမုတ်ကာ ကျွန်ုပ်နှင့် သေနတ်ချင်းယှဉ်ပြိုင်ပစ်ရန် တောင်းဆိုသူများပင် ပေါ်ပေါက်ခဲ့ဖူးလေသည်၊

ထိုကိစ္စများသည်ကား အမှန်အားဖြင့်မူ မထူးဆန်းလှချေ။ အဘယ်ကြောင့်ဆိုသော် လူတို့၏ စိတ်ဓာတ်မှာ ကောင်းသောအာရုံထက် မလိုမုန်းတီးခြင်း၊ သံသယရှိခြင်း၊ မနာလိုဝန်တိုခြင်းစသော အကုသိုလ်စိတ်များက ပိုမိုပြင်းထန်လျက်ရှိသောကြောင့်တည်း။

တစ်နေ့သ၌ ကျွန်ုပ်သည် ...နေ့ သုံးနာရီခွဲလောက်၌ အလုပ်...ပွဲတွင် ထိုင်ကာ နောက်နာရီ...အကြာတွင်



www.burmeseclassic.com

www.burmeseclassic.com

ထင်သန်နွယ်။
ခင်ဗျား တန်ဆောင်နေတဲ့
ဘဝ ခင်ဗျားရဲ့ လိမ်လည်မှု
တွေဟာ အခုလာမယ့်
ခင်ဗျားမွေးနေ့
ရောက်တဲ့အခါမှာ
အားလုံးဘွင်းဘွင်းကြီး
ပေါ် လိမ့်မယ်။
ဘယ်နေ့ ခင်ဗျား
မွေးနေ့လဲလို့တော့
ကျွန်ုပ် မပြောနိုင်ဘူး၊ အဲဒီ
အခါမှာ အမြင့်ဆုံးကနေပြီး
ဇောက်ထိုးကျပြီး ခင်ဗျားက
လူလိမ်ကြီးလို့ အခု
ခေါ် နေတဲ့လူကိုတောင်
ခင်ဗျား ပြန်ပြီး
တောင်းပန်ရသည်အထိ
ဖြစ်လိမ့်မယ်



ချိန်းဆိုထားသော မင်းတိုင်ပင် အမတ်တစ်ဦး၏ လက္ခဏာများကို ဟောပြောရန်ပြင်ဆင်လျက်ရှိစဉ် တိုက်ရှေ့သို့ တစ်ပတ်ရစ်ကားကလေးတစ်စီး ဆိုက်လာ၍အသက်သုံးဆယ်ကျော်ခန့် ခံ့ညားထည်ဝါသည့် အသွင်ရှိသော မိန်းမတစ်ယောက်သည် အင်္ဂလိပ်ဝတ္ထု စာအုပ်ကလေးတစ်အုပ်ကို လက်တစ်ဖက်တွင် ကိုင်ကာ ကျွန်ုပ် တိုက်ခန်းထဲသို့ဝင်လာလေ၏။

ကျွန်ုပ်၏ အတွင်းရေးမှူးထံမှ အခွင့်ရပြီးနောက် ကျွန်ုပ်ထံသို့ တောက်လျှောက်လာပြီးလျှင် သူ၏ လက္ခဏာကို ဖတ်ရန် ပြောဆိုလေသည်။

"ဒီလိုဆိုရင် နာရီဝက်လောက်ပဲ ဟောဖို့ အချိန် ရလိမ့်မယ် ထင်ပါတယ်။ လေးနာရီမှာ အမှုသည် တစ်ဦးနဲ့ ချိန်းထားလို့"

"နာရီဝက်လောက်ဆိုရင် တော်လောက်ပါပြီ ဆရာ၊ ဟောစရာ များများစားစား ရှိမယ် မထင်ပါဘူး။ ပြီးတော့ ကျွန်မက အထူးအဆန်းတစ်ခု အနေနဲ့သာ လက္ခဏာမေးတာပါ။ ဗေဒင် တို့လက္ခဏာတို့တော့ သိပ်လည်း အယုံ အကြည်မရှိလှပါဘူး"

ကျွန်ုပ်က စက္ကူရီတေရီထံ သွား ရောက်ငွေချေရန် ပြောသဖြင့် ထိုမိန်းမ သည် လက္ခဏာမေးခအတွက် ငွေကို ပေးချေပြီးနောက် ငွေရကြောင်း ပြေစာ နှင့် ဖြတ်ပိုင်းကို ကျွန်ုပ်ထံသို့ ယူလာခဲ့ လေ၏။

တတ်ပြားပေါ်၌ ရေးထားသော သူ၏ နာမည်မှာ မခင်သန်းနွယ် ဖြစ်လေ သည်။

ကျွန်ုပ်၏ တိုင်ပင်ခန်းအတွင်းသို့ ရောက်သောအခါ မခင်သန်းနွယ်သည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်လျက် ကျွန်ုပ် ညွှန် ကြားသည့်အတိုင်း လက်ဝဲလက်ယာ လက် နှစ်ဖက်ကို စားပွဲပေါ်တွင် တံတောင်နှင့် ထောက် ရင်း ဖြန့်ပြလျက်ရှိလေ၏။ အခြားအမှုများ၌ ကျွန်ုပ်သည်မင်လုံးဖြင့် တို့ခံ၍ လက်ပုံစံယူလေ့ရှိသော်လည်း ဤအမှု၌မူ အရေးတကြီး ဟောရခြင်း ဖြစ်သဖြင့် လက်ပုံစံ မယူမိချေ။ ယူရန် လည်း စိတ်မပါလှချေ။ စိတ်မပါရုံမျှမက ယခု လက္ခဏာမေးမြန်းခြင်းမှာ အထူး အဆန်းအနေနှင့်လည်းကောင်း၊ အပျော် အဖြစ်ဖြင့်လည်းကောင်း မေးမြန်းခြင်း ဖြစ်သည်ဟု စကားခံထားသဖြင့် ထို မိန်းမအပေါ်တွင် ခပ်ချဉ်ချဉ်ဖြစ်လာသော စိတ်များပင်ပေါ်ပေါက်လာခဲ့လေ၏။

ဤသို့ ပြောဆိုပုံ မချေငံချင်သဖြင့် တိတိကျကျ ဟောပြောတော့မည်ဟု သော စိတ်များလည်း ပေါ်ပေါက်လာခဲ့ လေသည်။ စားပွဲပေါ်သို့ တံတောင်ဆစ် နှစ်ဖက်ထောက်ကာ လက်တင်လိုက် သဖြင့် မခင်သန်းနွယ်သည် ကျွန်ုပ်နှင့် နီးနီးကပ်ကပ်ရှိလေရာ သူ၏ ရုပ်လက္ခဏာမှာ အပြစ်တင်းအောင် အချောကြီး ပင် မဟုတ်လှသော်လည်း ယောက်ျား များကျလောက်သည့် ရုပ်မျိုးဖြစ်၏။

အရွယ်ပင် အတော်ထောင့်ပြီဖြစ် သော်လည်း တပ်မက်ဖွယ်ကောင်းသော မျက်နှာနှင့် ပြတ်သားထည်ဝါလှသော ကိုယ်လုံးကိုယ်ပေါက် တို့မှာ အပျို ကလေးတစ်ယောက်ကဲ့သို့ ရှိနေ၏။

ပါးလွှာသော ပဒုမ္မာအင်္ကျီတွင် စိန် ကြယ်သီးများ အပြည့်တပ်လျက် စိန်နှင့် ပုလဲ ဆစ်၍ထားသော ပုတီးကုံးတစ်ကုံး ကို လည်ပင်းတွင် ဆွဲထား၏။ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com

လျှင် တစ်ရတီသာသာခန့်ရှိ အသား
တောင်းလှသော စိန်တစ်လုံး နားကပ်မှာ
နမိုးလျက်ရှိသောမျက်နှာ၊ ပါးလွှာနီမြန်း
သောနှုတ်ခမ်း၊ တောက်ပစူးရှသောမျက်
လုံးများနှင့် လွန်စွာပန်းရလှပေ၏။

လုံချည်မှာ ပျော့ပျောင်းသော ပိုး
လုံချည်၊ သနပ်ခါးရောင်ပေါ်တွင် လိမ္မော်
သွေး ပန်းပွင့်ကြီးများ ဖော်ထားသဖြင့်
တိုက်လုံးကိုယ်ပေါက်နှင့် အဆင်အပြင်
တို့မှာ လွန်စွာပင်ယဉ်၍ ပန်းရပါပေ၏။

သို့သော် တစ်ချက်တစ်ချက်တွင်
စောင်း၍ကြည့်လိုက်သော မျက်လုံးမှာ
နက်လှစွာသော ချောက်ကမ်းပါးသည်
အောက်ခြေကိုမမြင်ရဘိသကဲ့သို့ သူ၏
လိုရင်းဆန္ဒကိုအကဲမခတ်နိုင်အောင်ပင်
ရှိလေ၏။

တစ်နည်းအားဖြင့်ဆိုသော် မိမိ၏
တောင်းမှုကို အနက်အဓိပ္ပာယ်
ဖော်နိုင်လောက်အောင် နက်ရှိုင်း
ခြင်းဖြင့် ဖုံးအုပ်ထားနိုင်စွမ်းရှိသော မျက်
လုံးများ ဖြစ်လေသည်။

"ကိုင်း - ဆရာရယ်၊ ကျွန်မရဲ့
အတိတ်အကြောင်းနဲ့ ပတ်သက်ပြီး ထူး
ထူးခြားခြား ဘာများဖြစ်ခဲ့တယ်ဆိုတာ
အမိန့်ရှိစမ်းပါ"

"အရင်က အတော်ကောင်းတဲ့
လက္ခဏာပါပဲ၊ နှစ်ဆယ့်နှစ်နှစ်မှာ လတ်
ထပ်တယ်၊ ပြီးတော့ ..."

စကားမဆုံးမီ လျှောင်ပြောင်လိုက်
ဟန် မျက်နှာထားမျိုးနှင့် -

"မှန်းဆချက်ကဖြင့် တော်ပေါ
တယ် - ဆရာ"

ကျွန်ုပ်မှာ ဘာကြောင့်ဟူ၍မသိ၊ ထို
မိန်းမအပေါ်တွင် မည်သည့်နည်းနှင့်မျှ
မေတ္တာမထားနိုင်သည့် ရန်သူ တစ်
ယောက်နှင့် မျက်နှာချင်းဆိုင်၍ နေဘိ
သကဲ့သို့မှတ်ထင်မိ၏၊ ထို့နောက်ကျွန်ုပ်
က ဆက်လက်၍ ...

"ဒါပေမဲ့ အသက်သုံးဆယ်ကစပြီး
သူတကာရဲ့ ကဲ့ရဲ့ရှုတ်ချခြင်း ခံနေရ
တယ်"

"ဘယ်အထိလဲ"

"အခုအချိန်ထိ"

မခင်သန်းနွယ်သည် ကျွန်ုပ် ဟော
ပြောချက်မှန်သည်ကို ဝန်မခံချေ။ သို့
သော် မိန်းမတို့ မည်သည့် ဘယ်အရာ
မဆို ယောက်ျားများထက် ပိုမိုပြင်းထန်
သဖြင့် ...

"ဒါဖြင့် ဆရာရယ်၊ ဆရာပြောတာ
မှန်တယ် ထားကြပါစို့၊ လူတကာရဲ့ရှုတ်



ချတဲ့ရဲ့ခြင်းဟာ ဘယ်တော့လောက်
အဆုံးသတ်မှာလဲ ရှင်"

"သုံးလပဲ လိုပါတော့တယ်၊ ဒါပေ
မဲ့ - အဆုံးသတ်တဲ့အခါမှာတော့ တော်
တော်ပြင်းပြင်းထန်ထန်နဲ့ အဆုံးသတ်
သိမ့်မယ်၊ ပြီးတော့လည်း မခင်သန်းနွယ်
ဟာ ဒါကနေပြီး ဘယ်တော့မှ နာလန်ထူ
မှာ မဟုတ်တော့ဘူး"

"ကြုံကြုံဖန်ဖန် ရှင်၊ ကျွန်မ တစ်
သက်မှာ ဘယ်ကဲ့ရဲ့ရှုတ်ချခြင်းမှ မရှိခဲ့
ဖူးဘူး၊ အခု ပြောနေတာ ဘယ်လောက်
အထိ ရှင်ဟောတာ မှားမလဲ သိချင်တာနဲ့
ကျွန်မက လျှောက်မေးနေတာရှင့်၊ သိပြီ
လား၊ လက်စသတ်တော့ ရှင်ဟာ သက်
သတ် လူလိမ်ကြီးပဲ"

ထိုစကားကိုကြားလိုက်ရသည်နှင့်
တစ်ပြိုင်နက် ကျွန်ုပ်၏ဦးနှောက်များမှာ
ချာချာလည်၍သွားသကဲ့သို့ မှတ်ထင်
ရ၏

ဟိမဝန္တာတောင်ပေါ်တွင် ယောဂီ
ကြီးများ ညွှန်ပြချက် အရ မေတ္တာ
ဘာဝနာ ဆန်းပွားများစဉ်က ရုတ်တရက်
စိတ်ထွက်သည့်အခါများတွင် ဖြစ်တတ်
သည့်အတိုင်း တစ်စုံတစ်ရာ စဉ်းစားခြင်း
မပြုဘဲ ထိုးထွင်းသော အသိဉာဏ်များ

သည် တစ်လုံးစီတစ်လုံးစီ ပွင့်၍သွား
သော ခတ်မီးများကဲ့သို့ ကျွန်ုပ်၏ ဦး
နှောက်ထဲတွင် ဝင်းခနဲ လက်ခနဲ ထွက်
လာပြီးလျှင် မည်သည့်အရာကို ပြောမိ
သည်မသိပါ၊ စပ်မှစဉ်တိုက်ပြောလေ၏။

"မခင်သန်းနွယ်၊ ခင်ဗျား ဟန်
ဆောင်နေတဲ့ဘဝ ခင်ဗျားရဲ့လိမ်လည်မှု
တွေဟာ အခုလာမယ့် ခင်ဗျားမွေးနေ့
ရောက်တဲ့အခါမှာ အားလုံးဘွင်းဘွင်း
ကြီး ပေါ်လိမ့်မယ်၊ ဘယ်နေ့ ခင်ဗျားမွေး
နေ့လဲလို့တော့ ကျုပ် မပြောနိုင်ဘူး၊ အဲဒီ
အခါမှာ အမြင့်ဆုံးကနေပြီး အောက်ထိုး
ကျပြီး ခင်ဗျားက လူလိမ်ကြီးလို့ အခု
ခေါ်နေတဲ့လူကိုတောင် ခင်ဗျား ပြန်ပြီး
တောင်းပန်ရသည်အထိ ဖြစ်လိမ့်မယ်၊
ဒီအခါမှာ အရှက်တကွဲ အကျိုးနည်းဖြစ်
ပြီး ခင်ဗျားလင်ကိုရော၊ ခင်ဗျား ဂုဏ်
သိက္ခာကိုရော၊ ခင်ဗျားအိမ်ကိုရော စွန့်
ပစ်ပြီး ထွက်သွားရလိမ့်မယ်၊ ကျုပ် အခု
ဟောတာ မြဲမြဲကြီး မှတ်ထားပေတော့"

မခင်သန်းနွယ်သည် ဒေါ်ရာရ
သော ကျားမတစ်ကောင်ကဲ့သို့ နေရာမှ
ထ၍ ခုန်လိုက်လေ၏။

"အောင်မယ်၊ ရှင်ကလား၊ ကျွန်မ
ကပဲ အရှက်တကွဲအကျိုးနည်းပြီး အိမ်က



www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားရမယ်လို့တော့တား ကြည့်ကြသေးတာပေါ့ရှင်၊ ကျွန်မကပဲ အိမ်က ထွက်ရမလား၊ ရှင်ပဲအရက်တကွဲဖြစ်ပြီး အိမ်က ထွက်ရမလားဆိုတာ"

သို့နှင့် မခင်သန်းနွယ်သည် ခြေကို ဆောင့်ကာ ကျွန်ုပ် အခန်းတွင်းမှ ထွက်သွားလေ၏။

❀

ထိုည ခြောက်နာရီအချိန်လောက်တွင် အင်စပက်တာ ဦးအုံးဘူးသည် ကျွန်ုပ်အိမ်သို့ရောက်လာပြီးလျှင် ကျွန်ုပ်အား မိန်းမတစ်ယောက်က သူ၏ငွေများကိုသဘောမတူဘဲခြိမ်းခြောက်ယူသည်ဟု တိုင်တန်းသဖြင့် လာရောက်ရကြောင်း ပြောလေရာ ဦးအုန်းဘူးမှာ ယခင်ကပင် ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးခဲ့သည့်အတိုင်း ကျွန်ုပ်ကအကျိုးအကြောင်း ရှင်းလင်းပြောပြသောအခါ ဦးအုန်းဘူးသည် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

"စိတ်မဆိုးနဲ့ဗျနော်၊ ကျုပ်တို့ပုလိပ်ဆိုတာ ဝတ္တရားရှိတဲ့အတိုင်း လာရတာပဲဗျ"

"စိတ်မဆိုးပါဘူးဗျာ၊ လခစားဆိုတာ သူ့အလုပ်ဝတ္တရားကို ကျေပွန်အောင် လုပ်မှပေါ့၊ ကျွန်တော် ဘာလုပ်ဖို့ လိုသေးသလဲ - ဦးအုန်းဘူး"

"ကျွန်တော်နဲ့အတူ ဌာနာကိုလိုက်ခဲ့ပြီး လက်မှတ်ထိုးရုံပါပဲ၊ ပြီးတော့ ကိုယ်တိုင်ဝန်ခံချုပ်နဲ့ ပြန်ပေါ့ဗျာ၊ အထောက်အထားသက်သေခံပစ္စည်းကလေးဘာကလေးရှိရင်လည်း ယူခဲ့ပေါ့ဗျာ"

"သူ့လက်ဗ္ဗဏာကြည့်ဖို့ သဘောတူလက်မှတ်ထိုးတဲ့ဖြတ်ပိုင်းတော့ ရှိတယ်ဗျ"

"အဲဒါ အထောက်အထားပေါ့ဗျာ၊ ယူခဲ့လေ"

"ကျွန်တော့်စက္ကရီတေရီရောသက်သေပြဖို့ တယ်လီဖုန်းဆက်ပြီး ခေါ်လိုက်ရဦးမလား၊ ကျွန်တော်ကတော့ ဥပဒေကို နားမလည်ဘူးဗျ"

"မလိုပါဘူးဗျာ၊ နက်ဖြန်ကျမှ ကျွန်တော် စစ်ယူပါ့မယ်"

"အာမခံဖို့ လူရော ခေါ်ဖို့ လိုသေးသလား"

"မလိုပါဘူးဗျာ၊ လိုရင်ပြောမှာပေါ့၊ အလကား အမှုပါဗျာ၊ ဘာမှ မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်တဲ့အပြင် အခု ခင်ဗျား ပြောပုံ အလိုတော့ သူ့ကိုတောင် ပြန်ပြီး ကျုပ်တို့က အရေးယူရဦးမလို့ ဖြစ်နေတယ်"

"ကျွန်တော် ပြောတာ အမှန်တွေပဲဗျ ဦးအုန်းဘူး"

"တုတ်ပါတယ်လေ၊ ကျွန်တော်ယုံကြည်ပါတယ်၊ ပြီးတော့ဘာသက်သေခံ ရှိသေးသလဲ"

"ဪ - ကျွန်တော် အခု သတိရသယ်ဗျို့၊ ဟောဒီမှာ သူကိုင်လာတဲ့ စာအိတ်ကလေးဗျ၊ မိန်းမက စိတ်ဆိုးမာန်ဆိုးနဲ့ ထွက်သွားလိုက်တာ ကိုင်လာတဲ့ စာအိပ်ကလေးတောင် မေ့ကျန်ရစ်ခဲ့တယ်"

"ပေးစမ်းဗျို့ - ဘာစာအိပ်များလဲ"

"ကျွန်တော်ဖြင့် ဖွင့်တောင်မကြည့်ရသေးဘူးဗျာ၊ ရှားလ်စ်ဂါးဝစ်ရေးတဲ့ အချစ်ထောက်တဲ့၊ အဖုံးကို မြင်တာပါပဲ"

ဦးအုန်းဘူးသည် အစိမ်းရောင်အင်္ဂလိပ်ဝတ္ထုစာအုပ်ကလေးကို တစ်ချက်စီလှန်၍ ကြည့်လေရာစာအုပ်အလယ်မှ စက္ကူအဖြူခေါက်ကလေးတစ်ခု ကျ၍လာသည်နှင့် ကျွန်ုပ်တို့နှစ်ဦး စာရွက်ကလေးကို ဖြန့်၍ကြည့်သောအခါ ခဲတံဖြင့် ရေးထားသော ယောက်ျားတစ်ယောက်၏လက်ရေးဖြင့် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရလေ၏။

*နွယ်....*

*နွယ်ပြောသည့်အတိုင်း အခု လာမည့်အောက်တိုဘာနှစ်ဆယ့်ခုနစ်ရက်နေ့ညတွင် မွေးနေ့ကျင်းပမည့်ပွဲကို မောင်ဆက်ဆက်လာခဲ့မည် စိတ်ချပါ။*

"အင်း - သူ့အဆက်ပဲဗျ၊ ဘယ်လိုအဆက်လည်းတော့ မပြောတတ်ဘူး"

"ဒီစာအုပ်ကလေး ယူခဲ့ရမလား"

"မလိုတော့ပါဘူးလေ၊ ကျုပ်ပဲသိမ်းထားလိုက်ပါ့မယ်၊ အမှုနဲ့ဆိုင်တာမှ မဟုတ်ဘဲ"

"ကိုင်း - လာလေ - သွားကြစို့"

ဌာနသို့ရောက်သောအခါ ဌာနာအုပ်သည် ကျွန်ုပ်အား သူ အလိုရှိသောအချက်များကို တစ်ချက်နှစ်ချက်မျှ မေးမြန်းပြီးနောက် ပုံစံစာရွက်တစ်ရွက်ပေါ်တွင်ကျွန်ုပ်အားလက်မှတ်ရေးထိုးစေ၏။ ထို့နောက် အလိုရှိက ဆင့်ခေါ်လိုက်ပါမည့်အကြောင်းနှင့် ပြောဆိုပြီးလျှင် ပြန်၍လွှတ်လိုက်လေ၏။

မခင်သန်းနွယ်မှာ ပင်စင်စားစစ်တဲကြီးတစ်ဦး၏ဇနီး ဖြစ်၏။ သူ၏ လင်ယောက်ျားအမည်ကိုထုတ်ဖော်ရေးသားရန် မလိုအပ်ပေ၊ အဘယ်ကြောင့်ဆိုသော် အင်မိကြာရှိအစည်း စွပ်စွဲသော





www.burmeseclassic.com

www.burmeseclassic.com

အမှုမှာလည်း သူ၏ လင်ယောက်ျားနှင့် သောက်ဆိုင်ရှေ့၌ လိမ်လည်တိုင်တန်းသော အမှုဖြစ်၍ တိုင်တန်းသူတရားလို အပေါ်တွင်ဥပဒေအရအမှုပြန်၍ပတ်ရန်ရှိသော်လည်း ၎င်း၏ လင်ယောက်ျားမျက်နှာနှင့် အမှုမလုပ်ဘဲ ပုလိပ်က ချမ်းသာပေးလိုက်ကြောင်း အင်မ်ကြာရိုး ပြောပြချက်အရ နောင်အခါ သိရလေသည်။ စာရေးသူကျွန်ုပ်သည်အင်စပက်တာ ဦးအုန်းဘူးနှင့် အတူ ထိုညတွင် စထရင်းဟိုတယ်၌ညစာစား၍ထူးဆန်းသော မခင်သန်းနွယ်၏ ပြုမူပုံများကိုလည်းကောင်း၊ သူ မေ့လျော့ကျန်ရစ်ခဲ့သည့် စာအုပ်ကလေးထဲတွင် တွေ့ရသည့် သမီးရည်းစားစာမျိုးဟု ထင်ရသောလျှို့ဝှက်သည့်အကြောင်းကိုလည်းကောင်း ပြောဆိုလျက်ရှိကြကုန်၏။

ထိုနောက် ဦးအုန်းဘူးက ...

"ဒီမိန်းမအိမ် ခင်ဗျား သိသလား"

"မသိပါဘူးဗျာ"

"ဒါလဟို ဇီလမ်း (မဟာဗန္ဓုလလမ်း)မှာဗျ။ ဘုရင်မပန်းခြံ(မဟာဗန္ဓုလပန်းခြံ)နဲ့ မျက်နှာချင်းဆိုင် ဟိုသုံးထပ်တိုက်အဝါကြီးအောက်ထပ်မှာ အခန်းငှားနေတယ်"

"ခင်ဗျားကတော့ ပုလိပ်အရာရှိပေကိုးဗျ။ ဘယ်နေရာမှာ အပ်ကျတယ်ဆိုတာတောင် သိရမယ်ပေါ့"

"ကျွန်တော်သတင်းကြားရတော့ဖြင့် ဒီမိန်းမဟာ ရုပ်ချောသလောက် အကျင့်စာရိတ္တ မကောင်းလှဘူးတဲ့ဗျ။ အရင်အတွင်းဝန်အိုင်စီအက်တို့နဲ့လည်းဖြစ်ဖူးတယ်။ ဒီတော့ အခုလည်း မင်းတိုင်ပင် အမတ်တစ်ဦးနဲ့ ဘာလိုလို"

"အင်း - လောကကြီးဟာ တယ်ခက်တာကလားဗျ - ဦးအုန်းဘူး၊ နို့ - ဒီအကြောင်းတွေ သူ့ယောက်ျားကြီးတမသိရှာသလားဗျာ"

"သိတော့ သိတာပေါ့ဗျာ၊ ဒါပေမဲ့ - ဒီလိုဟာမျိုးမိန်းမကို လင်ကြီးက သာပြီး စွဲလမ်းနေသေးတယ်ဆိုပဲဗျ၊ ပြီးတော့ ဒီကိစ္စမျိုးကို လက်ပူးလက်ကြပ် ဖမ်းဖို့လည်း အခက်သား"

"ခင်ဗျား ပြောတာလည်း ဟုတ်တာပဲ"

"ကိုင်း - အင်မ်ကြာရိုး၊ အောက်တိုဘာလ ရှစ်ရက်နေ့ဆိုတာ အမှန် သူ့မွေးနေ့ပဲ၊ သူတို့ချင်း ရက်ချိန်းထားတာလည်း အဲဒီနေ့၊ ခင်ဗျား လက္ခဏာဖတ်လိုက်တာလည်း အဲ့ဒီနေ့မှာ သူတ



အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး သူ့လင်ရော၊ သားရော၊ ပစ္စည်းဂုဏ်သိက္ခာစည်းစိမ်ဥစ္စာရော စွန့်ပစ်သွားရမယ်လို့ အဟောရှိတယ်။ သည့်အတိုင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ကိုင်းလေ - အဲ့ဒီနေ့ကို ကျုပ် ဒိုင်ယာရီထဲမှာ မှတ်ထားပြီး ကျုပ်တော့ သူတို့တိုက်ခန်းကို သွားပြီး စုံစမ်းမယ် ဗျာ၊ ခင်ဗျား ဟောလိုက်ရင် လွဲခဲ့တယ်ဗျာ၊ အဲ့ဒီနေ့မှာပဲ တစ်ခုခုတော့ အမှန် ဖြစ်လိမ့်မယ်"

"သွားလေဗျာ - စုံစမ်းရင် သိရောပေါ့"

"ခင်ဗျားနဲ့ဆိုရင်၊ ပြီးတော့ အားရင်လည်း လိုက်ခဲ့တာပေါ့ဗျာ"

ထိုနောက်ကျွန်ုပ်တို့လည်းအတော်အချိန်ညဉ့်နက်သောပြီးဖြစ်၍ စထရင်းဟိုတယ်မှလူချင်းခွဲကြလေ၏။

❀

ကျွန်ုပ်တို့ စကားမဆုံးမီ နောက်ဆီမှ ရယ်မောသံတစ်သံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့တစ်တွေမှာ ထိုအသံကြားရာသို့ တစ်ပြိုင်နက် လှည့်၍ ကြည့်မိကြလေသည်။ အတော်အတန် ခန့်ညားသိုက်မြိုက်စွာ ဝတ်ဆင်ထားသော အသက်ငါးဆယ်ကျော်ခန့်ရှိ လူကြီးတစ်ယောက်သည် ကျွန်ုပ်တို့အား ကြည့်ရှုရယ်မောလျက် ရှိသည်ကို တွေ့ရလေသည်။ ထိုလူကြီးသည် တုတ်ကောက်ကို သမ်တလင်းပေါ်၌ ထောက်ကာ ခပ်ရွှင်ရွှင် မျက်နှာဖြင့် ...





www.burmeseclassic.com

www.burmeseclassic.com

အချိန်များသည်တရွေ့ရွေ့ကုန်ဆုံးသွားလေရာ မိုးကုန်၍ သီတင်းကျွတ်လဆန်းလာပြီးနောက် အောက်တိုဘာလရှစ်ရက်နေ့သို့ ရောက်ခဲ့လေ၏။

ထိုည ကိုးနာရီကျော်ကျော် ဆယ်နာရီအချိန်လောက်မှစ၍ကျွန်ုပ်နှင့် အင်စပက်တာဦးအုန်းဘူးတို့သည်မခင်သန်းနှယ်နေသော သုံးထပ်တိုက် တိုက်ဝါကြီးနှင့် မျက်နှာချင်းဆိုင် ဘုရင်မပန်းခြံ (ဗန္ဒုလပန်းခြံ) အနောက်တောင်ဘက်ထောင့်ရှိသစ်ပင်ရိပ်တစ်ခုမှတိုက်ဘက်သို့မကြာမကြာလှည့်ကာအရိပ်အကဲကိုစောင့်ဆိုင်းကြည့်ရှုလျက် ရှိနေ၏။

လဆန်းကိုးရက်နေ့ည လကလေးသည် မှုန်မွှားသောအရောင်ဖြင့် သာလျက်ရှိရာမှ ပြာလဲ့သော ကောင်းကင်အောက်ပိုင်းရှိ ညိုမှိုင်းသောတိမ်ကွက်ကြားထဲသို့ ဝင်သွားလေရာ ပန်းခြံတစ်ပိုက်တွင် မှောင်နင့်မည်းမည်း ကျန်ရစ်ခဲ့လေ၏။

ထိုအခါတွင် ဟိုက်ကုတ်နာရီစင်ကြီးမှ တစ်နာရီ ထိုးပြီဖြစ်၍ ကျွန်ုပ်တို့သည်ပန်းခြံတောင်ဘက်ပိုင်းရှိမြက်ခင်းများအနောက်ဘက်ခြံစပ်တန်းလျားပေါ်တွင် တစ်ခါတစ်ရံ ထိုင်လျက်၊ တစ်ခါတစ်ရံလည်း လျှောက်လျက်၊ တစ်ခါတစ်ရံလည်း အိပ်ချင်ပြေစေရန် စကြံလျှောက်လျက် ရှိကြကုန်၏။

ထိုအချိန်မှစ၍ ခြေကျင်လန်ချားမြင်းရထားမှစ၍ လူသွားလူလာ ပြတ်လျက်ရှိလေရာ တစ်ခါတစ်ရံညဥ့်ငှက်မများပါသည့် ကားတစ်စီးတလေမျှသာ တိတ်ဆိတ်သော ညဥ့်ခရီးကို ဖောက်ထွင်းသွားလာလျက် ရှိလေ၏။

ကမ်းနားဘက် ဂိုဒေါင်များဆီမှ သံချောင်းသုံးချက်ခေါက်သံ ကြားပြီးနောက် ညဥ့်သည် အလွန်အမင်း တိတ်ဆိတ်လျက်ရှိသည်ဖြစ်၍ အလွန်သေးငယ်သော အသံကလေးများကိုပင် အဝေးမှ ကြားနိုင်သည် ဖြစ်ရကား သာယာအေးမြသော မြောက်လေသည် ဆူးလေဘုရား၏ ဆည်းလည်းသံကလေးများကိုပင် ကျွန်ုပ်တို့ ရှိရာသို့ ယူဆောင်လာခဲ့၏။

မခင်သန်းနှယ်နေသော တိုက်ဝါကြီး၏အောက်ထပ် မြောက်ဘက်ဆုံးအခန်းမှာ ခပ်လှမ်းလှမ်းရှိ လမ်းဓာတ်မီးတိုင်မှ ထိုးသော မှေးမှိန်သော အလင်းရောင်မှတစ်ပါး အခြားအခန်းများကဲ့သို့ပင် မှောင်လျက်ရှိနေခဲ့သည်။

ကျွန်ုပ်မှာ စိတ်မပါလှဘဲ အလွန်ငိုက်မြည်းနေချင်လှပြီဖြစ်၍ တွန့်လိမ်လျက်ရှိရာ ဦးအုန်းဘူးမှာ တစ်စုံတစ်ရာ ဖြစ်ရမည်ဟူ၍ တစ်ထစ်ချမှတ်ယူပြီးသည့်အတိုင်း တန်းလျားနှင့် မျက်နှာချင်းဆိုင်ရှိ တိုက်ခန်းဆီသို့ မကြာမကြာ ကြည့်ရှုလျက်ရှိနေလေ၏။

“ခင်ဗျား ဟောလိုက်တာ ဘယ်နည်းနဲ့မှ မလွဲနိုင်ပါဘူးဗျာ အင်မ်ကြာရိုး။ ဦးတော့လည်း သူ့အဆက်က ရေးလိုက်တဲ့ စာထဲမှာပါတဲ့ ရက်ချိန်းအတိုင်း အောက်တိုဘာလ ရှစ်ရက်နေ့ဆိုတာနဲ့ ခင်ဗျား ဟောလိုက်တဲ့အတိုင်း တစ်လကြာတဲ့အခါ မွေးနေ့ရောက်ရင် ပျက်စီးရမယ်ဆိုတော့ တစ်ခါတည်း ရက်ချင်းတိုက်နေတာပဲဗျ။ ကျုပ်က ဒါကြောင့် ယုံကြည်တာ”

“ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ ကျုပ် လက္ခဏာဟောတာ မှန်တာထက် ခင်ဗျား ဖွဲ့ကောင်းတာကို ကျုပ်က ပိုပြီး ချီးကျူးနေတယ်ဗျ။ နေပါဦး – သူတို့ လင်မယား အိမ်ထဲမှာ ရှိရဲ့လား”

“ညနေက သူတို့အခန်းကို ကျုပ် တစ်ခေါက်ရောက်ပြီးပြီဗျ။ မခင်သန်းနှယ်ဟာ တောကို ခဏထွက်သွားတယ်တဲ့။ အိမ်ကိုမနက်ဖြန်မနက်မှပြန်ရောက်လိမ့်မယ်ထင်တယ်ဆိုတဲ့အကြောင်းသူ့အိမ်က အိမ်စေမကြီးက ပြောလိုက်လို့ သိခဲ့ရတယ်”

“ဩော် – ဟုတ်လား။ ဒါဖြင့် – သူ့ယောကျ်ားကြီး ရှိမှာပေါ့”

“ဘယ်ကလာ ရှိရမှာလဲဗျ။ သူ့ယောကျ်ားက အိမ်မှာအိပ်တာ ခပ်ရှားရှားရယ်ဗျ။ ကလပ်တို့ ဟိုတယ်တို့မှာ မိုးလင်းအောင်နေတဲ့ လူတစ်ယောက်ပဲ”

“ဒါဖြင့်လင်ရောမယားရောအဖျော်သမားတွေပေါ့”

“ဒါပေါ့ဗျာ။ ဒါထက် မိုးလင်းဖို့အချိန်တယ် မလိုတော့ဘူး ထင်တယ်”

ထိုအချိန်တွင် ဟိုက်ကုတ်နာရီစင်ကြီးမှ လေးနာရီထိုးသံ ကြားရလေသည်။

“မလိုတော့ပါဘူး။ နှစ်နာရီလောက်ပဲ လိုပါတော့တယ်”

“အလို – ပြောရင်းဆိုရင်း တော ဟိုမှာ ကြည့်လိုက်စမ်းဗျို့”

ထိုခဏ၌ ကျွန်ုပ်လည်း ဦးအုန်းဘူး ညွှန်ပြသည့်အတိုင်း တိုက်ဝါကြီး ဘက်သို့ လှည့်ကြည့်လိုက်ရာ တိုက်နံ့သေး

www.burmeseclassic.com

ပြတင်းပေါက်ကလေးတစ်ပေါက်သည် ရုတ်တရက် ပွင့်လာပြီးနောက် ခေါင်းမြီး ခြုံထားသော မျက်နှာကလေးတစ်ခု သည် တိတ်ဆိတ်လျက်ရှိသော လမ်းမ ကြီးဘက်သို့ လည်းကောင်း၊ မှောင်နှင့် မည်းမည်းရှိသော ကျွန်ုပ်တို့ရှိရာ ပန်းခြံ ဘက်သို့ လည်းကောင်း၊ တစ်ခဏမျှ ကြည့်ရှုပြီးနောက် ပျောက်ကွယ်သွား လေ၏။

"ဟုတ်တယ်ဗျို့၊ ခင်သန်းနွယ်ရဲ့ မျက်နှာနဲ့ တူတယ်။ ခေါင်းမြီးခြုံထားပေ မယ့် ကိုယ်လုံးကိုယ်ပေါက်တော့ သူ့ ကိုယ်လုံးကိုယ်ပေါက်ပါပဲ"

"ဒါနဲ့ - ညနေ ခင်ဗျား သွားပြီး မေး တုန်းက တောသွားတယ်၊ အိမ်မှာ မရှိ ဘူးဆို"

"ဒါကတော့ ပရိယာယ်ဖြစ်မှာပေါ့ ဗျာ၊ သူ့ငနဲတောင် အခန်းထဲ ရှိမလား မပြောတတ်ဘူး၊ မိန်းမက အင်မတန် လည်တဲ့ မိန်းမပဲ၊ အဘိုးကြီးကို ဟိုတယ် သိမ်လွှတ်၊ ကလပ်မှာ အက, စားခိုင်း၊ ဟိုတယ်ကကောင်မလေးတွေနဲ့အပျော် ခိုင်းပြီး အိမ်မှာတော့ သူချစ်တဲ့ လူနဲ့ ထင် သလိုနေပေါ့ဗျာ"

"ဒါဖြင့် သူနဲ့ဖြစ်နေတာ မင်းတိုင်ပင် အမတ် ဦး ......... ဆိုပဲ၊ ဒီလူကြီးက အသက်ငါးဆယ်ကျော်နေမှပဲဗျ"

"ဟုတ်ပါတယ်၊ ဒီကောင်မက လူကိုချစ်လို့ တစ်မျိုး၊ ငွေကို ချူချင်လို့ တစ်မျိုးပေါ့ဗျာ၊ တစ်ခါတလေလည်း တစ်ချက်ခုတ်နှစ်ချက်ပြတ်ပဲ၊ မိန်းမက မိန်းမလည်ဗျ။ အဘိုးကြီးလောက်တော့ နှစ်ပြန်လောက် ရောင်းစားနိုင်တာပေါ့။ ဟောဗျို့ - ကြည့်စမ်းပါဦး"

ထိုခဏ၌ အိမ်ရှေ့တံခါးမကြီးသည် တဖြည်းဖြည်း ပွင့်လာပြီးနောက် ခေါင်း မြီးခြုံထားသောမိန်းမတစ်ယောက်သည် ယောက်ျားတစ်ယောက်ကို တွဲယူကာ တံခါးပေါင်ပေါ်တွင် ပေါ်လာလေ၏။

ယောက်ျားမှာ ခေါင်းငိုက်စိုက်ကျ လျက်ရှိသဖြင့် မျက်နှာကို မမြင်ရသော် လည်း အတော်အတန်အသက်ကြီးပြီဟု ခန့်မှန်းရ၏။

"ကြည့်စမ်းဗျို့ - အင်မ်ကြာရှိး၊ သူ့ ငနဲနဲ့ တူတယ်ဗျ။ ခေါင်းလည်း ငိုက်စိုက် ကြီးကျပြီး အမူးလွန်နေတာနဲ့ တူပါ တယ်ဗျာ"

"ဟုတ်ပါလိမ့်မယ်"

ခေါင်းမြီးခြုံထားသော မိန်းမသည် လူရှင်းနေသော လမ်းဘက်သို့တစ်ချက် နှစ်ချက်မျှကြည့်ပြီးနောက် အမူးလွန် နေသော သူအားလမ်းမှဖြတ်၍ သယ်ယူ လာသဖြင့် ကျွန်ုပ်တို့မှာ တောင်ဘက်သို့ အနည်းငယ်ရွှေ့ကာ ချုံတစ်ခုအကွယ်မှ ချောင်းမြောင်းကြည့်ရှုနေကြရကုန်၏။

"ဒီကို လာနေတယ်ဗျ"

"ဟုတ်တယ် - စကားမပြောနဲ့နော်၊ ကြားသွားမယ်"

"မပြောပါဘူးဗျာ၊ ကျုပ်သိပါတယ်"

"ကြုံကြုံဖန်ဖန်ဗျာ၊ ဒီမိန်းမနှယ်၊ အများ လုပ်မလို့ပါလိမ့်"

"ဟုတ်ပါရဲ့ဗျာ"

ထိုခဏ၌ ယောက်ျားကို တွဲယူလာ သော မိန်းမသည် ဖွင့်၍ထားသော တံခါး တစ်ခုမှ ပန်းခြံအတွင်းသို့ ဝင်လာခဲ့ပြီး လျှင် ကျွန်ုပ်တို့ထိုင်ခဲ့သော တန်းလျားပေါ် တွင် ယောက်ျားအား ထိုင်စေ၏။ ဦးခေါင်း လည်း နောက်သို့လှန်၍ ထားပေးလိုက် ပြီးလျှင် လက်နှစ်ဖက်ကိုလည်း တန်း လျားနောက်မှီပေါ်တွင် တင်၍ထားလိုက် လေ၏။

ဤသို့ တင်ထားခဲ့ပြီးနောက် ခေါင်း မြီးခြုံနှင့်မိန်းမသည် မိမိဝင်ခဲ့သော ပန်းခြံ အပေါက်မှ ပြန်၍ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် အင်စပက်တာ ဦးအုန်းဘူး နှင့် ရင်ဆိုင်လျက်ရှိလေ၏။

အဘယ်ကြောင့်ဆိုသော် ဦးအုန်း ဘူးမှာ ကျွန်ုပ်နံဘေး ချုံကွယ်မှ ထွက် သွားပြီးလျှင် ပန်းခြံပေါက်မှ ထိုမိန်းမ အားအသင့်စောင့်ဆိုင်းနေသောကြောင့် တည်း။

"ဒီဟာက ဘယ်လို အဓိပ္ပာယ်လဲ မခင်သန်းနွယ်ရဲ့"

"ရှင် - ရှင် - ဘယ်သူလဲ"

"ဘယ်သူလဲဆိုတာ ကြည့်လေ - သိမှာပေါ့၊ လာပါဦးဗျို့အင်မ်ကြာရှိး"

ဦးအုန်းဘူး လှမ်း၍ ခေါ်သံကြား သဖြင့် ကျွန်ုပ်လည်း ပန်းခြံပေါက်ဆီသို့ ပြေးသွားလေရာ သတိမေ့၍ လဲသွား သော မိန်းမကို ပွေ့ချီထူမထားရသည့် ဦးအုန်းဘူးကို တွေ့ရလေသည်။

ခေါင်းမြီးခြုံထားသူမှာ အမှန်ပင် မခင်သန်းနွယ်ဖြစ်၍ ဦးအုန်းဘူးသည် မခင်သန်းနွယ်အား ကျွန်ုပ် ရင်ခွင်ထဲသို့ တွန်းထည့်လိုက်ပြီးနောက် ...

"သတိမေ့နေတယ်ဗျ၊ ခဏ ပွေ့ ထားစမ်းဗျာ"

"ခင်ဗျားက ဘယ်သွားမှာလဲ"

"ထိုင်ခုံပေါ်က လူကို ကျုပ် သွား ကြည့်လိုက်ဦးမယ်"

www.burmeseclassic.com

သို့နှင့် ကျွန်ုပ်မှာ မလွဲသာတော့ဘဲ ခင်သန်းနွယ်၏ ကိုယ်ကို အလိုက်သင့် ပွေ့ချီထားရတော့၏။

ထိုအချိန်အခါအခိုက်အတန့်သည်ကား ကျွန်ုပ်၏တစ်သက်တာ ဘဝခရီးတွင် အထူးဆန်းဆုံး အံ့ဩဖွယ်အကောင်းဆုံး အခါပေတည်း။ မခင်သန်းနွယ်သည်ရှေးရဲရဲကျလျက်ရှိသော သူ၏ကိုယ်ကလေးကိုကျွန်ုပ်၏လက်ထဲတွင် သဘာဝအတိုင်း တည့်စေလျက်ရှိ၏။

အနီးသို့ကပ်၍ကြည့်လေလေ၊တပ်မက်ဖွယ်ကောင်းလေလေ ရှိလှသော မိန်းမတစ်ယောက်ပေတည်း။ နောက်တစ်ခု၌မခင်သန်းနွယ်သည်သတိရလာပြီဖြစ်၍ ကျွန်ုပ် မျက်စိများနှင့် မျက်လုံးချင်းဆုံလျက်ရှိလေရာ သူ၏မျက်လုံးကြည့်ပုံများကို ကျွန်ုပ်၏ တစ်သက်တာတွင် မေ့နိုင်တော့မည် မဟုတ်ချေ။

နက်လှစွာသော ချောက်ကမ်းပါး၏အောက်သို့မြင်နိုင်ရန် ခဲယဉ်းဘိသကဲ့သို့ အဓိပ္ပာယ်မဖောက်နိုင်သော သူ၏မျက်လုံးများမှာ ဆိုလိုရင်းကို မသိနိုင်ချေ။

ခင်သန်းနွယ်သည် ကျွန်ုပ်လက်ထဲမှ ရုတ်တရက် လူးလွန့်ထကာ ...

"ဩော် - လက်စသတ်တော့ဆရာကြီးပါလား။ ကျွန်မသတ်တာ မဟုတ်ပါဘူးရှင်၊ ကျွန်မ မသတ်ရတာ အမှန်ပါ။ ကျွန်မ အသက်ကို ကယ်ပါရှင်၊ ဖြီးတော့ - ဆရာဟာ လူတစ်ဖက်သားကို အင်မတန်ကယ်ဆယ်လိုတဲ့အကြောင်း ကျွန်မ ကြားဖူးပါတယ်"

"ကျုပ်က ဘယ်လိုလုပ် ကယ်ရမှာလဲ"

ရန်သူပင်ဖြစ်လင့်ကစား ထိုခဏ၌ ကျွန်ုပ်၏မေတ္တာစိတ်သည် မခင်သန်းနွယ်အပေါ်၌ ထိရောက်စူးရှကာ ကယ်ဆယ်လိုသော စိတ်များ ပေါ်ပေါက်လာ၏။

သို့သော် မည်ကဲ့သို့ ကယ်ရမည်ကို တွေး၍မရအောင် ရှိခဲ့လေသည်။

ထိုအခါ၌ဦးအုန်းဘူးလည်းရောက်လာပြီဖြစ်၍ ...

"သေရှာပြီဗျို့"

"ဘယ်သူလဲ"

"ထိုင်ခုံတန်းလျားမှာ တင်ထားတဲ့ လူလေ"

"နေပါဦးဗျ၊ အဲဒီလူက ဘယ်သူလဲ"

"မင်းတိုင်ပင်အမတ် ဦး........ ပေါ့"

"ဩော် ... ဖြစ်မှဖြစ်ရလေဗျာ"

ကျွန်ုပ်တို့စကားမဆုံးမီနောက်ဆီမှ ရယ်မောသံတစ်သံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့တစ်တွေမှာ ထိုအသံကြားရာသို့တစ်ပြိုင်နက်လှည့်၍ကြည့်မိကြလေသည်၊

အတော်အတန် ခန့်ညားသိုက်မြိုက်စွာ ဝတ်ဆင်ထားသော အသက်ငါးဆယ်ကျော်ခန့်ရှိလူကြီးတစ်ယောက်သည် ကျွန်ုပ်တို့အား ကြည့်၍ရယ်မောလျက်ရှိသည်ကို တွေ့ရလေသည်။

ထိုလူကြီးသည် တုတ်ကောက်ကို သစ်တလင်းပေါ်၌ ထောက်ကာ ခပ်ရွှင်ရွှင်မျက်နှာဖြင့် -

"ခင်ဗျားတို့ နှစ်ယောက်စလုံး ထင်မြင်ချက်က လွဲပါတယ် ခင်ဗျာ။ မင်းတိုင်ပင်အမတ် ဦး .......... ဟာ ကျွန်တော်နဲ့ အတူ လွန်ခဲ့တဲ့ တစ်ဆယ့်ငါးမိနစ်လောက်ကပဲ စကားစမြည်ပြောနေတာ အကောင်းခင်ဗျ။ ဖြုန်းဆို ဖြစ်ချင်တော့ မူးတယ် မူးတယ်ပြောပြီး ဆိုဖာပေါ် ခွေလဲသွားလေတော့ ကျွန်တော်တို့ လင်မယားနှစ်ယောက်လည်း ပထမ ကြက်သေ သေကြည့်နေကြတယ်၊

"နောက်မှ ကျွန်တော့် မိန်းမက မောင်ရယ် - ဒီလိုကြည့်နေလို့ ဘယ်ဖြစ်မလဲ၊ ဒေါက်တာဒေးဆီကို မြန်မြန်ဖုန်းဆက်ခေါ်ပါလား မောင်ရယ်" ဆိုတော့ ကျွန်တော်လည်း ဆရာဝန်အိမ်ကို ထွက်လာခဲ့တာကိုးခင်ဗျ။ ဒါနဲ့ကျွန်တော်လည်း လမ်းဖြတ်ကူးမိရော ကျွန်တော့်မိန်းမက မူးတဲ့ လူဟာ အပြင်က လေကောင်းလေသန့်လေးများရရင် သတိသာကောင်းရဲ့ဆိုတဲ့စိတ်ကူးနဲ့ဦး——— ကိုပန်းခြံဘက်တွဲထုတ်လာတာ။ နောက်ခင်ဗျားတို့ မြင်တဲ့အတိုင်းပါပဲ ခင်ဗျား။ ပန်းခြံထဲရောက်လို့ ခုံရှည်ပေါ်လည်း တင်မိရော တစ်ခါတည်းအသက်ပျောက်ပါရော၊ ကျွန်တော့်အိမ်ဥပစာက လွတ်ကင်းပြီး ဒီပန်းခြံထဲမှာ လွတ်လွတ်ကင်းကင်း သေသွားတဲ့ကိစ္စပါ ခင်ဗျာ။ အထင်များဖို့ မရှိကြပါဘူး"

ကျွန်ုပ်နှင့် ဦးအုန်းဘူးလည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ဦးအုန်းဘူးက မသိမသာ ပြုံးလိုက်လေ၏။

ထိုခဏ၌ ကမ်းနားဘက်သို့ လှုကြီးရန်လာခဲ့ကြသော တက္ကစီကားများ လာစပြုပြီဖြစ်၍ မခင်သန်းနွယ်၏ခင်ပွန်းက တက္ကစီတစ်စီးကိုခေါ်လိုက်ပြီးနောက်

"ကိုင်း - လာကြပါ - မိတ်ဆွေတို့ ဒီဟာကြီးကို သူ့အိမ်အရောက် ပို့လိုက်ကြရအောင်။ သူ့အိမ်က လမ်းမတော်ဘက်

www.burmeseclassic.com

 မှာ ကျွန်တော် သိပါတယ်၊ လာကြပါ - ခင်များ - လာကြပါ"

ထိုအခါ ကျွန်ုပ်နှင့် ဦးအုန်းဘူးတို့မှာ နေသာတော့ပြီဖြစ်၍ အမတ် ဦး ......... ၏ အလောင်းကို ထိုလူကြီးက တစ်ဖက်၊ ကျွန်ုပ်တို့ နှစ်ယောက်က တစ်ဖက်တွဲပြီး လျှင် အငှားမော်တော်ကားပေါ်သို့ တင်ရလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ထိုလူကြီး ညွှန်ပြသည့်အတိုင်း လမ်းမတော် ဘက်သို့ မောင်းရလေ၏။

ကားသည် လဗ္ဗာလမ်း(လသာလမ်း) အောက်လမ်းဘက်ချိုး၍ တိုက်တစ်တိုက် ရှေ့သို့ ရောက်သောအခါ ဦး——သည်ကားကိုရပ်စေ၍ကျွန်ုပ်တို့ အကူအညီဖြင့် တိုက်အလယ်ထပ်သို့ အလောင်းကို တင်ရလေသည်။

အိမ်သားများသည် အလောင်းကို တွေ့ယူကြပြီးလျှင် ဦး .........ပြောသည့် ဇာတ်လမ်းကို ဝမ်းနည်းပက်လက် နားထောင်လျက် ရှိကြလေသည်။

ဦး ........ပြောပြသော ဇာတ်လမ်းမှာ ပန်းခြံအတွင်း၌ ကျွန်ုပ်တို့အား ပြောပြသည့်အတိုင်းပင် ဖြစ်လေသည်။

ကျွန်ုပ်တို့လည်း အိမ်ပေါ်မှ အမြန်ဆုံးဆင်းလာကြ၍ လမ်းပေါ်သို့ ရောက်သောအခါ ကျွန်ုပ်က ...

"ဘယ့်နှယ်လဲ - ဦးအုန်းဘူး၊ မခင်သန်းနွယ်ယောက်ျား ဦး .........ပြောတာ အဟုတ်ပဲလားဗျ"

"ဘယ်ကလာ ဟုတ်ရမလဲဗျာ၊ သူ့အလုပ်က ဝေလီဝေလင်း ပြန်အလာမှာ အခုလို ခင်သန်းနွယ်ရဲ့ လင်ငယ်ကို ပက်ပင်းပါ တွေ့တာပေါ့"

"လေဖြတ်ပြီး သေတယ် ဆိုတာကကော"

"ဒါကတော့ လိမ်ပြောတာ ဟုတ်မယ် မထင်ပါဘူး၊ တကယ်ဖြစ်တာနဲ့ တူပါတယ်၊ တစ်ညလုံးအိပ်ပြီးတဲ့နောက် သူ့လင်ကြီး ပြန်ခါနီးလို့ လင်ငယ်ကို အိပ်ရာက နိုးအလွှတ်မှာ အဘိုးကြီး အသက်အရွယ်ကလည်းကြီး၊ မိန်းမကလည်း လိုက်စားပြန်တော့ အားပြတ်ပြီး တစ်ခါတည်း လေဖြတ်သွားတာနဲ့ တူပါတယ်"

"အင်း - ဟုတ်လိမ့်မယ်ဗျို့၊ ကျုပ်ဖြင့် ခင်ဗျားပြောမှ ရှင်းတော့တယ် ဗျာ"

"မိန်းမက ဘယ်လောက် ညက်သွားသလဲဆိုရင် အိမ်ထဲမှာ တွေ့နေ ရင် ဒုက္ခ ရောက် ချည် ရဲ့ဆို ပြီး အသက် မပျောက်တပျောက်မှာ ပန်းခြံဘက် တွဲခေါ်လာပြီး ခုံရှည်ပေါ် တင်ထားတာကိုးဗျ"

"တကယ်စွန့်တဲ့ မိန်းမပေပဲဗျ"

"မျောက်မွေးတဲ့ မိန်းမဆိုတာ ဒီလိုချည်းပဲပေါ့"

"ဒါဖြင့် သူ့ယောက်ျားက ဘာဖြစ်လို့ လာပြီး ဖြီးနေရတာလဲဗျ"

"ကျုပ်တို့က သူ့မိန်းမအပေါ် သက်သာ မတင်း မဖြစ်ရအောင် သူ့မိန်းမ ဂုဏ်ဆယ်ရာရောက်အောင် ဝင်ပြီး ဖြီးလုပ်လိုက်တဲ့ အပေါက်ပေါ့ဗျ"

"ဟုတ်တယ်ဗျို့၊ ကျုပ်ဖြင့် အခုမှပဲ ရိပ်မိတော့တယ်"

"ဒါထက် ဒီအမှုမှာ ခင်ဗျားက ဘယ်လို အရေးယူဦးမှာလဲ"

"အရေးယူဖို့ မလိုပါဘူးဗျာ၊ တြဲ... ပြီး တရားစွဲရင်လည်း ဖြစ်တော့ ဖြစ်တာ ပေါ့၊ နို့ပေမဲ့ - သူတို့ ဂုဏ်ပျက်မှာတလွဲ... ပြီးတိုင်းပြည်မှာ ဘာမှလည်းအကျိုးရှိမှာ မဟုတ်ပါဘူး၊ သူတို့ တရားက သူတို့ကို စီရင်ပါလိမ့်မယ်"

နောက် ရက် သတ္တ တစ် ပတ် ... လောက် ကြာသောအခါ အငြိမ်းစား... ဦး ........ သည် သူ၏ဇနီး မခင်သန်းနွယ်... အား အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်... အိမ်မှ နှင်ချလိုက်ကြောင်း သတင်းကြား... သိရှိလေသည်။

ဘဝနှင့်ရှေးမှုး...

ဂမ္ဘီရလောကဆောင်းပါးများ

လေငန်း

ထန်းနို့ ရှိန်းခိုး၊ ကျပ်ခိုး၊ ကြက်သွန်နီ ခုနစ်တက်တို့ကို အမျှစီကြိတ်၊ ရေနံနှင့် ချက်ပြီး ခပ်နွေးနွေးတွင် လိုရာဆွဲ၍ လိမ်းချပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာပြီး နံရှည်ပေါ် တင်ထားတာကိုး ဗျ"

"တကယ်စွန့်တဲ့ မိန်းမပေပဲဗျ"

"မျောက်မွေးတဲ့ မိန်းမဆိုတာ ဒီလို ချည်းပဲပေါ့"

"ဒါဖြင့် သူ့ယောကျာ်းက ဘာဖြစ်လို့ လာပြီး ဖြီးနေရတာလဲဗျ"

"ကျုပ်တို့က သူ့မိန်းမအပေါ် သက်သေတင်း မဖြစ်ရအောင် သူ့မိန်းမ ဂုဏ်ဆယ်ရာရောက်အောင် ဝင်ပြီး ဖြီးလုပ်လိုက်တဲ့ အပေါက်ပေါ့ဗျ"

"ဟုတ်တယ်ဗျို့ ကျုပ်ဖြင့် အခုမှပဲ ရိပ်မိတော့တယ်"

"ဒါထက် ဒီအမှုမှာ ခင်ဗျားက ဘယ်လို အရေးယူဦးမှာလဲ"

"အရေးယူဖို့ မလိုပါဘူးဗျာ၊ ကြံဖန်ပြီး တရားစွဲရင်လည်း ဖြစ်တော့ ဖြစ်တာပေါ့။ နို့ပေမဲ့ – သူတို့ ဂုဏ်ပျက်မှာတလွဲ ပြီးတိုင်းပြည်မှာ ဘာမှလည်း အကျိုးရှိမှာ မဟုတ်ပါဘူး၊ သူတို့ တရားက သူတို့ကို စီရင်ပါလိမ့်မယ်"

နောက် ရက်သတ္တတစ်ပတ်မျှ လောက် ကြာသောအခါ အငြိမ်းစား ဦး ........ သည် သူ၏ဇနီး မခင်သန်းနွယ်အား အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် အိမ်မှ နှင်ချလိုက်ကြောင်း သတင်းကြား သိရလေသည်။

အဂုန်ရွှေမျှား

ဂမ္ဘီရ
လောက
ဆေး
မြီး
တို့

**လေငန်း**

ထန်းနို့ ရှိန်းခို၊ ကျပ်ခိုး၊ ကြက်သွန်နီ ခုနစ်တက်တို့ကို အမျှစီကြိတ်၊ ရေနံနှင့် ချက်ပြီး ခပ်နွေးနွေးတွင် လိုရာဆွဲ၍ လိမ်းချပေးပါ။

www.burmeseclassic.com

www.burmeseclassic.com




# အငြိုးအတေး

**ဝင်းခိုင် (မကွေး)**

"ဝုန်း"

"ရှပ် - ရှပ်"

မှောင်မည်းတိတ်ဆိတ်သော ညသန်းခေါင်ကျော်အချိန်၊ ထိတ်လန့်ဖွယ်ရာအသံများကြောင့်အခန်းထဲရှိလူအားလုံး နိုးလာကြသည်။

အမှောင်ထဲမှ သိန်းနိုင်၏ အသံက အလန့်တကြား ထွက်ပေါ်လာသည်။

"ဘာလဲ - ဘာလဲ - ဘာသံတွေတုန်းဟ"

စကားပင် မဆုံးသေးပါ၊ မီးခြစ်ခြစ်သံနှင့်အတူ မှန်အိမ်၏အလင်းရောင်က ထွက်ပေါ်လာသည်။

"ကိုမျိုး ဘာဖြစ်တာလဲကွ"

ကိုမျိုးလည်း အိပ်ရာဘေးမှ မျက်မှန်ကို ကောက်တတ်ရင်း ...

"ကျွန်တော်လည်း မသိဘူး ကိုလှဝေ၊ အသံတွေကတော့ အပေါ်ထပ်တကြားတာပဲ"

ကိုမျိုး စကားဆုံးသည်နှင့် တစ်ဖက် မျက်နှာချင်းဆိုင်အခန်းမှ မိန်းကလေးများဖြစ်ကြသော တင်တင်စန်းနှင့် ယုယုဆွေတို့နှစ်ယောက်လည်း ထိတ်လန့်ကြောက်ရွံ့စွာဖြင့်ရောက်လာကြပြီး ...

"ဟဲ့ - အပေါ်ထပ်က ဘာသံတွေလဲ မသိဘူး၊ ငါတို့ ကြောက်တယ်ဟဲ့၊ မအိပ်ရဲဘူး"

ကိုမျိုးက အပေါ်ကို နားစွင့်ဟန်ဖြင့် ...

www.burmeseclassic.com

"တစ်ခုခုရှိမှာပေါ့၊ ဥပမာ – ကြောင်တို့၊ ကြွက်တို့ သွားလာနေကြတာဖြစ်မှာပါ၊ ဘာမှမဟုတ်လောက်ပါဘူး"

တင်တင်စန်းက မျက်လုံးလေး ဝေ့၍လေသံတိုးတိုးဖြင့် ...

"နင်တို့ နောက်တော့ မနောက်ကြနဲ့နော်၊ ငါ – ငါတို့က ကြောက်တတ်တယ်"

"အားလုံး ပင်ပန်းနေကြတာ – ဒါနောက်စရာလားဟ"

"ဟင် – နောက်တာမဟုတ်ဘူးဆိုတော့ – ဒါ – ဒါ – သ – သ – ရဲများလား"

မိန်းကလေးများတင်မကပါ သိန်းနိုင်နှင့် ကိုလှဝေတောင် မျက်စိမျက်နှာပျက်နေကြ၏။

"ဘုရား – ဘုရား – ဘုရား – ဒုက္ခပါပဲ"

ကျွန်တော်သည် ကိုလှဝေဆီမှ ဓာတ်မီးကို ယူ၍ ...

"ကျွန်တော် – အပေါ်ထပ်ကို သွားကြည့်လိုက်ဦးမယ်၊ အစ်ကိုနဲ့ ကိုသိန်းနိုင်တ မိန်းကလေးတွေနဲ့ အဖော်ရအောင်ဒီမှာပဲနေခဲ့"

ကိုလှဝေက ...

"မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား၊ ငါပါ လိုက်ခဲ့မယ်"

ကျွန်တော်က ခေါင်းခါ၍ ...

"ရတယ် – အစ်ကို၊ ကျွန်တေ
မကြောက်တတ်ပါဘူး"

ဟုဆိုကာကျွန်တော်အပေါ်ထပ်
တရွေ့ရွေ့ဖြင့် တက်ခဲ့လေသည်။

အိမ်ကြီးမှာ နှစ်ဆောင်ပြိုင် ..
ထောင်ပျဉ်ခင်းအိမ်ကြီးဖြစ်၏၊ အိမ်ကြ
၏အောက်ထပ်တွင်အိပ်ခန်းပေါင်းသေ
ခန်းကျော်ကျော်ရှိလေသည်။အပေါ်ထ
တွင်လည်း ထိုကဲ့သို့ ရှိနိုင်လေသည်။

ကျွန်တော်တို့အဖွဲ့သည်"အသုံးလုံ
လုပ်အားပေးအဖွဲ့ဖြစ်သောကြောင့် ရွာ
မှ လူကြီးများက နေရာစီစဉ်ပေးထာ
သော ဤအိမ်ကြီးတွင် ယခုကဲ့သို့ နေ
ထိုင်ရခြင်းဖြစ်ပေသည်၊

ဒီနေ့ ပထမညမှာပင် ဘာမှန်းညာ
မှန်းမသိပဲ အိပ်ရေးပျက်နေရပြီဖြစ်၍
ကျွန်တော့်စိတ်ထဲမှ ...

"လူမနေတာကြာပြီဆိုတော့လည်
အကောင်ပလောင်တွေ ဝင်နေကြတာ
လည်းဖြစ်နိုင်တာပဲ"

ကျွန်တော်သည် နေရာအနှံ့ ဓာတ်
မီးဖြင့် လှည့်လည်၍ကြည့်ရှုနေစဉ် ကျွန်
တော်၏နောက်မှကပ်၍ လေသံတိုးတိုး
ဖြင့် ...

"ဟင်းဟင်း – ခိခိ"

"ဟာ – ဘာလဲ"

ကျွန်တော် ဆတ်ခနဲ နောက်သို့လှည့်ကြည့်လိုက်တော့ ဘာမှမတွေ့၊ အသံကိုတော့ အသေအချာကြားလိုက်သည်၊ ကျွန်တော်ခေါင်းနားပန်းကြီးသွား၏။

တစ်ယောက်ယောက် ကိုယ့်အနားမှာရှိနေမှန်းသိသလိုမျိုးခံစားနေမိသည်။ ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများ စုံလင်၍ပရိဘောဂပစ္စည်းများမှာလည်း အကောင်းတိုင်း ရှိနေကြသေးသည်။ အထူးသဖြင့်ကျွန်တော်ရောက်နေသော အခန်းမှာ မိန်းကလေးတစ်ယောက်၏ အခန်းပင်ဖြစ်နိုင်သည်။အဘယ်ကြောင့်ဆိုသော် မိန်းမပျိုတစ်ဦး၏ အသုံးအဆောင်များရှိနေသောကြောင့်ပင်ဖြစ်သည်၊ ငွေဖလားတစ်လုံး အောက်သို့ကျနေ၍ မှန်တင်ခုံပေါ်သို့ ပြန်တင်ရင်း ကျွန်တော်အောက်ထပ်သို့ပြန်ဆင်းလာခဲ့၏။ ကျွန်တော့်ကိုတွေ့တော့ ယုယုဆွေက ...

"ဘာ – ဘာတွေတွေ့ခဲ့လဲဟင် – ကိုမျိုး"

အားလုံးက သိချင်စိတ်ဖြင့် ကျွန်တော့်အား ဝိုင်း၍ကြည့်နေကြ၏။ ကျွန်တော်ခေါင်းခါလျက် ...

"ဘာမှမရှိဘူး။ ကြောင်တစ်ကောင်

တော့ တွေ့လိုက်တယ်၊ ကဲ – ကဲ – ဖြ
အိပ်ကြတော့"

တင်တင်စန်းသည် ရင်ဘတ်ဖ
လက်ဖြင့်ဖိ၍ ...

"ဟူး – တော်ပါသေးရဲ့ အိမ်ကြီး
လည်းကြီးလိုက်တာ – စိတ်ပျက်စရာ

သူတို့ထဲတွင် အကြီးဆုံးဖြစ်သေ
ကိုလှဝေသည် မိန်းမပျိုများအား ...

"ကဲကဲ – ညည်းတို့တစ်တွေ သွ
အိပ်ကြတော့၊ မနက်ကျတော့လည်
အစောကြီးထပြီး ထနောင်းတုန်း
ဘက်ကို သွားရဦးမှာ၊ မြို့က တခြား
တွေလည်း လာကြဦးမှာဆိုတော့ ဒ
လိုက်ကြတော့"

ကိုလှဝေ၏ စကားဆုံးသည်နှ
တင်တင်စန်းနှင့် ယုယုဆွေတို့နှ
ယောက်သည် တစ်ဖက်အခန်းထဲ
ဝင်သွားကြလေသည်၊

"ငါး – ကျွန်တော်လည်း အိပ်တေ
မယ်ဗျာ"

စကားအဆုံး အခန်းထဲသို့ ဝင်ရ
အပြုတွင် ကျွန်တော်တ သိန်းနိုင်လ
ကို ဖမ်းဆွဲထားလိုက်ပြီး လေသံတိုး
ဖြင့် ...

"ခဏနေဦး – ကိုသိန်းနိုင်၊ ဗ
တော် ပြောစရာရှိလို့ပိုင်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောမှာလဲကွ - မနက်မှ ပြော
ပါလား - ငါအိပ်ချင်လို့"

"အခုပြောမှ ဖြစ်မှာ - ထိုင်ဦး"

ကျွန်တော်က ထိုသို့ဆိုတော့ ကိုလှ
ဝေသည် ကျွန်တော့်အား အထူးအဆန်း
သဖွယ်ကြည့်၍ ...

"မောင်မျိုးမှာ တစ်ခုခု ပြောစရာရှိ
နေပြီနဲ့တူတယ်၊ သိန်းနိုင် - လာကွာ"

ကိုလှဝေက သိန်းနိုင်အား ထိုင်ခိုင်း
လိုက်သည်၊ သုံးယောက်သား မျက်နှာ
ချင်းဆိုင်၍ထိုင်ကြသည်နှင့် ကျွန်တော်
က လေသံတိုးတိုးဖြင့် ...

"ဒီအိမ်မှာ သရဲရှိတယ်ဗျ"

"ဗုဒ္ဓေါ"

သိန်းနိုင် နှုတ်မှ အနည်းငယ် အသံ
ကျယ်သွား၍ ကိုလှဝေသည် ...

"ဟိတ်ကောင် - တိုးတိုးလုပ်ပါဟ၊
ဟိုမှာ မိန်းကလေးတွေ ကြားသွားရင်
လန့်ဖျပ်ပြီး ဒုက္ခရောက်နေဦးမယ်"

သိန်းနိုင်ကို သတိပေးရင်း လှဝေ
သည် ကျွန်တော့်အား ...

"မင်း အပေါ်ထပ်သွားတုန်းက တွေ့
ခဲ့တာလား"

"တွေ့တော့ မတွေ့ပါဘူး၊ ဒါပေမဲ့..."

"မတွေ့ပဲနဲ့များ - မင်းနယ်ကွာ -
လျှောက်မပြောရဘူးလေ"

ကျွန်တော်က လေးနက်စွာ တည်
တည်ငြိမ်ငြိမ်ဖြင့် ...

"မတွေ့ပေမယ့် သူရှိမှန်း ကျွန်တော်
သိတယ် အစ်ကို၊ ဒီအိမ်ကြီးရဲ့နေရာတိုင်း
မှာ သူတို့ ရှိနိုင်တယ်၊ ဒါကို ကျွန်တော်
အတိအကျ ပြောရဲတယ်"

"ဟင် - ဒါ - ဒါ - ဆို - ကျ - ကျွန်
တော်တို့အိမ်ထဲက ထွက်သွားရအောင်
နော်၊ ကိုလှဝေ ထွက်သွားကြရအောင်"

ကြောက်နေသော သိန်းနိုင်ကို
ကြည့်၍ လှဝေသည် ...

"အေး - အေး - စိတ်ချပါကွာ၊ မင်း
က နည်းနည်းတော့ စိတ်ထိန်းထားစမ်း
ပါဦး၊ အဲဒီလောက်ကြောက်ဖို့ မလိုပါ
ဘူး"

ကိုလှဝေသည် ကျွန်တော်တို့အဖွဲ့
ထဲတွင် အကြီးဆုံးဖြစ်၍ သူကဦးဆောင်
မှသာ ဘာမဆိုဖြစ်နိုင်သည်မို့ ...

"လုပ်ပါ - အစ်ကိုရာ၊ ကျွန်တော်
တော့ ဒီမှာမနေရဲဘူး၊ ရွာထဲက ဘယ်သူ့
အိမ်မှာပဲဖြစ်ဖြစ် နေပါ့မယ်၊ နွားတင်း
ကုတ်ထဲမှာ နေဆိုလည်း နေပါမယ်၊
နော် - အစ်ကို - နော်"

ရှိုးမတတ် တောင်းပန်နေသော
ကိုသိန်းနိုင်ကိုကြည့်၍ ကျွန်တော် စိတ်
အနည်းငယ်တိုမိလေသည်၊ ယောကျ်ား





ကြီးဖြစ်ပြီး ဒီလောက်တောင် ကြောက်ရသလားဟု
တွေးနေမိ၏၊ အမြင်လည်း ကပ်နေမိသည်၊

"မောင်မျိုး - မင်းက သရဲမကြောက်တတ်မှန်း ငါ
သိပါတယ်၊ ဒါပေမဲ့ကွာ - ကြောက်တတ်တဲ့သူတွေ
ရှိနေတာကြောင့်မင်းစကားကိုဆွတ်မပြောပါနဲ့၊ နောက်
ပြီး တို့တစ်တွေက နှစ်ရက် လောက် လုပ်အားပေးပြီး
ရင် ပြန်ကြရမှာ၊ ဒီတော့ - နောက်နှစ်ရက်အတွက်
အားလုံး အဆင်ပြေစေချင်တယ်၊ မင်းရဲ့သရဲ ဇာတ်
လမ်းကို ဆက်မပြောတော့နဲ့"

"ကျွန်တော် ညာပြောနေတယ်လို့ အစ်ကို ထင်
သလား၊ ကျွန်တော် မညာတတ်ဘူးဆိုတာ အစ်ကို
သိပါတယ်၊ အခု ..."

"တော်တော့ကွာ - မောင်မျိုး၊ မင်း ဆက်မပြောနဲ့
တော့၊ ထင်ယောင်ထင်မှားလည်း ဖြစ်နိုင်တာပဲ၊
နောက်ပြီး အခု မိုးလင်းတော့မယ်၊ ဒီနေ့ မြို့က တခြား

ညှော်ခန်းထဲမှာရော၊
ဝရန်တာမှာရော
အလောင်းတွေ အများကြီးကို
တွေ့ ရလိုက်ရတော့တယ်။
ကျွန်တော် တဖြည်းဖြည်းနဲ့
ကြောက်လာတယ်။
ဒါနဲ့ပဲ ကောင် မလေးက
ကျွန်တော့်ကို
အခန်းတစ်ခုထဲကို
ခေါ် သွားပြန်တယ်။
အခန်းထဲလည်းရောက်ရော
ကျွန်တော် ဘယ်လိုမှ
ဟန်မဆောင်နိုင်တော့ပါဘူး။
ကြောက်လွန်းလို့
သေမတတ်ပါပဲ။
အခန်းထဲက ခုတင်ပေါ် မှာ
ရှိနေတာက
ကျွန်တော့်ကို လာခေါ် တဲ့
ကောင်မလေးရဲ့ အလောင်းကြီး
ဖြစ်နေလို့ပါ...



www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့တွေလည်း ဒီကိုလာပြီး တည်းခိုကြမှာ။ အဲဒီအခါကျရင်သာ မင်းပြောတဲ့ အဲဒီသရဲကောင် လာရဲဦးမလား ကြည့်သေးတာပေါ့"

"သရဲကောင် မဟုတ်ပါဘူး။ သရဲမ ပါ၊ လူသယ်လောက်များများသူကတော့ ထွက်သွားမှာမဟုတ်ဘူး။ ဘာလို့လဲဆို တော့ ဒါက သူ့အိမ်သူ့ပိုင်နက်ဖြစ်လို့ပဲ"

စကားအဆုံး ကျွန်တော် အခန်းထဲ သို့ဝင်ခဲ့ပါတော့သည်၊ အပြင်ဘက်တွင် ကိုလှဝေနှင့်ကိုသိန်းနိုင်တို့ကတော့ ဘာတွေပြော၍ ကျန်ခဲ့သည်မသိပါ၊ ကျွန်တော်ကတော့ မနက်မိုးလင်း၍ မြို့မှ တာဝန်ရှိလူကြီးများရောက်လာခဲ့ပါလျှင် အကျိုးအကြောင်း ပြောပြ၍ နေရာ ပြောင်းမည်ဟု တွေးနေလိုက်ပါတော့ သည်၊

ဘာပဲဖြစ်ဖြစ်၊ သူတစ်ပါး၏ နေရာ၊ သူတစ်ပါး၏ ပိုင်နက်ထဲမှာ ခွင့်ပြုချက် မရဘဲ နေခွင့်မရှိပေ။ လောက၏ သတ်မှတ်ထားသော စည်းမျဉ်းပဲ မဟုတ်ပါလား။ ဘာဝမတူပေမယ့် လေးစားမှုတော့ ရှိသင့်သည်ဟုတွေး၍သက်ပြင်းချလိုက် ပါတော့သည်၊

❀

ကျွန်တော်တို့လုပ်အားပေးရသော ရွာသည် ကျောင်းတော်ရာဘုရားနှင့် နှစ်မိုင်သာသာခန့်ဝေးသော ဝဲဒေါင့်ရွာ ဆိုသောရွာကြီး ဖြစ်သည်၊

စာမတတ်သူပပျောက်ရေးစီမံချက် ဖြင့် ကျွန်တော်တို့ ကျောင်းသားတွေ သည် ကျေးရွာတွေသို့ဆင်း၍သက်ကြီး ရွယ်အိုတို့အား စာသင်ကြားပေးကြရ လေသည်၊

ကျွန်တော်တို့အဖွဲ့က ငါးယောက် တွဲ၍ ဤဝဲဒေါင့်ရွာတွင် သုံးရက်သာ သင်ကြားပေးရမှာဖြစ်ပြီး နောက်တစ်ဖွဲ့ က ဆက်၍သင်သွားကြမှာဖြစ်သည်၊

ရွာစဉ်တစ်လျှောက် အလှည့်ကျ လုပ်အားပေးသွားရမည်ဖြစ်၍ ကျွန်တော်တို့အဖွဲ့ ဤရွာတွင် ပထမညမှာပင် ထူးဆန်းအံ့အားသင့်စရာများနှင့်ရင်ဆိုင် နေရ၏၊

မြို့နယ်ပညာရေးအဖွဲ့မှ ဆရာများ နှင့် နောက်ထပ် ကျွန်တော်တို့လို အထက်တန်းကျောင်းသား ကျောင်းသူ ငါးယောက် ထပ်မံရောက်ရှိလာကြပြန် သည်။ ဆရာကြီးက (ပွင့်ဖြူအထက်တန်း ကျောင်းအုပ်) လှဝေအား ...

"မောင်လှဝေ - မင်းတို့အဖွဲ့အတွက် အင်အားဖြည့်တဲ့အနေနဲ့ မိန်းကလေး [...]ယောက်နဲ့ ယောကျ်ားလေးသုံး [...]ယောက် အားလုံးငါးယောက်ကို ထားခဲ့ [...]င်းတို့တခြားရွာတွေကိုသွားစရာ [...]တော့ ဒီရွာမှာပဲ နှစ်ပတ် လုပ်အားပေး [...]ယ်"

"ဗျာ - ဆရာ - နှစ်ပတ် ဟုတ်လား"

"အေးလေ - နှစ်ပတ် ဆို တာ [...]ယ်တော့ ဘာမှမကြာပါဘူးတပည့် [...]ဒီရွာက ကြီးတော့ မင်းအဖွဲ့က ဒီမှာပဲ [...]ဝန်ယူလိုက်ပါ"

ဆရာကြီး၏ အစီအစဉ်ဆိုတော့ [...]တော်တို့ဘာမှမပြောရဲပါ။ ဆရာကြီး [...]လည်း ကြောက်ရ၊ ဟိုအိမ်မှာလည်း [...]နေရ၊ ကိုလှဝေက ကျွန်တော့်အား [...]ကြည့်ရင်း ခေါင်းခါပြလေသည်၊

ကျွန်တော်သည် ထရပ်၍ ...

"ဆရာကြီးကို ကျွန်တော် တစ်ခု [...]တော့်ပြောပါရစေ ခင်ဗျာ"

"အင်း - ပြောလေ မောင်မျိုး"

"ဟို - မိန်းကလေးတွေကို ပြန်ခေါ် [...]စေချင်ပါတယ်။ ဒါမှမဟုတ် ရွာထဲ [...]တခြားအိမ်တစ်ခုခုမှာ ခွဲထားစေလို [...]တယ်"

ဆရာကြီးသည် အနည်းငယ် စဉ်း [...]လိုက်ပြီး ...

"အေးလေ - ဒါလည်း ကောင်းပါ တယ်။ ယောကျ်ားလေး၊ မိန်းကလေး ခွဲထားတော့ နေရထိုင်ရတာ လွတ်လပ်တာပေါ့၊ အေးအေး - ကောင်းတယ်၊ ဆရာ စီစဉ်ပေးမယ်"

သို့ဖြင့် မိန်းကလေး လေးယောက်အား သူကြီးအိမ်တွင် ခွဲထားလိုက်ပြီး ကျွန်တော်တို့ ယောကျ်ားလေးခြောက်ယောက်သာ နှစ်ဆောင်မြို့င့်အိမ်ကြီးထဲဝယ် ဒီနေ့မှစ၍ နှစ်ပတ်နေရပါဦးမည်၊

ဒီနှစ်ပတ်အတွင်း အိမ်ထဲက သရဲမနှင့် ကျွန်တော်တို့ အဆင်မှပြေပါ့မလား ဟု တွေးလိုက်မိသည်၊ နောက် ရောက်လာသူသုံးယောက်မှာ ခပ်ဝဝနှင့်သူတ ထွန်းမြင့်၊ အသားမည်းမည်း အရပ်ရှည်သူက စိန်မြင့်ဖြစ်ပြီး နောက်တစ်ယောက်ကတော့ အသားဖြူဖြူ လူကောင်သေးသေး ပါဝါမျက်မှန်အထူကြီး တပ်ထားသော သာထွန်းအေးပင်ဖြစ်သည်၊ ထိုသုံးယောက်တည်းတွင် သာထွန်းအေးတစ်ယောက်ကတော့ ဗုဒ္ဓဘာသာမဟုတ်ဘဲ ခရစ်ယာန်ဘာသာဝင် ဖြစ်လေသည်၊

ရွာမှ လူကြီးများကို စာသင်ပေးရသော အချိန်များမှာ နေ့လယ်တစ်နာရီမှ သုံးနာရီအထိ တစ်ခါသင်၍ ညရှစ်နာရီမှ ကိုးနာရီခွဲအထိ တစ်ခါ၊ တစ်နေ့ နှစ်ကြိမ် သင်ရလေ၏၊





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တာအတွက် ကုန်ဆုံးပြီဖြစ်၍ ညကိုးနာရီခွဲသည်နှင့် ကျွန်တော်တို့အားလုံး ကိုယ့်နေရာဆီသို့ ပြန်ရောက်ကြလေပြီ။

ကိုသိန်းနိုင်သည် ကျွန်တော့်အနားတပ်၍ ...

"ကိုမျိုး - မင်းနဲ့ တစ်ခန်းတည်း အိပ်မယ်နော်"

ကျွန်တော်က ခေါင်းညိတ်ပြ၍ ...

"ရပါတယ် - အိပ်လေ။ အခန်းက ကျယ်သားပဲဥစ္စာ"

ကိုသိန်းနိုင်သည် သူ၏ အိပ်ရာခင်းများကို ကျွန်တော်၏ အခန်းထဲသို့ ရွှေ့ပြောင်းနေစဉ် ကိုလှဝေကလည်း စောင်နှင့် ခေါင်းအုံးကို ပိုက်၍ အခန်းထဲ ဝင်လာပြီး ...

"ကဲ - တို့သုံးယောက်က တစ်ဖွဲ့ထဲဆိုတော့ အတူအိပ်ကြတာပေါ့"

ဟုဆိုကာ တစ်ခါတည်း အိပ်ရာထဲသို့ ဝင်၍အိပ်လေတော့သည်။ အခန်းတွေမှာ ခုတင်မရှိသဖြင့် ကြမ်းပြင်မှာသာ အခင်းခင်း၍ အိပ်ကြရလေသည်။

ကျွန်တော်သည် အိပ်၍မပျော်သေးသဖြင့် စာဖတ်နေလိုက်၏။ ကိုသိန်းနိုင်က အိပ်ရာထဲမှနေ၍ ကျွန်တော့်အား ...

"ဟိုဘက်ခန်းက ကောင်တွေ အိပ်ကြပြီလားမသိဘူး။ ငြိမ်နေတာပဲ"

ဟုစကားစလိုက်သည်။ ကျွန်တော်က သူ့ကို မကြည့်ပဲ ...

"အင်း - ပင်ပန်းသွားလို့ဖြစ်မှာ အစ်ကိုရာ"

ကိုသိန်းနိုင်ကပင် ဆက်၍ ...

"ကောင်မလေးတွေ မရှိတော့ ပျင်း တယ်ကွာ။ မင်း လျှာရှည်လို့ ကောင် လေးတွေ သူကြီးအိမ် ရောက်သွားတာ ဘာပဲဖြစ်ဖြစ် အခုချိန်မှာ မိန်းကလေး တစ်ယောက်လောက်သာရှိရင် - ဟဲ - ဟဲ - ရည်းစားစကားကို ပြောဖြစ်အောင် ပြောချလိုက်မယ်"

သိန်းနိုင်၏ နောက်ပြောင်၍ပြော သော စကားအဆုံးတွင် အိမ်ကြီး၏ အပေါ်ထပ်ဆီမှ ...

"ကျွီ - ရှပ် - ရှပ်"

ကျွန်တော် စာဖတ်နေရင်း ဖျတ်ခနဲ နားစွင့်လိုက်သလို အိပ်ရာထဲတွင် ရှိနေ သော သိန်းနိုင်သည်လည်း သတိထား မိသွားကာ အပေါ်ထပ်သို့ လက်ညှိုးထိုး ပြပြီး -

"အပေါ်က အသံကြားတယ်ကွ။ လမ်းလျှောက်နေပုံပဲ"

ထိုစဉ် အခန်းရှေ့မှ ...

"ခေါက် - ခေါက် - ခေါက်"

တံခါးခေါက်သံ ကြားလိုက်ရသော ကြောင့် သိန်းနိုင်က ...

"ဘယ် - ဘယ်သူလဲ"

ဟု အရဲစွန့်၍ မေးလိုက်သည်။ သို့ သော် အခန်းအပြင်ဘက်မှ စကားပြော ဆိုသံ မကြားရပဲ တံခါးကိုသာ ခေါက်မြဲ ခေါက်နေ၏။

"ခေါက် - ခေါက် - ခေါက်"

တစ်ဖန် အခန်းရှေ့တွင် လမ်း လျှောက်နေပြန်သည်။

"ရှပ် - ရှပ် - ရှပ် - ရှပ်"

သိန်းနိုင်သည် မျက်စိမျက်နာပျက် ၍ ကျွန်တော့်အနားသို့ တိုးကပ်၍ လေ သံတိုးတိုးဖြင့် ...

"ကိုမျိုး - ငါတော့စိတ်ထဲမှာတစ်မျိုး ကြီးပဲကွာ။ ဒီ - ဒီအိမ်ကြီးမှာ တစ်ခုခု တော့ ရှိနေတာ သေချာပြီ။ တို့ ဘယ်လို လုပ်ကြမလဲဟင်"

ကျွန်တော်သည် စာအုပ်ကိုပိတ်၍ -

"ကိုသိန်းနိုင် ခဏနေခဲ့၊ ကျွန်တော် အပြင်ဘက်ကို ထွက်ကြည့်လိုက်ပါဦးမယ်"

"ဟာ - ငါတော့ မနေရဲဘူး၊ မင်းနဲ့ လိုက်ခဲ့မယ်"

"အော် - ဒီမှာကိုလှဝေတစ်ယောက် လုံး ရှိနေတာပဲဟာ။ ဘာကြောက်စရာ ရှိလဲ"

ကိုသိန်းနိုင်သည် အတင်းပင်ခေါင်း ခါ၍ ...

"ကိုလှဝေက အိပ်ပျော်နေတာကွ၊ ငါက အိပ်လို့မပျော်တော့ သရဲက ခြောက် ချင်းခြောက်ရင် ငါ့ကိုပဲ ခြောက်မှာပေါ့ မင်းနဲ့ပဲ လိုက်ခဲ့ပါရစေနော်"

"ကဲ - ဒါဖြင့်လည်း သဘောပဲဗျာ၊ လာ - သွားမယ်"

သို့ဖြင့် ကျွန်တော်နှင့် ကိုသိန်းနိုင် တို့သည် အခန်းတံခါးကိုဖွင့်၍ အပြင်သို့ ထွက်ခဲ့ကြလေသည်။

ကျွန်တော်တို့၏ မီးအလင်းရောင် ကြောင့် အခန်းထဲတွင် ရှင်းလင်းစွာ မြင် နေရပါသည်၊ အခန်းထဲတွင် မြေကြွက် များ တစ်ကောင်စ နှစ်ကောင်စ သွားလာ နေကြ၏။ ထိုစဉ် ကြမ်းပြင်ပေါ်တွင် သွေး စက်များနှင့် သွေးကွက်များကို တွေ့လိုက် ရလေသည်။

ဓာတ်မီးရောင်ဖြင့် မြင်နေရသော သွေးကွက်များကိုကြည့်၍ ကျွန်တော်တို့ တွေဝေနေစဉ် ...

"ဟော့ကောင်တွေ ဘာလုပ်နေကြ တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အောင်မလေးဗျ"

သိန်းနိုင်က ကြောက်တတ်ပါဘိနဲ့။ ရုတ်တရက် ရောက်လာသော ကိုလှဝေ၏ အသံကြောင့် အထိတ်တလန့်ဖြင့် အော်လေသည်။

နောက်မှ ကိုလှဝေမှန်း သိသောအခါ...

"ခင်ဗျားကလည်း အသံလေး ဘာလေးပေးမှပေါ့ဗျ။ တကယ်ပဲ - လန့်လိုက်တာ"

"မင်းတို့နှစ်ယောက်က အချိန်မရှိ သူများတွေလို မအိပ်ပဲ ဘာလုပ်နေကြတာလဲကွ"

လှဝေသည် ထိုသို့မေးရင်း ကြမ်းပြင်ကိုကြည့်၍ မျက်လုံးပြူးသွားကာ အထိတ်တလန့်ဖြင့် လက်ညှိုးထိုးပြ၍ -

"သွေး - သွေးတွေပါလား"

"ဟင် - ဟုတ်တယ်ဟ - ကိုမျိုး။ ဘယ် - ဘယ်ကသွေးတွေလဲ မသိဘူး။ အများကြီးပဲ။ ဟာ - နံရံမှာလည်း သွေးတွေနဲ့ - ဘုရား - ဘုရား - ဘုရား"

ကျွန်တော်တို့ရောက်စက ထိုသွေးကွက်များကို မတွေ့ရပေ။ အခုမှ ဘယ်လိုဖြစ်၍ပေါ်လာသလဲ မသိတော့ပါ။

ထိုစဉ် အိမ်၏ အပေါ်ထပ်ဆီမှ -

"အမေလေး - ကယ်ကြပါဦးရှင်။ ဒီမှာ လူသတ်နေလို့"

"ကျွန်မကို မသတ်ပါနဲ့ - ကျွန်မကို မသတ်ပါနဲ့"

"အား - အမေလေး - သေပါပြီ"

"ဝုန်း - ဒုန်း - ဒုန်း"

"ကဲဟာ - သေပေတော့"

"ဟားဟား - ဟီးဟီး"

ကျွန်တော်တို့ သုံးယောက်သည် တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်ထားကြသလို ပြိုင်တူပင် အပေါ်ထပ်သို့ ပြေးတက်ခဲ့ကြလေတော့သည်။ အပေါ်ထပ်သို့ရောက်သော်အခန်းတစ်ခန်းထဲမှ မီးရောင်ကို တွေ့ရလေသည်။ သို့သော် အခန်းတံခါးက ပိတ်ထား၏။ သွေးစက်များက ထိုအခန်းရှေ့တွင် ရှိနေသည်။

ကျွန်တော်တို့တစ်တွေ ဘာလုပ်ရမှန်းမသိအောင် အခက်တွေ့နေစဉ် အောက်ထပ်တွင် ကျန်ခဲ့သော ကျောင်းသားနှစ်ဦးသည် ကျွန်တော်တို့ထံသို့ ပြေးလာကြပြီး တစ်ယောက်က -

"အစ်ကိုတို့ ကျွန်တော်တို့လူတစ်ယောက်ကို မတွေ့မိကြဘူးလား။ သူ - သူ - ပျောက်နေလို့"

"မင်းတို့က သုံးယောက်တစ်ခန်း အတူအိပ်တာမဟုတ်ဘူးလား"

တစ်ယောက်က...

"...နေတာကတော့ အတူတူပါပဲ။ ...တုန်း ဆူဆူညံညံအသံတွေ ...ကြည့်တော့သာထွန်းအေးကို ...တော့ဘူး"

...သည် အနည်းငယ် စဉ်းစား ...ပြီး -

"အေး - ငါတို့ကတော့ လူတော့ ...ဘူး။ သွေးစက်နဲ့ သွေးအကွက် ...တွေ့တယ်။ ဟိုမယ်"

...က ဓာတ်မီးဖြင့် ထိုးပြလိုက် ...အခါ သွေးကွက်တွေက မရှိတော့ ...ဖြစ်ရာကောင်းလောက်အောင် ...ပျောက်ကွယ်သွားလေ၏။

"တင် - သွေးတွေ ဘယ်ရောက် ...လဲ။ စောစောကပဲ ရှိပါသေးတယ်။ ...အခု - မ - မရှိတော့ပါလား"

ကျွန်တော်ကတော့ အသေအချာ ...သိလိုက်ပါသည်။ အိမ်ကြီးအတွင်းမှာ ...သာနာနာဘာဝတွေကကျွန်တော် ...တို့ကိုခြောက်လှန့်နေပြီဖြစ်သည်။ ကျွန် ...တော်က စိတ်ကိုထိန်း၍...

"သွေးတွေ ရှိတာ၊ မရှိတာ အသာ ...။ အခုလောလောဆယ် ကျွန်တော် ...တို့လုပ်ရမှာက သာထွန်းအေးကို ရှာဖို့ပဲ။ ...တို့ အမြန်ဆုံးပဲ တွေ့အောင်ရှာ။ ...ဟုတ်ရင် အသက်အန္တရာယ် စိုးရိမ်ရတယ်"

"အေး - ဟုတ်တယ်၊ ကိုမျိုးပြောတာ မှန်တယ်။ ကဲ - ငါတော့ ဒီအခန်းကို မသင်္ကာဘူး။ တံခါးဖျက်ပြီး ဝင်ရှာကွာ"

နှစ်ယောက်တည်းမှ စိန်မြင့် ဆိုသူမှာ လှဝေနားသို့တိုးကပ်၍...

"ကျုပ် - ကျုပ်တော့ဒူးတွေမခိုင်ချင်တော့ဘူး။ သ - သရဲဆိုရင်တော့ ကုပ်အချိုးခံရတော့မှာပဲ"

"ဝု - ရှူး"

"အု - အူး"

အမှတ်မထင်ပင်၊ ခွေးအူသံများက ကျောချမ်းစရာ ထွက်ပေါ်လာပြန်သည်။

"ကဲကွာ"

"ဝုန်း - ဖြောင်း"

အခန်းတံခါးကို ခြေဖြင့်ကန်၍ ဖွင့်လိုက်ကြလေသည်။ တံခါးပွင့်သည်နှင့် အတွင်းသို့ ဝင်၍ရှာကြလေသည်။

"အား - ကျွတ်ကျွတ်"

လူညည်းသံကို ပီသစွာ ကြားလိုက်ရ၍ အသံလာရာသို့ ဓာတ်မီးရောင်ဖြင့် ထိုး၍ ရှာလိုက်ရာ...

"ဟာ - ဟိုမှာ ဟိုမှာ - သာထွန်းအေး မဟုတ်လား"

ဟုတ်ပေသည်။ အခန်းထောင့်တွင် ရှိနေသော လူတစ်ရပ်နီးနီးရှိ ရှေးဟောင်း





www.burmeseclassic.com

www.burmeseclassic.com

ဗိရိုကြီးဘေးတွင် လဲကျနေသော သာထွန်းအေးကို တွေ့လိုက်ရပါသည်။

ခွေခွေလေး လဲကျနေသော သာထွန်းအေးမှာ သတိရတစ်ချက် မရတစ်ချက် ရှိနေသည်၊ ထို့နောက် သာထွန်းအေးကို ပိုင်း၍ မချီပြီး အောက်ထပ်ရှိ အခန်းထဲသို့ ပြန်ခေါ်ခဲ့ကြလေသည်၊

အခန်းထဲ ရောက်သည်နှင့် ကျွန်တော်က ...

"ကိုသိန်းနိုင် - တံခါးကို ပိတ်ထားလိုက်တော့ဗျာ၊ ဘာအကြောင်းနဲ့မှ မဖွင့်နဲ့တော့"

သိန်းနိုင်သည်လည်း ချက်ချင်းပင် အခန်းတံခါးအား ပိတ်၍ ချက်ထိုးထားလိုက်သည်၊

မကောင်းဆိုးဝါးကလည်း ဖွဲကြီးပုံရသည်၊ သိန်းနိုင် တံခါးပိတ်ကာ မြန်သွားလို့တော်တော့သည်၊ အပြင်ဘက်မှ တံခါးအား ရိုက်ပုတ်ထုနက်သံများကြောင့် တံခါးရွက်တွေမှာ တုန်ခါလို့နေ၏၊

"ဝုန်း - ဝုန်း"

"ဖုန်း - ဖုန်း"

"ဟီး - ဟီး - ဟီး - ဟီး"

ကျွန်တော်သည် သိမ်ဝင်ပုတီးကို သာထွန်းအေးအား စွပ်ပေးထားပြီး ဂုဏ်တော်ကိုးပါးကို အဆက်မပြတ် ရွတ် နေပါတော့သည်၊

သာထွန်းအေးကတော့ နှစ်ခြိုက် အိပ်နေ၏၊ အပြင်ဘက်မှ ထုနက် ကျောက်နေသော အသံများကလည် ကြားနေရဆဲပင်၊

တဖြည်းဖြည်းနှင့် အရုဏ်ကျင်း ကြက်တွန်သံနှင့်အတူ ရွာထိပ်မှ ဘုန် မောင်းခေါက်သံကို ကြားလိုက်ရသည်

ကျွန်တော်တို့လူတွေက အခန်းတော် တွင်စုထိုင်၍ငိုက်နေကြပါသည်၊ အခန် ရှေ့မှ အသံများလည်း တဖြည်းဖြည်းနှ ပျောက်ကွယ်၍ငြိမ်သက်သွားလေတော့ သည်၊ မိုးလင်းရန် မိနစ်ပိုင်းမျှသာ လို တော့သည်ဖြစ်၍ကျွန်တော်သည် (၂၅) ပစ္စည်းကိုဆက်လက်၍ရွတ်ဆိုနေလိုက် ပါတော့သည်၊

❀

ကျွန်တော်တို့အားလုံး ဆရာတော် ၏ရှေ့တွင် ရိုကျိုးစွာဖြင့်ရှိနေကြပါသည်၊ ကျောင်းပေါ်တွင် ဆရာတော်နှင့်တကွ သူကြီး ဦးရာတင့်အပါအဝင် ရပ်မိရပ်ဖ လူကြီးများအားလုံး စုံလင်စွာရှိနေကြပါ သည်၊ ဆရာတော်သည် တည်ငြိမ်အေး ချမ်းစွာဖြင့် ...

ခိုက်လိုက်တာ - ဒကာကြီးရယ်၊ ည်တွေကို ဘာဖြစ်လို့များ အဲဒီ ျာက်နာလွှဲခဲပစ်လုပ်ရတာလဲကွဲ၊ ကောင်း၊ မပျောက်ကောင်း - အင်း - ခုတွ"

"ထင်ပါ့ ဘုရား၊ တ - တပည့်တော် ဘာမှမဖြစ်လောက်ဖူးဆိုပြီး ထား ါ ဘုရား"

ူကြီး ဦးရာတင့်သည် ဆရာတော် ံ့ခဲဖြင့် လျှောက်လိုက်၏၊ ဆရာ ာ်က ခေါင်းကို ဖြည်းညင်းစွာညိတ်

"အေးလေ - အခုတော့ ဘာမှမဖြစ် ာ့ကောင်းတာပေါ့၊ ဒါနဲ့ - ဟိုဒကာ ရော ဘယ်လိုနေသေးလဲကွဲ့"

သာထွန်းအေးက လက်အုပ်ချီ၍ -

"တပည့်တော် ဘာမှမဖြစ်တော့ပါ ဘုရား"

"အေး - အေး - ကောင်းတယ်၊ မိဘဆရာရဲ့ဂုဏ်ကျေးဇူးကြောင့် ်တ် - ကြားရဲ့လား"

"ထင်ပါ့ - ဘုရား"

ဆရာတော်ကပင် ...

"ဒါနဲ့ - နေစမ်းပါဦး၊ ဒကာလေးတို့ ာမှာ နာနာဘာဝတွေကို အာရုံခံနိုင် ်ဆိုတာ ဘယ်သူလဲကွဲ့"

တိုလှဝေက ...

"ပေဟာဒီက မောင်မျိုးပါ - ဘုရား"

"ဩော် - ကဲ - ကဲ - အပန်းမကြီးဘူး ဆိုရင် ဒကာလေး စတွေ့ပုံကို ပြောပြပါလား"

မောင်မျိုးက လက်အုပ်ချီ၍ ...

"ဒီလိုပါဘုရား၊ အဲဒီအိမ်ကြီးထဲကို စပြီး ဝင်ဝင်ချင်းပဲ မကောင်းဆိုးဝါးတွေ ရှိနေတယ်ဆိုတာ တပည့်တော်ရဲ့စိတ် ထဲမှာ အလိုလို သိနေခဲ့တာပါ ဘုရား၊ ဒီအိမ်ကြီးထဲမှာ မကျွတ်မလွတ်သေးတဲ့ ပရလောကသားတွေ တော်တော်များ များဟာ သွားလာနေကြမှန်း တပည့် တော် သိပါတယ်၊ ဒါပေမဲ့ - တခြားသူ တွေ ကြောက်မှာစိုးလို့ ဘာမှမပြောပဲ နေခဲ့တာပါ ဘုရား၊ နေရာမသန့်ရင် တပည့်တော်က အလိုလို သိတာဟာ ငယ်ငယ်ကတည်းကပါ ဘုရား"

ဆရာတော်က ခေါင်းညိတ်၍ ...

"အင်း - ဒါဟာလည်း သူ့ရဲ့မွေးရာပါ ထူးခြားတဲ့စွမ်းရည်ပဲလို့ ဆိုရမှာပေါ့၊ ဟို ဒကာလေးကရော ဘယ်လိုဖြစ်ပြီး အဲဒီ အခန်းထဲ ရောက်သွားရတာလဲကွဲ့"

သာထွန်းအေးသည် လက်အုပ်ချီ လျက် ...

"တပည့်တော် အိပ်ပျော်နေတုန်း တစ်ယောက်ယောက်လှုပ်နှိုးလိုက်သလို ခံစားလိုက်ရပြီး တပည့်တော် နိုးသွားပါ



www.burmeseclassic.com

www.burmeseclassic.com

တယ် ဘုရား။ အခန်းက မှောင်မည်းနေပါတယ်။ အဲဒီအချိန်မှာ တပည့်တော် အနားက လူတစ်ယောက် ထွက်သွားသလို ခြေသံကို ကြားလိုက်ရတော့ တပည့်တော်လည်း ယောင်ပြီးနောက်ကနေ လိုက်သွားမိပါတယ်"

လူအားလုံးသည် သာထွန်းအေး၏ စကားကို စိတ်ဝင်စားစွာ နားစွင့်နေကြသည်။ သာထွန်းအေးသည် ဆက်၍...

"အခန်းရဲ့အပြင်ဘက်ရောက်တော့ အနီရောင်ဝမ်းဆက်နဲ့ ကောင်မလေး တစ်ယောက်က မုန်အိမ်မီးကို ကိုင်ပြီး ရပ်စောင့်နေပါတယ်၊ ကျွန်တော်လည်း ဘာရယ်မသိပဲ သူ့နောက်ကိုပဲ လိုက်သွားမိတော့တယ်။ နောက် သူက ကျွန်တော့်ကိုအိမ်ပေါ်ကိုခေါ်သွားတယ်။ အဲဒီအချိန်ထိ စိတ်ထဲမှာ သူ့ကို ဒီအိမ်ကြီးရဲ့ မိသားစု ဝင်တွေပဲလို့ ထင်နေတုန်းပါ။ အိမ်ပေါ်ရောက်တော့..."

သိန်းနိုင်က အလောတကြီး ဝင်မေးလိုက်ပြန်သည်။

"အိမ်ပေါ်ရောက်တော့ဘာဖြစ်သွားလဲ၊ ဟို - သရဲဖြစ်သွားရောလား"

"ညှော်ခန်းထဲမှာရော၊ ဝရန်တာမှာရော အလောင်းတွေ အများကြီးကို တွေ့ရလိုက်ရတော့တယ်၊ ကျွန်တော်တဖြည်းဖြည်းနဲ့ကြောက်လာတယ်၊ ဒါနဲ့ပဲ ကော[...]

မလေးက ကျွန်တော့်ကိုအခန်းတစ်[...]
ကို ခေါ်သွားပြန်တယ်၊

အခန်းထဲလည်း ရောက်ရော [...]
တော် ဘယ်လိုမှ ဟန်မဆောင်နိုင်[...]
ပါဘူး။ ကြောက်လွန်းလို့ သေမတတ်[...]
ပဲ၊ အခန်းထဲက ခုတင်ပေါ်မှာရှိနေတာ[...]
ကျွန်တော့်ကို လာခေါ်တဲ့ကောင်မ[...]
ရဲ့အလောင်းကြီး ဖြစ်နေလို့ပါ"

"အမေလေး - ကြောက်စရာကြီး[...]

"အေး - ငါသာဆိုရင် ကြောက်[...]
နဲ့ပဲ အဲဒီနေရာတင် သေမှာ"

တိုးတိတ်သောအသံများပြန်[...]
ငြိမ်သက်သွားသည်နှင့် ဆက်၍[...]
လေသည်။

"ကျွန်တော် ကြည့်နေတုန်း[...]
မီးမှောင်သွားပြီး ရယ်မောသံတွေ၊ [...]
တောင်းပန်သံတွေနဲ့ ကယ်ပါယူပါ [...]
စာနဲ့အော်ဟစ်ပြောဆိုနေသံကိုကြား[...]
ရပါတယ်၊ အပုပ်နံ့တွေလည်းတထော[...]
ထောင်းနဲ့ နံလာပြီး နောက်ဆုံး[...]
ကျွန်တော် လဲကျသွားပြီး ဘာမှ[...]
တော့ပါဘူး"

သာထွန်းအေး၏ စကားဆုံး[...]
နှင့် လူအားလုံးမှာ ငြိမ်သက်၍သွား[...]
သည်၊ ဆရာတော်သည် သက်ပြင်း[...]
[...]တ်မကောင်းဟန်ဖြင့်...

"အိမ်း - သူတို့တစ်တွေလည်း ဒီ[...]သာဆိုးကြီးထဲက ကျွတ်ချင်လွတ်ချင်[...]ကြမှာပေါ့လေ"

ကိုလှဝေသည် ဆရာတော်အား [...]မေးကြည့်၍...

"အရှင်ဘုရား - အဲဒီအိမ်ကြီးထဲက [...]မိသားစုတွေရဲ့အဖြစ်အပျက်ကို သိချင်[...]လို့ရှင်းပြပေးတော်မူပါ - ဘုရား"

ဆရာတော်သည် ခေါင်းညိတ်၍ -

"အေး - ဒီအိမ်ကြီးနဲ့ပတ်သက်လို့ [...]ပြောပြရမယ်ဆိုရင်တော့ ဒေါ်အေးသုံ၊ [...]ဒေါ်အေးမှုံနဲ့ မောင်ဆေးယုံဆိုတဲ့ မောင်[...]နှမသုံးယောက်က စပြီးပြောရမှာပေါ့၊ [...]သူတို့မောင်နှမသုံးယောက်ဟာ ဒီနယ်[...]မှာတော့ အလွန်ချမ်းသာတဲ့ သူတွေပဲ၊ [...]မိဘမျိုးရိုးက အစဉ်အဆက် ချမ်းသာသူ[...]တွေဆိုတော့ ဒီနယ်မှာတော့ နာမည်ကြီး[...]တွေပေါ့လေ၊ မာနကလည်းထောင်လွှား[...]ကြသကိုး"

"အရှိန်အဝါကလည်း အတော်ပဲ [...]ရှိတယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဝဲ[...]ထောင့်ရွာပတ်ဝန်းကျင်မှာ ဒေါ်အေးသုံ၊ [...]ဒေါ်အေးမှုံ ဆိုပြီး ချမ်းသာသလောက် [...]မောက်မာလိုက်တာလည်း လွန်ပါရော [...]လား"

ဟု ရွာခံအဘကြီးတစ်ယောက်[...]
ပြောပြ၏၊ ဆရာတော်ကပင် ဆက်၍[...]
ပါသည်၊

"သူတို့ညီအစ်မနှစ်ယောက်[...]
အပျိုကြီးတွေကွဲ၊ ဒီတစ်နယ်လုံးမှာ [...]
တို့နဲ့ ထိုက်တန်ပြီး အဆင့်တူတဲ့သူ [...]
ဘူးဆိုပြီး အိမ်ထောင်မပြုပဲ နေလာ[...]
တာ၊ သူတို့ရဲ့မောင်အငယ်ဆုံးဖြစ်[...]
မောင်ဆေးယုံကတော့ အဲဒီလို အဆ[...]
အတန်း ခွဲတတ်တဲ့လူမျိုး မဟုတ်ဘူ[...]
သဘော အင်မတန်ကောင်းရှာတာ"

ဆရာတော်သည်အာခြောက်သွာ[...]
ပုံရသည်၊ ရေနွေးတစ်ခွက် ငှဲ၍သော[...]
လိုက်ပြီး စကားကို ပြန်ဆက်လို[...]
သည်၊

"မောင်ဆေးယုံ ဟာ လူငယ်[...]
တော့ သဘာဝအတိုင်းပဲ၊ မင်းဇံရွာ[...]
မယဉ်ထွေးဆိုတဲ့ မိန်းကလေးနဲ့ လူငယ်[...]
ချင်း မေတ္တာမျှပြီး သမီးရည်းစားဘဝ[...]
လွန်မြောက်လို့ မယဉ်ထွေးမှာ ကိုယ်ဝ[...]
ရှိသွားတယ်၊ အဲဒီမှာပဲ ပြဿနာတွေ[...]
စပြီးတက်တော့တာပေါ့"

သိန်းနိုင်က ကြားဖြတ်၍ -

"ဒေါ်အေးသုံ တို့ ညီအစ်မ[...]
သဘောမတူဘူးမဟုတ်လား ဘုရား"

ဦးရာတင်က ခေါင်းညိတ်၍ -





www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့ – မောင်ရင်ရယ်။ အဆင့်ခွဲတတ်တဲ့ သူဌေးမကြီးတွေက ဘယ်လိုလုပ်သဘောတူပါ့မလဲ"

"အဲဒီတော့ ဘာဆက်ဖြစ်သွားသေးလဲ ခင်ဗျာ"

ဦးရာတင်က ဆက်၍ပြောလေသည်။

"ဘာဖြစ်ရမလဲကွယ်။ အမျိုးမျိုး ခွဲတာပေါ့။ ဒါပေမဲ့ – မောင်ဆေးယုံက မယဉ်ထွေးကို သိပ်ချစ်တော့ သူ့မိန်းမ မပါရင် ဘယ်တော့မှ ပြန်မလာဘူးလို့ ပြောသတဲ့၊ ဒီတော့ – သူဌေးမကြီးတွေဟာ ယုတ်မာတဲ့အကြံနဲ့ သဘောတူတယ်ဆိုပြီး အိမ်ကို ညာခေါ်လိုက်တယ်လေ။

ဒါပေမဲ့ – မယဉ်ထွေးခမျာမှာ နိုင်စက်မှုတွေကိုခံစားရင်းသမီးလေးမကြာယုံကို မွေးတဲ့နေ့မှာပဲ သေဆုံးသွားရှာတယ်"

"ဩော် – ကလေးတစ်ယောက်မွေးသွားသေးတာကိုး၊ သနားဖို့ကောင်းလိုက်တာ၊ ဒါနဲ့ – ဘာဆက်ဖြစ်သွားလဲ ဦးကြီး"

"မောင်ဆေးယုံဟာ မယဉ်ထွေးရဲ့ စိတ်နဲ့ပဲ အရက်သမားကြီးလုံးလုံး ဖြစ်သွားရပြီး နောက်ဆုံးတော့ သူလည်းပဲ သက်ဆိုးမရှည်ပါဘူး။ သမီးလေး (၁၀) နှစ်သမီးလောက်မှာပဲ ဆုံးသွားရှာတယ်"

"ဩော် – ဖြစ်မှဖြစ်ရလေ"

ကိုလှဝေသည် စိတ်မကောင်းစွာဖြင့် ဆိုလေသည်။

ဤနေရာတွင် ဆရာတော်မှ ဝင်၍ပြောပြသည်မှာ ...

"သံသယဆိုတာသိပ်ကြောက်စရာကောင်းတာကလား။ စိတ်ဓာတ် အင်မတန် ခက်ထန်ကြမ်းကြုတ်တဲ့ဒေါ်အေးသုံ့တို့ညီအစ်မနှစ်ယောက် အတွက်ဝဋ်လည်တဲ့တစ်နေ့ရောက်လာခဲ့တယ်။ မကြာယုံ လေး အသက် တစ် ဆယ့်ခြောက်နှစ်လောက်မှာပေါ့။ သူ့ရဲ့ဦးလေးတော်စပ်သူလို့ပြောရမယ့်မယဉ်ထွေးရဲ့ အစ်ကို ဗလဆိုသူဟာ ရောက်လာပြီး မယဉ်ထွေးအတွက် လက်စားချေတဲ့အနေနဲ့ ဓားပြယောင်ဆောင်ပြီး အိမ်သားတွေအားလုံးကို သတ်ပစ်လိုက်တော့တယ်"

ဆရာစကားဆုံးတော့ သိန်းနိုင်က အလန့်တကြား ဝင်၍မေးလိုက်သည်။

"အဲ – အဲဒါဆို မကြာယုံလေးကရော – သူက လွတ်သွားလား"

"ဘယ်လွတ်မလဲကွဲ့၊ ဗလက သူ့တူမကို ရှိမှန်းတောင် မသိရှာဘူး။ လက်နက်ကိုင်တွေနဲ့ နှစ်ပေါင်းများစွာ တောခိုနေရာက ပြန်လာတဲ့အချိန် သူ့ညီမရဲ့ သတင်းကိုကြားတာနဲ့ မည်းမည်းမြင်ရာ အတုန်သတ်တော့တာပဲလေ၊ နောင်ကျမှ သိလိုက်ရတော့ အားလုံး နောက်ကျတုန်ပြီ၊ ဗလဟာလည်း နောင်တတွေ ပြီး သူ့တပည့်တွေကို ပြန်လွှတ်လိုက်ပြီး အဲဒီအိမ်ကြီးထဲမှာပဲ သူ့ကိုယ်သူ အဆုံးစီရင်လိုက်တယ်၊ အဖြစ်အပျက်တွေကတော့ အဲဒါပါပဲ၊ အာယာတတွေနဲ့ အမုန်းတရားတွေ၊ အစွဲအလမ်းကြီးမှုတွေကြောင့် သူတို့တစ်တွေဟာ ဒီသံသရာထဲမှာ တစ်ဝဲလည်လည် ဖြစ်နေကြရရှာတာပဲ"

ရွာလူကြီး ဦးရာတင့်သည် ဆရာတော်အား ...

"တပည့်တော်လည်း ဘာမှမဖြစ်လောက်ဘူးထင်လို့ ဒီညွှန်သည် ဆရာလေးတွေကို အဲဒီအိမ်မှာ ထားမိပါတယ်ဘုရား။ အခုတော့ သူတို့ကို ဆရာတော်ကျောင်းမှာပဲ တစ်ပတ် ဆယ်ရက်လောက်နေပြီး စာသင်ပေးခွင့် ပြုတော်မူပါ – ဘုရား"

အိမ်း – ကိုယ့်ရွာက စာမတတ်သ... တွေကို လုပ်အားပေးအနေ၊ စာသင်ပေ... ဖို့လာကြတဲ့ဆရာတွေပဲ၊ ကျုပ်ကျောင်... မှာကြိုက်သလောက် နေလို့ရပါတယ်"

ထိုနေ့မှစ၍ ကျွန်တော်တို့ကျောင်... သားတွေသည် ဘုန်းတော်ကြီးကျောင်... တွင်းအသုံးလုံးလုပ်အားပေးရက်သတ္တ... တစ်ပတ်ကို သင်ကြားပေးရင်းဖြင့် ကု... ဆုံးစေကာ ပျော်ရွှင်ခဲ့ကြရပါသည်။

နောင်အခါတွင် သာထွန်းအေ... သည် ခရစ်ယန်ဘာသာမှ ဗုဒ္ဓဘာသာ... သို့ကူးပြောင်းသွားကြောင်းကြားသိရ... သည်။

ဤအဖြစ်အပျက်ကို ပြောပြပေ... သော ပွင့်ဖြူမြို့နယ်၊ တောင်အင်းရွာသ... တွင်တာဝန်ထမ်းဆောင်ဖူးသောအငြိမ်... စားကျောင်းဆရာ ဦးလှဝေ၏ တပည့်... မောင်စိုးဟန် (ရွာသစ်)အား တွေ့ရ... အထူးတင်လျက်။

သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ ...

# ထောင်မှူးကြီးသိန်းဝင်း

## ပရလောကသားများပင် ကြောက်ရွံ့လေးစားရသော အစိုးရဝန်ထမ်း၏အမိန့်အာဏာ



# ပရလောကသားများပင်
## ကြောက်ရွံ့လေးစားရသော
# အစိုးရဝန်ထမ်း၏အမိန့်အာဏာ

**ထောင်မှူးကြီးသိန်းဝင်း**

မင်းမှုထမ်း အစိုးရဝန်ထမ်းဆို ည်မှာ ပြည်သူအများက လေးစား ကြည်ခံရသူများ ဖြစ်ကြသည်၊ ရှေး ရှင်များခေတ်က မင်းမှုထမ်းများကို ည်သူပြည်သားများကသာမက ပရ လောကသားများကပင် ကြောက်ရွံ့ကြ ကြောင်း ပုံပြင်ဝတ္ထုများအထဲ၌ ဖတ်ဖူး တ်ဖူးခဲ့ပါသည်၊ သို့သော် ကိုယ်တွေ့ ကြုံခဲ့ရ၍ မယုံခဲ့ပါ၊ ယခုတော့ ကိုယ် တွေ့ကြုံရ၍ ယုံရပါတော့သည်၊

ကျွန်တော်တို့ ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်စဉ် ၁၉၇၈ ခုနှစ်မှ ၁၉၈၀ – ခုနှစ်အတွင်း (၃)ကြိမ် တိုင်တိုင် ကြုံဖူးပါသည်၊ ပထမအကြိမ် ဝဲခုံးရိုးမတောင်ခြေရင်း သုံးတန်ကူး စခန်းဆောက်စဉ်ကာလက ဖြစ်သည်၊ လူ (၅၀၀) ဆန့်ဘားတိုက်ကြီးများနှင့် ဝန်ထမ်းအိမ်ရာ၊ ရုံးခန်းရိုက္ခာဂိုဒေါင် ထမင်းချက်ပုံကြီးများ ဆောက်လုပ်ရန် အတွက် ပထမဦးစွာ သစ်တောကြီးကို ရှင်းရ အရိပ်ရစေရန်အတွက်တော့ အမိ ကရကြီးမားသောသစ်ပင်ကြီးများကို ကျွန်တော် ချန်ထားသည်၊ ဘားတိုက် ဆောက်ရန်အတွက် လွတ်ကင်းဖို့ကို တော့ တိုင်းတာပြီး တွက်ချက်ရသည်၊

၁၉၇၈ – ခုနှစ်၊ နိုဝင်ဘာလကုန်ခါ နီးတွင် ကျွန်တော်တို့ ဆောက်လုပ်နေ သော စခန်းကြီး ပြီးစီးသည့် ခုံဘတ် (၅၀၀)နှင့် စခန်းတာဝန်ခံလုပ်မည့် ထောင်မှူးကြီးဦးသိန်းမြင့်(ဗိုလ်ရွှဲ)နှင့်

www.burmeseclassic.com

မိသားစုများ ပြောင်းလာကြသည်၊ သူတို့က သာယာဝတီထောင်မှ ပြောင်းလာကြခြင်းဖြစ်သည်။ ကလေးများပါ ပါလာ၍ ကျွန်တော်က အလွန်စိုးရိမ်မိသည်။ ရိုးမငှက်များက အလွန်ဆိုးသောကြောင့်ဖြစ်သည်။

တာဝန်ခွဲဝေကာ အုပ်ချုပ်ကြတော့ ကျွန်တော်က "ထောင်" ဌာန တာဝန်ခံ ထောင်မှူး၊ ထောင်မှူးဦးအေးချို(ဆိတ်) က "ဦးနှင့်ရေး" ဌာန တာဝန်ခံထောင်မှူး၊ ထောင်မှူးကြီးဦးသိန်းမြင့်ရောက်လာတော့မှ စုပေါင်းစခန်းရုံးကြီးကို တောင်ကုန်းပေါ်တွင်ဆောက်ဖြစ်သည်။ မကြာမီ စခန်းကြီးဖြစ်၍ ဆရာဝန်ကြီးဦးတင်မောင်လည်းရောက်လာသည်။ လူဦးရေများလာ၍တောသီးတောနှံမလုံလောက်တော့သဖြင့် ကျွန်တော် ချောင်းကလေး တစ်ဖက်ကမ်းတွင် အသီးအနှံစိုက်ခင်းကလေးလုပ်ရသည်။ ချောင်းကလေးက ရေရပြီး မြေဆီဩဇာကောင်းပြီး ရဲဘက်လုပ်အားနိုင်သောကြောင့် (၂)လခန့်အတွင်း မုန်ညင်း၊ မုန်လာ၊ ချဉ်ပေါင်ပင်များ ဖြစ်ထွန်းပြန်သည်၊ ရဲဘက်နှင့် ဝန်ထမ်းများကို ကျွေးနိုင်သည်။

တစ်ခုခက်နေသည်က အသားရှိကွာ၊ မင်းကုန်းစခန်းမကြီးက ပို့[...] သောအမဲသားကို ကျွန်တော်က [...] ၍မစား၊ ဘဲဥ၊ ငါးခြောက်ငါးခြမ်း [...] အရွက်များဖြင့်သာ နေ့စဉ် နစ်ပါး[...] ရသည်၊ ထို့ကြောင့်မနက်ပိုင်းရုံးလုပ်[...] ပြီးသည်နှင့်သေနတ်ထမ်း၍တပည့်[...] ဖြင့်တောလည်ရတော့သည်၊ လူ(၅၀၀)[...] ကျော်စခန်းကြီးဖြစ်၍ တောကောင်[...] က အနီးတွင်မနေတော့ တပည့် သာ[...] ဝတီသားများဖြစ်ကြသည့် မုဆိုး[...] သန်းနှင့် တင်သောင်းတို့က [...] ထောင်၊ ငှက်ထောင်၊ ငါးရှာဖားရှာ[...] ၍သာ အသားဟင်းစားရသည်။

တစ်နေ့တွင် တာဝန်ခံထောင်မှူး[...] ကြီးက ကျွန်တော့်ကို ခေါ်သည်၊

"ကိုသိန်းဝင်းရေ၊ စခန်းကြီးက [...] ပြီ။ ကားလမ်းလည်းပေါက်တော့ လူကြီး[...] တွေ လာကြတော့မယ်၊ စခန်းမြော[...] ဘက်တောင်ကုန်းပေါ်မှာ ဧည့်ဂေဟာ[...] ကလေးဆောက်ဗျာ၊ သာယာဝတီထော[...] က ကျွန်တော်ခေါ်လာခဲ့တဲ့ လက်သမား[...] အဖွဲ့ရှိတယ်၊ ခင်ဗျား နိုင်းပေရော့၊ တ[...] ပတ်ကအချိန်ရတယ်၊ လက်သမားပစ္စည်း[...] တွေလည်း ကျွန်တော် ယူလာပါတယ်"

"ဟုတ်ကဲ့ – ထောင်မှူးကြီး"

[...]ကျွန်တော် တောင်ကုန်းပေါ်တွင် [...]နေရာရှင်းရသည်၊ အခြားအပင် [...]ပြဿနာမရှိသော်လည်း လူကြီး [...]သုံးဖက်စာ ပျဉ်းမပင်ကြီးများနှင့် [...]ပင်ကြီးများက အလွန်ဒုက္ခပေး [...]၊ တောင်ကုန်းပေါ်တွင် မြေနေရာ [...]တော့ မဖယ်ရှား၍လည်းမရ၊ [...]အားနှင့် လက်နက်ပစ္စည်းပြည့်စုံ [...]လည်း (၂)ရက်ခန့်အတော်ရှင်းယူ [...]ည်၊ ကျွန် (၅)ရက်အတွင်းလည်း [...]ဆောင်ကိုအပြီးဆောက်ပြီး၊ လိုအပ် [...]ဝရိဘောဂအသုံးအဆောင်များကို [...] ဝါး၊ ကြိမ်များဖြင့် လုပ်ရသည်။ [...]တ်ပြည့်တော့ ဧည့်ဂေဟာ ပြီးစီး [...]ည်၊ စခန်းတာဝန်ခံထောင်မှူးကြီး [...]လာရောက်ကြည့် ရှုစစ်ဆေးပြီး [...]ကျပါသည်၊ သူသဘောမကျ [...]တ ဧည့်ဂေဟာရှေ့က ကညင်ပင် [...]လူကြီး (၃)ဖက်စာခန့်အမြစ်ပါးပျဉ်း [...]သည်မို့ ကျွန်တော်က အရိပ်ရစေ [...]မင်ချန်ထားခဲ့ခြင်းဖြစ်သည်။

"ဦးသိန်းဝင်း – ဒီအပင်ကြီးက ရှုပ် [...]ဗျာ၊ ရှေ့မြင်ကွင်းကို ကွယ်တယ်။ [...]ကြီးတွေလာရင် ဒီအပေါ်မှာ ထိုင် [...]ယူရင်း အမြန်လမ်းလုပ်ငန်းကိုပါ လှမ်းမြင်ရအောင် ရှင်းပစ်လိုက်ဗျာ၊ လက်စုပ်နဲ့ လူအင်အားလည်းတော့ ရှိသားပဲ"

"ဆရာ – ဒီအပေါ်မှာ တောင်ခေါင်းတုံးဖြစ်နေပြီ၊ အရိပ်ရအောင် ကျွန်တော် တမင်ချန်ထားခိုင်းခဲ့တာပါ"

"ရှင်းလိုက်ပါဗျာ – ရိုးမတောထဲပဲ နေမပူပါဘူး"

"ဟုတ်ကဲ့ – ဆရာ"

အမိန့်အတိုင်း ကျွန်တော် ရှင်းခိုင်းတော့ သာယာဝတီသား ရဲဘက်များကလည်း ကညင်ပင်ကြီးအား မခုတ်ချင်ကြပါ၊ ကျွန်တော့် အမြက်မှာလည်း ကညင်ပင်ကြီးအရိပ်နှင့် ဧည့်ဂေဟာတဲကလေးမှာ နေချင်စဖွယ် အလွန်လိုက်ဖက် တင့်တယ်ပါသည်၊ ပေ ၁၀၀ ကျော်မြင့်မားသော အပင်ကြီးဖြစ်၍ ဧည့်ဂေဟာနှင့်လွတ်ကင်းအောင်အတော်သတိထားရပေမည်။ ကြိုးများရှာ၍ ပထမဆုံး အကိုင်းများကို ချိင်၍ ကြိုးဆွဲချရသည်၊ ပြီးမှ တစ်ရစ်ချင်း ခုတ်ချရသည်၊ မြစ်ပါးပျဉ်းကြီး (၃ပေ)ခန့်ကို ကျွန်တော့် စိတ်ကူးဖြင့် ချန်ထားပြီးသဘာဝစားပွဲကြီး လုပ်၍ ဘေးပတ်လည်ဝိုင်း၍ အနှယ်ညီသော ကျွန်းသားတိုင်လုံးများအား ရွေး





www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးဦးထွန်းဇော်က
ဆရာ အေးအေးဆေးဆေး
ထမင်းစားပါ။
ဒါ သရဲခြောက်တာပါ။
အဲ့ဒီအပင်ကြီးက ညစဉ်
ည (၉)နာရီနဲ့
ညသန်းခေါင် (၁၂)
နာရီမှာ လဲသံပေးတယ်။
ဘာမှမဖြစ်ဘူး ဆရာ။
ဟုတ်ရဲ့လားဗျာ–
မြေကြီးတောင်
တုန်သွားတာပဲ၊
သွားကြည့်ရအောင်ပါ။
ဦးအုန်းဇော်ရယ်။
ဆရာမယုံရင်
လာလိုက်ခဲ့ပါ။
လက်တွေ့ပြပါ့မယ် ...



ချယ်ပြီး ထိုင်ခုံများအဖြစ် စိုက်ထားလိုက်သည်၊ ယခု ဧည့်ဂေဟာနှင့် သဘာဝစားပွဲကြီးမှာ အလွန်လိုက်ဖက် တင့်တယ် သွား သည်။ ကျောဆန့်ထိုင်လိုသူ လူကြီး များအတွက်လည်း ဝါးပက်လက်ကုလားထိုင်များ လုပ် ခိုင်းထားသည်။

ညနေစောင်းထောင်မှူးကြီး လာကြည့်တော့ အတော်သဘောကျသွားပြီး၊ ကျွန်တော်တို့အဖွဲ့ကို ချီးကျူးပါသည်။ ထိုနေ့က အတော်ပင်ပန်း၍ ညစာ(၇) နာရီခန့်အပြီး အိပ်ရာဝင်ခဲ့ရာ တစ်ချိုးတည်း အိပ်ပျော် သည်။ သို့သော် – ည (၉)နာရီခန့်တွင် "ဝုန်း"ခနဲ မြည် ဟည်းသံကြီးနှင့် မြေကြီးပါတုန်သွားသောကြောင့် အိပ် ရာက လန့်နိုးသည်၊ ဧည့်ဂေဟာတောင်ကုန်းပေါ်က ဖြစ်သည်၊ ကျွန်တော်တို့ ဓာတ်မီးများဖြင့် သွားကြည့် ကြတော့ အပျက်အစီးမရှိ၊ နေ့လယ်က လှဲထားခဲ့သော အညင်ပင်ကြီးမှာလည်း အနေအထား မပျက်၊ တုံးလုံးကြီး လဲနေသည်၊

နောက်နေ့ညများ၌ ည (၉)နာရီ ထိုးသည်နှင့် ထိုအပင်ကြီးက လဲပြိုသံ ပေးသည်။ နောက်ဆုံး ကျွန်တော်က အကြံပေးပြီး အမိန့်ပြန်၍ မေတ္တာပို့ အမျှဝေတော့မှ လဲပြိုသံ ရပ်သွားတော့ သည်၊

❀

နောက်တစ်ပင်က ကျွန်းပင်ကြီး (၉)စခန်း ခေါ်လျှော်တုန်း ချောင်းကမ်း စပ်တွင်ရှိ၍ လျှော်တုန်းစခန်းဟု ခေါ် သည်၊ ယခင်ဒေသခံမုဆိုးများအခေါ် မုဆိုးများ ကျားကိုက်ခံရပြီး ငှက်ဖျား ရောဂါဖြင့်လည်း သေဆုံးကြရသော ကြောင့် "လူသေချောင်စခန်း"ဟုလည်း နာမည်ဆိုးဖြင့် ကျော်ကြားသောစခန်း ကြီးဖြစ်ပါသည်၊ ရိုးမ (၁)စီမံကိန်းစခန်း များတွင် အစွန်ဆုံးစခန်းကြီးလည်း ဖြစ် သည်၊ လျှော်တုန်း ချောင်းကမ်းဘေး၊ မြေပြန့်ကျွန်းတောကြီးကို ခုတ်ထွင်ရှင်း လင်း၍တည်ဆောက်ထားသောရဲဘက် (၄၀၀)ခန့်ရှိသည့် စခန်းကြီး ဖြစ်ပါ သည်၊

ထိုစခန်းမှ ထောင်မှူးကြီးဦးကျော် သာ ငှက်ဖျားဖြစ်၍ ပဲခူးဆေးရုံကြီးသို့ ပို့ရတော့ ကျွန်တော်က အရေးပေါ်စခန်း တာဝန်ခံအဖြစ် ပြောင်းရွှေ့တာဝန် ထမ်း ဆောင်ရတော့သည်၊ ပြောင်းရွှေ့ရသည့် ကျွန်တော့်၏တပည့်လူယုံ၊ သာယာဝတီ သားမုဆိုးအောင်သန်းနှင့် တင်သောင်း ကိုတော့ အပါခေါ်သွားသည်၊ သူတို့တ မုဆိုးအလုပ်အပြင် ကျွန်တော်၏ စားဆို မှူး၊ ထမင်းချက်များလည်း ဖြစ်ကြပါ သည်၊ စခန်းကြီးက လူအင်အားများ သော်လည်း ငှက်ဖျားရောဂါကြောင့် ဂိလာနများက အလွန်များသည်၊ ရဲဘက် အင်အား (၄၀၀)တွင် တစ်ကယ်တမ်း အလုပ်လုပ်နိုင်သူက (၁၀၀)ကျော်ခန့် သာရှိသည်၊ စခန်းတွင် ထောင်ဒွာန တာဝန်ခံ ထောင်မှူးတ ဦးအုန်းဇော်၊ သူလည်း ဖျားနေသည်၊ ဆေးမှူးရှိသော် လည်း ဆေးဝါးကမပြည့်စုံ၊ ဝန်ထမ်းနှင့် ရဲဘက် အသေအပျောက် အလွန်များ သည်၊ ထို့ကြောင့် ကျွန်တော် စခန်း တစ်ခုလုံး သိမ်းကျုံးလုပ်ရမည်ဖြစ်၍ အတော်ပင်ပန်းနေလိမ့်မည်၊ သို့သော် လည်း မတတ်နိုင်၊ တာဝန်က ဒေသန် သာ ဖြစ်လေသည်၊

www.burmeseclassic.com

ထိုနေ့က ရောက်စမှာပင် မနားရ၊ ထောင်မှူးဦးအုန်းဖော်ထံမှ တာဝန်များ လွှဲပြောင်းယူရသည်။ "ရေး" ဝန်ထမ်းတို့စွက ပင်ပန်း "ဦး" ရဲဘက်များ၏ ဝရမ်းကိစ္စက အသေအချာစစ်ဆေးရ၍ အလွန်ကြန့်ကြာသည်။ ည (၉) နာရီထိုးချိန်အထိ မပြီးပြတ်၍ ဆာလောင်လွန်းသောကြောင့် ခေတ္တရပ်နားပြီး ညစာစားရန် တပည့်များ ပြင်ဆင်ပေးနေစဉ် ည (၉) နာရီထိုးသွားသည်။ ထိုစဉ် ရဲဘက်ဘားတိုက်များ စည်းရိုးအနီးမှ သစ်ပင်ကြီးတစ်ပင် လဲပြိုသံ ကြားလိုက်ရသည်။

"အုန်း - ဝုန်း - ဝုန်း - ဘုန်း"

"ဟာ - လုပ်ကြပါဦး၊ ရဲဘက် ဘားတိုက်အပေါ် သစ်ပင်ကြီးလဲပြိုထင်တယ်"

ကျွန်တော့်အနီးတွင်အသင့်ရှိသည့် လက်နှိပ်ဓာတ်မီးကို ကောက်ကိုင်ပြီး အလန့်တကြား ထည့်တော့ ...

ထောင်မှူး ဦးထွန်းဖော်က "ဆရာ အေးအေးဆေးဆေး ထမင်းစားပါ၊ ဒါ ထရဲခြောက်တာပါ၊ အဲ့ဒီအပင်ကြီးက ညစဉ်ည (၉) နာရီနဲ့ ညသန်းခေါင် (၁၂) နာရီမှာ လဲသံပေးတယ်၊ ဘာမှမဖြစ်ဘူး ဆရာ"

"ဟုတ်ရဲ့လားဗျာ - မြေကြီးတောင်တုန်သွားတာပဲ၊ သွားကြည့်ရအောင်ပါ ဦးအုန်းဖော်ရယ်"

"ဆရာမယုံရင် လာလိုက်ခဲ့ပါ၊ လက်တွေ့ပြပါ့မယ်"

ကျွန်တော်တို့ သွားကြည့်တော့ ရဲဘက်ဆူးကြိုးဝင်းအနီးတွင် လဲကျနေသော လူတစ်ဖက်ကျော်ခန့်ရှိ ကျွန်းပင်မြောက်ကြီးကိုမြင်ရသည်။ လဲထားတာကြာပြီဖြစ်၍ နွယ်စိမ်းများပင် ရစ်ပတ်တက်နွယ်နေသည့် ဦးအုန်းဖော်က "ကျွန်တော်တို့စခန်းကတော့ ဒီကျွန်းပင်ကြီးကို "သရဲနာရီပင်ကြီး" ခေါ်တယ် ဆရာ၊ ရဲဘက်အိပ်ရေးပျက်မှာစိုးလို့ ထတောင်မကြည့်ကြဘူး"

ဟုတ်ပါသည်၊ ကျွန်တော်တို့ အလုပ်လုပ်နေစဉ် ည (၁၂) နာရီထိုးတော့ ထိုသစ်ပင်ကြီးလဲသံ မေးမြန်းသည်။ ကျွန်တော်ထ၍ပင်မကြည့်တော့ပါ၊ ညအိပ်ရာဝင်ချိန်တွင် မေတ္တာပို့ အမျှဝေတော့မှ နောက်ညများတွင်ညအိပ်ရာဝင်ချိန် မေတ္တာပို့အမျှဝေတော့မှ နောက်ညမျက်နှာတွင်သစ်ပင်ကြီးလဲသံမကြားရတော့ပါ။

❀

ဆော့သောင်းဆီအုန်းစခန်းများသို့ ... - ခုနှစ်တွင် ပြောင်းရွှေ့တာဝန် ... ဆောင်ရတော့ တစ်ခါကြုံနေရပြန် ... ကျွန်တော်က စခန်းခွဲတာဝန်ခံ ... င်မှူးကြီး၊ ဆီအုန်းယာယီစခန်း ... ၁ အနိုင်အမာတည်ဆောက်ရ ... ကြောင့်အကုန်ရှင်းရသည်။ ယာယီ ... အတွင်းရှိ ခြတောင်ပို့ကြီး (၃) ... ား ဝန်ထမ်းများက အမွှေးတိုင်နှင့် ... တိုင်များထွန်း၍ပူဇော်ထားရာ ... တော့်အမိန့်ဖြင့် တပ်ကြပ်ကြီး စော ... အောင်က ဖြိုဖျက်ပြီး ခြမင်းကြီး ... ဆီဖြင့်ကြော်ပြီး အရက်ဖြင့်မြည်း ... သေးသည်၊ ဘာမှ မဖြစ်ပါ။

စခန်းသစ်၊ ရဲဘက်ဘားတိုက်၊ ဝန် ... ဘားတိုက်ရုံးကြီးနှင့် ရိက္ခာဂိုဒေါင် ... ဆောက်လုပ်တော့လည်း လိုအပ် ... သစ်များအတွက် ကျွန်တော်ပင် ... သာရီရိုးမတောင်ခြေက ကြီးမားသော ကညင်ဖြူပင်ကြီးကို ခုတ်လှဲ ... ပြီး စခန်းသစ်ဆောက်လုပ်လိုက် ... ည်၊ စခန်းမှာ သာယာလှပပြီး ဘာမျှ ... ကြပါ။

နောက်တစ်ကြိမ်ကတော့ ဝန်ကြီး ... ည်ဆို၍ စခန်းအနီး တောင်ကုန်းပေါ်တွင် ရဟတ်ယာဉ်ကွင်း အရေးပေါ် ဆောက်ရန်အတွက် ရှင်းလင်းရခြင်းဖြစ်သည်။ ထိုတောင်ကုန်းပေါ်တွင် ညောင်ပင်ကြီး (၃) ပင်နှင့် တောင်လယ်စောင်းတွင် ညောင်ပင် (၂) ပင်ရှိသည်။ ဆီအုန်းခင်းအလယ်တွင်ဖြစ်သော်လည်း ယခင်လူများ မရှင်းရဲကြ၍ မရှင်းခဲ့ဟန် တူပါသည်။ ညောင်ပင်အရိပ်များကြောင့် ဆီအုန်းပင်များ မဖြစ်ထွန်းပါ။ ထို့ကြောင့် ကျွန်တော်အခွင့်အရေးရတုန်း တပ်ကြပ်ကြီးစောထွန်းအောင်နှင့် အဖွဲ့အား အပြတ်ရှင်းခိုင်းလိုက်ပါသည်။ ဆီအုန်းပင်များကို မထိခိုက်စေရန်အတွက် ပထမဆုံး ညောင်ကိုင်းများအားခုတ်၍ ခေါင်းတုံးတုံးခိုင်းပြီး ပင်စည်များကို ငမန်းလွှဖြင့် ဖြတ်ခိုင်းရသည်။ ညနေစောင်း စောထွန်းအောင်တို့အဖွဲ့ အလုပ်သိမ်းပြီး ပြန်လာတော့ ညောင်ပင်ကြီးများအား လွှဖြင့်ဖြတ်ရာတွင် ဟိုဘက်သည်ဘက် ထုတ်ချင်းခတ်ပေါက်သွားသော်လည်း ညောင်ပင်ကြီးများ မလဲကြောင်း သတင်းပို့လာပါသည်။

တပ်ကြပ်ကြီးစောထွန်းအောင်မှူးချင်သည်ဆိုသောကြောင့် ကျွန်တော် ဆေးတိုက်လိုက်ရသေးသည်။

www.burmeseclassic.com

"ကဲ - ကိုစောထွန်းအောင် တာဝန်ကျေပါတယ်၊ အနားယူပါ၊ ကျန်တာ ကျွန်တော် ဆက်လုပ်လိုက်မယ်"

"ဆရာက ဘယ်လိုလုပ်မှာလဲ၊ ကြိုးနဲ့ ဆွဲချမှာလား၊ ကျွန်တော် လုပ်ပြီးပြီ မရဘူး"

"အဲ့ဒီအပိုင်းက ကျွန်တော့်အပိုင်းပါ၊ ခင်ဗျားပြန်ပြီး အေးအေးဆေးဆေး အနားယူပါ"

"ဟုတ်ကဲ့ပါ - ဆရာ"

ညစာစားပြီးတော့မှ ကျွန်တော် ဘုရားဝတ်ပြု ပုတီးစိပ် တရားထိုင်ပြီး အမျှဝေမေတ္တာပို့ရသည်၊ စခန်းတာဝန်ခံအနေဖြင့်လည်း ညောင်ပင်အစောင့်အရှောက်များကို အမိန့်ပြန်၍ ဖယ်ရှားနိုင်းရပါတော့သည်။ ထိုညက ကျွန်တော်ကောင်းစွာအိပ်ပျော်သည်၊ မနက်အရုဏ်ဦး (၄)နာရီခန့်တွင် စခန်းအနီးတောင်ကုန်းဘက်မှ ညောင်ပင်ကြီးများ လဲပြိုကျသံကို တဖုန်းဖုန်းကြားရသည်။

မနက်မိုးလင်းလင်းချင်း ကျွန်တော်တို့သွားကြည့်တော့ ညောင်ပင်၊ ပင်စည်လုံးကြီးများမှာ ဆီအုန်းပင်များကိုပင် မထိခိုက်ဘဲ အပင်တန်းများကြား (၁၀ ပေ)အကွက်အတွင်းလွတ်လပ်စွာလဲပြိုနေကြခြင်းဖြစ်၍ လွန်စွာအံ့သြကြရသည်၊ တပ်ကြပ်ကြီး စောထွန်းအောင်လည်း အဖျားပျောက်ပြီး လွန်စွာအံ့သြဝမ်းသာနေရှာသည်၊

ဤအဖြစ်အပျက်များမှာ သူများပြောသည်မဟုတ်၊ ကျွန်တော့်ကိုယ်တွေ့ဖြစ်စဉ်များဖြစ်သည်၊ အစိုးရဝန်ထမ်းအရာရှိတစ်ဦး၏မေတ္တာပို့အမျှဝေအမိန့်ပြန်ခြင်းကို သစ်ပင်စောင့် ရုက္ခစိုးများပင် လေးစားလိုက်နာကြကြောင်း သာဓကတစ်ခု ဖြစ်ပါသည်၊

ကျွန်တော်တို့တစ်တွေ အလုပ်မှထွက်ပြီး အနားယူကြတော့ တပ်ကြပ်ကြီးစောထွန်းအောင်နှင့်ကျွန်တော်မဆုံဖြစ်တော့ပါ။ သတင်းစုံစမ်းကြည့်တော့ နယ်ဘက်တွင် မိသားစုနှင့်အတူပျော်ရွှင်နေထိုင်ကြကြောင်း သိရှိရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်တော် သတိရသလို သူလည်း သတိရဟန်တူပါသည်၊ လူကြုံဖြင့် သူရှိရာသို့လာလည်ရန် စာကလေးတစ်စောင် ရောက်ရှိလာသည်။ သူ အခြေချနေထိုင်သည်မှာ ကော့မှူးမြို့နယ် ဘုရားကုန်းရွာကလေးတွင်ဖြစ်သည်၊

ကျွန်တော်ကလည်း ကွမ်းခြံကုန်းမြို့မှ ကျောင်းဆရာဦးခင်မောင်သန်း၏ အကူအညီတောင်းမှုကြောင့် ကွမ်းခြံကုန်းမြို့ မြို့ရွာပိုင်းရပ်ကွက်တွင် ဦးထွန်းလှအောင်နှင့် ဒေါ်မွှေးတို့အား အန်းကုံးစားတော် ဆက်ဖွင့်လှစ်ရန် ကူညီထားသဖြင့် တစ်လတစ်ခေါက် သွားရသည်၊ ၂၀၀၀ - ခုနှစ် ပတ်ဝန်းကျင်ခန့်က ဖြစ်သည်၊ ဒလဘက်သို့ ကားဖြင့် ကူးရန်ပန်းဆိုးတန်းဆိပ်ကမ်းမှ ဖက်ရေယာဉ်ဖြင့် ကူးရသည်။ ပန်းဆိုးတန်းဆိပ်ကမ်းမှ စယ်ရီသင်္ဘောဖြင့် လူကူး၍ရသော်လည်း ကျွန်တော်က ကိုယ်ပိုင်ကားဖြင့် လွတ်လပ်စွာသွားလို၍ ဖြစ်ပါသည်၊ ဖက်ရေယာဉ်ပေါ် ကားတင်လာတော့ အတော်ကြာကြာ စောင့်ရသည်။ မနက် (၉)နာရီခန့် အမီလည်းသွားရသည်၊

ဒလဘက်ကမ်း ကားအတက်ဆိပ်ရောက်တော့ ဒလကျောက်တိုင်ကိုပတ်၊ တာဆုံမှ ဘယ်ဘက်ချိုး၊ စမ်းရွာနှင့်တောကြီးတန်းကိုကျော်တော့ ကော့မှူးမြို့ထဲရောက်လာသည်။ ထိုမှ အနည်းငယ်သွားတော့ ဘုရားကုန်းရွာသို့ရောက်သည်၊ ကျွန်တော် ခရီးသွားရင်း ရှုမြော်နေကျ လက်ခိုက်ဘုရားကြီးအနီးကရွာဖြစ်သည်၊ လမ်းတွင် တွေ့ရသည့် ခရီးသွားလူကြုံကို မေးသည်နှင့် တတ္တရာလမ်းဘေး၌ရှိသည့်ဦးစောထွန်းအောင်၏ ခြံကျယ်ကြီးကို ညွှန်ပြကြသည်၊ အကျယ်ပေ (၅၀)ခန့် အနောက်ဘက်သို့ပေ (၃၀၀)ခန့်ခြံကျယ်ကြီးဖြစ်သည်၊ စနစ်တကျဝင်းခတ်ထားပြီး ခြံထဲ၌ ပျဉ်ထောင်အိမ်သစ်ကလေးတစ်လုံး ဆောက်ထားသည်၊ အိမ်ကလေး၏ခေါင်းရင်း၌ သရက်ပင်ပျိုကလေးများ သာရှိပြီး တစ်ခြံလုံးတွင် ပြောင်ရှင်းသင်ရပ်နေသည်၊

ကျွန်တော့်ကားကလေး ကတ္တရာလမ်းမှ ဖဲ့ဆင်းပြီး ခြံထဲဝင်လိုက်တော့ အိမ်ရှေ့အရိပ်တွင် ပက်လက်တုလားထိုင်ချ၍ အနားယူနေသော လူတစ်ဦး ထိုင်ရာကထလာပြီး ကြိုဆိုသည်၊ သူကား အငြိမ်းစားတပ်ကြပ်ကြီး စောထွန်းအောင်၊

"ဟာ - ဆရာဦးသိန်းဝင်း၊ ဝမ်းသာလိုက်တာဗျာ၊ ကဲ - အိမ်ပေါ်ကို ကြွပါဆရာ၊ သမီးတို့ရေ - လာကြစမ်းတော့ ဘာဟင်းချက်ထားသလဲ၊ ငါ့ဆရာ ထောင်မှူးကြီးကို နေ့လယ်စာကျွေးအောင် ပြင်ဆင်ကြ"

"ကိုစောထွန်းအောင် - နေပါဦးဗျာ၊ ကျွန်တော်က ကြိုပြောထားတာလည်းမဟုတ်ဘဲနဲ့ အားနာစရာဗျာ၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်က ကွမ်းခြံကုန်းဆိုင်ရောက်မှ ထမင်းစားမလို့၊ ဟိုက သူငယ်ချင်း စားသောက်ဆိုင် အချိန်မရွေး စားလို့ရတယ်"

ထိုစဉ် ကိုစောထွန်းအောင်၏ ဇနီးမိုခန်းဘက်မှထွက်လာပြီး "ဆရာရယ် သူစိမ်းတွေမှ မဟုတ်တာ၊ ဆရာ့တပည့်က ဆရာ့ဆီ စာပို့ပြီးကတည်းက မျှော်နေတာ၊ ဒီနေ့လည်း ကိုစောက အလုပ်ပင်ပန်းပြီး သမီး (၂)ယောက်ကလည်း ကျောင်းပိတ်တော့ ဖွယ်ဖွယ်ရာရာ တလေး ချက်ထားပါတယ်။ အားမနာစမ်းပါနဲ့ရှင့်"

"ဘာဟင်းတွေများ ချက်ထားသလဲ - မိန်းမရေ"

"အော် - ကိုစော ကြိုက်တတ်တဲ့ ရှာကြက်သားဆီပြန်ဟင်း၊ ငါးကလေးအိုးကပ်၊ ကြက်ရိုးနဲ့ ခွေးတောက်ရွက်တင်းချို၊ ကိုက်လန်ရွက်ကြော်နဲ့ ငါးပိရည်တို့စရာပေါ့ရှင်"

"ဟ - စုံလှချည်လား၊ ငါ့ဆရာ အကြိုက်ပဲ၊ ကဲ ကျက်ရင် ခူးခပ်ပြင်ဆင်ကြ - သမီးတို့ရေ"

"ကိုစောထွန်းအောင် ဘာတွေလုပ်နေလို့ ပင်ပန်းတာလဲ၊ အသက်ကြီးပြီလေဗျာ၊ နားနားနေနေစမ်းပါ၊ အခု သမီးတွေက အရွယ်ရောက်ပြီပဲ"

ဇနီးသည်က ...

"ဟုတ်ပါနဲ့ - ဆရာရယ်၊ ဆရာ့တပည့်က ပြောမရဘူး၊ တစ်ခြံလုံး သူတစ်ယောက်တည်း ရှင်းနေတာ၊ သမီးနှစ်ယောက်ကလည်း ကျောင်းဆရာမတွေ ဖြစ်နေကြလို့ အားကိုးရပါပြီ"

"ဆရာရယ် - သမီးနှစ်ယောက်က ကော့မှူးမြို့မှာ နှစ်ယောက်စလုံးတာဝန်ကျတော့ မြောက်ဒဂုံအိမ်ကို ရောင်းပြီး ဒီကိုပြောင်းလာကြတာ ရန်ကုန် ဒလမြစ်ကူးတံတားစီမံကိန်းရှိတယ်ဆိုတာကြားလို့ ကျွန်တော် ဒီမြေကွက်ကြီးကို ကြိုပြီး ဝယ်ထားလိုက်တာ အချို့ဆိုရင် ကျွန်တော့်ခြံကွက်ကြီးကိုရှင်းလင်းထားလို့ ဝယ်လိုတဲ့လူတွေ လာမေးကြတယ်၊ သိန်း (၈၀)လောက်တောင် ပေးနေပြီ၊ မရောင်းသေးဘူးဆရာ၊ ငွေလည်း မလိုသေးဘူး။ ကျွန်တော်က သိန်း (၈၀၀) လောက်ရမှ ရောင်းမှာ"

"ကောင်းတယ် ကိုထွန်းလှအောင် ခင်ဗျားက အမြင်ရှိတယ်၊ သမီးတွေကလည်း ကော့မှူးမြို့ကျောင်းမှာဆိုတော့ အနီးကလေးပဲ၊ ဒါနဲ့ ခြံထဲလည်း သီးပင်စားပင်တွေ စုံလင်အောင်စိုက်ထားတော်ရှင်းနေပြီပဲ၊ ဘာလုပ်စရာ ကျန်သေးလို့လဲ၊ ကိုထွန်းလှအောင်ရယ်"

"ဆရာ ဒီခြံကြီးက ဖုန်းဆိုးမြေ၊ ခြံထောင့်ကြီးတွေ (၁၀)လုံးလောက်ရှိတယ်၊ အဲဒါကြီးတွေကို ကျွန်တော် ဖြိုပြီး ခြံမြေပြင်ကို ညီအောင် ညှိပြီး ခင်းထားတာ၊ မြေကြီးလုပ်ငန်းစဉ်တော့ ပင်ပန်းတာပေါ့၊ ဒါတောင်အခုခြံအနောက်ဘက်မှာ တောင်ပို့ကြီး (၃)လုံး ကျန်နေသေးတယ်၊ လူတစ်ရပ်ကျော် မြင့်တယ်၊ ခြံအနောက်ဘက်မှာ ရေချောင်းကလေးရှိတော့ ခြံထဲမှာ မြောင်းပေါင်ဖော်ပြီး ရေသီပေါ်သီးနှံကလေးတွေလည်း စိုက်ထားလို့"

သို့နှင့် ကျွန်တော် သူတို့မိသားစုများနှင့် မြိန်ယှက်စွာ ထမင်းလက်ဆုံစားကြသည်၊ ကိုစောထွန်းအောင့်ဇနီးနှင့် သမီးများက အချက်အပြုတ်ကအလွန်ကောင်းကြသည်။

စားသောက်ပြီးတော့ ကျွန်တော်တို့ လက်ဖက်သုပ်နှင့်ရေနွေးကြမ်းသောက်ကြရင်း စကားပြောကြပြန်သည်၊ ညနေစောင်းမှ ကျွန်တော်က ရန်ကုန်က ဝယ်လာသည့်ကိတ်မုန့်များကိုလက်ဆောင်ပြန်ပေးပြီး နှုတ်ဆက်ထွက်လာခဲ့သည်၊

"ဆရာ အပြန်ဝင်ဦးနော်၊ ဒီမှာပဲ ထမင်းစား"

"ဟုတ်ကဲ့ပါဗျာ"

ကျွန်တော် သူတို့ခြံထဲက ကားမောင်းထွက်လာတော့ ညနေ (၄)နာရီခန့် ရှိပါပြီ၊ လက်နိုက်ဘုရားကြီးရှေ့တွင် ကားလေးကိုရပ်ပြီး ဖူးသည်၊ ကိုစောထွန်းအောင်တို့မိသားစုကို အမှုမဲ့မေတ္တာပို့လိုက်ပါသေးသည်၊ ထိုညတာ ကွမ်းခြံကုန်းမြို့တွင် တစ်ညအိပ်၍ အလုပ်လုပ်ပြီး နောက်တစ်နေ့မနက် (၉)နာရီခန့်တွင် မြို့ခံမိတ်ဆွေများဖြင့် မနက်စာမုန့်စား၊ လက်ဖက်ရည်သောက်ပြီး ကျွန်တော် ပြန်ခဲ့ပါသည်၊ ဘာဖြစ်မှန်းမသိ အလိုလိုစိတ်လေးနေသောကြောင့် မေတ္တာသုတ်ရွတ်ဖတ်ပြီး ကားကို သတိထားမောင်းခဲ့ရသည်၊

လက်နိုက်ဘုရားကြီးလွန်ပြီး ကျွန်တော့်ကားကလေး ကိုစောထွန်းအောင်တို့ ခြံရှေ့ရောက်တော့ အိမ်ရှေ့တွင် မဏ္ဍပ်ထိုးထားပြီး လူစုစုဝေးဝေးကိုတွေ့ရသည်၊ ကျွန်တော့်ကားကလေး ခြံထဲချိုးဝင်ပြီး ရပ်လိုက်တော့ ကိုစောထွန်းအောင်၏ ဇနီးနှင့် သမီးများ အပြေးထွက်လာပြီး ငိုရင်းကြိုဆိုကြသည်၊ အလောင်း





www.burmeseclassic.com

www.burmeseclassic.com

ကို အိမ်ပေါ်၌ပင် ပြင်ဆင်ထားသည်။ ထူးဆန်းသည်က ကိုစောထွန်းအောင် တစ်ကိုယ်လုံးအနီစက်ကလေးများရှိနေသည်။

ဦးစောထွန်းအောင်၏ ဖနီးသည် အပြောအရ မနေ့ကညနေ ကျန်ရှိနေသေးသည့် ခြတောင်ပို့ကြီး (၃)လုံး အနက် (၁)လုံးကိုဖြိုပြီးနေလို့မကောင်း ဟုဆိုကာ ပြန်လာကြောင်း ရေပင် မချိုးနိုင်တော့ဘဲ ရေပတ်တိုက်ပေးနေစဉ် လေဖြတ်သွားကြောင်း၊ ည (၉)နာရီခန့်တွင် ဆုံးသွားကြောင်း သိရတော့သည်။ စခန်းတွင် ခြတောင်ပို့များဖြိုစဉ်က ကျွန်တော်က စခန်းတာဝန်ခံ အစိုးရဝန်ထမ်းအမိန့်ဖြင့် ခိုင်းစေခဲ့ခြင်းဖြစ်သည်။ ယခုတော့ အငြိမ်းစားဆိုတော့ ပရလောကသားများ ကြောက်ရွံ့ဟန် မတူတော့ပါ။

**ထောင်မှူးကြီးသိန်းဝင်း**



# ညိုကောင်း

**ဂျုံရှလော ဏ ဆေး မြုံး တို့**

လေနာ

- နံနက်အိပ်ရာထတိုင်း ဆားကို မန်ကျည်းစေ့ခန့် သောက်ပေးပါ။ နာတာ ရှည်လေနာပျောက်၏။
- ခွေးလှေးယားမြစ် သတ္တုရည်ကို တစ်လတိတိ သောက်ပါ။
- ကသစ်ရွက်၊ ပိုးစာရွက်၊ ကြာဟင်း ညွန့် (၃)မျိုးကို ဟင်းချိုချက်၍ မကြာခဏ သောက်ပေးပါ။ လေနာ လေပြင်ကွဲ၍ ကျ၏။
- ကြက်သွန်ဖြူကို နှမ်းဆီနှင့်စိမ်၍ ဆားအနည်းငယ် ထည့်ပြီး ထမင်းမစားမီ စားပါ။ ပျောက်၏။
- ဆင်တုံးမနွယ် နုပ်နုပ်စဉ်း၊ ရေနှင့် ညောင်စေးကျ အောင် ကျို၊ ထောပတ်နှင့် စားပါ။

www.burmeseclassic.com

www.burmeseclassic.com

# ဖောင်ဖောင်

ညီမြရောင်

"ညီမလေး - ညီမြရေ၊တံခါးဖွင့်ပါဦး ကွယ်၊ ကိုကို ညီမလေးအတွက် သရက် သီးမှည့်တွေ ရူးလာတယ်လေ၊ ညီမလေး စားချင်တယ်ဆို၊ လာယူပါဦး - ညီမလေး ရဲ့"

အသံသြအသံနက်ကြီးက ညီမြတို့၏ ခနော်နီခနော်နဲ့ တဲအိမ်စုရေမှာ တုန်ရီ အက်ကွဲစွာ ရှိက်သံဝင်လျက် ထွက်ပေါ် နေချေသည်၊ ကျိုးတိုးကျဲတဲ ပေါက်ပြဲနေ သည့် ထရံစုတ်ကြားမှ အမေဖြစ်သူ သည် မဝံ့မရဲဖြင့် ချောင်းကြည့်လိုက် လျှင်ပင် လိပ်ပြာလွင့်စဉ်မတတ် မြင် ကွင်းကို တွေ့လိုက်ရတော့၏၊ သြော် - ဘဝခြားသွားပြီမို့လည်း သားဖြစ်နေ ပေမယ့် တုန်လှုပ်ချောက်ချားမိသည်က

အမှန်၊ လက်ထဲမှာ သရက်သီးလို အသီးတစ်လုံးကိုကိုင်ကာ အိမ်ထ ဖြဲကြည့်နေသည့် မျက်နှာမည်း တစ်ခု၊ ရုပ်ပျက်ဆင်းပျက် ခွက်ဝင် သည့် မျက်နှာက သွေးရောင်မရှိ တော့နေချေသည်၊ လည်ပင်းရိုးကျ သည့် ဦးခေါင်းကလည်း သွေးချင်း နီလျက် ဘယ်ယိမ်းညာသွဲ့လှုပ်ယမ်း သည့်အသွင်သဏ္ဌာန်နယ်၊

"အို - သွေးပျက်ချောက်ချား ကောင်းလှပါဘိခြင်း"

မိုးကလည်းသည်ညမှ သဲကြီးမဲ ရွာနေပါပြီ၊ လေပြင်းနှင့် အတူ ခြောက်ကိုင်းများက အိမ်ရှေ့သစ် အတွန်းချခံရသည့်နယ်၊ တအုန်း

အစုန်းစုန်းနှင့် ကျိုးကြေလဲပြိုလာချေ သည်၊ အိမ်အရှေ့ကပျဉ်မှာ ခွေခွေ လေး အိပ်နေသည့် အောင်နက်က ခေါ်သံကြောင့် အလန့်တကြား ထိုး ဟောင်လိုက်သည်၊ပြီးတော့ - မကောင်း ဆိုးရွားကောင်ကို ဖျတ်ခနဲ မြင်လိုက် လေလားမသိ၊ အမြီးကုပ်ကာ သံရှည်ဆွဲ ကာ အူလိုက်ပြန်ချေ၏၊

အောင်နက် ဟောင်သံ၊ အူသံ ကြောင့်ပင် ဘေးဘီမှ ခွေးတစ်အုပ်က လည်း ဘုမသိ ဘမသိနှင့် ဆူပူအူကြ တော့၏၊

တစ်ခြံလုံးခြေသံတဘုတ်ဘုတ်ဖြင့် ပြေးနေသည့် ဝိညာဉ်တစ္ဆေမှာ ချောက်တည်ရာမရနိုင်ဘဲ ညီမြရေဟု သာ စွဲမိစွဲရာ၊ ခေါ်မိခေါ်ရာ ခေါ်နေချေ တော့၏၊

သွားရာသူ ပေသီး၏ ဆွမ်းသွတ် ညပေမို့ နံဘေးအိမ်များကလည်း "ဒီည တော့ပေသီးတစ္ဆေခြောက်တော့မှာ" ဟု အပ်အပ်သိနေကြသည့်အလား နေဝင် ချိန်းသည်နှင့် အိမ်တံခါးများအလုံပိတ် ကာ အသံတိတ် နားစွင့်နေမိကြတော့ ၏၊

ဆိုတော့ - ခွေးများမှာမကောင်းဆိုး ရွားကောင်ကို လူတွေထက် မြင်တတ် သည့် အာရုံရှိနေသည်မို့လား မသိ၊ ထိုး ဟောင်နေကြသည့် ခွေးများမှာလည်း အမွေးအမှင်များထောင်ကာ "တအင်း - အင်း" နှင့် ညည်းရင်း အမြီးကုပ်သွားကြ သည်၊

"သြော် - ပေသီးတစ်ယောက်ဆွမ်း သွတ်အမျှဝေသည့် ညပ္ပမှာပင် မလွတ် ကျွတ်နိုင်သေးပါကလား"

အစွဲ အလမ်း ကြီးပါဘိကလေး ရယ်၊

"ကိုကို - ကိုကို ခေါ်သံလားဟင်၊ ညီမလေး ကိုကို့ဆီ လာခဲ့တော့မယ်၊ ကိုကို မသေဘူးနော်"

အလတ်မဖြစ်သူ ညီမြက ဘုမသိ ဘမသိပြောရင်း အိပ်မှုန်စုံမွှားဖြင့် တံခါး ဆီသို့ လှမ်းမည်အပြု...

"ဟဲ့ - ဟဲ့ - သမီး - မသွားနဲ့၊ အဲဒါ နင့်အစ်ကို မဟုတ်တော့ဘူး၊ တစ္ဆေ ခေါ်သံပဲ၊ နင့်အစ်ကိုက သေပြီလေ၊ တံခါးဖွင့်မပေးနဲ့၊ သူ သိပ်ချစ်တဲ့နင့်ကို လိပ်ပြာ နုတ်ယူသွားလိမ့်မယ်"

မိခင်ဖြစ်သူ ဒေါ်ဖွားရှင်က သမီး လက်ကိုဆောင့်ဆွဲပြီး အထိန်းလိုက် ရတော့၏၊ အပြင်ဘက် ညဥ့် လွှာရှ်





www.burmeseclassic.com

www.burmeseclassic.com

အောက်မှာတော့ မိုးကြီးရော မိုးသီးပါ ထဝန်းဖန်း တဗျင်းဗျင်း တဖွေ့တစ်တောင် လေချွန်နေဘိသို့ အတိုင်းသား ကြားနေရချေ၏။

ခေါသံများကနီးလိုက်ဝေးလိုက်ဖြင့် လူမပီသသည့် အသံနက်ဩဩဖြင့် ခြောက်လှန့်နေဆဲ၊

"အမေရေ - ညီမလေးရေ - တံခါးဖွင့်ပေးပါဦးဗျာ"

အားမလျှော့ဘဲ ခေါ်နေသည့် ခေါ်သံ၊ ငိုသံတို့မှာလည်း မိုးသံများအောက်မှာ တဖြည်းဖြည်းနှင့် ဝေးဝေးသွားကာ နောက်ဆုံးတော့ သဲ့သဲ့မျှသာ ကြားရတော့သည်။

အပြင်ဘက် မိုးကောင်းကင်တစ်ခွင်မှာတော့ လမိုက်ညမို့လား၊ ကြောက်စရာကောင်းလောက်အောင် သိပ်သည်းမည်းမှောင်နေချေပြီ၊

ရေနံဆီမီးခွက်၏ မှိတ်တုတ် မှိတ်တုတ် အလင်းရောင်အောက်မှာ တစ်မိသားစုလုံး ငုတ်တုတ်ကလေး ထိုင်လို့၊

မိခင် ဒေါ်ဖွားရှင်မှာ ဆီးတားမရနိုင်ရှာသည့် မျက်ရည်တွေတွေစီးကျရင်း ဘုရားစာများ ရွတ်ကာ ဆုတောင်းပေးနေရှာတော့၏။

"ငါ့သားလေး ပေသီး ကောင်းရာသုဂတိလားပါစေကွယ်၊ ဒီလိုအဖြစ်မျိုးနဲ့လည်း ဘဝဆက်တိုင်း မကြုံရ မဆုံရပါစေနဲ့တော့ သားရယ်၊ အမေတို့နဲ့ ဘဝခြားပြီမို့ သားချစ်တဲ့ ညီမလေးတို့ဆီ မလာပါနဲ့တော့လားကွယ်"

မိခင်ဖြစ်သူ ဒေါ်ဖွားရှင် ဆုတောင်းအပြီး လေမတိုက်ပါဘဲနှင့် ရေနံဆီမီးခွက်မှာ ဖူးခနဲ မှုတ်လိုက်သလို ငြိမ်းသွားပါတော့၏။

"မီးလည်း မှိတ်ပြီး အိပ်တော့ အမေရယ်၊ သွားဆိုလည်း သား သွားတော့မှာပါ" ဟုရှိုက်ကာရှိုက်ကာငိုနေသည့်အသံက ပုံ့တင်သံ လိုလိုဖြင့် တိုးညင်းစွာ ပျောက်ကွယ်သွားပါတော့၏။

❀

"ဟဲ့ - ဖွားရှင်၊ အိမ်ထဲက မြန်မြန်ထွက်ခဲ့ပါဦး။ နင့်သား ပေသီး သရက်ပင်ပေါ်က ပြုတ်ကျလို့တဲ့ ဟေ့၊ အပင်အောက်က ချောက်ထဲမှာ နွားကျောင်းသားတွေတွေ့ခဲ့တယ်တဲ့၊ ကြားကြားချင်းနင့်ကို လာခေါ်တာ၊ ဟဲ့ - ပြောနေ ကြာတယ်၊ တို့ - မြန်မြန် လိုက်သွားကြရအောင်"

အိမ်မှ ဒေါ်မယ်နှစ်က မြို့အစွန်...ထင်းခွေနေရင်း ကြားလာ...ညီနဲ့ အမောတကောဖြင့် လာပြော...လေ၏။

ဒေါ်ဖွားရှင်မှာ ထမင်းအိုးငှဲ့ရင်းတန်း...—

"အလေး - မယ်နှစ်ရယ်၊ လုပ်ကြ...ချွဲသား အသက်မှ ရှိသေးရဲ့လား...ချွဲသားကို ကယ်ကြပါဦးတော့၊...လှချည်လား - သားရဲ့" ဟု ရင်...ည်တီးငိုကြီးချက်မဖြင့် ခြေမကိုင်...မကိုင်မိဖြစ်ကာ အရူးတစ်...တ်လို လက်နှီးစုတ်တကိုင်ကိုင်...နေတော့၏။

"တဲ့ - ဖွားရှင်၊ နင် ငိုနေလို့ ပြီးမတဲ့...လာလောဆယ် နင့်သား အခြေ...ဘယ်လိုရှိမှန်းမှ မသိတာ၊ လာ - ...ကြစို့"

ဒေါ်မယ်နှစ်က ပြောလည်းပြော၊...ည်းဆွဲနှင့်၊ ဒေါ်ဖွားရှင်အား အပါ...အပြေးတစ်ပိုင်းဖြင့်အခင်းဖြစ်ရာ...ထိုက်သွားကြတော့သည်၊

...သီး ပြုတ်ကျသည့် သရက်ပင်...တ်ရောက်တော့ မတ်တတ်ရပ်...အနေအထားဖြင့် ကတုန်ကယင်...ရှာသည့် သမီးဖြစ်သူ ညီမြအား မျက်ရည်အဝေ့သားဖြင့် မြင်လိုက်ရတော့၏။

"ဘယ် - ဘယ်လိုဖြစ်တာလဲ - သမီးရယ်၊ အမေ့ကို အမြန်ပြောစမ်းပါဦး၊ ငါ့နယ် ရင်တုန်ပန်းတုန် လိုက်ရတာ"

ဒေါ်ဖွားရှင်သည် ငိုသံပါကြီးနှင့် ကြောင်တောင်တောင်ဖြစ်နေရှာသည့် သမီးဖြစ်သူအား လှုပ်ခါရင်း မေးလိုက်သည်၊ ညီမြမှာ မျက်ဝါးထင်ထင် မြင်လိုက်ရသည့်မြင်ကွင်းကြောင့် တုန်လှုပ်မှုမပြေသေးဟန်ဖြင့် ...

"ဟို - ဟို - အမေရယ်၊ သမီးတသရက်သီးမှည့် စားချင်တယ် ဆိုလို့ ကိုကိုက ညီမလေး စားချင်ရင် တက်ခူးပေးမှာပေါ့ဆိုပြီး သရက်ပင်ပေါ် မပြောမဆိုဘဲ တက်သွားတယ်၊ အဲဒါ ..."

ညီမြမှာ ပြောရင်း ရင်ထဲဆို့ကြပ်လာသည်နှင့် သူ့စကားကိုမဆက်နိုင်ရှာတော့ဘဲ ရှိုက်ကြီးတငင် ငိုချလိုက်တော့၏၊ ဒေါ်ဖွားရှင်မှာလည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိနိုင်ဘဲ ...

"သား - သားပေသီး အခု ဘယ်မှာလဲ ရှာပေးကြပါဦး" ဟု ဟစ်ငိုရင်း ချောင်းပြေးမြောက်ပြေးနှင့် ချောက်ထဲသို့ ငုံ့ကြည့်နေပါတော့သည်၊





www.burmeseclassic.com

www.burmeseclassic.com

သရက်ပင်အောက် ချောက်ထဲမှာတော့ အသက်ဝိညာဉ်ကင်းမဲ့နေသည့် ပေသီး၏ ရုပ်အလောင်းတစ်လောင်း။ ပေသီးအဖြစ်ကိုကြည့်ပြီး ဒေါ်ဖွားရှင်မှာ "အမလေး - ငါ့သားရယ်" ဟု တစ်ချက်သာ ဟစ်ငိုရင်း မေ့လဲကျသွားရှာတော့၏။

အသင့်ရောက်ရှိနေကြသည့် နွားကျောင်းသားများနှင့် ရပ်ကွက်ထဲမှ လူငယ်များ၏ အကူအညီဖြင့် ပေသီးအလောင်းနှင့် ဒေါ်ဖွားရှင်တို့သားအမိအား လှည်းပေါ်တင်ကာ နေအိမ်သို့ သယ်ယူလာဖြစ်ကြတော့သည်။

ဖခင်ဖြစ်သူဦးချစ်ရင်မှာ ကြားကြားချင်းမှာပင် အိပ်နေရာမှာ ယောင်ယမ်းပြီး မရှိတော့သည့် လက်တစ်ဖက်ဖြင့် ကြမ်းပြင်ကို ထောက်မိသလို လက်တစ်ဖက်ဖြင့် ကြမ်းပြင်ကို ထောက်မိသလို လက်တစ်ဖက်လိုပင် ငုံးတိပြတ်နေသည့် ခြေထောက်ဖြင့်လည်း ထောက်မိပြန်သဖြင့် တစ်ကိုယ်လုံး ရှာရှာလည်ထွက်ပြီး လေထဲ တစ်ပတ်လည်ကာ ဘိုင်းခနဲ လဲကျသွားရှာတော့သည်။

သူ့ခများလွန်ခဲ့သည့်နှစ်ကကျောက်ထု၊ ကျောက်ခွဲသမားအဖြစ် မြို့အပြင်ဘက် ရွာတောင်ခြေမှာ ကျောက်မိုင်းရင်းယခုလိုခြေတစ်ဖက်၊ လက်တစ် ဆုံးရှုံးသွားရခြင်း ဖြစ်ချေ၏။

"ဩော် - ငါ့သား ငါတို့ကို ရှာ ရင်း ရေတိမ်နစ်ရရှာပေါ့"

ဦးချစ်ရင်သည် တနုံ့နုံ့တွေး မျက်ရည်တွေတွေစီးကျနေပေ သည်။

ဤအဖြစ်အပျက်ဖြစ်သွားချိန် ပေသီးမှာ အသက် (၁၅) နှစ်ခန့်သ ပါသေး၏။ သူ့အောက် ညီမဖြစ်သူ ကတော့အလွန်ဆုံးရှိသူ (၁၀) နှစ်၊ (  နှစ်ပေါ့။

ကျောင်းနေ၍ ကောင်းတုန်း တွင် ဖခင်ကြီး ဦးချစ်ရင်မှာ ကျောက် အခွဲကောင်း၍ မတော်တဆ ထိခိုက် ဖြစ်ခဲ့ရသည်။ မိုင်းဒဏ်သင့်၍ ခြေ ဖက်၊ လက်တစ်ဖက် ဆုံးရှုံးရပြီး နောက်ဝယ် ဒုက္ခိတ လုံးလုံး ဖြစ် ရတော့၏။

"သံတိုသံစတွေဝယ်တယ်၊ ပလ စတစ်ဘူးခွံတွေ ဝယ်တယ်"

သည်အချိန်မှစ၍ ပေသီး အရပ်တကာလှည့်ရင်း ကြုံရာကျ အလုပ်ဖြင့် မိသားစု တစ်ခုလုံး၏

ရေးကို ဖြေရှင်းပေးနေရရှာ မိခင်ဖြစ်သူ ဒေါ်ဖွားရှင်မှာလည်း ငှားလျှော်ဖွပ်ရင်း တစ်ဖက် မှ ဝင်ငွေရှာရတော့၏။

စ်မိသားစုလုံးတွင် ပေသီးအချစ် ညီမသည်သာ။ အထက်အောက် မဖြစ်၍လည်း သွားအတူ လာ နို့ သံယောဇဉ် ပိုခဲ့ရပေသည်။

ညီမလေး ညိုမြအတွက် ဆိုလျှင် ပင် သေသေပေးဆပ်ဖို့လည်း လးခဲ့ရှာ၊ သို့ကြောင့်လည်း ညိုမြ ရိုပ်တကြည့်ကြည့်ဖြင့် ရှိနေခဲ့ရ

တစ်နေ့တွင် ဖြစ်၏။ ညိုမနှင့် ချင်းတစ်စု မိမိ အိမ်ဝိုင်းထဲမှာ တ်၊ ထဘီစုတ်တို့ကိုကာရံပြီး ကန် တာလုပ်ကာ ဇာတ်ကတမ်း ကစား ပေသည်။

ပေသီးသည် သံတိုသံစများကို ဝယ်အပြီး ညိုမတို့နှင့် မလှမ်း ာရှိသည့် ကွပ်ပျစ်ပေါ်အနားယူ တ ဖြစ်၏။ ညိုမက ...

"တဲ့ - အေးမူ၊ နင့်ဆွဲကြိုးကိုငါ့ခဏ ။ ဟိုအငြိမ့်ထဲက မင်းသမီးလို တစ်မောင်းလောက် ကလိုက်ချင် တယ်" ဟု ဆိုကာ ဆွဲကြိုးဆွဲလျက်

ဟန်နင့်ပန်နင့် ကနေသည့် သက်တူရွယ်တူ အေးမူထံမှ ဘော်ဆွဲကြိုးကို ငှားဖို့ လက်ကမ်းလိုက်ပါသည်။

"အို - ဘာလို့ ငှားပေးရမှာလဲ၊ ဒါ - ငါ့အဖေ ငါးရောင်းပေးပြီး ဝယ်ထားရတာ။ ပြတ်သွားရင် ငါ့အဖေ ငါ့ကို ရိုက်မှာပေါ့"

"ခဏလေးပါတယ်၊ ငါ ဆွဲဖူးသည် ရှိအောင် ခဏဖြစ်ဖြစ်ပေါ့ကွယ်"

သူငယ်ချင်းမ အေးမူက ဘယ်လိုမှ ပြောမရသည့်အဆုံး မပေးချင်ပေးချင်နှင့် မျက်နှာကြီး ရှုပုပ်ကာ ဆောင့်ကြီးအောင့်ကြီး ချွတ်ပေးလိုက်တော့၏။

"ရော့ - ရော့ - မပြတ်စေနဲ့"

ဒါကိုပင် အလိုက်ကမ်းဆိုး မသိရှာသည့် ညိုမကဆွဲယူပြီး ကွေးနေအောင်က,နေပါတော့သည်။

ပေသီးမှာသည်အဖြစ်ကိုကြည့်ရင်း ညိုမအတွက် ရင်နင့်လိုက်ရ၊ မျက်ရည်ကျလိုက်ရရှာ၏။

"အော် - ညီမလေးရယ်"

နောက်တစ်နေ့မှာတော့ သံတိုသံစနှင့်ပလတ်စတစ်ဘူးခွံများရောင်းရသည့်ငွေထဲမှ ဖဲ့ပြီး ညိုမလိုချင်သည့် ဘော်ဆွဲကြိုးတစ်ကုံးကို ဝယ်ပေးလိုက်ရှာတော့၏။





www.burmeseclassic.com

www.burmeseclassic.com

ဘုရားကျောင်းဆောင်မှာ
ထွန်းထားသည့်
ဖယောင်းတိုင်မီး၏
တဖျပ်ဖျပ်
မီးရောင်သည်သာ
အခိုက်အတန့်
လင်းနေရှာတော့၏။
ကြောင်နက်ကြီး
ခုန်ကျော်ဖြတ်လျှော်
သွားအပြီး ပေသီး၏
အလောင်းကောင်ကြီးမှာ
ဆတ်ခနဲ
လက်နှစ်ဖက်စလုံး
မြောက်တက်သွား
ပါတော့သည်။



ဦးချစ်ရင် ဒုက္ခိတဘဝ မရောက်ခင်ကဆို
ပေသီးမှာ တူတူတန်တန် ကျောင်းနေခဲ့ရသေး၏။
တန်းရောက်တော့ ကျူရှင်တက်ဖို့ လိုလာသည်။
မိခင် ဒေါ်ဖွားရှင်က ကျူရှင်ဆရာမ ဒေါ်ထားထား
တောင်းတောင်းပန်ပန်ဖြင့် ...

"ဆရာမရယ် - ကျွန်မတို့က မပြေလည်လွန်း
ဆရာမတို့ ငါးထောင်ယူတာ သုံးထောင်နဲ့ ထား
ပါနော်" ဟု ရေးဆစ်ပြီး အပ်ခဲ့ရသည်။

တစ်နေ့တွင် ပေသီးသည် ဒေါနှင့်မောနှင့် က
တက်ရင်း အိမ်ပြန်ရောက်လာသည်။

ဟင်းချက်ရန် အရွက်သင်နေသည့် မိခင်ဖြစ်
ဒေါ်ဖွားရှင်ရှေ့လွယ်အိတ်ကို ပစ်ချပြီး ...

"အမေ - သား ကျူရှင်မတက်တော့ဘူး"

ဟု ဆိုင်းမဆင့် ဗုံမဆင့် ဆိုလိုက်တော့၏။

"ဟင် - ဘာဖြစ်လို့လဲ သားရယ်။
ဆရာမကိုတောင်အမေတောင်းတောင်း
ပန်ပန်နဲ့ ပြောထားပြီးမှပဲ"

"အဲဒါကြောင့် ပြောတာပေါ့ - အမေ
ရေ။ သူများလို တူတူတန်တန် မပေးနိုင်
တော့၊ ဆရာမက သားကို နှိမ်တယ်၊
ကျူရှင်လာတာ အချိန်မမှန်ဘူး၊ အဝတ်
အစားတွေလည်း ညစ်ပတ်တယ်ဆိုပြီး
ကြားမှာခွဲပြီး ထိုင်ခိုင်းတယ်။ သားရှက်
တယ်အမေ။ သူငယ်ချင်းတွေက သား
ကိုအထင်သေးတဲ့ မျက်လုံးနဲ့ကြည့်တာ
သား မခံနိုင်တော့ဘူး"

ပေသီးမှာ သူ့အမေကို ရင်ဖွင့်ပြ
အပြီး ရှိုက်ကြီးတငင် ငိုပါတော့သည်။
ဘယ်လိုချော့ချော့၊ ဘယ်လိုဖျောင်းဖျ
ဖျောင်းဖျမရတော့။

ဦးချစ်ရင် ဒုက္ခိတဘဝဖြင့် အိပ်ရာ
ထဲ လဲရျိန်မှာတော့ ပေသီး ကျောင်းလုံး
လုံး မတက်နိုင်တော့ချေ။ မိခင်ဖြစ်သူ
"အဝတ်လျှော်သည်မ" ဖြစ်နေ၍လည်း
ညီမတစ်ယောက် သူငယ်ချင်းမတွေ
ကြားမှာ အထင်သေး အမြင်သေးခံခဲ့
ရသေးသည်။

တစ်နေ့ - ညီမတစ်ယောက်ထမင်း
စား ကျောင်းဆင်းလာချိန်တွင် ဖြစ်၏။
ထိုအချိန်မှာ ပေသီးကလည်း ထမင်းစား
ပြန်လာခါစမို့ တခုံ့ခုံ့ငိုနေသည့် ညီမကို
တွေ့လိုက်ရတော့၏။

"ဟင် - ညီမလေး ဘာလို့ ငိုနေရ
တာလဲ၊ ကိုကို့ကို ပြောစမ်းပါဦး"

"သူငယ်ချင်းတွေက ညီမလေးကို
ဝိုင်းလှောင်ကြတယ်၊ ညီမလေးအင်္ကျီကို
ဝိုင်းကြည့်ပြီးတော့ပေါ့။ နင့်အမေ အဝတ်
ဗွားလျှော်တဲ့အထဲက ယူဝတ်လာတာ
လားတဲ့၊ ညီမလေး ရှက်တယ် ကိုကို၊
ကိုကို ဝယ်ပေးတဲ့အင်္ကျီ ညီမလေး ယူ
ဝတ်သွားတာကို၊ ခုလို စွပ်စွဲပြီး လှောင်
ကြတယ်၊ ညီမ ကျောင်းတောင် ထတ်
ချင်တဲ့စိတ် မရှိတော့ဘူး ကိုကိုရယ်"

ကြားလိုက်ရသည့် စကားကြောင့်
ပေသီး ထောင်းခနဲ ဒေါသပေါက်တွဲသွား
ရသည်၊ မိမိ၏ ချွေးနဲ့စာဖြင့် ဗုံဗုံထည်
(ဖျာပုံထည်) ထဲမှ ဝယ်လာသည့် အင်္ကျီ
ကိုကြည့်ပြီး တောက်ခေါက်လိုက်မိ၏။

"တောက် - ရိုင်းလိုက်တာ၊ လူတွေ
ဟာ စာနာစိတ်ကို မရှိကြဘူး၊ "မရှိနိုးနိုး
မလှုစုန်းယိုး" ဆိုသလိုပဲ ဆင်းရဲလွန်းတဲ့
တို့မောင်နှမကို အထင်သေးလိုက်ကြ
တာ၊ ကဲ - ညီမလေး ဘယ်သူတွေ ဘယ်
လိုထင်ထင် ဂရုမစိုက်နဲ့၊ ထမင်းစားပြီး
ရင် ကျောင်းဆက်သွားတော့နော်"

"ဟုတ်"





www.burmeseclassic.com

www.burmeseclassic.com

ပေသီးသည် ညီမကို ချော့မော့အပြီး ခံပြင်းစိတ်ဖြင့် ပလတ်စတစ်ဘူးခွံများကောက်ရန်မြို့ပြင်ရှိအမှိုက်ပုံသို့ခြေလှမ်းကျဲကြီးနှင့် ထွက်သွားပါတော့သည်။

တစ်ခါကလည်း မုန့်ဖိုးအပြည့်ရမသွားရှာသည့် ညီမထံ မုန့်ဖိုးပေးဖို့ အသွားကျောင်းမုန့်ဆိုင်တစ်ဆိုင်ရှေ့မှာ မယောင်မလည်နှင့် မုန့်ရွေးနေသည့် ညီမကိုတွေ့လိုက်ရသည်။

"ကဲ – ကဲ – ယူမှာဖြင့် မြန်မြန်ယူ၊ အံ့ပါရဲ့တော် – ငွေတစ်မတ်နဲ့ ငါးကြင်းခေါင်းကိုင်ရတယ်လို့၊ ဒါ – ငါးဆယ်တန်မဟုတ်ဘူး၊ တစ်ရာတန် – တစ်ရာတန်၊ နှင့်ငါးဆယ်နဲ့ ဘာသွားသုံးရမှာလဲ၊ ဒီလိုမုန့်မျိုး မြင်တောင်မြင်ဖူးရဲ့လား မသိပါဘူးတော်"

ကျောင်းရှေးသည်မ၏ စွာစေ့လန်အောင် ဖိပြောခံနေရသည့် စကားသံများ။

မုန့်ဆိုင်ရှေ့တွင် ကတုန်ကယင်ရပ်ပြီး ငါးဆယ်တန် အနွမ်းလေးကို ကိုင်လျက် မျက်ရည်တွေတွေစီးကျနေရှာသည့် ညီမအဖြစ်ကို ဒက်ထိတန်းတိုးလိုက်ရသည့် ပေသီးမှာ ခါးသီးသည့်ဝေဒနာတစ်ရပ်အားရှူးနစ်စွာခံစားသွားရချေတော့၏။

"ကဲ – ညီမလေး၊ ဒီလောက်အပေါက်ဆိုးတဲ့ဆိုင်မှာ ဝယ်မနေနဲ့တော့၊ ကိုကို့မှာ ပိုက်ဆံအများကြီးပါလာတယ်၊ ဘယ်ဆိုင်မှာမဆို ပါးရိုက်ပြီး ဝယ်လို့ရတယ်၊ လာ – သွားမယ်"

နာကြည်းခံပြင်းသည့် ပေါက်ကွဲခြင်းနှင့်အတူ ပေသီးသည် ညီမအား လက်ဆွဲခေါ်ခဲ့မိချေတော့၏။

ဤသို့ မိသားစု ဒုက္ခသံသရာမှာ ကျင်လည်ရင်းဖြင့် ပေသီးသည် ကြုံရာကျပန်းအလုပ်တို့ကို ရှာန်မရွေးဘဲ သစ်ထမ်းသမားဘဝ၊ သံတိုသံစကောက်ရောင်းသည့်ဘဝ၊ ဘူးခွံပုလင်းခွံ ဝယ်ရောင်းသည့်ဘဝများစွာဖြင့် မိသားစုဝမ်းရေးအတွက် ဖြည့်ဆည်းနေခဲ့ရပေတော့သည်။

ရာသီ သီးနံပေါ်ချိန်တွင် ပိန္နဲသီး၊ သရက်သီး အစရှိသည်တို့ကို တောထဲရှာရှူးရင်း မိုးဦးကျ မှိုပေါက်ချိန်ရောက်လာပြန်တော့ တောအနံ့ တောင်အနံ့ ဖက်ဆွတ်မှို၊ ဝါဆိုမှို၊ တောင်ပို့မှိုတို့ကို ရှာဖွေရင်း အပိုဝင်ငွေအဖြစ် ဖန်တီးခဲ့ရလေသည်။

"ကိုကိုရေ – ညီမလေး သရက်သီး ...ချင်လို့၊ ဟို – တောင်စောင်းနား ...ကျက်သီးတွေမှည့်နေတာညီမလေး ...ခဲ့တယ်၊ လိုက်ရှူးပေးနော် – နော် – ...နော်"

ညီမ ပူဆာသည်နှင့် ညီမလက်ကို ...ညီမ ညွှန်ပြရာ သရက်ပင်ဘက် ...ရောက်သွားကြတော့၏၊ သရက်ပင် ...ခြင်းကြီးမဟုတ်ပေမဲ့ ချောက်ကမ်း ...တွင် တွယ်ကပ်ပေါက်ရောက်နေ ...ညိမို့ တက်ရူးဝံ့သူ ရှိဟန်မတူ၊ အသီး ...တာလည်း သွားရေကျလောက် ...အောင် မှည့်ဝင်းပြွတ်သိပ်နေပေသည်။ ...လေးဇောကြောင့်ပေသီးအားလက် ...ခေါ်နေသည့်နယ်။

ပေသီးသည်သရက်ပင်ပေါ်သို့မော် ...ကြည့်ရင်း တက်ရန်နိုးနိုးဖြင့် ဇဝေဇဝါဖြစ် ...သည်၊ နောက်ဆုံးမှာတော့ ညီမ ...ကိုဖြည့်ဆည်းရန် စိတ်တုံးတုံးချပြီး ...ရက်ပင်ပေါ်သို့ တွယ်တက်လိုက်ပါ ...တော့၏၊ ချောက်ကမ်းပါးဘက်မှာ ...ဝင်းမှည့်နေသည့်သရက်သီးလေး ...လုံးခန့်၊ ပေသီးသည် အမှည့်ဆုံးတစ် ...အား လှမ်းဆွတ်ရန် ရှေ့သို့တိုးလိုက် ...ည်၊ မမိမကမ်းရှိနေသည့် သရက်သီးမှည့်အား ရူးဖို့ဟန်ပြင်စဉ် သတိမမူမိဘဲ အကိုင်းခြောက်ကိုတက်အနင်းကျိုးကျသွားသည့် သစ်ကိုင်းခြောက်နှင့်အတူ ချောက်ကမ်းပါးထဲသို့ ထိုးကျသွားရှာတော့၏။

"အား – အမလေး"

ပေသီး၏ ထိတ်လန့်တကြား အော်သံနက်ကြီးမှာ ကမ်းပါးယံတစ်ခုလုံးအား ပဲ့တင်ထပ်သွားချေတော့သည်၊ ချောက်ကမ်းပါးအခြေမှာတော့ အဆန့်သားအသက်ဝိညာဉ်ကင်းမဲ့နေသည့်ပေသီးရဲ့ရုပ်ခန္ဓာ၊ ပေသီးလက်ထဲမှာတော့ ဝင်းအိနေသည့် သရက်သီးတစ်လုံးအား ဆုပ်ကိုင်လျက်။

❀

ကနားဖျင်းအရိပ်စင်တစ်ခုက သေသူ ပေသီး၏အိမ်ရှေ့မှာ ခနော်နီခနော်နဲ့ မဝံ့မရဲနေရာယူထားနှင့်လေပြီ၊ ပေသီးအလောင်းကလည်း အိမ်ရှေ့ဘုရားကျောင်းဆောင်အောက်မှာ ဝိညာဉ်ခေါ်ဆီးဖြုံကိုင်းတစ်ခက် တင်လျက်၊ အသုဘအိမ်တို့၏ထုံးစံအတိုင်း ဖဲသမားများလည်း ရောက်ရှိလာကြပြီတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ကဲ - ဖဲဝိုင်းစမယ်၊ အိမ်ရှင်အတွက်အစောင့်လည်းဖြစ်၊ အကောက်လည်း ရတာပေါ့"

ဖဲသမားမောင်နီက စကားလမ်းကြောင်း ခင်းပေးသည်နှင့် စောင်စုတ်တစ်ထည် ခင်းကာ ဖဲဝိုင်းကို အစပျိုးလိုက်ကြတော့၏။ ရပ်ရေးရွာရေး ရပ်ကွက်အရေးတွေမှာ ရပ်ကွက်လူကြီးတာလည်း အားကြိုးမာန်တက် ရောက်လာတတ်စမြဲ (အထူးသဖြင့် ဖဲဝိုင်း၊ ပိုက်ကျူးဝိုင်း) တွေမှာပေါ့။ သူကြီးလို့ ရပ်ကွက်သူ ရပ်ကွက်သားတွေ နှုတ်ကျိုးနေသည့် ရာအိမ်ခေါင်းလူကြီး ဦးရဲခေါင်က ဖဲဝိုင်းစပြီး မကြာခင် နောက်တော်ပါးများစွာဖြင့် ရောက်လာပါတော့သည်။ ဦးရဲခေါင်သည် စကားလက်စ ပိုကာဝိုင်းသို့ တစ်ချက်မော့ကြည့်ပြီး …

"မင်းတို့ဖဲဝိုင်းလုပ်တာတော့ဟုတ်ပါပြီ၊ ဒါပေမဲ့ - ဖဲဝိုင်းကရတဲ့ အကောက်လေးနဲ့တော့ ကျွေးမွေးညှိခံဖို့ မလုံလောက်သေးဘူး၊ ဒီတော့ပိုက်ကျူးဝိုင်းဖြစ်မြောက်ဖို့ ငါ စီစဉ်ပေးမယ်"

ရောက်ရောက်ချင်းမှာပင် လူကြီးဖြစ်သူ ဦးရဲခေါင်က စကားနိဒါန်းပျိုးလိုက်ပါ၏။ သူကလည်းပိုက်ကျူးဝါသနာအိုးပေမို့ခုလိုအခွင့်အရေးရတုန်းစကာ လမ်းကြောင်းလိုက်ခြင်း ဖြစ်ပေသည် တစ်ဆက်တည်းမှာပင် ကဲ - ကဲ - အိမ် ရှင်လင်မယားဒီကို ကောကြွပါဦး၊ ဖြစ် မှတော့ ဘာမှမတတ်နိုင်တော့ဘူး ဗျာ၊ ခင်ဗျားတို့က ဆင်းရဲလွန်းတော့ အကောက်လည်းရ၊ အစောင့်သဘော လည်းဖြစ်အောင် ဖဲဝိုင်းလည်း ကျုပ် စီစဉ်ပေးပြီးပြီ၊ ခု - ကျုပ် ဒီလို စဉ်းစား ထားတယ်၊ အသုဘဆွမ်းပြင် (ဆွမ်း သွတ်) ဖို့ ကိစ္စကို ခင်ဗျားတို့ အနေ အထားနဲ့ တတ်နိုင်မှာ မဟုတ်ဘူး ဟုတ် လား၊ ဒီတော့ ကျုပ် ငွေစိုက်ထုတ်ပြီး ထုတ်ပေး မယ်၊ အလှူငွေရတဲ့အခါ မှတည်ပြီး ရှင်းရင် ကျုပ်ခံမယ်၊ ငွေပိုလာ ရင်တော့ အဲ - အဲ - ဘယ်လိုပြောရမလဲ အဲဒီငွေ ကျုပ်နဲ့ ဆိုင်တယ်မဟုတ်လား ခင်ဗျား တို့လည်း ခေါင်းမရှုပ်တော့ဘူး ပေါ့ဗျာ၊ ဘယ်လိုလဲ သဘောတူရဲ့နော်"

သူကြီးက သူ့အစီအစဉ်ကို ကွမ်း တဝါးဝါးဖြင့် ထွေးခံထဲ ကွမ်းတပျစ်ပျစ် ထွေးရင်း တာပေါင်ကျိုးသလို ရှင်းပြနေ တော့၏။

"အပူသည် လင်မယားမှာတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် နှင်းညှိုးငယ်စွာဖြင့်ခေါင်းကိုသာ အတွင် တွင် ညိတ်လိုက်ကြတော့သည်"

"သူကြီးကောင်းသလို စီစဉ်ပါ၊ ကျွန်တော်တို့မှာလည်း ခေါင်းမီးတောက်နေကြလို့၊ ဘာမှမစီစဉ်တတ်တော့ဘူး၊ ဒီကိစ္စ ဖြစ်မြောက်သွားရင်ပဲ စိတ်အေးရပါပြီဗျာ"

"သားသေမှ ရတဲ့ ငွေကို လည်း မယက်ဘူး"

ဦးချစ်ရင်၏ နောက်ဆုံးပိတ်စကားကြောင့်သူကြီးသည်မျက်နှာအပျက်ကြီး ပျက်သွားရတော့၏။

"ကဲ - ဒီလိုဆိုလည်းပြီးတာပဲ၊ အားလုံး ကြားကြတဲ့အတိုင်းပဲနော်၊ အဲ - အကောက်ရတဲ့ငွေကတော့ ခင်ဗျားတို့နဲ့ပဲ ဆိုင်တော့ ခင်ဗျားတို့ ယူပါ၊ ဒီအထဲ တာပဲ သတင်းမေးလာတဲ့ ဧည့်သည်တွေ၊ ဖဲသမား၊ ပိုက်ကျူးသမားတွေကို ဧည့်ခံ ဖို့ လက်ဖက်ပဲခြမ်း၊ ဆေးပေါ့လိပ်ကအစ ဝယ်ဖို့ ခြမ်းဖို့ ထုတ်သုံးပေါ့ဗျာ၊ ပြီးတော့ ရှိသေးတယ်၊ ရပ်ဝေးဧည့်သည်တွေကို ထမင်းတို့၊ ဘာတို့ ကျွေးဖို့လည်း ပါမယ် နော်"

လူကြီး ဦးရဲခေါင်က ဘာမှမဖြစ် သလိုမျက်နှာထားကိုပြင်ပြီး ချည်ပြီးတုပ် ပြီး စကားဖြင့် အဆုံးသတ်လိုက်လေ တော့သည်၊ "လူမမာ မျက်ဖြူဆိုတ်လေ ဆရာကြိုက်လေ" ဆိုသလို သူကြီး ဦးရဲ ခေါင်သည် မသာပွဲစား (ဝါ) မသာ တန် ထရိုက် လုပ်လိုက်ခြင်းပါတကား။

မောင်နီတို့ဖဲသမားအုပ်စုတာလည်း မှေးတိမှေးမှိန် ဖယောင်းတိုင်မီးရောင် အောက်ဝယ် သဲကြီးမဲကြီး ဆယ့်သုံးချပ် ပိုကာဖဲကို နိုင်လိုဇောဖြင့် ပွတ်ဆွဲနေကြ ဆဲ၊

မိခင်ဖြစ်သူ ဒေါ်ဖွားရှင်မှာ မသာတို ဗန်းပြပြီး လူလူချင်း ကိုက်ဖဲ့ကစားနေကြ ပါလားဟု ထောင့်တစ်ထောင့်တွင် ပန် လျှစွာထိုင်ရင်း တွေးနေမိတော့သည်။

အရပ်တကာ ဖဲလည်ရိုက်နေသည် ဖဲသမားများကတော့ ခုလို မသာဝိုင်းဖြ မှ တရားဝင် ဖဲရိုက်ရတာမို့ နောက်ဘယ် တော့ မသာပေါ်ဦးမလဲ စိတ်အတွေးဖြ တွေးရင်း အော်ကြီးဟစ်ကျယ် ဆူည ဖြင်းခုံနေကြပေသည်၊ ပေါလားဝါလာ နှင့် ကိုယ့်ဖဲသာချိန်၊ ပိုကာခေါင်းချိန်မှ အော်သူအော်၊ လျှော်သူလျှော်၊ ပျော်ရ ပျော်နှင့် အိမ်ရှင်တို့၏ အပူဝေဒနာတ ဥပေက္ခာပြုကာ မေ့နေကြသည့်နှယ်။

"ကဲ - ပေသီးရေ၊ တစ်ချီလောက် မစပါဦးကွ၊ မင့်ညီမတွေကို ဖောင် ဖောင်" ပေးချင်လို့ကွာ၊ ဟီး - ဟီး -





www.burmeseclassic.com

www.burmeseclassic.com

တာ - ခေါင်းပြီကွ၊ ဒါ - ပေသီး မစတာ
နဲ့မယ်”

ဖဲခေါင်းသူ တင်အေးက စပ်ဖြီးဖြီး
နှင့် —

“တဲ - မိညိုမနဲ့ပုရှုးမတို့ဒီကိုလာဦး၊
ရော့ - နင်တို့အတွက် ဖောင်ဖောင်ဟု
ဆိုကာ အနိုင်ရသည့်ငွေထဲမှငါးရာတန်
တစ်ရွက်စီ ထုတ်ပေးလိုက်လေ၏၊

ညိုမတို့ ညီအစ်မနှစ်ဦးမှာ ကလေး
စီ အစ်ကိုဖြစ်သူ၏ အဖြစ်ဆိုးကိုပင်
အခံသတိမရနိုင်တော့ဘဲ ဖောင်ဖောင်
ပေးလာသည့်ငွေကို မျှော်လင့်တကြီး
လင့်ရင်း ဖဲဝိုင်းအနီးမှပင် မခွာနိုင်ကြ
တော့ပေ၊

ရှမ်းပြည်မြို့ကလေးတွင် ဤသို့ ဤ
ယ်လောင်းကစားသမားများက ဖောင်
ဖောင်ဟုအမည်တပ်ကာ မိမိတို့၏ထက်
ဝန်သောစေတနာအလျောက်ဘောက်
ပေးပေးသည့် အစဉ်အလာကလည်း
ရှိနေပေသည်၊ ဖောင်ဖောင်ဆိုသော
တား ဘယ်သူထွင်လိုက်သလဲဆိုတာ
ကိုတော့မည်သူမျှမသိ၊ ပိုက်ကျူးဝိုင်းလို
လောင်းကြေးများသည့် ကစားဝိုင်းမှာ
ဆိုလျှင် ပိုက်ကျူးနိုင်သူအနီးတွင် လူ
ဆကောင်ပုပ်အနား၊ လင်းတများ ဝဲ

သည့်နှယ်၊ “ဖောင်ဖောင်” တောင်းသူ
များဖြင့် ပြည့်နေတတ်ချေ၏၊

“ဟော့ - မောင်ညို၊ မောင်နီ၊ မောင်
ဘယ်သူဘယ်ဝါရေ တို့ကိုလည်း ပေးပါ
ဦးဟ”

မရမချင်း အလုအယက် တိုးဝှေ့
တောင်းနေသံများကလည်း ပိုက်ကျူး
တစ်ဝိုင်းလုံး ဆူညံပွက်လောရိုက်နေ
တော့သည်၊

အနီ ပိုက်ကျူးဝိုင်းတွင် အခရာကျ
သည့် “လွှန်ခုံ” ပေါ်အလျော်အစားလုပ်
သူကလည်း တစ်ဝိုင်းလုံးသိမ်းသည့်ဒိုင်
ကိုင်သူထံမှ ရသည့်ငွေများကို ကျစ်လစ်
ပြီး အိတ်ကပ်ပြဲမတတ် ထည့်သိပ်နေ
ပေသည်၊ သူ့တာဝန်မှာ မှောက်ထား
သည့်ပိုက်ကျူး (ရှမ်းပြည်မှတချို့အခေါ်
ကက်ဆွဲ)၊ ကြွေသီးရှည်မျောမျောလေး
ကို လှန်ပြီးမှ အရှုံးအနိုင်ပေါ် မူတည်ပြီး
ဒိုင်ငွေပုံထဲမှ အလျော်အစားလုပ်ပေး
နေရ၏၊ (၁၃) ချပ် ပိုကာဝိုင်းမှ ဂျိုကာ
ခိုးသူ လိုဖဲခိုးသူတွေကြောင့် ဖဲဝိုင်းတွင်း
မှာလည်း ရှုတ်ရှုတ်သဲသဲ ဖြစ်လျက်ရှိ
သည်၊

“ဟဲ့ ကောင် - ငါ ဘာထင်လို့လဲ၊
မောင်နီတဲ့ကွ၊ တစ်နီတည်းရှိတယ်၊

ဝိုင်းတကာမှာ ဖဲရိုက်စားလာတဲ့ကောင်
အမင်းလိုမလောက်လေးမလောက်စား
ကောင်ကများ ဖဲခိုးရတယ်လို့ကွာ၊ ဒီမှာ
တွေ့လား၊ ငါ့ဓားက ဥတုသုံးပါး မရွေး
အူ အူအခွေလိုက် ထွက်ကျသွားမယ်
မှတ်”

အကောက်အတွက်နှင့် အစောင့်
အကြပ် ဖဲရိုက်ပေးနေသည်ဟု မည်သို့ပင်
ဆင်ခြေပေးပေး ဖဲဝိုင်းထုံးစံအတိုင်း
အငြင်းအခုံဖြစ်ကြပြီဆိုတော့ အိမ်ရှင်
များနာကိုပင် မထောက်ထားနိုင်တော့
ဘဲ ဖဲဝိုင်းတစ်ခုလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်
လာကြတော့၏၊

ထိုစဉ် ပေသီးအလောင်းပေါ်သို့
သယ်နေရာမှ ရောက်လာမှန်းမသိသည့်
ကြောင်နက်ကြီးတစ်ကောင်က “ညောင်
ညောင်” ဟုအသံနက်ကြီးဖြင့် အော်ရင်း
ကျော်ခွသွားလိုက်လေ၏၊ တိုက်တိုက်
ဆိုင်ဆိုင်ပင် ပေသီးအလောင်းဘေးတွင်
ထွန်းထားသည့် ဖယောင်းတိုင်မီး
လည်း ဘာရယ်ကြောင့်မသိ၊ ဖူးခနဲ
ငြိမ်းသွားပါတော့သည်၊

ဘုရားကျောင်းဆောင်မှာ ထွန်း
ထားသည့် ဖယောင်းတိုင်မီး၏ တဖျပ်
ဖျပ် မီးရောင်သည်သာ အဓိက်အတန်

လင်းနေရှာတော့၏၊ ကြောင်နက်ကြီး
ခုန်ကျော်ဖြတ်ကျော်သွားအပြီး ပေသီး၏
အလောင်းကောင်ကြီးမှာ ဆတ်ခနဲ
လက်နှစ်ဖက်စလုံး မြောက်တက်သွား
ပါတော့သည်၊

“ဟာ - ပေသီးအလောင်းကောင်
ကြီး ငုတ်တုတ်ထထိုင်တော့မယ်၊
ပြေးဟ - ပြေးဟ”

သည်တော့မှ ဖဲသမားများသည်
မိမိရှေ့ရှိ လောင်းကြေးပိုက်ဆံများကို
ပင်မကောက်ယူနိုင်တော့ဘဲ ဝရုန်းသုန်း
ကားဖြင့် ထပြေးကြတော့သည်၊

အမှန်တော့ - မိစ္ဆာကောင် ကြောင်
နက်ကြီး အလောင်းပေါ် ဖြတ်သွား၍
လော၊ သို့တည်းမဟုတ်ကြောင်နက်ကြီး
၏ ဖြတ်တိုက်မှုကြောင့် အလောင်း
ကောင်ကြီးမှာအကြောစန့်မြောက်တတ်
သွားသလားဆိုတာ လတ်တလော
အချိန်တိုအတွင်း မည်သူမျှ မဆုံးဖြတ်
နိုင်ခဲ့၊ အလောင်းကောင်ကြီးမှာ ခဏ
ငယ်မျှသာ လှုပ်ရှားအပြီး နဂိုအတိုင်း ဘာ
မဟုတ်သလို ငြိမ်သက်နေချေတော့
၏၊

အခြေအနေ ငြိမ်သက်သွားမှပင်
သူကြီးက “ဟဲ - ဖဲသမားတွေပြန်လာကြ



www.burmeseclassic.com

www.burmeseclassic.com

တော့၊ ဘာမှမကြောက်နဲ့တော့၊ ကြောင်ဝင်တိုးမိလို့ အကြောစန့်သွားတာပါ"ဟု အခြေအနေကို ဝင်ထိန်းပြီး လူစုလိုက်တော့သည်။

ဤတွင် အတွေ့အကြုံရှိ လူကြီးသူမတို့၏ ကြားဖူးနားဝ စကားများအရ "မသာအလောင်းပေါ် ကြောင်မဖြတ်လျှောက်ကောင်းဘူး။ အဲ - ဖြတ်လျှောက်တာနဲ့ အဲဒီအလောင်းကောင် ဖုတ်ဝင်သွားပြီမှတ်၊ သတိနဲ့ ရှိက်ကြပေါ့ကွာ"

အရေးထဲ ရပ်မိရပ်ဖထဲမှ အဘိုးကြီးတစ်ယောက်က ကြောက်ဒူးတုန်နေကြသည့် ဖဲသမားများကို အတို့အထောင် လုပ်ပေးလိုက်ရသေး။

ငိုချင်လျက် လက်တို့ဆိုသလို အကြောက်မပြေသေးသည်မို့လည်း ဖဲသမားများမှာ ကြောက်ကြောက်နှင့်ပင် စုရုံးလာကြတော့၏။ သို့သော် - ပေသီးအလောင်းအနီးတွင် မကစားကြတော့ဘဲ ခပ်လှမ်းလှမ်းနေရာသို့ ရွှေ့ကစားလိုက်ကြတော့သည်၊

ပိုက်ကျူးဝိုင်းကို ကြည့်ပါဦး ...။

ဒိုင်ကိုင်သည့် ကျောက်ဒိုးဆိုသူက တစ်ဝိုင်းလုံးက ငွေတွေကို အကုန်စားချည်ဟု အပိုင်တွက်ထားဟန်ဖြင့် "ဥ၊ ဂလုံ - ဥ၊ဖွ ပေသီးရေ - ထ - ထ၊ တစ်ဝိုင်းလုံး မင်း - လက်မည်းကြီးနဲ့ ကျုံး"ဟု သူ့တစ်ကိုယ်ကြား လေသံဖြင့် ဂါထာရွတ်သလို အမိန့်ပေးပြီး စမ်းကာပွတ်ကာ အာရုံပြုရင်း မန်းမှုတ်နေပေသည်။

မယောင်မလည်နှင့်ပေသီးအတွက် စီမံပေးထားသည့် စားမြိန်ထုပ်ထဲမှ ထန်းလျက်ခဲတစ်ခဲအား အလစ်သုတ်လာခဲ့လေသည်။

"အင်း - ပေသီးဝိညာဉ်ကိုခေါ်ပြီး ဖဲ (ပိုက်ကျူး)နိုင်အောင် နိုင်းစားဦးမှ"

ကျောက်ဒိုးမှာ သူ့အတွေးကြောင့် ကျေနပ်ပင် မဆည်နိုင်၊ တဟီးဟီး - တဟားဟားနှင့် အူမြူးနေတော့၏၊ တိုက်ဆိုင်မှုကြောင့်လား၊ ပေသီးပင်မ,စ၍လား မသိ၊ ကျောက်ဒိုး ဖဲမှာ စီးပြီးရင်းစီးကာ တစ်ဝိုင်းလုံး သိမ်းလိုက်နိုင်တော့သည်။

"ဟဲ - ဟဲ - ဟဲ - ဟီး - ဟီး - ဟီး - မောင်ပေသီးရေ၊ ဆက်ပြီး မစပါဦးကွ၊ မင်းတို့အိမ် အမိုးတစ်ခုလုံး ကြယ်မြင်လမြင်နေတာ တွေ့ရနော်၊

ပေါက်ပြနေတဲ့ အမိုးတွေပြင်ဖို့ ဆွေးနေတဲ့ထရံတွေ ဖာဖို့လည်းကြိုးစားလိုက်ပါဦး ငါ့ညီရ၊ နောက်ပြီး မင်းစားဖို့ အမဲသားတွဲတွေ၊ မင်းမြေပုံပေါ် ဝါလာချပေးမယ်လို့ ကတိပြုပါ သွား၊ တဲ - အနိုင်ဖဲလေး၊ ဝိုင်းသိမ်း၊ တော်ပါဦး၊ ဟီး - ဟီး"

ကျောက်ဒိုးသည် တစ်ဝိုင်းလုံးက ငွေတို့ သိမ်းအပြီး တဟီးဟီး - အားဖြင့် ဝမ်းသာလုံးဆို့နေ၏၊ အိမ် (ပိုက်ကျူးသုံးအိမ်)ကိုမျှအား လိုက်ကမ်းဆိုးမသိဥဒါန်းကျူး တော့၏၊ ပိုက်ကျူးရှုံးရသည့်အထဲ တောင်ဖွာပေါင်ဖွာနှင့်ကြွားလုံး နေသည်ကို မြင်ပြင်းကတ်ကတ် အိမ်များက ကျောက်ဒိုးကိုမျက် တထိုးထိုးနှင့်ပေါ့၊ ဒါတွင် မပြီး ။ ကျောက်ဒိုးက မကျော့ပ်တိုင်တက် သည့် တကာတော် ရေမြွေ ရှင်၏ တက်စီးလေသံဖြင့် ...

"ဟော့ - အိမ်ရှင်တွေ ဘယ်မှာလဲ၊ - ရော့ - ဖောင်ဖောင် လာယူ၊ ညီမတို့၊ ပုစူးမတို့ ဘာလုပ်နေကြ မြန်မြန်လာ - နင်တို့ မုန့်ဝယ်စားဖို့ နဲ့ကို ပေးဦးမှာ"

ဟု ဆိုကာ တစ်ထောင်တန်၊ ငါး တန်တို့ကို အဆုပ်လိုက်ကိုင်ပြီး ယောက်ချင်း ပေးဝေနေတော့၏။

သေးထိုးသမားများကလည်း မြင်ပြင်းကတ်ချင်စရာ ကောင်းလောက်အောင် အဖြစ်သည်းနေသည့် ကျောက်ဒိုးကို ကြည့်ပြီး နှာခေါင်းရှုံ့နေကြတော့သည်။

အိမ်ရှင်လင်မယား ညီမတို့ ညီအစ်မအတွက်တော့မှု ဝမ်းသာအယ်လဲ လက်ဆင့်ကမ်းပေးလိုက်ကြပါသည်၊ ဖတ်ကျားကပင် အဘိုး၊ အဘွား ခေါ်ရလောက်သည့် အိမ်ရှင်လင်မယားကိုမှ ဖဲသမားများက လေးစားရကောင်းမှန်း မသိဘဲ ထင်တိုင်းကျဲနေကြတော့သည်။

ညဉ့်ကလည်း တစ်စစနှင့်နက်လာချေပြီ၊ ရပ်ကွက်ကင်းတဲမှ သံချောင်း (၁၂)ချက်ပင်ခေါက်နေပြီ၊ သန်းခေါင်ယံပင် ရောက်ပါပေါ့။

ထိုစဉ် - တတောက်တောက်နှင့် မြင်းလှည်းဘီးကို နင်တံနှင့် တို့ထိနေသည့်အသံက ညဉ့်သန်းခေါင်ယံကို ထွင်းဖောက်ကာ အိမ်အတွင်းရှိဖဲသမားတို့ထံ လွင့်ပျံ့လာတော့၏။

တစ်ဆက်တည်းမှာပင် "မရဏမြင်းဟီသံ"ကိုပါ ကြားလိုက်ရပါတော့သည်၊

"ကေဒ္ဒ - ပေသီးမြင်းလှည်းမောင်း ထွက်လာပြီ ထင်ပါရဲ့"





www.burmeseclassic.com

www.burmeseclassic.com

ဖဲဝိုင်းထဲမှဖဲသမားတစ်ယောက်က မှတ်ချက်ပေးလိုက်သည်။ ပေသီးမှာ မသေခင်ကတည်းကမြင်းလှည်းလည်း အငှားမောင်းခဲ့ဖူးသည်မို့ အားလုံးက ပေသီး တစ္ဆေခြောက်ပြီဆိုကာ တစ်ယောက်နှင့်တစ်ယောက် တိုးကပ်ပြီး ကြောက်ဒူးတုန်နေကြတော့၏။

ရိုးတိုးရိပ်တိပ် မဆိုစလောက် လရောင်အောက်မှာ မသာအိမ်ရှေ့မှ ဖြတ်မောင်းသွားသည့် မြင်းလှည်းတစ်စီးအား ရေးရေးမျှင်မျှင် မြင်လိုက်ကြတော့သည်။

သည်လိုနှင့်ပင် အသုဘ ဧွဆော် ဦး ပထမညသည် ချောက်ချားတုန်ရီစွာဖြင့် လွန်မြောက်ခဲ့ရပေတော့သည်။

❀

အသုဘအိမ်၏ထုံးစံအတိုင်း ဆွမ်းမသွတ်ခင် တစ်ပတ်လုံးလုံး ဖဲဝိုင်းပိုက်ကျူးဝိုင်းများ ဆက်ရှိနေသည့်အညီ နောက်ညများမှာလည်း ဖဲသမားများမှာ တုပ်ချောင်းချောင်းဖြင့် ရောက်ရှိလာကြမြန်သည်။ အခြားရပ်ကွက်များမှ ဖဲသမားများလည်း သူတော်ချင်းချင်း သတင်းလွှ့လွှ့ပေါင်းဖက်တွေ့ သလိုတစ်ယောက်စကားတစ်ယော နားဖြင့် အလျှိုလျှိုရှိတက်လာကြေ ၏။ ထိုဖဲသမား ဘွဲ့ထူးခံထဲမှ "နီတွတ် ဆိုသူမှာ မိန်းမထံမှ အလစ်သုတ်ရသည် ငွေဖြင့် ဖဲဝိုင်းရှိရာသို့ အစည်းအဝေ တက်နောက်ကျသည့်ခရိုနီတစ်ယော ပမာ ပျာယီးပျာယာဖြင့် တက်သုတ်နှ လာပါတော့သည်။

"အင်း - တစ်နေရာစာကျန်မှ တ ပါဦးမလား။ ခုနေများ ခရီးကြုံလိုက်ရ မြင်းလှည်းတစ်စီးစီးသာ လာလို့တေ ဟင်း - ဟင်း - ဇွေ့ခနဲတက်ထိုင်ပစ်လိုက် မှာ"

သို့တွေးရင်း မျက်ကလူးဆန်ဖျာ လှည့်ပတ်ကာ သူ့နီကြောင်ကျား မျက် လုံးများဖြင့် လှည့်ပတ်ရှာနေပါတော့ သည်၊

ထိုစဉ် ခွာသံတခွပ်ခွပ်ဖြင့် မြင်း လှည်းတစ်စီးသည် နီတွတ်အနီးမှ မျှ တွဲတွဲ ဂေါက်ဂက် ဂေါက်ဂက်ဖြင့် နာ စက်သံလို တိုင်ပင်ပေးမြည်ရင်း တရှေ့ ရှေ့ဖြတ်မောင်းသွားနေပေသည်။

"ဟေ့ - မြင်းလှည်းဆရာ၊ ရပ် - ရ ပါဦး။ လမ်းကြုံလိုက်မလို့ပါ"



ပြောအပြီး မြင်းလှည်းပေါ် လှမ်း တက်မည်ဟန်ပြင်စဉ် ...။

"အံမယ်လေးဗျ - ခေါင်းပြတ်ကြီး ခေါင်းပြတ်ကြီး"

အလန့်တကြား ဟစ်အော်အပြီး မြင်းလှည်းခြေနင်းပေါ်သို့ပင် မတက် ရသေးဘဲ ခပ်လှမ်းလှမ်းရှိ မသာအိမ်သို့ အနောင့်နင့် တင်ပါး တစ်သားတည်း ကျအောင် အူယားဖားယား ပြေးချလာ ခဲ့တော့၏။

"ဂွိ - ကယ်ပါဦး - မိန်းမရာ။ သည် တစ်ခါတည်းပါ၊ နောက်မလုပ်တော့ပါ ဘူး"

"နီတွတ်"သည် ဇင်းမိန်းမထံမှ ခိုးတ်ဆံ မိုးလာသည့်အဖြစ်အပေါ် အိုး လုံးအုံပွင့်ကာ ဘုရားမတ၊ မယားတရင်း တစ်လမ်းလုံး ရေရွတ်နေရှာတော့၏။

"ရေ - ရေ - ရေတစ်ခွက်လောက် တိုက်ကြပါဦး။ ခေါင်းပြတ်ကြီး ဟိုမြင်း လှည်းပေါ်မှာ"

မသာအိမ်ပေါ်သို့ ဒိုက်ထိုးသယ် ရင်း တစာစာ ရေတောင်းနေသည့် နီတွတ်ကိုကြည့်ပြီး ...

"ဘယ်မှာလဲ - ဘယ်မှာလဲ"

"ဟင် - ဟင် - ဟာ - ဟာ"

ဖြင့် အားလုံးအထိတ်တလန့် ဖြစ် ကုန်ကြတော့သည်။ အားလုံး၏ရင်ထဲ မှာလည်းအင်း - ပေသီးတစ္ဆေကခြောက် လှချည်လား။ အေးပေါ့လေ - သူ့ခမျာ သေလို့သေမှန်းမသိ၊ သူ့ညီမလေးကို လည်း အစွဲအလမ်းကြီးရှာလွန်းလို့ မလွတ်မကျွတ်ဖြစ်နေရှာပေါ့။ ပြီးတော့ - သူ့မိဘတွေကိုလည်း သနားတော့ အကောက်များများရအောင် သူ့ဝိညာဉ် က ဖေးမပေးရှာသားဟု တွေးနေမိကြ ပေမည်။

ဤသို့နယ် ပေသီး သေပြီးသည့် နေ့မှစ၍ ညစဉ်ညဆက်လိုပင် ပေသီး တစ္ဆေသည် တစ်နည်းမဟုတ်တစ်နည်း ခြောက်လှန့်နေပေတော့သည်၊

မီးဖိုချောင်ထဲမှ အိုးလှန်ခွက်လှန် နေသည့်အသံများ၊ခြံထောင့်တညင်းပင် ကြီးဘေးက ရိပ်ခနဲဖြတ်ပြေးသွားသည့် အရိပ်မည်းကြီးတစ်ခု၊ ညစဉ်ညတိုင်း တစ္ဆေအော်သံပေးကာ မောင်းနေသည့် မြင်းလှည်းတစ်စီး၊ မျက်နှာမှာ သွေး တစက်စက်ကျပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည့် ပေသီးတစ္ဆေ၊ ထိုစဉ် က မျက်မြင်ကိုယ်တွေ့အခြောက်ခံရသူ များ၏ပြောစကားများမှလည်းအလွှာရှိ



www.burmeseclassic.com

www.burmeseclassic.com

ပုံပြင်တစ်ပုဒ်ပမာ ဖဲသမားများအကြား ခြိမ့်ခြိမ့်နှံ့ခဲ့ရပေသည်။

ခွေးများကလည်း ညဘက်တွင် မကောင်းဆိုးရွား၊ တစ္ဆေသရဲများကိုမြင်သည့်အလား တအင်းအင်းညည်းရင်း ဆွဲဆွဲငင်ငင် အူနေကြရှာတော့၏။

သည်လိုနှင့်ပင် ရက်လည်ဆွမ်းသွတ် (ဆွမ်းပြင်)သည့်နေ့သို့ ရောက်ရှိလာခဲ့ပေသည်။ ထုံးတမ်းစဉ်လာနှင့်အညီ ဘုန်းကြီးဆွမ်းကပ်၊ တရားဟောတရားနာရေစက်စချရှိန် ရောက်ရှိလို့လာပါတော့သည်။ ကျောင်းထိုင်ဆရာတော်က ပရိသတ်များကို တရားဟောအပြီး "အိမ်း - တမလွန်ဘဝသို့ သွားရှာသူ တကာလေး မောင်ပေသီးလည်း ဘုန်းဘုန်းဟောတဲ့ တရားကိုနာပြီး ကျွတ်တမ်းဝင်ပါစေ။ လူ့တကာကိုလည်း မခြောက်လှန့်ပါနဲ့တော့၊ ဒကာလေးရဲ့မိဘနဲ့ ညီမတွေဆီလည်း ပြန်မလာပါနဲ့တော့။ ဒကာလေးနဲ့ ဘဝခြားသွားပြီမဟုတ်လား။ ငါ သူတစ်ပါး ယောကျ်ားမိန်းမဆိုတာ မရှိတော့ဘူး။ ဒကာလေးရဲ့ ဝိညာဉ်ကို ခေါ်ပြီး တရားနာခိုင်းတာသိမှာပေါ့။ ဘုန်းဘုန်းတို့အမျှဝေတာကိုလည်း ကောင်းကောင်းခံယူပါ။ ဒကာလေး မောင်ပေသီး ကောင်းရာသုဂတိလားပါစေကွယ်"

ပေသီးအား ရည်စူးပြီး ဆရာတော်မှ ကရုဏာတော်အပြည့်ဖြင့် ဆုတောင်းပေးလိုက်ချေပြီ။

"အမျှ - အမျှ - အမျှ - သာဓုရယ်"

"အမျှပါ - အစ်ကိုကြီးရယ် - ဟင့် - ဟင့်"

မိဘများဖြစ်သည့်ဦးချစ်ရင် ဒေါ်ဖွားရှင်အပြင် ညီမကပါ ရှိုက်သံသဲ့သဲ့ဖြင့် အမျှဝေပေးလိုက်ကြတော့သည်၊

သေသည်ကိုနားမလည်၊ ဉာဏ်ဝင်မမီသေးသည့် ရှစ်နှစ်သမီးအရွယ်အငယ်ဆုံးပုစုံးမမှာတော့ မိဘနှစ်ပါးနှင့် အစ်မထံသို့ မျက်လုံးအပြူးသားနှင့်တစ်လှည့်စီ ကြည့်နေရှာပေတော့၏။

အချိန်တို့သည် တရွေ့ရွေ့ဖြင့် ကုန်ဆုံးသွားခဲ့သည်မှာ ဟော - မိုးဦးကျသရက်သီးများပင် မှည့်စပြုလာချေပြီ။

ညိုမမှာ အစ်ကိုဖြစ်သူကိုတစ်နေ့မှမမေ့နိုင်ဘဲ အချိန်ရှိသရွေ့ ပေသီးသေခဲ့ရသည့် သရက်ပင်အောက်သို့ သာရောက်နေတတ်ချေတော့၏၊

ပရိယေသနဝမ်းရေးအတွက် မိခင်ကြီးနှင့် အဝတ်ငှားလျှော်ခြင်း၊ ရာသီလိုက် တောင်ယာအငှားလိုက်ခြင်း၊ [illegible]ရှာပြီး လိုက်ရောင်းရခြင်းစသည့် [illegible]ရာတချပန်းအလုပ်ကို လုပ်နေရပေ[illegible]သည့်တိုင် ပေသီးအတွက် လွမ်းနာကျ[illegible]ည့် စိတ္တဇဝေဒနာမှာကား ပျောက်[illegible]သွားသည်ဟူ၍ မရှိ။

[illegible]တလည်းသည်စိတ်၊ အိပ်ပြန်တော့[illegible]ည်း သည်စိတ်မို့ ညိုမမှာ တစ်နေ့[illegible]ခြား လုံးပါး ပါးသည့်အခြေသို့ ဆိုက်[illegible]ရောက်လာချေတော့၏။

အလွမ်းဝေဒနာကို အရွယ်နှင့်မမျှ[illegible]ခံစားနိုင်တော့သည့်အဆုံး ညိုမသည် [illegible]အိပ်ရာထဲ ဗုန်းဗုန်းလဲလေတော့သည်။ [illegible]ည့်သန်းခေါင်ကျော် ရောက်တိုင်း ...

"အမေရေ - ကိုကို အိမ်ရှေ့မှာ [illegible]ရောက်နေပြီ။ တံခါးဖွင့်ပါဦး - အမေရဲ့ [illegible]ဟော - ကိုကိုကလေ သရက်သီးမှည့်[illegible]တစ်လုံးတောင် ကိုင်ထားလိုက်သေး။ [illegible]သမီးကို လက်ယပ်ခေါ်နေပြီ အမေရဲ့"

"ညီမလေးရေ - ကိုကိုညိုမအတွက် [illegible]သရက်သီး ခူးလာတယ်လေ။ လာယူ[illegible]ဦး - ညိုမရဲ့တဲ့၊ သမီးသွားယူလိုက်မယ်[illegible]နော် - အမေ"

ညိုမမှာ ကယောင်ကတမ်းနှင့် [illegible]ထိုင်ပြီး အနီးတွင် စောင့်အိပ်ပေးနေရှာသည့်အမေ့ကိုနိုးကာပြောနေပါတော့၏။ အမေ့မှာ ညိုမ ထထထိုင်ထိုင် ခြေမကိုင်မိ လက်မကိုင်မိနှင့် ရင်တုန်ဝမ်းတုန် ဖြစ်နေရပေသည်။

"အို - သမီးရယ်၊ သတိထားပါဦး။ သမီး အိပ်မက် မက်နေတာပါ။ ရော့ - ရွှေခြင်္သေ့အဖျားဖြတ်ဆေးမှုန့်ကိုရေနွေးလေးနဲ့ မျှောချပြီးသောက်လိုက်၊ သတိသာသွားလိမ့်မယ်"

သမီးကို ဆေးတိုက်အပြီး တော့သပ် ရင်သပ်ကာ ချော့မော့အိပ်နိုင်းလိုက်ရသည်မှာလည်း ညများအသချေ၊

ဆေးမြီးတိုဖြင့် ဘယ်လိုပင်တုတ္ညိုမဝေဒနာက သက်သာ၍မလာ၊ တစ်နေ့တခြားသာ ဆိုးရွား၍ လာချေပြီ။

နာတာရှည်နေ့ရက်များ ကြာညောင်းလာသည်နှင့် အမျှ လူမမာသတင်းမေးသူများကလည်း တဖွဲဖွဲ ရောက်လာချေတော့သည်၊

"ညိုမရေ - သမီးလေး နေကောင်းအောင်နေနော်၊ ရော့ - ဒီမှာ သမီးစားဖို့ ခေါက်ဆွဲထုပ်နဲ့ သမီးကြိုက်တဲ့ [illegible]မုန့်တွေ၊ သမီးနေကောင်း[illegible]များစားနိုင်မှာပေါ့"





www.burmeseclassic.com

www.burmeseclassic.com

"ဪ - သမီးငယ် ပူစူးမလည်း ရှိသေးတာပဲ။ ရော့ - ရော့ - သမီး မုန့်ဝယ်စားဖို့ ပိုက်ဆံ၊ ကြီးကြီးလာတိုင်း မုန့်ဖိုးပေးမယ်နော်"

လူမမာ လာကြည့်သူများက ညိုမအတွက် လူမမာစာများ ယူလာတိုင်း အနီးတွင် ငုတ်တုတ်ကလေးထိုင်နေတတ်သည့် ပူစူးမအတွက် မုန့်ဖိုးများ ပေးသွားတတ်ကြသည်။

ပူစူးမမှာ ဘာမှမသိရှာသေးသည့် အရွယ်ပေမို့လည်း လာသမျှ လူများပေးသည့် မုန့်ဖိုးနှင့် ညိုမအတွက် ပေးသနားသဖြင့် ပေးသည့်မုန့်များကိုမှန်မှန်စားနေရသည့်အပေါ် ကလေးပီပီ ပျော်မွေ့မျောလင့်နေခဲ့မိချေသည်။

တစ်နေ့တွင် ညိုမမှာ အဖျားရှိန်အလွန်အမင်းတက်လာသဖြင့် "တအင်းအင်း" နှင့် ညည်းရင်း အမေ့လက်ပေါ်မှာ မြောသွားရှာတော့၏။

မိခင်ကြီးမှာ သမီး - သမီးဟု လှုပ်နှိုးရင်း မျက်ရည်တွေတွေ စီးကျနေပါတော့သည်။

ဤတွင် အနီးမှာ ရောက်နေသည့် ပူစူးမသည် မိခင်နှင့် အစ်မဖြစ်သူကိုတစ်လှည့်၊ ညိုမအနီးတွင် လူမမာမစားနိုင်ဘဲ စုပုံနေသည့် မုန့်ပဲသရေစာပုံများကိုတစ်လှည့်ကြည့်ရင်း သည်းနရွယ်ကလေးအတွေးဖြင့် ငိုင်တွေးနေမိတော့သည်။

သူ့မျက်လုံးထဲမှာတော့ ချိုချဉ်တွေ၊ အချဉ်ရည်ဘူးတွေ၊ မုန့်တွေကလည်း စုံလို့ပါလား။ ဘယ်တုံးကမှ ဝဝလင်လင် မစားခဲ့ရသည့် ကြက်သားကြော်၊ ငါးကြော်တွေ၊ ပေသီး အသုဘည်တုန်းက ပေးလာလိုက်သည့် ဖောင်ဖောင်တွေ။ လက်ထဲမှာ ဆုပ်ကိုင်လို့ပင် မနိုင်တော့။ ငွေတွေ၊ ငွေတွေ၊ ဟယ် - အများကြီး - အများကြီး။

မျက်စိထဲမှာလည်း မုန့်တွေ၊ ဖောင်ဖောင်ရတဲ့ငွေတွေ - ပိုက်ဆံတွေ၊ တဖျပ်ဖျပ်နဲ့ လက်ယပ်ခေါ်နေကြသလို ပြေးမြင်လာတော့သည်။

"ပူစူးမရေ - ရော့ - သမီးအတွက် ဖောင်ဖောင်"

ဟိုနေရာလည်းဖောင်ဖောင်၊ သည်နေရာလည်းဖောင်ဖောင်၊ ကိုကို့အသုဘရှိလို့ ဖောင်ဖောင်ရနေတာလား။ မတွေးတတ် တွေးတတ် ပူစူးမ တွေးနေရပြီ။

နောက်ဆုံးတွင် ပူစူးမသည် ညိုမရှေ့စုပုံနေသည့် မုန့်များကို အာသာငမ်းငမ်း လှမ်းကြည့်နေရာမှ အမေ့အနားသို့ ...တိုးကပ်သပ်လှုပ်ရင်း တိုးတိုးလေး ...လိုက်မိတော့သည်။

"အမေ - မမ - မသေသေးဘူးလား ..."

အမေ့မှာ မမျှော်လင့်သည့် သမီး...အမေးကြောင့် ရင်ထဲ ထိတ်ခနဲဖြစ်...ရှာတော့သည်။

"ဖွတ်ခဲ့ - လွှဲပါစေ - ဖယ်ပါစေ၊ သမီး...တော နိမိတ်ဖတ်လိုက်သလို များ...။ တွေးလည်း မတွေးရဲ၊ မေးလည်း ...ခဲ့၊ ဘုရား - ဘုရား - အလတ်မ...တော့မှာပါလား" ဟူသည့်အတွေး ...အသည်းလှိုက်ကို မီးစနှင့်ထိုးလိုက်...သို့ ကျင်ခနဲဖြစ်သွားတော့သည်။

သမီးငယ်အမေးကို မဖြေချင်ပေမဲ့ မဖြေလို့လည်း မဖြစ်တာကြောင့် မျက်ဝန်းအိမ်နှစ်ဖက်မှ စီးကျလာသည့် မျက်ရည်စကို အသာညှစ်ချရင်း ...

"ဘာဖြစ်လို့ မေးရတာလဲ - သမီးရဲ့"

ဟု ကြေကွဲဆို့နင့်စွာ ပြန်မကြားဝံ့သော စကားအတွက် မေးလိုက်မိတော့သည်။

"ဟို - ဟိုလေ - အမေရဲ့၊ မမ သေရင် ဖောင်ဖောင်တွေ အများကြီး ရမယ်လေ"

"ဪ - ဖြစ်မှဖြစ်ရလေ တလေးရယ်"

ညိုရောင်

ဂျွိရ
လော
က
သေး
ဖြူး
တို

မြွေဆိပ်

▶ ရောပင်မှအကိုင်းနကိုဖြစ်စေ၊ အရွက်ကိုဖြစ်စေ ရေနှင့်သွေး၍ မြွေကိုက်ရာ၌ လိမ်းပါ။ မြွေဆိပ်ကျ၏။

▶ ကန့်ပလူဥကို ရေနှင့် သွေးလိမ်းပါ။ တိုက်ပါ။




www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့ အညာဇနီးဆိုတာက လွှတ်ပူတာဗျ။ ဟာဝေ၀ဆိုတဲ့ ကျုပ်လည်း အိမ်မြဲတာဆိုလို့ ဒီရာသီပဲရှိတာ။ ရပ်ဝေးရွာမ်ရှရိုရင်တော ကျုပ်က မနက်စောစောသွားပြီး နေမမြင့်ခင် အိမ်အရောက်ပြန်တာဗျ။

ဒီနေ့လည်း ပုဂ္ဂာရဲ့ဆရာတော်မှာလို့ ကျုပ် သွားလိုက်သေးတယ်။ ဆရာတော်ခိုင်းတာလေး လုပ်ကိုင်ပေးပြီးတော့ အိမ်ကို နေမပူခင် ပြန်လာခဲ့တာဗျို့။





www.burmeseclassic.com

www.burmeseclassic.com

# ကဝေပုရပိုက်

**တာတေ**

"ဟဲ့ - တာတေ၊ နင် - ဆရာတော့်ကျောင်းသွားမယ်ဆို၊ ခုထိ မသွားသေးဘူးလား"

လို့ကျုပ်အမေကပြောတယ်။အမေက အိမ်နောက်ဘက်မှာ ချက်ရင်းပြုတ်ရင်းနဲ့ ကျုပ်ကို လှမ်းပြောတာဗျ။

"ကျုပ်ကဖြင့် ပြန်တောင်လာပြီဗျ"

"ဟေ - မြန်လှချေလား၊ ဆရာတော်ခိုင်းတာတွေရော သေသေချာချာ လုပ်ပေးခဲ့ရဲ့လား - တာတေ"

"လုပ်ပေးခဲ့ပါတယ် - အမေရ"

"နို့ - ဆရာတော်က ဘာခိုင်းလို့တုံး"

"မနေ့က ဘထွေးထွန်းကြည်တို့ ကိုမောင်ပုတို့ တောထဲက တိုက်လာတဲ့ ထင်းတွေကို ထင်းရုံထဲ သွင်းဖို့ပါ။ ကျုပ်သွားတော့ဖြင့် ကိုမောင်ပုနဲ့ ကိုရင်တွေ လုပ်နေတာ ပြီးတောင် ပြီးခါနီးနေပြီ အမေရ၊ ကျန်တာလေး ကျုပ် ဝိုင်းကူသွင်းပေးခဲ့တယ်လေ"

"ဩော် - ထင်းသွင်းတာလား"

"ဒုန်း - ဒုန်း - ဒုန်း - ဒုန်း"

အမေကကျုပ်နဲ့ပြောရင်းငရုတ်သီးထောင်းနေတာဗျို့၊ အမေရဲ့ငရုတ်ဆုံက စဉ့်ငရုတ်ဆုံကလေးဗျ၊ သစ်သားကျည်ပွေ့နဲ့ထောင်းရတာလေ၊ ကျောက်ငရုတ်ဆုံ မဟုတ်ဘူးဗျ၊ စဉ့်ငရုတ်ဆုံဆိုတော့ ရွှံ့ကိုမီးဖုတ်ထားတာပေါ့ဗျာ၊ စဉ့်အိုးတွေ လိုပေါ့၊ ကျောက်ငရုတ်ဆုံလို ထောင်းရဘူးဗျာ၊ ခပ်ဖွဖွ၊ ဆတ်ဆတ်လေး ထောင်းရတာ၊

"အမေ ဘာချက် ဖို့တုံး၊ ကျုပ် ထောင်းပေးရမလား"

"နေ - နေ - ငါ့ဟာငါ ထောင်းလိုက်မယ်၊ မြောက်ပိုင်းက ငပိန်တို့ဆီက ဝက်သားရလို့ဟေ့ - ဆွဲ လာခဲ့ တာ၊ ငပိန် တောင် နင် စားဖို့ဆိုပြီး ကလီစာတွေ ညှပ်ပေးလိုက်သေးတယ်"

"ဟင် - ဟုတ်လား၊ ကိုပိန်ဆိုတဲ့လူ တော့ လုပ်တော့မယ်၊ သူက ကျုပ်ကို ချစ်ခင်တာဗျ"

"အေးပေါ့ဟယ် - နင်ကလည်း ရပ်ရွာထဲမှာ ဘယ်သူ့အကြောင်းမှ နေတဲ့သူမှ မဟုတ်တာ၊ ဒီတော့လည်း နင့်ကိုရင် ခင်ကြတော့တာပေါ့"

"နို့ - အဘ ဘယ်သွားတုံး"

"အေးလေ - နင့်အဘပါ ဆိုနေမှ နင့်လိုပဲပေါ့ - တာတေရယ်၊ ဟိုဘက်ရွာ ဆွေးကုန်းက သူ့သူငယ်ချင်း ကိုဘ မောတာ သွားမေးတယ်၊ မနေ့က တင်းကျန်ကလေးနဲ့ ထမင်းကြမ်းစားပြီး သွားလေရဲ့၊ ညနေ နေချိုမှ ပြန်ခဲ့မယ် ပြောတာပဲ"

"ဟင် - အဘိုးသစ်က ဘာဖြစ်လို့တုံး"

"ဗိုက်အောင့်အောင့်နေတာဆိုပဲ ဟဲ့၊ ဆေးထိုးဆရာခေါ်ပြီး ဆေးထိုးနေရတာ ကြာပြီတဲ့၊ လူလည်း အတော်ပိန်နေပြီတဲ့"

"မြို့သွားပြီး ဆရာဝန်တွေ ဘာတွေနဲ့ သေသေချာချာ ပြဖို့ ကောင်းတယ် အမေရ"

"သွားတယ်ပြောတာပဲ၊ အဲဒီက ဆရာဝန်ရဲ့ဆေးစာအတိုင်း ဒီက ဆေးထိုးဆရာက ဆက်ပြီး ကုပေးနေတာတဲ့"

ကျုပ်စိတ်ထင်ဒီနေ့ပိုပြီးပူပုံရတယ်ဗျ၊ ကျုပ်အမေက ဝက်သားချက် လွတ်ကောင်းတာဗျို့၊ ဘုန်းကြီးကျောင်းကို ဝက်သားဟင်းနဲ့ ဆွမ်းချိုင့်ပို့ရင် ဆရာတော်က ဆွမ်းကို အားရပါးရ ဘုဉ်းပေးတာဆိုပဲဗျ။

ကျုပ်လည်း အမေချက်တဲ့ ဝက်သားနဲ့ ထမင်း သုံးပန်းကန်လောက် စားပစ်လိုက်တာ ဗိုက်ကို တင်းသွားရောဗျို့၊ ဗိုက်ကလေးလည်းတင်းလာရော မျက်စိ*ကလေးကလည်း စင်းလာရောဗျို့*

သစ်သားကွပ်ပျစ်ကို ပုဆိုးဟောင်းကလေးနဲ့ဖုန်ခါပစ်လိုက်တယ်၊ ပြီးတော့ ဝါးဘိုးခြမ်းခေါင်းအုံးကလေးပေါ်မှာ ပုဆိုး

www.burmeseclassic.com

တလေးခေါက်ပြီး တင်လိုက်တယ်။ ပြီးတော့ အိတ်ကပ်ထဲမှာ ထည့်ပြီးယူလာတဲ့ နဂါးဆေးပေါ့လိပ်ကလေးကို ထုတ်ပြီး ခနဖြူ မီးခတ်က အကောင်းဆုံးပဲဗျ။ အထဲမှာမီးခတ်ကျောက်နဲ့ ငွမ်းစကလေးစိုအောင် ဓာတ်ဆီရှိနေလို့ကတော့ မြို့ကဈေးတွေမှာ မီးခတ်ရောင်းတဲ့ လူတွေပြောသလိုပေါ့ဗျာ။

"ဝမ်းခြစ် - ဝမ်းတောက်" ပဲဗျို့။

နဂါးဆေးပေါ့လိပ်ကလေးကို နှစ်ဖွာသုံးဖွာ ဖွာလိုက်ပြီးတော့ ပြာခံခွက်တလေးထဲမှာ ဆေးလိပ်ကို ချထားလိုက်တယ်၊ ဘယ်က ဝင်လာမှန်းမသိတဲ့ လေအေးလေးက တန်ဖိုးရှိလိုက်တာဗျာ။ ကျုပ်ဖြင့် မျက်လုံးကို စဉ်းစဉ်းသွားတော့တာပဲဗျို့။

ဗိုက်တင်းတင်းနဲ့ အိပ်လိုက်တာ ဘယ်လောက်တောင် ကြာသွားတယ် မသိပါဘူးဗျာ၊

"တာတေ - တယ်လည်းဇိမ်ကျနေပါလားကွ"

ကျုပ် နားထဲကို ဝင်လာတဲ့ အသံကြောင့် ကျုပ် လန့်နိုးသွားတယ်။ ကျုပ် မျက်စိဖွင့်ကြည့်လိုက်တော့ ကျုပ်အိပ်နေတဲ့ ကွပ်ပျစ်ဘေးမှာ ရပ်နေတဲ့ ခြေထောက်နှစ်ချောင်းကို တွေ့လိုက်တယ်၊



ယာထဲစီးတဲ့ တာယာဖိနပ်ကို စီးလို့ရှာ ပုဆိုးအပြာကွက်နဲ့၊ ခြေထောက်ကြည့် ရုံနဲ့ ဘယ်သူမှန်း ကျုပ် မသိဘူး၊ ကျုပ် မျက်လုံးတွေကိုမနည်းဖွင့်ပြီး မျက်နှာကို မော့ကြည့်လိုက်တယ်၊

"ဟာ - ကိုဗလပါလား"

ကျုပ် ဗျာဗျာသလဲ ထလိုက်တယ်၊ ဆရာမနိုင်က ကိုဗလလေဗျာ၊ ဆရာမနိုင်ဆိုတာကျုပ်တို့ရွာမြောက်ဘက်ထ ရွာပေါ့၊ နီးတော့ မနီးလှဘူးဗျ၊ ခရီးလေး တိုင်လောက်တော့ ခြားတာ၊ လေးတိုင် ဆိုတော့ မိုင်နဲ့ဆိုရင် ရှစ်မိုင်ပေါ့ဗျာ၊

"ဟဲ - ဟဲ - ငါ့ကောင် တာတေ၊ ဇိမ် ပျက်သွားပြီထင်တယ်"

"ဟာ - မပျက်ပါဘူး ကိုဗလရဲ့ လာ လေ - ထိုင်လေဗျာ"

ကိုဗလက ကွပ်ပျစ်မှာ ဝင်ထိုင် တယ်။ ကျုပ်က အိမ်ပေါ်ကို ကမျာ ကယာတက်ပြီးဆေးလိပ်ခွက်နဲ့အကြမ်း အိုး၊ အကြမ်းပန်းကန်တွေယူလာတယ်၊ အမေ့ကိုလည်း လက်ဖက်ကလေးသုပ် ပေးဖို့ ပြောခဲ့ရတယ်ဗျ၊

ကိုဗလက ကျုပ်ဆီကို တစ်ခါမှ လာဖူးတာမဟုတ်ဘူး၊ ရွာချင်းကလည်း လှမ်းတယ်လေဗျာ၊ ရောက်တုန်းမှာ ကျုပ်က ညှော်ဝတ်ကျေချင်တာပါ၊

ကျုပ်က နဂါးဆေးပေါ့လိပ်တစ် ... တို မီးညှိပြီး ကိုဗလကို ကမ်းပေး ... တယ်၊

"တဲ - ကိုဗလ၊ အမေမောပြေ ဖွာ ... ဦးဗျ"

ဆေးလိပ်ကမ်းပြီးတော့ ကျုပ် ... ကြမ်းတစ်ခွက် ငှဲ့တယ်၊ ကျုပ်တို့ ... ရွာမှာက နေပူထဲကလာတဲ့သူကို ... နွေးပဲ တိုက်ကြတာဗျ၊ ဒါမှ ချွေး ... လေး တစိုစိုနဲ့နေတာ၊ ဖြန်းခနဲ ရေ ... သောက်လိုက်ရင် အပူငုပ်သွားမှာ ... ကြောက်လို့ဗျို့၊ အမေကလည်း လက် ... ဖက်ခွသုပ်လာပြီး ချပေးတယ်၊

"အမေ - ဒါ ဆရာမနိုင်က ကိုဗလ ... လေဗျာ၊ ငွေတွင်းကုန်းက အရီးစိန်မ ... တို့အလှူသွားတုန်းက လှည်းလမ်းမှာ မို့ ... ဉ်းတွေလို့ဆိုပြီး မိုတွေ နတ်လာပြီး ... အမေ့တို့ပေးလိုက်တဲ့ ကိုဗလလေ၊ အဲဒီ ... တုန်းတာသူတို့လည်းအရီးစိန်မတို့အလှူ ... လာကြတာဗျ"

"ဪ - မှတ်မိပြီ၊ ဗလရေ၊ မတွေ့ ... ကြာတော့ ဖြန်းစားကြီး မမှတ်မိလို့ ... ၊ ဘယ်လိုမှတော့ မအောက်မေ့နဲ့ ... ယ်၊ ကဲ - လက်ဖက်စား၊ အကြမ်း ... သောက်ပြီးညီအစ်ကိုနှစ်ယောက်စကား ... လိုက်ကြဦး၊ နို့ - မင်းအဖေ၊ အမေ ... တာ ကျန်းမာကြရဲ့လားကွဲ့"

"ဟုတ်ကဲ့ - အရီး၊ ကျန်းမာကြပါ တယ်"

"အေးအေး - ပြောကြဦး"

အမေအိမ်ပေါ်ပြန်တက်သွားတော့ မှ ကိုဗလက လက်ဖက်ကို နှစ်ဖွန်းဆတ် တိုက် ခပ်စားလိုက်တယ်၊ ရေနွေးပူပူ တစ်ပန်းကန်ကိုလည်း ဖူးခနဲ၊ ဖူးခနဲ မှုတ်ပြီး ရှလူး ရှလူးနဲ့ သောက်ချလိုက်တယ်၊

"ကိုဗလကြီး ဘာနဲ့လာတာတုံး"

"လှည်းနဲ့ လာတာကွ၊ လှည်းကို ငါတို့ရွာသားတစ်ယောက် မောင်းတာ၊ ရွာမြောက်ပိုင်းမှာ သူ့ဒွေးလေးရှိတော့ လှည်းကို အဲဒီဝိုင်းထဲမှာ ဖြုတ်ထားတယ်"

"ဟာ - ကိုဗလကြီးကလည်း သူ့ကို ပါ ခေါ်ခဲ့ပြီးရော၊ အားနာစရာရှိတာမှ မဟုတ်တာ"

ကျုပ်က ပြောတော့ ကိုဗလက ရေနွေးသောက်ရင်းကနေ ကျုပ်ကို လတ်ကာပြတယ်၊

"အားနာလို့မဟုတ်ဘူးတာတေရ၊ ငါက ကိစ္စတစ်ခုရှိလို့မင်းဆီကိုလာတာ၊ မင်းနဲ့ငါပြောတဲ့စကားကိုတခြားသူမသိစေချင်လို့ ခေါ်မလာတာကွ"

ကိုဗလက ခပ်တိုးတိုးပြောတယ်၊ ပြီးတော့ နဂါးဆေးပေါ့လိပ်ကို ဖွာနေ ပြန်တယ်ဗျ၊



www.burmeseclassic.com

www.burmeseclassic.com

တုတ်တယ်–မောင်တာတေ၊
တကယ်တော့
ကိုယ်ပျောက်တာ
မဟုတ်ဘူးကွဲ၊
တိုယ်ဖော့ပြီး ခုန်သွားတာပါ။
ခုန်တာ မြန်လွန်းတော့
ကိုယ်ပျောက်သွားသလိုကို
ထင်ရတာပေါ့၊
အဝေးကြီးကိုရောက်အောင်
ခုန်နိုင်တာကွ၊
အမြင့်ကြီးတွေကိုလည်း
ခုန်တက်နိုင်တယ်၊
မျက်စိအောက်ကနေ
ဖျတ်ခနဲ ဖျတ်ခနဲ
ပျောက်သွားတာဆိုတော့
ကိုယ်ပျောက်သွားတာလို့ပဲ
ထင်ရတာပေါ့လေ ...



"ဟင် – ဟုတ်လား၊ ကိုဗလ၊ ဘာကိစ္စများတုံး"

ကျုပ်က တည့်ပဲမေးလိုက်တော့တယ်၊ ကိုဗလ ပုံစံကြည့်ရတာ တော်တော်အရေးကြီးတဲ့ကိစ္စကို ပြော တော့မယ့်ပုံဗျ၊ ဒါမျိုးဆိုရင် ကျုပ်ကလည်း ချက်ချင်းတို သိချင်တာ၊ သိပ်အောင့်နိုင်တာ မဟုတ်ဘူး၊ ကိုဗလ ဆေးလိပ်မီးခိုးတွေကို မှုတ်ထုတ်ရင်း ကျုပ်ကို ပြော စကားစရှာနေတယ်ဗျို့

"ဒီလိုကွ – တာတေရ၊ ငါတို့ရွာကို ထူးဆန်းတဲ့ လူ တစ်ယောက် ရောက်လာတယ်ကွ"

"ဟင် – ဘယ်လိုများ ထူးဆန်းတာတုံး – ကိုဗလ ရဲ့"

"ဒီလူက ဆရာကွ တာတေရ၊ အသက်ကတော့ ငါးဆယ်လောက်ရှိပြီ၊ လူပုံက ခပ်သန့်သန့်ပါ၊ လူ ကတော့ အရပ်သိပ်မရှည်ဘူး၊ လူကိုင်းတော့ တောင့် တောင့်ပဲကွ၊ နုတ်ခမ်းမွေးလေးစနဲ့"

ကိုဗလပြောတာကို ကျုပ် တော် ...စိတ်ဝင်စားသွားတယ်၊

"နို့ – နေပါဦး ကိုဗလရဲ့ ဒီဆရာတ ...တ်လမ်းလား၊ အထက်လမ်းလား"

ကျုပ်က ဆေးလိပ်ကိုဖွာရင်း မေး ...တယ်၊ ကိုဗလက ရေနွေးတစ်ခွက် ...ရင်းကနေ ဖြေတယ်၊

"ငါ မေးကြည့်ပြီးပြီကွ၊ ဒီဆရာက ...တ်လမ်းလည်းမဟုတ်ဘူး၊ အထက် ...လည်း မဟုတ်ဘူး၊ ခွတ်လတ်လို့ ...တယ်ကွ"

"ဗျာ – ခင်ဗျားဆရာက တစ်မျိုးပါ ... – ကိုဗလရဲ့"

"ကျုပ် ကြားဖူးတာကတော့ ...တ်လမ်းတို့ အထက်လမ်းတို့ပဲ ...တာပါ၊ အခုဟာက ခွတ်လတ်ဆို ... အောက်လမ်းနဲ့ အထက်လမ်းရဲ့ ...အလယ်လမ်းပေါ့"

"တုတ်ပ့ါဗျာ၊ အဲဒီဆရာက ပြော ...တွ၊ ဒီပညာရပ်တွေမှာ သုံးမျိုးရှိ ...တဲ့၊ မဟာဂန္ဓာရီလို့ခေါ်တဲ့အထက် ...ညာ၊ စူဠဂန္ဓာရီလို့ခေါ်တဲ့အလယ် ...ထ်လမ်းပညာ၊ ဂနပဒဂန္ဓာရီလို့ခေါ် ...ာက်လမ်းပညာတဲ့ကွ၊ ဒီဆရာက ...န္ဓာရီလို့ခေါ်တဲ့ အလယ်အလတ် ...တို့လိုက်တာတဲ့ကွ"

"ဪ – ဒီလိုလား၊ နို့နေပါဦး ကိုဗလရဲ့ ဒီဆရာရဲ့နာမည်က ဘယ်သူတဲ့တုံး"

"ဆရာ သာလာယတဲ့ ကွ၊ လူတတော့ တည်တည်တံ့တံ့ပါပဲ၊ ရွာကိုတော့ ကိုစစ်နိုင်နဲ့ ပါလာတာကွ၊ ကိုစစ်နိုင် မြို့ ကိုသွားတုန်းက သိပြီး ခေါ်လာတာတဲ့၊ ဒီဆရာ တို့ရွာကို ရောက်နေတာ တစ် ပတ်ကျော်ပြီကွာ၊ အခုထိတော့ ဘယ်သူ့ ကိုမှ ဘာပြဿနာမှ မရှာပါဘူး၊ တို့ရွာဦး က ကိုးတောင်ပြည့် စေတီကလေးမှာ သွားပြီး ပုတီးစိပ်နေတာပဲကွ၊ မနေ့ ကတော့ ကိုးရက်အဓိဋ္ဌာန် ပြည့်သွား တယ်လို့ ပြောတယ်"

"နို့ – နေပါဦးဗျ၊ ဒီဆရာနဲ့ ကိုဗလနဲ့ က ရင်းနှီးလို့လား"

"ဟာ – တာတေကလည်း မင်းသိရဲ့ သားနဲ့၊ ကိုစစ်နိုင်ဆိုတာ ငါ့ယောက်ဖ လေကွာ၊ ငါ့အစ်မ မဝိုင်းကြည်ရဲ့ ယောက်ျားလေ"

"ဟာ – ဒါဆိုရင် ဒီဆရာက ခင်ဗျား ယောက်ဖ ကိုစစ်နိုင်ကြီးရဲ့အိမ်မှာပေါ့ ဟုတ်လား – ကိုဗလ"

"အေး – ဟုတ်တယ်၊ ဒီတော့ ငါနဲ့ လည်း သိနေတာပေါ့ကွာ"

"ဪ – ဒီလိုကိုး၊ အင်း – အင်း – ပြောပါဦး – ကိုဗလရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"မနေ့က ဒီဆရာက ပြောတယ်၊ သူ ဆရာမနိုင်ကိုလာတာ ကိစ္စရှိလို့တဲ့ကွ၊ ပြီးတော့ - ငါတို့ရွာကို ဘာဖြစ်လို့ ဆရာမနိုင်လို့ ခေါ်တာလည်း သိသလားလို့ မေးတယ်"

"အင်း - ဟုတ်သားပဲ၊ အဲဒါ ဘာဖြစ်လို့ခေါ်တာလဲဗျ၊"

"ဟာ - ဘယ်သိမှာတုံး - တာတေရ၊ ငါတို့လည်း မသိဘူးလို့ ပြောရတာပေါ့ကွ၊ ဒီတော့မှ ဆရာ သာလာယက ပြောတယ်၊ ငါတို့ရွာမှာ "ဂန္ဓာရီပညာသိုက်ကြီး" ရှိတယ်တဲ့ ကွ၊ အစွမ်းထက်တဲ့ ဆရာတွေက အဲဒီသိုက်ကို လာတူးပြီး ပညာတွေရဖို့ ကြိုးစားကြတယ်တဲ့၊ ဒါပေမဲ့ - ဆရာတွေ ပြေးရတာချည်းပါပဲတဲ့၊ ဒါကြောင့် တို့ရွာကို ဆရာမနိုင်လို့ ခေါ်ကြတာတဲ့ကွ"

"ဩော် - ဒီလိုလားဗျ"

"အေးကွ - တာတေရ၊ ဒါနဲ့ ငါက ဆရာသာလာယကို မေးကြည့်တယ်၊ အဲဒီဂန္ဓာရီသိုက်ကြီးက ဘယ်နေရာမှာတုံးလို့"

"အင်း - ဟုတ်ပြီ၊ဒီတော့ - ဘာပြောတုံးဗျ"

"သူ သိတယ်တဲ့၊ သူ ဒီကိုလာတာ ဒီကိစ္စလာတာတဲ့ဟေ့"

"ဗျာ - ဘယ်လိုဗျ - ကိုဗလ"

"ဆရာသာလာယက အဲဒီဂန္ဓာ[ရီ] ပညာသိုက်ကြီးကို တူးမလို့ လာတာ[တဲ့] ကွ"

"ဟင် - ဒီဆရာက နိုင်လို့လားဗျ"

"ဟာ - ဒါကတော့ သူနိုင်မယ်ထ[င်] လို့ လာတာပေါ့ကွာ"

"ဒါနဲ့ - နေပါဦးဗျ၊ သိုက်တူးမယ်ဆို[ ]တော့ ပေါက်တူးတွေ၊တူရွင်းတွေ လို[ ] ပေါ့၊ လူရော တော်တော်လိုမှာလား"

"ဟား - ဟား - ဟား - ဟား - တာ[တေ] ရာ၊ မင်းမလည်း လည်ပုံလည်ပန်[း] တော်တော်ကို အ.သေးတာကိုး"

"ဘာတုံးဗျ - ကိုဗလရဲ့"

"ဟ - သိုက်တူးတယ်ဆိုတာ [ ]ရွင်းတွေ၊ ပေါက်ပြားတွေနဲ့ တူးရ[ ] မဟုတ်ဘူးကွ၊ သူတို့ပညာနဲ့ လုပ်လို့[ ]ရင် အဲဒီသိုက်က ပေါ်လာတာကွ"

"ဟင် - ဟုတ်လား၊ သိပါဘူး[ ] သိုက်တူးတယ်ဆိုတော့ကျုပ်စိတ်ထဲ[ ] မြေကြီးထဲကနေ တူးရမယ် မှတ်နေ[ ] ဗျ"

"အေး - အဲဒီဆရာသာလာယ[က] ပြောတယ် တာတေရ၊ ဒီဂန္ဓာရီသိုက်[ ]

[ ]ရွင့်နိုင်တယ်တဲ့ကွ၊ ဒါပေမဲ့ - သတ္တိ[ ]ကောင်းတဲ့ လူငယ်တစ်ယောက် လို[ ]တယ်တဲ့"

"ဟင် - ဘာလုပ်ဖို့တုံးဗျ"

"ဒီလိုကွ၊ သူက ဒီသိုက်ထဲက ပညာ[ ]စောင့်တဲ့ နာနာဘာဝတွေကို ထိန်း[ ]ထားတဲ့အချိန်မှာ "ကဝေပုရပိုက်" [ ]ယူပေးရမှာတဲ့ကွ"

"ဗျာ"

"မဗျာနဲ့ တာတေ၊ ဒီလူပြောပုံအရ [ ]လိုချင်တဲ့သူဟာ မင်းကလွဲရင် ဒီနယ်[ ]ကြောမှာ ဘယ်သူမှမရှိဘူးကွ၊ အေး [ ]တော့ ပြောသေးတယ် တာတေရ၊ [ ]တို့ ကူညီတဲ့သူကို တန်ဖိုးမဖြတ်နိုင်[ ]အောင် အစွမ်းထက်တဲ့ ရုပ်တုကလေး [ ]စ်ခု လက်ဆောင်ပေးမယ်တဲ့ကွ"

"ဟင် - ဘာရုပ်တုတုံးဗျ"

"ပီယဘက်မှာအတော်စွမ်းဆိုပဲကွ၊ [ ]တို့တော့ ထုတ်ပြဖူးတယ်၊ အနီရောင် [ ]ထည်ပါရှိအိတ်ကလေးနဲ့ ထည့်ထားတာ [ ]ကွ"

"ဘာရုပ်ကလေးတုံးဗျ"

"အဝတ်အစားမပါတဲ့ ယောကျ်ား [ ]တစ်ယောက်နဲ့ မိန်းမပျိုတစ်ယောက် [ ]တတ်ရပ်ပြီး ဖက်ထားတဲ့ပုံ ကွ၊ [ ]တော်တော်ကို လက်ရာမြောက်တဲ့ပုံ ကလေးတွေ တာတေရ၊ လက်ညှိုးလုံး လောက်ကလေးရှိတာ၊ ပြီးတော့ - ရွှေ[ ] ထားတာဟေ့"

"ဟင် - ဟုတ်လား၊ ဆေးစီရင်ထား တာ ထင်တယ်ဗျ"

"ဟာ - သေချာတာပေါ့ကွာ၊ တနင်္ဂနွေ ဆန်းတဲ့လလည်း ဖြစ်ရမယ်၊ တနင်္ဂနွေ နေ့လည်း ဖြစ်ရမယ်၊ မျှော်လင့်ဘဲ ဥပဇ္ဈေဒကကံနဲ့ သေသွားတာမျိုး ကြုံခဲ့ ရင် အဲဒီအလောင်းကို မီးသင်္ဂြိုဟ်တဲ့အခါ မှာ သုံးတဲ့ တံစူးဝါးကို အရယူပြီး အဲဒီ ရုပ်တုကို ထုရတာတဲ့ကွ၊ ရုပ်တု ထုရင်း ရွတ်ရဖတ်ရတဲ့ဂါထာတွေလည်းရှိတယ် တဲ့ကွ၊ အဲဒီအစီအရင် အောင်သွားရင် တော့ ပီယဘက်မှာ ငါ့ဆရာလို့ ပြောရခဲ့ အတိုင်းဆိုပဲကွ၊ စွမ်းချက်ကတော့ တမ်း ကုန်တယ်ဆိုပဲကွ၊ မိန်းမ၊ ငွေကြေး စီးပွားရေး ဘာမှပြောစရာမလိုဘူးဆိုပဲ၊ ပြောသမျှမအောင်တာ မရှိစေရဘူးဆိုပဲ တာတေရ"

ကိုဗလက နဂါးဆေးပေါ့လိပ် ကလေးကို ဖွာနေပြန်ရောဗျို့၊ ကျုပ်က သူပြောတာတွေကို နားထောင်ပြီးမှ —

"ကျုပ် အဲဒီပီယတို့ အရုပ်တို့ဆိုတာ တွေကို စိတ်မဝင်စားပါဘူးဗျာ၊ ကျုပ် စိတ်ဝင်စားတာက ဒီဆရာသိုက်တူးမယ့်





www.burmeseclassic.com

www.burmeseclassic.com

တိစ္ဆကိုပါ။ ကျုပ် သူ့ဆီက ဘာကိုမှ မလိုချင်ပါဘူးဗျာ၊ သူ သိုက်တူးတာကို တွေ့ချင်မြင်ချင်တာပဲ ရှိတာပါ"

"အေး - မင်းအကြောင်းကို ငါ သိပြီးသားပါကွာ တာတေရာ၊ မင်းက စူးစမ်းချင်တာကလွဲရင် ဘာကိုမှ မက်မက်မောမော မရှိဘူးဆိုတာ ငါသိပါတယ်"

ဒီကိစ္စကို ကျုပ် တော်တော်စိတ်ဝင်စားသွားတာဗျ။ သိုက်တူးတယ်ဆိုတာကို ကြားသာ ကြားဖူးတာ၊ တစ်ခါမှ မြင်ဖူးတာ မဟုတ်ဘူး။ ပြီးတော့ - ဆရာသာလာယဆိုတဲ့လူ အခုတူးမယ့်သိုက်က ဂန္ဓာရီပညာသိုက် ဆိုပဲ၊ ကျုပ်က "ကဝေပုရပိုက်"ကြီးကို ဝင်ယူပေးရမှာဆိုပဲ၊

ဒီတစ်ပွဲတော့ တာတေနဲ့ တွေ့ကြပြီပေါ့ဗျာ၊ ကျုပ် ချက်ချင်း ဆုံးဖြတ်လိုက်တယ်၊ ကျုပ် လိုက်မယ်၊ ကဝေပုရပိုက်ကြီးကို ကျုပ် ရအောင် ဝင်ယူပေးမယ်၊ တာတေပဲဗျာ၊ ဒီလိုပွဲကြီးပွဲကောင်းမျိုးကို ဘယ်မှာ လက်လွှတ်ခံပါ့မလဲဗျာ၊

"ကဲ - ကိုဗလ ပြောဗျာ၊ ကျုပ် ဘယ်နေ့လာခဲ့ရမှာတုံး"

ကျုပ်က ရုတ်တရက် မေးလိုက်တော့ ကိုဗလတောင် အံ့အားသင့်သွားတဲ့ပုံပဲဗျ။ ပါးစပ်မှာတော့ပြီး ဖွာတော့မလိုလုပ်နေတဲ့ဆေးပေါ့လိပ်ကလေးတော[...]ပြန်ခွာလိုက်တယ်ဗျ။

"ဟာ - တာတေ၊ မင်း လာမယ်[...]ဟုတ်လား၊ လာရမယ့်နေ့က လပြည့်[...]ကွ၊ ငါလည်း လိုက်မှာပါကွ တာတေရ"

"ဗျာ - ကိုဗလပါ လိုက်မှာလား"

ကျုပ်ကကိုဗလကိုအကဲခတ်သ[...]ကြည့်ပြီး မေးလိုက်တယ်ဗျ။

"အေးကွ၊ ဒါပေမဲ့ - ငါက မင်းလို[...]တော့ သိုက်ထဲကို မဝင်ရဲဘူးကွ၊ ဆရာ[...]သာလာယက ငါ့ကို အပြင်စောင့်အနေနဲ့[...]ခေါ်ထားတာ၊ မင်းနဲ့ ဆရာသာလာယတ[...]သိုက်ထဲဝင်ရင် ငါက အပြင်စောင့်ပေ[...]ကွာ၊ ဟား - ဟား - ဟား"

ကိုဗလက ကျုပ် လိုက်မယ်လို့ပြော[...]လိုက်တော့ ဝမ်းသာသွားပုံပဲဗျ။ ပျော်ပြီ[...]တဟားဟား ရယ်နေတာဗျို့။

ကျုပ်တို့အညာသူအညာသားတွေ[...]က ဟန်ဆောင်ပန်ဆောင် မလုပ်တတ်[...]ကြဘူးလေဗျာ၊

"ကဲ - ကိုဗလ စိတ်ချလက်ချသာ[...]ပြန်ပေတော့၊ လပြည့်နေ့ရောက်ရင် မနက်စောစောထပြီး ကျုပ် လာခဲ့မယ်"

"ဟာ - ကုန်းကြောင်းမလာပါနဲ့[...]ကွာ၊ ငါ လှည်းလွှတ်ပြီး ခေါ်ခိုင်းလိုက်[...]မယ်"

[...]ဗလက ကျုပ်ကို အားနာပြီးပြော[...]

"[...]လိုပါဘူး - ကိုဗလရာ၊ ကျုပ် မိုး[...]င်ထပြီး လျှောက်လာခဲ့ပါ့မယ်၊ [...]တို့ ဆရာမနိုင်ကို နှစ်နာရီ[...]တ်ရင် ရောက်ပါတယ်ဗျာ၊ လှည်း[...]နေပါနဲ့"

[...]ဒီနေ့က ကိုဗလက ကျုပ်နဲ့စကား[...]ပြီး ညနေသုံးနာရီလောက်ထပြန်[...]တယ်ဗျ။ ကိုဗလပြန်သွားပြီးမှအမေ[...]ကိုမေးတယ်၊

"တာတေ - နင့်ဆီကိုဗလ ဘာလာ[...]တာတုံး"

"သူတို့ရွာမှာ ဆရာတစ်ယောက်[...]ပ်နေတာကို လာပြောတာ အမေ[...]"

"တဲ့ - ဘာဆရာတုံး"

"သိုက် ဆရာ လို့ ပြောတယ်[...]ရ"

"ဘာ - သိုက်ဆရာဟုတ်လား၊ တာ[...]နော် - ပေါက်ကရတွေ လိုက်လုပ်[...]နဲ့"

[...]အမေက ကျုပ်အကြောင်းကို သိပြီး[...]ဆိုတော့ စိတ်ပူပြီး ဟန့်တာပေါ့[...]

"ဟာ - မလုပ်ပါဘူး အမေရ၊ လိုက်ကြည့်ရုံပါဗျာ"

ကျုပ်က အမေစိတ်အေးအောင် ပြောလိုက်ပေမယ့် အမေကတော့ သိပြီးသားပါဗျာ၊ ကျုပ် ဘယ်လောက်စပ်စုတဲ့ အကောင်လည်းဆိုတာ အမေ သိပြီးသားပေါ့၊

❀

လပြည့်နေ့ရောက်တော့ မနက်ဝေလီဝေလင်းထပြီး ကျုပ် ထွက်လာခဲ့တယ်၊ ကျုပ်က အညာသားဆိုပေမယ့် နေပူအားကြီးကြောက်တဲ့ကောင်ဗျ၊ နေမပူခင် ဆရာမနိုင်ကို ရောက်အောင် လာခဲ့တာ၊

ဆရာမနိုင်ရောက်တော့ ရွာတောင်ပိုင်းမှာနေတဲ့ ကိုဗလတို့အိမ်ကို တန်းပြီး လာခဲ့တယ်၊ ဒီရွာမှာက ကျုပ်နဲ့ ရင်းနှီးတဲ့သူ နည်းတယ်ဗျ၊ လူငယ်ပိုင်းလောက်ပဲသိတာ၊ လူကြီးပိုင်းနဲ့သိပ်မသိဘူးဗျ၊ ခေါင်နှစ်လုံးနဲ့ ဆောက်ထားတဲ့ ကျွန်းအိမ်ကြီး မော့ကြည့်နေတုန်းမှာပဲ...၊

"ဟေ့ကောင် - တာတေ - လာကွ၊ ငါမင်းကို မျှော်နေတာ"

ဝိုင်းဝမှာဘွားခနဲပေါ်လာတဲ့ကိုဗလက ကျုပ်ကို ခေါ်တယ်ဗျ၊ ကျုပ်ဝိုင်းထဲ





www.burmeseclassic.com

www.burmeseclassic.com

ဝင်ခဲ့တယ်။ ကိုဗလတို့အိမ်ကြီးက တော်တော်ကို ကောင်းတာဗျ။ ရေနံကလည်း သုတ်ထားလိုက်တာ မည်းနက်နေတာ ဗျို့။

ကိုဗလက အိမ်ထောင်မရှိဘူးဗျ။ အသက်သုံးဆယ်ကျော်လောက်တော့ ရှိပါပြီ။ ကျန်တဲ့ ညီအစ်ကိုမောင်နှမတွေ တအိမ်ထောင်ကျပြီး အိမ်ခွဲကုန်ကြတော့ သူပဲ အိမ်မှာကျန်နေတာ။

ကျုပ်ရောက်တဲ့အချိန်မှာ ကိုဗလ တစ်ယောက်တည်းဗျ။ သူတို့ရွာက အကြော်တွေ ဝယ်ထားတာရော၊ ဆတ်သားခြောက်မီးဖုတ်ရော၊ ရေနွေးကြမ်းနဲ့ ဧည့်ခံပါတယ်၊ ကျုပ်တို့ရွာခလေ့ပေါ့ဗျာ၊

ကျုပ်လည်း အမောပြေ ရေနွေးကြမ်းသောက်ပြီး အပန်းဖြေရတာပေါ့ဗျာ၊

"ညက ကိုစစ်နိုင်တို့အိမ်ကိုရောက်တော့တောင် ဆရာသာလာယက ငါ့ကို မေးနေတယ်ကွ၊ မောင်တာတေ လာမှ သေချာရဲ့လားတဲ့ကွ၊ မင်းမလာမှာကို သူ စိုးရိမ်နေတာကွ တာတေရ"

"ကျုပ်က ကိုဗလစကားကို ကြားတော့ ပြုံးရုံပဲ ပြုံးပြလိုက်တယ်၊ စိတ်ထဲမှာတော့ ...

"ဒီလိုပွဲကြီးပွဲကောင်းမျိုးကို လ... တေဆိုတဲ့ကျုပ်ကလက်လွှတ်ခံပါ့မလ... ဗျာ"

လို့ ပြောလိုက်မိတာပေါ့။

အိမ်ကြီးက ကျုပ်တို့ အညာဓလေ... အတိုင်း ဆောက်ထားတဲ့ ခြေတံရှ... အိမ်ကြီးဗျ။ အောက်ထပ်ကိုပါ ဆင့်... ပျဉ်ခင်းထားတာ။ ဒါပေမဲ့ အိမ်ခေါင်း... မှာသာ ဧည့်သည်စောင်သည်လာ... ဧည့်ခံဖို့ သင်းဖြူဖျာကလေးတွေ ခင်း... ဗျ။ ကျန်တဲ့နေရာတွေမှာတော့ ကြ... သွန်နီတွေအပြည့် ဖုံးထားတာ၊ ကြ... သွန်နီကြီးတွေဆိုတာ တင်းပြောင်... တာဗျို့၊ အရွယ်ကလည်း ညီပါ့ဗျာ... လှရက်တော့ ပြောမနေပါနဲ့တော့ဗျာ...

"ကိုဗလတို့ကြက်သွန်တွေတော... ချက်ဗျာ"

"အေးကွ - တာတေရ၊ ဒီနှစ် ... ရွာက ကြက်သွန်တွေ အောင်ကြ... ကွ၊ စိုက်တယ်ပျိုးတယ်ဆိုတာကလ... ဝီရိယချည်း အားကိုးလို့ရတာ မဟု... ဘူးလေကွာ၊ ကံကလည်း လိုက်ဦ... တာတေရ။ ရာသီဥတုလေးကလ... သီးနှံကြိုက် ရာသီဥတုဖြစ်ဦးမှ၊ သီး... အထွက်တိုးပြီး အောင်အောင်မြင်... ဖြစ်တာမို့လား"

"ဟုတ်ပါ့ဗျာ၊ မနှစ်ကတုန်းကအဘ... ...ချင်နဲ့ လိုက်လုပ်ကြရတာ ဖတ်ဖတ် ...ကလို့ အချိန်တန်တော့ နမ်းကလေး ...နှတင်းရလို့ တုံးဗျာ၊ ဒီနှစ်တော့ ...အနှစ်ယောက် စိတ်ပေါက်ပေါက် ...ဒီဇိတို အပင်ပန်းမခံတော့တာဗျ။ ...မှ ထွက်လိုက်တဲ့နမ်းဗျာ၊ မပြော ...တော့ ကိုဗလရာ"

"အေးလေ - အဲဒါကိုငါပြောတာကွ၊ ...လာပော့ - တာတေ - ထိုင်၊ အကြမ်း ...သောက်လိုက်ဦး"

"ဆတ်သားခြောက်မီးဖုတ်ကလေး ...လို့ဗျာ"

"ရွာမြောက်ပိုင်းကဦးဘိုးထော်ကြီး ...ထဲမှာဘိတောင်တာဆတ်ကြီးတစ် ...င်မိတာကွ၊ အဲဒီဆတ်ကြီးကို တစ် ...င်လုံး အသားဆုတ်ပြီး အခြောက် ...တာ ငါလည်း နည်းနည်းဆုံလာခဲ့ ...ကွ၊ စားကွာ - နို့ - ထမင်းကြမ်းစားဦး ..."

"ဟာ - စားခဲ့ပြီဗျ ကိုဗလရဲ့၊ မနေ့က ...သားဟင်းကျန်နဲ့ စောစောထပြီး ...လာခဲ့တာ၊ တော်ပြီ - အကြမ်းလေးပဲ ...က်တော့မယ်၊ နို့ - ကိုဗလ အမေတို့ ...တို့ရော"

"မရှိကြဘူး - တာတေရ၊ မနေ့ကပဲ မြို့သွားကြတယ်၊ မြို့က အမေ့ညီမတာ လုမ်းခေါ်လို့ သူတို့တွေ မန္တလေးမှာ ပွင့်ခံရှိလို့ လိုက်ခဲ့ပါဆိုတာနဲ့ လိုက်သွားကြတာ၊ အိမ်မှာ ငါတစ်ယောက်တည်းကွ၊ ညဘက်တော့ ရွာရှေ့ပိုင်းက ငါ့ညီဝမ်းကွဲ နှစ်ယောက် လာအိပ်ပေးကြပါတယ်"

ကျုပ်က အကြော်စားလိုက်၊ ဆတ်သားခြောက်နဲ့ ရေနွေးကြမ်းကို အားရပါးရ မြည်းလိုက်နဲ့ပေါ့ဗျာ၊ ကိုဗလရဲ့ ဆတ်သားခြောက်မီးဖုတ်ကလေးက လွှတ်ကောင်းတာဗျ။ စားသောက်ပြီးတော့ အိတ်ထဲက နဂါးဆေးပေါ့လိပ်ကလေးထုတ်ဖွာလိုက်တယ်၊ ကိုဗလက သူ့မီးခတ်ကလေးနဲ့ မီးခတ်ပြီး ကျုပ်ဆေးလိပ်ကို မီးညှိပေးတယ်ဗျ။

ဆေးလေးတစ်ဝဖွာပြီးတော့ ကျုပ်က ကိုဗလကို ပြောတယ်၊

"ကဲ - ကိုဗလ၊ ကိုစစ်နိုင်တို့အိမ်ကို သွားကြစို့ရဲ့ဗျာ၊ ဟိုဆရာ ဘယ်သူဗျ"

ကျုပ်က သိုက်ဆရာရဲ့နာမည်ကို မေ့သွားလို့ မေးလိုက်တာဗျို့

"သာလာယတဲ့ - တာတေရ"

"ဩော် - အေး - သာလာယ - သာလာယ - ဟုတ်ပြီ"

"အေး - အေး - သွားကြရအောင် ဟေ့"

www.burmeseclassic.com

ကျုပ်က လွယ်အိတ်ကလေး ကောက်လွယ်လိုက်တယ်၊ ကိုဗလက ဝိုင်းနောက်ဘက်ကို ဝင်သွားပြီးတော့ –

"ဟေ့ကောင် – ငမဲ၊ အိမ်ရှေ့ထွက် လိုက်ဦး၊ ငါကိုစစ်နိုင်တို့အိမ် သွားမလို့"

"ဟုတ်ကဲ့ – ကိုကြီးဗလ၊ သွား – သွား – ကျုပ် ခုပဲ ထွက်လာမှာ"

"ငမဲဆိုတာ ဘယ်သူတုံးဗျ"

"ငမဲဆိုတာ လှည်းကောက်ကကွ၊ သူ့အဖေနဲ့ ငါနဲ့က သူငယ်ချင်းတွေပါ၊ နည်းနည်းပါးရှားကြတော့ ငါခေါ်ထားပြီး အိမ်အလုပ်ကလေး ဟိုနိုင်း ဒီနိုင်းပေါ့ ကွာ၊ နွားစာစဉ်း၊ ရေစည်တိုက်၊ ပြောင်းရိုး ခိုတ်ပေါ့ကွာ၊ တစ်ခါတလေတော့လည်း ဖဲနတ်၊ နမ်းနတ်လိုက်တဲ့အခါလိုက်ပေါ့ ကွာ"

"အင်း – ကောင်းတာပေါ့ ကိုဗလ ရာ၊ သူလည်း လုပ်တတ်ကိုင်တတ် ဖြစ် လာတာပေါ့ဗျာ"

ကျုပ်နဲ့ ကိုဗလ ကိုစစ်နိုင်တို့ အိမ် ဝိုင်းထဲကို ရောက်တော့ ...

"ဟော – လာပါပြီဗျာ၊ ပွဲတိုင်းကျော် တဲ့ ကိုတာတေပါပဲဗျာ"

ကိုစစ်နိုင် အိမ်ပေါ်ကနေ လှမ်း အော်ပြောတယ်ဗျ။ ကိုစစ်နိုင်ဆိုတဲ့ လူက ပိန်ပိန်ရှည်ရှည်နဲ့၊ အသားလတ် လတ်ဗျ။ လူက အားကြီးပျော်တတ်တာ ရယ်စရာလည်း လွှတ်ပြောတဲ့လူဗျ၊ သူ့ ဆိုရင် လူချစ်လူခင်ကလည်း ပေါ့ဗျ ဗျာ။

ကိုစစ်နိုင်တို့အိမ်ကတော့ သိပ် ကြီးကြီးမဟုတ်ဘူးဗျ၊ ကျုပ်တို့ အိမ်ပေါ် တက်လိုက်တော့ ခေါင်းရင်းမှာ အခန့် သားထိုင်နေတဲ့လူတစ်ယောက်က ကျုပ် ကိုပြုံးပြီး နှုတ်ဆက်တယ်၊ လူပုံကတော့ အခန့်သားဗျ၊ နှုတ်ခမ်းမွေးစစနဲ့၊

"လာပါ – မောင်တာတေ၊ ကျုပ် မောင်တာတေကို စောင့်နေတာပါ၊ မောင်ရင့်သတင်းတော့ ကျုပ် ကြားဖြီး ပါပြီလေ၊ အခုလို ကျုပ်ကို လာပြီး ကူညီ တာကို ကျုပ်ဖြင့် ဝမ်းသာလှပါရဲ့ကွယ်"

"စိတ်ချပါ – ဆရာ၊ ကျုပ်ကလည်း ဒီလိုကိစ္စမျိုးဆိုရင် လွှတ်စိတ်ဝင်စားတာ ဗျ"

"ဟာ – အင်မတန်ကို စိတ်ဝင်စားဖို့ ကောင်းတာကွဲ့၊ ဒီလိုပညာသိုက်ကြီး တွေက ကမ္ဘာပေါ်မှာ အားလုံးပေါင်း ဆယ့်တစ်ခုပဲ ရှိတာ၊ တို့နိုင်ငံမှာ အထင် ကရသုံးခု ရှိတာကွဲ့၊ အခု ဆရာမနိုင်က သိုက်က တစ်ခုပေါ့ မောင်တာတေ၊ ဒီ သိုက်မှာရှိတဲ့ ကဝေပုရပိုက်မှာ အဆင့် မြင့်ပညာတွေ ပါတယ်ကွဲ့၊ ဒါကြောင့်



ထည်း ဂမ္ဘီရသိုက်လို့ ရှေးဆရာကြီးတွေက ခေါ်သွားကြ တယ်"

"ခြော် – ဘယ်လိုပညာတွေများ ပါလို့မို့ ဆရာ"

"အင်း – မောင်တာတေ နားလည်အောင် ပြော ရရင် ကိုယ်ပျောက်တဲ့ ပညာ မျိုးပေါ့ကွာ"

"ဗျာ – ကိုယ်ပျောက်တယ် ဟုတ် လား – ဆရာ"

"ဟုတ်တယ် – မောင်တာတေ၊ တကယ်တော့ ကိုယ်ပျောက်တာမဟုတ်ဘူးကွဲ့၊ ကိုယ်ဖော့ပြီး ခုန်သွား တာပါ၊ ခုန်တာ မြန်လွန်းတော့ ကိုယ်ပျောက်သွားသလို ထင်ရတာပေါ့၊ အဝေးကြီးကို ရောက်အောင် ခုန်နိုင် တာကွ၊ အမြင့်ကြီးတွေကိုလည်း ခုန်တက်နိုင်တယ်၊ မျက်စိအောက်ကနေ ဖျတ်ခနဲ ဖျတ်ခနဲ ပျောက်သွား တာဆိုတော့ ကိုယ်ပျောက်သွားတာလို့ပဲ ထင်ရတာ ပေါ့လေ"

ဟာ – အကောင်ကြီးတွေ
နည်းတာမှမဟုတ်တာ။
ခေါင်းအကြီးကြီးတွေ၊
လျှာတစ်လစ်ကြီးတွေ၊
မျက်လုံးကြီးတွေများ
ဟင်းသောက်ပန်းကန်လုံး
လောက်ကို ရှိတာဗျို့။
နီနီရဲရဲကြီးတွေဗျ။
အားလုံး အကောင်ငါးဆယ်
လောက်ရှိတယ်။
လက်ထဲမှာလည်း
တင်းပုတ်ကြီးတွေ ကိုင်လို့ဗျ။
တချို့က တင်းပုတ်ကြီးတွေကို
ပခုံးမှာထမ်းပြီး ရပ်နေတယ်။
တင်းပုတ်တွေကို ကျုပ်
သေသေချာချာကြည့်တော့
ကျောက်တင်းပုတ်တွေဗျ ...



www.burmeseclassic.com

www.burmeseclassic.com

"ဪ - ဒီလို ပညာမျိုးတွေ တကယ်ရှိနေတာကိုး"

"ရှိပါပြီလား - မောင်တာတေရယ်၊ အခုပြောတာက အဲဒီပုရပိုက်ထဲမှာပါတဲ့ ပညာတစ်ခုပဲ ရှိသေးတာ၊ သူ့ထက်စွမ်းတဲ့ ပညာတွေလည်း ပါတယ်ကွ၊ ဥပမာ ကြေးကနေ ရွှေဖြစ်အောင်လုပ်တဲ့ပညာမျိုးပေါ့ကွာ"

"ဗျာ - ကြေးကနေ ရွှေဖြစ်တယ်၊ ဟုတ်လား ဆရာ"

"ဟုတ်ပါပြီလား၊ မောင်တာတေရယ်၊ တကယ်ကိုဖြစ်တာကွ၊ အဲဒါကြောင့်လည်း ဒီပုရပိုက်ကို သိုက်ကြီးနဲ့ ဝှက်ထားပြီး အစောင့်တွေနဲ့ စောင့်ကျပ်နေတာပေါ့ကွဲ့"

"ဒီဆရာမနိုင်သိုက်ကို တူးဖူးတဲ့ လူတွေ ရှိသလား - ဆရာ"

"ဟာ - ရှိတယ်ကွ၊ ရှိတယ်၊ ဒါပေမဲ့ အောင်တဲ့လူတော့ တစ်ယောက်မှ မရှိဘူး၊ ရေကူးပြီး ပြန်ရတဲ့ လူတွေ များတယ်"

"ဟင် - ဟုတ်လား - ဆရာ"

"အေး - ဟုတ်တယ်ကွဲ့၊ ကွင်းပြင်ကြီးကို ရေပြင်ကြီးမှတ်ပြီး ဝမ်းလျားထိုးကူးကြတာဆိုပဲ၊ မနက်လင်းလို့နေထွက်လာတော့မှ ဒူးတွေ လက်တွေ စုတ်ပြဲ ကုန်လို့ ဆိုပဲကွ"

"စိတ်မရှိပါနဲ့ - ဆရာ၊ ကျုပ်တစ်ခု မေးပါရစေ"

"မေးပါ - မောင်တာတေ၊ မေး..."

မောင်တာတေက ကျုပ်ကို အခုမှ မြင်ဖူး... တာပဲ၊ ကျုပ်ကို ယုံပြီး အသက်စွန့်လိုက် လိုက်ရမယ့်လူလေ၊ သိချင်တာကို အား မနာဘဲ မေးနိုင်ပါတယ် မောင်တာတေ"

"ဆရာကတော့ ဒီသိုက်ကို နိုင်မယ် လို့ထင်လား - ဆရာ"

"ဟား - ဟား - ဟား - ဟား - သိပ် မေးထိုက်တဲ့မေးခွန်းပါ - မောင်တာတေ မောင်ရင့်ကို ကျုပ်က ကြားဖူးထားတာ ထက်တောင် ပိုပြီးသဘောကျသွားပြီ ကွဲ့"

"စိတ်မရှိပါနဲ့ - ဆရာ"

ကျုပ်က မေးသာ မေးရတာဗျ၊ စိတ်ထဲတော့ အားနာမိသားပဲ၊

"ဟာ - မရှိပါဘူးကွာ၊ မရှိပါဘူး၊ ဒီကိစ္စအတွက် စိတ်ချပါတာတေ၊ ကျုပ် သိုက်စောင့်တွေ၊ နာနာဘာဝတွေ၊ မကောင်းဆိုးဝါးတွေကို နိုင်ပါတယ်၊ ကဲ - ကျုပ် မောင်တာတေကို လက်တွေ့ ပြပါ့မယ်"



ဆရာသာလာယက ပြောပြောဆို ...အင်ဖျည့်ခွေလိုက်တယ်ဗျ၊ တကယ့် ...နံပါးနဲ့ ထိုင်လိုက်တာဗျ၊ ပြီးတော့ ...ည်ပင်းမှာ ပတ်ထားတဲ့ ပဝါစဖြူဖြူ ...လေးကို ဖြုတ်ယူပြီး ကြမ်းပြင်ပေါ်မှာ ...ချလိုက်တယ်၊ ပြီးတော့မှ အထုပ် ...လေးလို ထုပ်လိုက်ပြီး အထုပ်လေးကို ...လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်လိုက်တယ်၊ ...တော့ ပဝါထုပ်ကလေးကို ဆုပ်ကိုင် ...တဲ့ လက်နှစ်ဖက်ကို သူ့နဖူးပေါ်မှာ ...ပြီးတော့ ပြောရောဗျို့

"သုံးသေတ္တာချောင်းသိုက်ကိုစောင့် ...တဲ့ ညီအစ်မနှစ်ဖော်ဖြစ်တဲ့ ရွှေပွင့်နဲ့ ...ပွင့်ခင်ဗျာ၊ ဆရာသာလာယ အမိန့် ...လိုက်တယ်၊ သိုက်ထဲက အဖိုးတန် ...မှာ လက်တစ်ဆုပ်စာကို ခဏငှား ...ပါ၊ ခဏအတွင်း ဆရာ ပြန်ပို့ပေး ...ယ်"

ဆရာသာလာယကအဲဒီလိုပြောပြီး ...တိုးတိုးတိုးနဲ့ ဆက်ပြောသေးတယ် ...

"ကဲ - ရတနာတွေ ရောက်ပြီဟော့၊ ...အင်တာတေရေ၊ ဟောဒီမှာ ကြည့်ပေ ...တော့ကွဲ့"

ပြောပြောဆိုဆိုနဲ့ ပဝါဖြူကလေးကို ...ကြမ်းပြင်မှာ ဖြန့်ပြတယ်၊

"ဟာ - လှလိုက်တဲ့ ရတနာတွေ ဗျာ"

ဘေးမှာ ထိုင်နေတဲ့ ကိုစစ်နိုင်ကြီး က ဝင်ပြောတာဗျ၊

"ကိုစစ်နိုင် ဒီရတနာတွေက တစ်လုံးတစ်လုံးကို သိန်းချီတန်တာကွဲ့၊ စိတ်နဲ့တောင် မပြစ်မှားနဲ့ဟော့၊ နှောင်ဘုရားပွင့်ရင် ကျောင်းတော်ကြီးတွေဆောက်ဖို့ လှူထားကြတာကွဲ့"

"ဆရာ အခုလို ယူလိုက်တော့ လည်း ရတာပါပဲလား"

ကျုပ်က ဆရာသာလာယကို ပြောလိုက်တော့ ဆရာက သူရဲ့နှုတ်ခမ်းမွေး စစကလေးကို တွန့်သွားအောင်ပြုံးလိုက် ပြီး ပြောသဗျ၊

"ဘယ်ကလာ ယူလို့ရမှာလဲ မောင်တာတေရယ်၊ အစောင့်တွေပါလာတာကွဲ့၊ မဟုတ်တာလုပ်လို့ကတော့အသက် ဘယ်လို ထွက်သွားမှန်းတောင် သိမှာ မဟုတ်ဘူးကွဲ့"

"ဟင် - အစောင့်တွေ ပါလာတယ် ဟုတ်လား - ဆရာ"

"ဘာလဲ၊ မောင်တာတေက မယုံလို့ လား၊ ကဲ - နင်တို့မောင်လေး ဖက်ခြော လေးနည်းနည်းနှိပ်ပေးလိုက်ကြပါကွယ်၊ ရွှေပွင့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟာ - တကယ်နှိပ်တာဗျို့၊ ဆရာသာလာယစကားလည်း ဆုံးရော၊ ကျုပ်ဇက်ကြောကို နောက်ကနေ နှိပ်တော့တာပဲဗျ။ ဒါပေမဲ့ ခပ်ဖွဖွကလေးပါ။ ကျုပ်သိတာပေါ့ဗျ။ အထိအတွေ့က တော်တော်ကို နူးညံ့တာဗျို့၊ မိန်းမလက်ဗျ၊ ကျုပ်ဇက်ကြောကို ခပ်ဖွဖွ နှိပ်ပေးနေတာ၊ ကျုပ်မျက်စိကတော့ ပဝါထဲက ရတနာတွေကို ကြည့်နေတာပေါ့ဗျာ၊

နီရဲနေတဲ့ ပတ္တမြားလုံးလေးတွေ၊ ပြာလဲ့နေတဲ့ နီလာကျောက်တွေ၊ စိမ်းတောက်နေတဲ့ မြတွေ၊ ဖွေးဆွတ်နေတဲ့ စိန်တွေကို ကြည့်ရင်းနဲ့ ကျုပ်စိတ်ထဲမှာ ပတ္တမြားတစ်လုံးလောက် ရရင်တော့ လက်စွပ်ကလေး ကွင်းဝတ်ချင်လိုက်တာလို့ တွေးလိုက်မိတာဗျို့။

"အား - အောင်မယ်လေး - သေပါပြီဗျ"

ကျုပ် ယောင်ပြီး အော်ထည့်လိုက်တာဗျို့။ ကျုပ် ဇက်ကြောကို ဖွဖွကလေး နှိပ်နှိပ်ပေးနေတဲ့ လက်နုနုကလေးက သံချောင်းလို ချက်ချင်းမာသွားပြီး ကျုပ်ဇက်ကြောကို ညှစ်လိုက်တာဗျာ၊ အကြောတွေပြတ်တောက်သွားသလားမှတ်ရတယ်၊ ဘာပြောကောင်းမလဲ၊ ကျုပ်လည်း ကုန်းအော်ပစ်လိုက်ရော ဗျို့။

"ဟား - ဟား - ဟား - မောင်ထ တေရဲ့စိတ်က ဖောက်ပြန်သွားတာ ကွဲ့၊ ကျုပ်ပြောသားပဲ၊ စိတ်နဲ့ တော မပြစ်မှားပါနဲ့ဆိုတာ၊ ကဲ - ကဲ - မောင်ထ တေလည်း ယုံသွားပါပြီလေ၊ မရှေ့ပွင့်ထ ညီအစ်မရတနာတွေယူပြီး ပြန်နိုင်ကြ ပြီ၊ ကျေးဇူးတင်ပါတယ်ဗျာ"

ပဝါထဲက ရတနာတွေကို ဆရာ သာလာယက အထုပ်ကလေး ပြန်ထုပ် လိုက်ပြီး ပဝါကို ခါပြလိုက်တယ်၊ တော ဗျာ၊ စောစောက ရတနာတွေ မရှိတော့ ဘူးဗျို့၊ ကျုပ်ဖြင့် ဆရာသာလာယကို တော်တော်ကို အထင်ကြီးသွားတာ လွှတ်စွမ်းတဲ့လူပဲဗျာ၊ ကျုပ်လည်း ဇက် ကြောတွေ ခုထိနာနေတုန်းဗျ၊

❀

ည ၉ နာရီကျော်တော့ ဆရာသာ လာယရယ်၊ ကျုပ်ရယ်၊ ကိုဗလရယ် - ရွာ မြင်ကို ထွက်လာခဲ့တယ်ဗျ၊ ကျုပ် တွေး သလိုသိုက်တူးဖို့ပေါက်တူးတွေ၊ ဂေါ်ပြား တွေ၊ တူးရွင်းတွေ မပါဘူးဗျ၊ ဆရာသာ လာယက ဆေးလွယ်အိတ်ကလေးတစ် လွယ်ထားတာ၊ လကလည်း ထိန် အောင် သာတာဗျ၊ ဆရာသာလာယ ရှေ့ကနေ သုတ်သုတ်သွား၊ ကျုပ်တို့ လည်း နောက်ကနေ သုတ်သုတ် လိုက်ရတာပေါ့ဗျာ၊

ဆရာမနိုင်ရွာရဲ့အနောက်ဘက်မှာ ောင်ကမူလေးတွေ ရှိတယ်ဗျ၊ အဲဒီ ရောက်တော့ ဆရာသာလာယက နဲ့ ရပ်လိုက်တယ်၊ ကျုပ်တို့လည်း ိုက်ရတာပေါ့ဗျာ၊

ဆရာသာလာယက ကိုဗလကို ပြီး စည်းဝိုင်းတစ်ခု ဝိုင်းတယ်၊ ပြီး ော့ - ဂါထာလေးတွေ ရွတ်တယ်ဗျ၊

"တဲ - မောင်ဗလက ဒီစည်းဝိုင်းထဲ နေခဲ့၊ ဒီစည်းဝိုင်းအပြင်ကို ဘာ ကြောင်းရှိရှိ မထွက်နဲ့၊ ဒီစည်းဝိုင်းထဲ ဘယ်လိုသတ္တဝါမှ မဝင်နိုင်ဘူး၊ ကြား - မောင်ဗလ၊ ဘယ်သူတွေ လာပြီး လောက်ခြောက်ခြောက်လှန့်လှန့် ကြောက်နဲ့၊ ဂုဏ်တော်ကိုပဲ ရွတ်နေ၊ လား"

"တုတ်ကဲ့ - ဆရာ - စိတ်ချပါ"

"တဲ - မောင်တာတေက ကျုပ်နဲ့ ခဲ့ပေတော့၊ ဒီကမူတွေအဆုံးမှာ ကြီးရှိတယ်ကွဲ့"

ပြောပြောဆိုဆိုနဲ့ ဆရာသာလာယ က ရှေ့ကသွားတော့ ကျုပ်က ပုဆိုးတိုတို ဝတ်ပြီး နောက်က လိုက်ရတာပေါ့ဗျာ၊

"ကဲ - မောင်တာတေ၊ စိတ်နိုင်နိုင် ထားပေတော့၊ ကျုပ် သိုက် ဖွင့်တော့ မယ်"

ဆရာသာလာယက သူ့ဆေး လွယ်အိတ်ထဲက အင်းချပ်တစ်ချပ်ကို နှိုက်ယူလိုက်တယ်၊ ပြီးတော့ - ပါးစပ်က ဂါထာတွေကို တရစပ် ရွတ်တော့တာပဲ ဗျို့။

"စုဠဂန္ဓာရီ ငါဆရာ သာလာယရဲ့ အမိန့်ပြန်တမ်းကြောင့် ဆရာမနိုင်၊ ဒါ သာနိုင်တယ်၊ ဂန္ဓီရသိုက် အခုချက်ချင်း မြေပထဝီအထက်မှာ အထင်အရှား ပေါ်လာစေ"

"ဝုန်း"

ဟာ - ပေါ်ပြီဗျို့ - ပေါ်ပြီ၊ ဆရာသာ လာယက အမိန့်ပေးပြီး အင်းနဲ့ ပစ်လိုက်တာ "ဝုန်း" ဆိုတဲ့အသံကြီးနဲ့ မီးခိုးတွေ အလုံးလိုက် ထလာလိုက်တာ၊ အိမ်ကြီး တစ်လုံးစာတောင် မကဘူးဗျ၊ မီးခိုး တွေလည်း တဖြည်းဖြည်း စဲသွားရော ဟာ တိုက်ဖြူဖြူကြီးတစ်လုံးနဲ့ အထင် ကရကြီးကို ပေါ်လာတာဗျ၊ တံခါးအနီ

www.burmeseclassic.com

ကြီးတာတော့ ပိတ်ထားတာဗျို့၊ ဆရာသာလာယက လွယ်အိတ်ထဲက အင်းတစ်ချပ် ထပ်ထုတ်ပြီး ဂါထာတွေ ရွတ်ပြန်ရောဗျို့၊ ဂါထာတွေလည်း ဆုံးရော၊

"ငါဆရာ သာလာယ အမိန့်၊ ချင်းဆိုချင်း၊ နင်းဆိုနင်း၊ ရောက်ဆိုရောက်၊ ပျောက်ဆိုပျောက်"

"ဝုန်း - ဝုန်း"

ဟာ - ပစ်ပြီဗျို့ - ပစ်ပြီ၊ အင်းနဲ့ စပစ်ထည့် လိုက်တာ၊ တံခါးနီကြီးနှစ်ချပ် "ဝုန်း - ဝုန်း" ဆိုမြည်ပြီး ပွင့်သွားရောဗျို့၊ ဟင် - အဆောက်အအုံ က အထဲမှာ အကျယ်ကြီးဗျ၊ မီးတိုင်တွေ ထွန်းထားတာ လင်းထိန်နေတာဗျို့၊

"ကဲ - လာ - မောင်တာတေ၊ ဝင်ကြစို့ရဲ့ မကြောက်နဲ့နော်"

"ဟာ - မကြောက်ပါဘူး - ဆရာ"

မကြောက်ဘူးလို့သာ ပြောလိုက်ပေမယ့် ကျုပ် ကျောထဲကတော့ စိမ့်ခနဲ စိမ့်ခနဲ နေတာဗျို့၊ ကျုပ်လည်း ပုဆိုးကို ကပျာကယာ ခါးတောင်းကျိုက်လိုက်ပြီး ဆရာသာလာယ နောက်ကနေ လိုက်ခဲ့တာပေါ့ဗျာ၊

ဟာ - အကောင်ကြီးတွေ နည်းတာမှမဟုတ်တာ၊ ခေါင်းအကြီးကြီးတွေ၊ လျှာတစ်လစ်ကြီးတွေ၊ မျက်လုံးကြီးတွေများ ဟင်းသောက်ပန်းကန်လုံ… လောက်ကို ရှိတာဗျို့၊ နီနီရဲရဲကြီးတွေ… ဗျ၊ အားလုံးအကောင်ငါးဆယ်လော… ရှိတယ်၊ လက်ထဲမှာလည်းတင်းပုတ်ကြီး… တွေ ကိုင်လို့ဗျ၊ တချို့က တင်းပုတ်ကြီး… တွေကို ပခုံးမှာထမ်းပြီး ရပ်နေတယ်… တင်းပုတ်တွေကို ကျုပ် သေသေချာချာ… ကြည့်တော့ ကျောက်တင်းပုတ်တွေ… ဘုရား - ဘုရား ဒီတင်းပုတ်ကြီးတွေ… သာ ဗိုင်းထုလိုက်လို့ကတော့ အစအန… တောင် ကျန်မှာမဟုတ်ဘူးဗျို့၊ ကျုပ်… ခါးတောင်းကျိုက်ကြီးနဲ့ ကြက်သီးတွေ… တဖြန်းဖြန်း ထနေတာဗျာ၊

ဟာ - ဒီအကောင်တွေရဲ့နောက်… ဘက် ခပ်လှမ်းလှမ်းက အုတ်ပလ္လင်ကြီး… ပေါ်မှာ ခြေထောက်ကြီးတွေ တွဲလော… ချပြီး ထိုင်နေတဲ့အကောင်ကြီးက ဘီလူး… လား၊ သဘက်လားတော့ မသိဘူး… ရှေ့က ရပ်နေတဲ့အကောင်တွေရဲ့အရွယ်… နှစ်ဆလောက်ရှိတဲ့ အကောင်ကြီး… လက်ထဲမှာလည်း ကျောက်တင်းပုတ်… ကြီး ကိုင်လို့ဗျ၊ မျက်လုံးနီနီကြီးတွေ… ကျုပ်တို့ကို စိုက်ကြည့်နေတာဗျို့၊ … ဘေးက နံရံမှာ စိုက်ထားတဲ့ မီးတိုင်ကြီး… က အလင်းရောင်အောက်မှာ ပါးစပ်ကြီး… ဟထားလိုက်တာ အစွယ်ကြီးတွေမှ…



…နေတာပဲဗျာ၊ ဟာ - ဆရာသာလာယ …ပြောတဲ့ ကဝေပုရပိုက်ဆိုတာ ဒါပဲထင် …တယ်၊ ပလ္လင်ပေါ်က သဘက်ကြီး ပါးစပ် …ထဲမှာ ကိုက်ထားတာပဲ၊ အလို - ဘုရား …ရေ၊ ဒီပုရပိုက်ကို ကျုပ် ဘယ်လိုယူရမှာ …ပါလဲဗျာ၊

"မောင်တာတေ - သတိထားနော်၊ …တ်ဖမ်းအင်းတော်ကြီးကို ကျုပ် ပစ် …တော့မယ်၊ ကျုပ်အချက်ပေးလိုက်တာနဲ့ …န်းပြေးပြီး သဘက်ကြီးပေါင်ပေါ်ကို …တက်လိုက်၊ ပြီးရင် - ပုရပိုက်ကိုယူပြီး …ချခဲ့ပေတော့၊ ကဲ - ပစ်ပြီဟေ့"

စကားဆုံးတာနဲ့ ဆရာသာလာယ …တင်းပုတ်ကိုင် သရဲကြီးတွေဘက်ကို …အင်းတစ်ချပ်ပစ်သွင်းလိုက်ရောဗျို့၊

"ရှီ - ဝုန်း"

အင်းချပ်က လေထဲမှာဝှီခနဲ ပျံထွက် …သွားပြီး ဝုန်းခနဲ မြည်သွားတယ်ဗျို့၊

ဟာ - ဝင်းခနဲ - ဝင်းခနဲ ဖြစ်သွား …တယ်၊ အလိုတင်းပုတ်ကိုင်သရဲကြီးတွေ …ပတ်ကို ဆုတ်သွားပြီဗျို့၊ ဟာ - ကြိုးနဲ့ …ထားသလိုဖြစ်ပြီး ရုန်းနေကြတာ …

"အီး - အီး - အား - အီး"

ဟာ - ပါးစပ်ကြီးတွေလည်းဖြဲပြီး အော်နေကြတာဗျို့၊ အို - ပလ္လင်ပေါ်က သဘက်ကြီးလည်း အဲဒီအတိုင်း ဖြစ်နေတာဗျ၊ ကြိုးတုပ်ထားလို့ ရုန်းသလို ရုန်းနေတာ၊ ဆရာသာလာယက လက်နှစ်ဖက်ရှေ့ဆန့်ပြီး တစ်ခုခုကို ထိန်းချုပ်နေတဲ့ပုံမျိုးဗျ၊

"တာတေ - သွားတော့"

ကျုပ် လှစ်ခနဲ ပြေးဝင်တယ်၊ ဘာမှ တွေးမနေတော့ဘူးဗျာ၊ ပလ္လင်ပေါ်မှာ ထိုင်နေတဲ့ သဘက်ကြီးရဲ့ပေါင်ပေါ်ကို လွှားခနဲ ကျုပ် ခုန်တက်လိုက်တယ်၊

ဟာ - ကျုပ်အရပ်နဲ့ အတော်ပဲဗျို့၊ ပါးစပ်ကြီးဟနေတဲ့သဘက်ကြီးကတော့ ရုန်းနေတာဗျို့၊ ကြိုးနဲ့တုပ်ထားလို့ ရုန်းနေတဲ့ပုံစံဗျ၊ ကျုပ်လည်းဘာမှတွေးမနေတော့ဘဲ ဟနေတဲ့ သူ့ပါးစပ်ထဲက ကြေးပုရပိုက်အထပ်ကြီးကို ဆတ်ခနဲဆွဲယူပြီး အောက်ကို ခုန်ချလိုက်တယ်၊ ပြီးတော့ ဆရာသာလာယဆီကို တန်းပြေးတာပေါ့ဗျာ၊ ဒီမှာတင် လုံးဝထင်မထားတာ ဖြစ်တော့တာဗျို့၊

ဆရာသာလာယရဲ့ နောက်မှာ အစိမ်းရောင်ဝတ်စုံ ဝတ်ထားတဲ့မိန်းမ တစ်ယောက်က ဆရာသာလာယကို ဖက်ထားတယ်ဗျ၊ တော်တော်ကိုလှတဲ့



www.burmeseclassic.com

www.burmeseclassic.com

မိန်းမချ၊ အသားကို ဝင်းအိနေတာ၊ ဆရာသာလာယက ရှေ့ကိုဆန့်ပြီး သရဲ့ သဘက်တွေကိုထိန်းချုပ်ထားတဲ့လက်ကြီးနှစ်ဖက်က တဆတ်ဆတ်တုန်နေရောဗျို့။

ကျုပ်ဖြင့် ပါးစပ်ဟောင်းလောင်းဖြစ်သွားတာပေါ့ဗျာ၊ လက်ထဲက ကြေးပုရပိုက်ကြီးကိုဘာလုပ်ရမှန်းမသိတော့ဘူးပေါ့ဗျာ၊ ဆရာသာလာယရဲ့မျက်လုံးတွေကတဖြည်းဖြည်းမှိတ်သွားပြီးအရမ်းလှတဲ့မိန်းမရဲ့အထိအတွေ့မှာ သာယာသွားတဲ့ပုံပါပဲဗျာ၊ ရှေ့ကိုဆန့်ထားတဲ့ လက်နှစ်ဖက်လည်း ပျော့ပြီးအောက်ကိုကျလာတယ်၊ သူ့ကို ဖက်ထားတဲ့ မိန်းမက ဆရာသာလာယကိုသူ့လက်ဝါးမြမြတွေနဲ့ ပွတ်သပ်နေတာဗျ။

ဟာ - လွတ်ကုန်ပြီဗျို့၊ သရဲတွေရော၊ ပလ္လင်ပေါ်က သဘက်ကြီးရော၊ အားလုံးလွတ်သွားပြီ၊ တင်းပုတ်ကြီးတွေကိုင်ပြီး ကျုပ်ဆီကို တန်းလာနေကြပြီဗျို့၊ ကျုပ်လည်းဘာလုပ်ရမှန်းမသိတော့ဘဲ ဒူးတွေ တဆတ်ဆတ် တုန်နေရောဗျို့။

"ဆရာသလာယ၊ သတိထား"

ကျုပ် အသံကုန်အော်လိုက်တယ်၊ ဒါပေမဲ့ - ကျုပ်အသံက နည်းနည်းမှကိုထွက်မလာတာဗျ၊ ကျုပ် ထပ်အော်တယ်၊

"ဆရာသလာယ - သတိထား"

မထွက်ဘူးဗျ၊ ကျုပ်ဘယ်လောက်အော်အော် အသံက အပြင်ကိုထွက်ကိုမလာတာဗျ၊ အကောင်ကြီးတွေ ကျုပ်နဲ့ တော်တော် နီးလာပြီဗျ၊

ကျုပ် ဘာမှ မတတ်နိုင်ဘူးလေဗျာ၊

"ဗုန်း"

လက်ထဲက ကြေးပုရပိုက်ကြီးကိုကြမ်းပြင်ပေါ် ပစ်ချလိုက်တယ်၊ ပြေးပြီ၊ နောက်ကို ရှာခနဲလှည့်ပြီး ကျုပ်တစ်ချိုးတည်း ပြေးပြီ၊

"အီး - အီး - အီး - အီး"

ဟာ - တင်းပုတ်ကြီးတွေမြှောက်ပြီးအကောင်ငါးဆယ်လောက် ကျုပ်နောက်ကိုလိုက်လာပြီဗျို့၊

"အီး - ဂူး - ဂူး - အီး"

ဟာ - ဒါ - ပလ္လင်ပေါ်က သဘက်ကြီးရဲ့အသံပဲဗျ၊ ကျုပ်ပြေးရင်းနဲ့နောက်ကိုတစ်ချက်လှည့်ကြည့်လိုက်တယ်၊

ဟာ - ထုချလိုက်ပြီဗျို့၊ သဘက်ကြီးက သူ့တင်းပုတ်ကြီးကို လေထဲမှာမြှောက်ပြီး ဆရာသာလာယရဲ့ ခေါင်းတည့်တည့်ကို ထုချလိုက်တာဗျာ၊



ကျုပ်လည်း လေထဲမှာ လွင့်နေအောင်ကို ပြေးရတော့တာပေါ့ဗျာ၊ အဆောက်အအုံက အရှည်ကြီးဗျ၊ ကျုပ်တံခါးဝကို ရောက်တော့ တံခါးနီကြီးနှစ်ချပ်က ပိတ်တော့မလို ရွေ့လာနေပြီဗျ၊ ကျုပ်လည်း တံခါးပေါက်ကို လွှားခနဲ ခုန်ချော်လိုက်ရတာပေါ့ဗျာ၊

"ကိုဗလ - ပြေး - ပြေး"

ကျုပ် အော်သံကိုကြားတော့ ကျုပ်တို့ကို စောင့်နေတဲ့ စည်းဝိုင်းထဲက ကိုဗလလည်း ရှာခနဲလှည့်ပြီး တစ်ချိုးတည်း ပြေးရောဗျို့၊

"ဝုန်း - ဝုန်း - ဝုန်း"

ကျုပ်တို့နောက်ကတဝုန်းဝုန်းအသံတွေကြားနေပေမယ့်ကျုပ်တို့နောက်ကိုလှည့်မကြည့်တော့ဘဲ ရွာအရောက်ပြေးကြရတာပေါ့ဗျာ၊ ထူးခြားတာဆိုလို့ဘာတစ်ခုမှ မတွေ့ရပါဘူး၊

ဆရာသာလာယဆိုတဲ့ စုဋ္ဌဝန္နာရှိကြီးကတော့ အဲဒီညကစပြီး လူ့လောကထဲကနေ အပြီးပျောက်သွားတော့တာပေါ့လေ၊ ဩော် - ဆရာမနိုင်လို့ခေါ်တိုက်ပါပေရဲ့၊ အဲဒီနေ့မှာပဲ ကိုဗလက ကျုပ်ကိုသူ့လှည်းနဲ့ ရွာအထိ ပြန်ပို့ပေးခဲ့ပါတယ်ဗျာ၊

| | |
|---|---|
| ကျွဲရ လော က သေး မြှ တို | ယားနာ<br>▶ ခံပင်၏အမြစ်ကို ရေ (သို့မဟုတ်) နမ်းဆီနှင့်ရော၍ သွေးလိမ်းပါ။<br>▶ ကျွန်းသီးကို ဆီနှင့် သွေးလိမ်းပါ။<br>▶ ကြွက်နပေါင်းမြစ်မှုန့်ကိုသကြားနှင့်စပ်၍သောက်ပေးပါ။<br>▶ အရေပြားပေါ်တွင် အဖုအပိမ့်များ ဖြစ်ပေါ်၍ ယားယံလာလျှင် ကောက်ရိုးနွယ်ကို ထုထောင်းပြီး အရက်ညှစ်၍ သုတ်လိမ်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်မနှင့် ထူးဆန်းသောဂမုန်းပင်များ

**အောင်ဇာသက်ဝေ**

တစ်နေ့သော ကျောင်းပိတ်ရက် ခုတွင်ကျွန်မနှင့်ကျွန်မ၏မိခင်သည် နောက်ဖေးမီးဖိုချောင်၌မုန့်ဟင်းခါး တ်စားရန် ငါးအသားနွှာ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ချင်းအခွံသင် စသည်ဖြင့် းအမိနှစ်ယောက် လက်မလည် အောင် အလုပ်ရှုပ်နေစဉ် အိမ်ရှေ့ ခါးဝမှ အသံကျယ်ကျယ်ဖြင့် အော် လိုက်သည့်အသံကြောင့် သားအမိ ယောက် တစ်ယောက်မျက်နှာ တစ် ာက် လှမ်းကြည့်ရင်း ကျွန်မက ပြေးအလွှားသွား၍ အိမ်ရှေ့တံခါးကို င့်လိုက်ရာ ...

"တယ် - ဘဘပါလား၊ မေမေရေ - ဘဘ လာလည်တယ်"

ဘဘဆိုသည်မှာ ကျွန်မ မိခင်၏ အစ်ကိုကြီး ဖြစ်လေသည်။ ကျွန်မ၏ မိခင်လည်း နောက်ဖေးဘက်မှ အပြေး အလွှား ထွက်လာပြီးလျှင် ...

"အစ်ကိုကြီးရေ - လာ - လာ - တာရ ကံကြုံလို့ မုတ်ဆိတ်ပျားစွဲတယ်ဆိုတာ အစ်ကိုကြီးကို ပြောတာနေမှာ"

"ဟ - ဘာတုံးဟဲ့၊ ငါ့ညီမ စကား က"

ဒီတွင်ကျွန်မကမိခင်ကြီး၏အစ်ကို ကြီးတော်သူဘက်သို့ မျက်နှာလေးမချို မချဉ်ဖြင့် လှမ်းပြောလိုက်လေတော့ သည်။

"ဘဘရေ - ဒီနေ့ သမီးတို့ အိမ်မှာ မုန့်ဟင်းခါးချက်စားကြတယ်၊ ဘဘလာ

www.burmeseclassic.com

တော့ အတော်ပဲပေါ့၊ အဝစားသွားနော် ဘဘ၊ သမီး လက်ရာလည်း ပါတယ်၊ တဲ-ဟဲ"

"အောင်မယ်-ဝါ့တူမလေးက မုန့်ဟင်းခါးတောင် ချက်တတ်နေပြီကိုး"

ဘဘက အထင်တကြီးနဲ့ ကျွန်မချက်သည်ထင်ပြီး ပြောလိုက်လေရာ မေမေသည် သူ၏ အစ်ကိုကြီးအား တလေးငယ်တစ်ယောက်လို ချွဲတဲတဲ အသံနှင့် ...

"အစ်ကိုကြီးရယ်-ညီမလေးလက်ရာပါနော်၊ အစ်ကိုကြီး တူမလေးက ငါးနွှာ၊ ကြက်သွန်နွှာလောက် ပါပဲ၊ တကတဲသူတို့တူမလေးကိုပဲအထင်ကြီးနေကြတာ-ဟွန်း"

တဲ့၊ စာရေးသူလည်း ဘာမှဆက်မပြောမနေတော့ဘဲ ခပ်ပြုံးပြုံးမျက်နှာဖြင့် နောက်ဖေးဘက်သို့ဝင်ပြီး လုပ်စရာရှိသည်များကို ဆက်လက်လုပ်ကိုင်နေရင်း မေမေနှင့် ဘကြီးတို့ ပြောဆိုနေကြသည်များကို နားစွင့်နေမိလေသည်၊

"ဒါနဲ့-အစ်ကိုကြီး ဒီတစ်ခါလာရင် ဒန့်သလွန်ရွက် ခူးခဲ့စမ်းပါ၊ ညီမလေး သွေးတိုးနေလို့"

"အေးပါ-ဒန့်သလွန်ရွက်မှ သွေးတိုးကျတာမဟုတ်ပါဘူးဟယ်၊ မတော်ဂနီသီးက ကြွေကျတဲ့ အခွံလေးတွေလည်းသွေးတိုးပျောက်တယ်၊ နောက်ပြီးအလွယ်ဆုံးနည်းက သံပုရာဖူးလေးတွေကလည်း သွေးတိုးကျတာပဲ၊ သွေးတိုးတတ်ရင် သံပုရာသီးဆောင်ထားလေ၊ ညီမလေး ငါတို့ခြံထဲမှာတော့ ဟယ်-သံပုရာပင်၊ မာလကာပင်နဲ့ သရက်ပင်ပဲ ရှိတယ်၊ ဒန့်သလွန်ပင်တောင် အိမ်က အိမ်ရှင်မ (အစ်ကိုကြီးရဲ့ ဇနီး) ဟင်းချို ချက်သောက်လို့ မျိုးတုံးတော့မယ်၊ အတော်လည်း အိုနေပါပြီ"

"ဟင်-အစ်ကိုကြီးကလည်းအပင်ကြီးမျိုးတွေပဲလား၊ တခြားပန်းပင်ငယ်လေးတွေ မရှိတော့ဘူးလား"

"ရှိတာပေါ့-သိပ်ရှိ၊ အိမ်ရှင်မက သစ်ခွပင်နဲ့ ဂမုန်းပင်စိုက်တာ ဝါသနာပါတယ်၊ သစ်ခွပင်က မြေကြီးမထည့်ရဘူး၊ ရေလောင်းပေးရုံပဲ နေအပူရှိန်တော့ နည်းနည်းဂရုစိုက်ရတယ်၊ ဂမုန်းပင်လေးတွေက ဂန္ဓီရဆန်တယ်တဲ့လေ၊ ညီမလေးရဲ့ယောက်မက ဂမုန်းပင်လေးတွေရဲ့တစ်ပင်ချင်းစီ သိဒ္ဓိရှိပုံ၊ ဂန္ဓီရဆန်ပုံကိုတော်တော်လေး သိထားပုံရတယ်၊ တစ်ခါတလေ ခြံထဲဆင်းပြီး ပြန်တက်လာရင် ယောက်ျားရေ-ဟိုဂမုန်းပင်လေးက ဘယ်လိုဖြစ်နေတယ်၊ ဘာကိုသတိထားမှ ဒီဂမုန်းပင်လေးတွေက အပွင့်လေးတွေပွင့်နေပြီ၊ ကျွန်မတို့တော့ သာ ဖြစ်ပြီ စသဖြင့် ငါ့ကို လာလာပြောတယ်၊ အစ်ကိုကြီးကလည်းအလုပ်တစ်ဖက်နဲ့ ဆိုတော့ ဒီဂမုန်းပင်တွေကိုလည်း စိတ်မဝင်စားအားပါဘူး၊ အလုပ်လုပ်ရင် ဖိုက်ဆံရမယ်၊ ဒါပဲသိတာ၊ တစ်ခါတလေတော့လည်း ညီမလေးရယ်-သူ ပြောပြောနေတဲ့အတိုင်း ဖြစ်သွားသလားလို့တောင်ထင်မိသေးတယ်၊ တိုက်ဆိုင်တာပဲလို့လည်း ဖြေပြီးတွေးမိပါတယ်လေ၊

တိုက်ဆိုင်တယ်လို့ပြောမိရင် အိမ်ရှင်မက မကြိုက်ဘူး၊ ညီမလေးရဲ့အစ်ကိုကြီးကို ဘယ်လို ရန်တွေ့သလဲဆိုတော့ ဒါတ တိုက်ဆိုင်တာ ဖြစ်မလား၊ ဘယ်ဂမုန်းပင်က ဘယ်လိုကြိုပြီး နိမိတ်ပေးပြီးသား၊ ကျွန်မတို့က ပေါ့ဆတာ၊ ဘာညာနဲ့ ဒါလည်းမပြောချင်တော့ပါဘူး ညီမလေးရယ်"

ကျွန်မ၏ ဘကြီးသည် သူ၏ ဇနီးအကြောင်း တမေ့တမောပြောပြရင်း မောသွားဟန်နှင့် ကျွန်မ မိခင် ညှော်ခံထားသော ရေနွေးကြမ်းနှင့် ပဲပြုတ်ဆီဆမ်းလေးအား ဖွန်းနဲ့ခပ်စားပြီး ရေနွေးပူပူလေးအား ခွက်ထဲထည့်ပြီး မှုတ်သောက်လိုက်လေသည်၊

❀

ကျွန်မသည်ဂန္ဓီရဆန်သောဖြစ်ရပ်မှန်လေးများကိုစိတ်ဝင်စားသူဖြစ်ရကား မုန့်ဟင်းခါးချက်စားရန် စီစဉ်နေသည့် တိုလီမိုလီကိစ္စများကို ခဏရပ်ထားပြီး အိမ်ရှေ့သို့ ကမန်းကတန်း ထွက်လာခဲ့လေသည်၊ ဘဘကြီးအား ဂမုန်းပင်အကြောင်းကို ဆက်ပြောပြရန် စကားဆက်လိုက်လေသည်၊

"ဘဘရယ်-ဂမုန်းပင်လေးတွေက စိတ်ဝင်စားဖို့ ကောင်းတယ်ထင်တယ်၊ ဒါကြောင့် အန်တီကြီးက ပြောတာနေမှာ၊ ဂမုန်းပင်လေးတွေအကြောင်းတို ဘဘ သိသလောက် ပြောပြနော်"

"ငါ့ရဲ့တူမလေးက စိတ်ဝင်စားလို့လား၊ ဟိုတစ်လောက အိမ်မှာတောင် ဂမုန်းပင်နဲ့ပတ်သက်ပြီးအိမ်ကအိမ်ရှင်မနဲ့ စကားများရသေးတယ်"

ထိုအခါ မေမေက ...

"ဟင်း-အစ်ကိုကြီးတို့လည်း ဒီအပင်ကိစ္စနဲ့များ ရန်ဖြစ်နေရသလား"





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်လေရာ ဘဘကြီးတ ...

"ရန်မဖြစ်လို့ မရဘူး၊ ညီမလေးရေ ဒီလိုဟော့-ဒီလို"

❀

လပြည့်ည တစ်ည ဖြစ်သည်။ ဒေါ်မေသဲ တစ်ယောက် လကလည်း ထိန်ထိန်သာနေပြီး သန်းခေါင်ယံည၏ ဆောင်းလေနု အေးအေးလေးကလည်း ညင်းညင်းညှံ့ညှံ့ သွဲ့သွဲ့လေး တိုက်ခတ်နေသဖြင့် အေးစိမ့်စိမ့်ဖြစ်လာလေရာ အိပ်ရာ ခေါင်းရင်းဘက်တွင် ရှိသော ပြတင်းပေါက်တံခါးကိုပိတ်ရန် အိပ်ရာထက်မှ လူးလဲထလိုက်သည်။ ထိုစဉ် ...

"ဖျပ်-ဖျပ်-ဖျပ်" နှင့်ခြေသံတွေလို လိုကြားသဖြင့်ပြတင်းပေါက်မှတစ်ဆင့် ခြံထဲသို့ကြည့်လိုက်လေရာ ...

"ဟင်-လူလိုလို မည်းမည်းအရိပ် နှင့် မြင့်မြင့်အရိပ်ကြီးပါလား"

ဒေါ်မေသဲ စိတ်ဝင်စားစွာ ဆက်ကြည့်နေစဉ် ထိုအရိပ်သဏ္ဌာန်ကြီးနစ်ခုမှာ အသည်းအသန် လုံးထွေးသတ်ပုတ်နေကြလေတော့သည်။ သူတစ်ပြန် ကိုယ်တစ်ပြန် လုံးထွေးသတ်ပုတ်နေသည်မှာ အချိန်မည်မျှကြာသည်မသိရ အနိုင်အရှုံး မသဲကွဲခင် ထိုသဏ္ဌာန်ကြီးနစ်ခုသည် သတ်ပုတ်နေသည်ကို ရပ်လိုက်ကြပြီးလျှင် မြင့်မြင့်ကြီးသည် ဒေါ်မေသဲ၏ ခြံစည်းရိုးတွင် စိုက်ပျိုးထားသော ဘိုးတော်ဖြူ ဂမုန်းပင်ကြီးထဲ ဝင်သွားသလို မည်းမည်းအရိပ်ကြီးသည် ဒေါ်မေသဲ ဈေးသွားစဉ် ပန်းပင်များ ရောင်းနေသည့် ဈေးသည်တစ်ဦးထံမှ ဝယ်ယူခဲ့သည့် အမည်မသိ ဂမုန်းပင်ထဲသို့ ဝင်သွားလေတော့သည်။

ထို အိပ်မက်မှာ တစ်ညတည်းမဟုတ်၊ လပြည့်ညရောက်တိုင်း မြင်မက်လေသည်။ ဒီတစ်ခါနှင့် သုံးခါမြောက်ရှိပြီ။ ဒေါ်မေသဲ၏ စိတ်ထဲ မသင်္ကာချင်။ အိပ်မက်က အကြိမ်ကြိမ်အခါခါ ပြနေသည်မဟုတ်ပါလား။ မဟုတ်ခါမှလွဲရော ဂမုန်းပင်စောင့် အချင်းချင်း မတည့်ကြသဖြင့် ရန်မီးပွားနေကြသလော တွေးစရာ ရှိလေသည်။

ဒေါ်မေသဲကဂမုန်းပင်များ၏အသာကိုကျွမ်းကျင်သဖြင့်မည်းမည်းသဏ္ဌာန်ဝင်ရောက်ပျောက်ကွယ်သွားသော အပင်ကိုအမြစ်ပါမကျန်နုတ်ကြည့်လိုက်သောအခါ ရှပ်ထွေးနေသော အမြစ်များကြား ကွမ်းသီးလုံးလောက် ရှိသော အုံးများကိုတွေ့ရာ ထိုဥများကိုဆေးကြော၍ သေရာစွာကြည့်လိုက်သောအခါ ဘီလူးမျက်နှာလို ကြမ်းတမ်းရုပ်ဆိုးလှသည့် ဘီလူးခေါင်းအသေးစားလေးအား တွေ့လိုက်ရသဖြင့် ထိတ်လန့်သွားမိပြီး သန်လျင်ရှိမေမေ့ထံ ဖုန်းဆက်၍မေးကြည့်လျှင် မေမေက ...

"အဲဒါ ဘီလူးဂမုန်းလို့ ခေါ်တယ်၊ ကောင်းဆိုးဝါးတွေရဲ့ရန်က ကာကွယ်ပေးတယ်။ ဒါပေမဲ့ အိမ်တွေမှာ မစိုက်ကောင်းဘူး၊ ဘုန်းကြီးကျောင်းနဲ့ ဘုရားစေတီတွေမှာသာ စိုက်ကောင်းတယ်သမီးရဲ့" ဟုပြောလေသည်။ ဒေါ်မေသဲတစ်ယောက် ထိတ်ထိတ်ပျာပျာနှင့် အမြန်းတတန်၊ စွန့်ပစ်လိုက်ရလေသည်။

❀

"အဲဒါပဲ တူမလေးရေ၊ ဂမုန်းပင်ဆိုရင် စိုက်ချင်ပျိုးချင်တတ်တဲ့ အိမ်ကအိမ်ရှင်မက စိုက်ကောင်းတဲ့ဂမုန်းလား၊ စိုက်ပျိုးသင့်တဲ့ ဂမုန်းပင်လား မသိ၊ ဝယ်ရောင်းတဲ့သူကတော့ ဘီလူးဂမုန်းကိုလို့ ဘယ်ပြောမလဲ၊ ဘီလူးဆိုတာနဲ့ ဝယ်တဲ့သူက ပြေးမှာပေါ့။ အတိုက်အခံကောင်းတယ်၊ ဟိုဂမုန်း ဒီဂမုန်းဆိုပြီး ညာရောင်းမှာပဲ။ ကိုယ်တိုင်နားလည်မှ ဝယ်စိုက်သင့်တယ်လို့ ဘဘကြီး ထင်တယ်။ အခုတော့ သူတို့အချင်းချင်း မသင့်မြတ်တော့ ဘဘတို့အိမ်ကို ထိနိုက်ရင် ဘယ်လိုလုပ်မလဲ။ ဒါကြောင့် ဘဘက အိမ်ရှင်မကို သတိပေးရင်းနဲ့ ဆူပူလိုက်တော့ သူ အပင်စိုက်ဝါသနာပါတာကို ရန်လုပ်တယ်ထင်ပြီး တစ်ယောက်တစ်ခွန်း စကားများပြီး ရန်ဖြစ်ကြရောပေါ့၊ ဟား-ဟား"

ဘဘက သူ၏ဇနီးအကြောင်းပြောပြရင်း ရယ်မောနေလေရာ ကျွန်မတို့သားအမိ နှစ်ယောက်လည်း ဘဘကြီးနှင့် အတူတူရောနှောပြီး ရယ်မောလိုက်ကြလေသည်။

"အန်တီကြီးတို့က သန်လျင်မှာနေတာလေ။ ခြံဝန်းလေးက အသင့်အတင့်ကျယ်လှတော့ အန်တီကြီးတို့ ခြံထဲမှာ အပင်လေးတွေ တော်တော်များများ စိုက်ပျိုးထားတယ်၊ မေမေနဲ့အတူတူ ခြံရှင်းရေလောင်းတဲ့ အလုပ်တွေကို ကျောင်းအားလပ်ရက်တွေမှာ အမြဲဝိုင်းကူရတယ်။ ဖေဖေက ခုနထမ်းဆိုတော့ ပိတ်ရက်ဆို ရင်တာအုပ်တစ်အုပ်





www.burmeseclassic.com

www.burmeseclassic.com

ဒီလိုဟေ့–ဒီလို
အိပ်မက်ထဲမှာ
အဲဒီအပင်ထဲက
ဆင်မည်းအုပ်ကြီးထွက်လာပြီး
အဒေါ် တို့ မိသားစုကို
လိုက်နင်းတယ်လို့
အိပ်မက် မက်တယ်။
အိပ်မက်က တစ်ရက်တည်း
မဟုတ်ဘူး။
နှစ်ရက်၊ သုံးရက် ဆက်တိုက်
မက်မက်နေတော့
အိမ်ကလူကြီးလည်း
ကြောက်လန့်လာပုံရတယ်။
ပြီးတော့ ဒီဂမုန်းပင်
အစောင့်အရှောက်က
ကြမ်းပုံရတယ်။
ငါတို့ မိသားစုနဲ့လည်း
မာတ်တည့်ပုံမရဘူး ...



နဲ့ပဲ အေးအေးလူလူ နေတတ်တယ်၊ ဘာသစ်ပင်ကို
စိတ်မဝင်စားဘူး လေ"

သစ်ခွပင်လေးတွေကိုလည်း အန်တီကြီးအ
နှစ်သက်တယ်၊ အပွင့် တွေက များလွန်းလို့ လာဝယ်
တဲ့သူတွေကိုတောင် ပြန်ရောင်းရတယ်၊ သစ်ခွဝန်
လေးတွေက နှင်းဆီပန်းတို့၊ စံပယ်ပန်းတို့လို အနံ့မမွှေ
လှပေမဲ့ ထူးဆန်းတဲ့ သိဒ္ဓိတစ်မျိုးရှိတယ်လို့ အန်တီ
ကြီး ခံစားမိတယ်၊ တူမလေးရဲ့ဂမုန်းပင်လေးတွေက
အပွင့်အား မကောင်းလှဘူး၊ တူမလေးမြင်တဲ့အတိုင်း
ပဲလေ၊ သူတို့ က အရွက်ကို ဦးစားပေးတဲ့ အပင်မျိုး
ဒါပေမဲ့ – ဂမ္ဘီရနွယ်ဝင် သိဒ္ဓိမြောက်တဲ့ အပင်အမျိုး
အစားကွဲ၊ အန်တီကြီးငယ်စဉ်ကစပြီး ဒီအရွယ်ထိတွေ့
ကြုံခဲ့ရတဲ့ ဂမုန်းပင်လေးတွေရဲ့ သိဒ္ဓိဝင်ပုံလေးတွေ
အကြောင်းကိုပြောပြမယ်နော်၊ တူမလေး အေးသင်အ
သေချာနားထောင်"

ကျွန်မ ဘဘ၏ဇနီးဖြစ်သူက ဂမုန်း
များအကြောင်းကို အကျယ်တဝင့်
ပြောပြမည်ဆို၍ ကျွန်မလည်း ဂရုစိုက်၍
နားထောင်ရန် ခေါင်းညိတ်ပြလိုက်လေ
သည်။

"ဟုတ်ကဲ့ – အန်တီကြီး ပြောပြပါ
လား၊ သမီး ဂရုစိုက်ပြီး နားထောင်ပါ့
မယ်"

တစ်နေ့သ၌ မေသဲသည် ကျောင်း
ပိတ်ရက်ဖြစ်သဖြင့် ခြံထဲသို့ ဆင်းလာပြီး
ခြံအတွင်းရှိ ပန်းအလှပင်များအား
ရေလောင်းခြင်း၊ ပေါင်းသင်ခြင်းများ
လုပ်အပြီး ခြံထဲတွင် ရှပ်ပွနေသော
သစ်ရွက်များကို ခြံထောင့်သို့ ကျုံး၍ စုပုံ
ထားလိုက်သည်၊ မေသဲတို့မိသားစု
ခြံဝန်းလေးမှာ အတော်အတန်ကျယ်
ပြီး သစ်ပင်ပန်းမန်များ စိုက်ပျိုး
သည်ကို ဝါသနာထုံသူများဖြစ်ရကား
ခြံလေး၏ မျက်နှာစာ၌ ပန်းအလှပင်
နှင့် သီးပင်စားပင်များ ဝေဆာပွင့်ဖူးနေ
သည်ကို အိမ်ရှေ့မှ ဖြတ်သွားသူများ
သည် မကြည့်၍မနေနိုင်အောင် ဆွဲ
ဆောင်မှု အားကောင်းလှပေသည်၊ ထူး
ခြားဆွဲဆောင်မှုအရှိဆုံးမှာ (ကျွန်မ
သတိထားမိသမျှ) ခြံထောင့်တွင်

စိုက်ပျိုးထားသော သရက်ပင်ကြီးအား
နွယ်လိမ်ရစ်ပတ်ခွေတက်နေသော ရွှက်
ပေါက်ဂမုန်းပင်ကြီးပင်၊

ကျောင်းပိတ်ရက်တိုင်း ထိုရွှက်
ပေါက် ဂမုန်းပင်ကြီးအား မေသဲတစ်
ယောက် မျက်စိအရသာ ခံကြည့်ရတာ
မမောနိုင် မပန်းနိုင် တစိမ့်စိမ့်ကြည့်
တတ်သည်၊ ကြည့်လေ – အရွက်တိုင်း
အရွက်တိုင်းကို အကြီးအသေးပုံစံဖြင့်
ညီညာလှပစွာ ပေါက်နေလေသည်၊
ထိုစဉ် မေသဲ၏ မိခင်ကြီးခြံထဲသို့ ဆင်း
လာလေသည်၊

"မေမေ"

"ဘာလဲ – သမီး"

"ဒီရွှက်ပေါက် ဂမုန်းပင်က ဘာ
အာနိသင်ရှိလဲ၊ သမီး သိချင်တယ်၊
အရွက်လေးတွေက ထူးထူးခြားခြား
ပေါက်နေတယ်နော်"

"ဟုတ်တယ် – သမီးရဲ့ အရွက်လေး
တွေက ပေါက်နေလို့ ရွှက်ပေါက်ဂမုန်းလို့
ခေါ်တာပေါ့၊ အဲဒီရွှက်ပေါက်ဂမုန်းကို
မြေအိုးသန့်သန့်နဲ့စိုက်ပြီး ရွှေရည် ငွေ
ရည်လောင်းပြီး သိဒ္ဓိတင်ရတယ်၊ ရှင်
ကောင်းရက်မြတ်ပါ ရွေးရတာပေါ့ သမီး
ရယ်၊ ထူးခြားတော့မယ့် အိမ်ဆိုရင် ရွှက်





www.burmeseclassic.com

www.burmeseclassic.com

ပေါက် ဂမုန်းရဲ့အမြစ်တွေက စိုက်ထားတဲ့ မြေအိုးအသားကို ပေါက်ပြီးထွက်တယ်လို့ ရှေးလူကြီးတွေက ပြောကြတာပဲ"

"ဟယ် - ထူးဆန်းလိုက်တာမြေအိုးဆိုတာမြေသားအထူကြီး၊ အဲဒါကိုဂမုန်းပင်အမြစ်က ဖောက်ထွက်တယ်နော်"

"ဟုတ်တယ် - သမီး၊ မေမေရဲ့အဘိုးကတော့ပြောဖူးတာပဲ၊ ရွက်ပေါက်ဂမုန်းက အမြစ် - ခွက်ပေါက်ရင် စီးပွားတတ်တယ်တဲ့ - သမီးရယ်"

"မေမေ - သမီးတို့ အပင်ကရော အိုးကိုဖောက်ထွက်သလား"

မေသဲက ပြောပြောဆိုဆို စိတ်ဝင်စားလာပြီး ရွက်ပေါက်ဂမုန်း ထည့်စိုက်ထားသော အိုးကြီးကို ဆွဲမလိုက်လေသည်၊

"ကြည့်မနေပါနဲ့ - သမီးရယ်၊ ပေါက်ချိန်တန်ရင် ပေါက်မှာပေ့ါ"

"ဟဲ - ဟဲ - သမီးက စပ်စုတာပါ မေမေရယ်"

မေသဲက ရယ်ကျဲကျဲဖြင့် ရယ်မောရင်း ဖင်ကြွ၍ပါလာသော မြေအိုးကို လွှတ်ချလိုက်လေသည်၊

"မေမေရေ - ဒီဂမုန်းပင်လေးကလည်း ထူးဆန်းတယ်နော်၊ အရွက်တွေ က မြွေတွေလိုပဲ ဟိုလိမ်ဒီလိမ်ဖြီး... အရွက်ထဲကို ဟိုအရွက်က ဝင်... တယ်"

မေသဲက ခွေလိမ်နေသော ဂမုန်းပင်၏ အရွက်လေးများကို ကိုင်ကြည့်ရင်း မေးလိုက်ရာ ...

"အြော် - အဲဒါက ကွင်းထိုးဂမုန်း... ခေါ်တယ် သမီးရဲ့၊ သူက အမည်ပညာ... လေးက ဆန်းသလို ဂမ္ဘီရဆန်တယ်... သိဒ္ဓိပင် ဂမုန်းအမျိုးစားထဲမှာ နာမည်... တယ်ကြီး - သမီးရေ"

"ဟင် - ဟုတ်လား၊ နည်းနည်းရှင်း... ပြပေးပါ - မေမေနော်"

"ဂမုန်းပင်အမျိုးပေါင်းက အများ... ကြီး - သမီးရဲ့၊ အများကြီးထဲမှ ဒီကွင်း... ဂမုန်းပင်လေးက တစ်မျိုးပဲ၊ သမီး ကွင်း... ထိုးဂမုန်းပင်ရဲ့ အရွက်ရှည်လေး... တစ်ရွက်နှင့်တစ်ရွက် လိမ်ယှက်ပြီးကွင်း... ထိုးနေရင် အိမ်ရဲ့စီးပွားရေးတွေ၊ ကျန်း... မာရေးတွေ အရမ်းတိုးတက်တယ်၊ အဲ... လိုမှမဟုတ်ဘဲနဲ့ သူရဲ့အရွက်ရှည်... သူ့အလိုအလျောက် ပြေလျှော့ကျသွား... ကြပြီဆိုရင် အိမ်ရဲ့စီးပွားရေးတွေ၊ ကျ... ရေး၊ ကျန်းမာရေးတွေ ညှံ့လာရော"

"ဟင် - အဲဒီလိုဖြစ်လာရင်ဘယ်လို... မလဲ - မေမေရယ်၊ မေသဲ ကြောက်... တာ"

မေသဲသည် ကွင်းထိုးဂမုန်း၏ ...ရွက်လေးများကို ကိုင်တွယ်လိုက်... —

"အရွက်တွေကိုဖြေမပစ်လိုက်ပါနဲ့၊ ...င်းထိုးဂမုန်းလေးရယ်"

ဟုပြောလိုက်လေသည်၊

မေမေက ပြုံး၍ မေသဲ၏ ခေါင်းကို ...သာအယာ ပုတ်လိုက်ရင်း ...

"ဘုရား၊ တရား မမေ့နဲ့ပေါ့ သမီး ...၊ ဒါဆိုရင် သမီး ဘယ်လိုအခက်အခဲ ...ဆို ကျော်လွှားနိုင်မှာပေါ့ - သမီးရဲ့"

တစ်နေ့တွင် မေသဲတို့ခြံနှင့် နစ်ခြံ ...ကျော်တွင် နေထိုင်သော ဒေါ်ခင်မူသည် ...သဲပန်းပင်များရေလောင်းနေစဉ်ဝင် ...ပြီးလျှင် ...

"မေသဲရေ - ဂမုန်းပင်စိုက်တာ ...ြည့်စိုက်နော်"

"ဘာဖြစ်လို့လဲ - ဒေါ်ကြီးရဲ့"

"ဘာဖြစ်ရမှာလဲ - မေသဲရယ်၊ အိမ် ...လူကြီးလေ ခြံစည်းရိုးဖြစ်တယ်ဆိုပြီး ...ည်မသိတဲ့ဂမုန်းပင်တစ်ပင်တောင်း ...ိုက်လိုက်တာ၊ အဲဒီအပင်ကြီးကကြီးလာလေအိမ်မှာတစ်ခုပြီးတစ်ခုပြဿနာ ပေါ်လာရော"

"ဘယ်အပင်ကြီးကို ပြောနေတာလဲ ဒေါ်ကြီး ခင်မူရယ်"

"ဒေါ်ကြီးတို့မျက်နှာစာခြံစည်းရိုးမှာ ပေါက်နေတဲ့ အရွက်ဖားဖားစိမ်းစိမ်းနဲ့လေ၊ အရွက်ကြီးတွေက လက်ကျားကြီးကြီးတွေလိုပဲဟယ်"

ဟိုတစ်နေ့က အိမ်က လူကြီး ခုတ်ပစ်လိုက်ပြီလေ၊ အိပ်မက်မကောင်းလို့ ပေ့ါ၊ နောက်မို့ဆိုရင် ခုတ်ပစ်မှာမဟုတ်ဘူး၊ ခြံလှံတယ်ဆိုပြီး ဒီအတိုင်း ထားဦးမှာ"

"အိပ်မက်က ဘယ်လိုမက်လို့တုံး ဒေါ်ကြီးခင်မူရယ်၊ မေသဲကို ပြောပြနော်"

"ဒီလိုဟေ့ - ဒီလို အိပ်မက်ထဲမှာ အဲဒီအပင်ထဲက ဆင်မည်းအုပ်ကြီး ထွက်လာပြီးအဒေါ်တို့မိသားစုကိုလိုက်နင်းတယ်လို့ အိပ်မက် မက်တယ်၊ အိပ်မက်က တစ်ရက်တည်း မဟုတ်ဘူး၊ နှစ်ရက်၊ သုံးရက် ဆက်တိုက် မက်မက်နေတော့ အိမ်က လူကြီးလည်း ကြောက်လန့် လာပုံရတယ်၊ ပြီးတော့ ဂမုန်းပင်အစောင့်အရှောက်က ကြမ်းပုံရတယ်၊

www.burmeseclassic.com

ပါတို့ မိသားစုနဲ့လည်း တတ်တည့်ပုံမရဘူး။ ဟိုဟာဖြစ်လိုက် ဒီဟာဖြစ်လိုက်နဲ့ ဒါနဲ့ပဲ ဘာမှအယုံအကြည်မရှိတဲ့ လူလေ – စားဆွဲပြီး အမြစ်လှန်လိုက်တယ် မေသဲရေ – ဟား – ဟား”

“ဟင်း – ဟင်း – ခစ် – ခစ်”

မေသဲတစ်ယောက် ဒေါ်ခင်မှုနှင့်အတူ ရယ်မောရင်း စိတ်ထဲက ထိုဂမုန်းပင်ကို အမည်နာမ တပ်ပေးလိုက်လေသည်။ ဆင်နင်းဂမုန်းလို့လေ။

❀

မေသဲ ဘွဲ့ရပြီး ရန်ကုန်မြို့(တောင်ဒဂုံမြို့သစ်) သို့ ပြောင်းနောက်ဆုံးထုံးပါလာလေသည်။ မေသဲတို့နေထိုင်မည့် မြေကွက်ကလေးမှာ ပေ (၂၀ × ၆၀) ဖြစ်သော်လည်း ဘာပန်းပင်မှမရှိ။ ပြောင်ရှင်းနေလေသည်။ မြေရှေ့တွင် ဖန်ခါပင်ကြီး တစ်ပင်သာ ထီးထီးကြီးပေါက်နေလေသည်။ သစ်ပင်ပန်းအလှစိုက်ပျိုးခြင်းကိုဝါသနာပါသူဖြစ်ရကား သန်လျင်ရှိ မေမေအား မေသဲ နှစ်သက်သည့်အပင်များကို ယူလာပေးပါရန် အကြောင်းကြားလိုက်လေသည်။

ထိုနေ့က အဖြစ်အပျက်ကို ယခု ထက်တိုင်မျက်စိထဲတဝဲလည်လည်ဖြစ် ယောင်ရင်းမေသဲမှာ မေမေ့ကို သနားကြင် မဆုံးနိုင်။ မေမေသည် မေသဲကို သမီး အကြီးဆုံးဖြစ်သဖြင့် အလွန်ချစ်ရှာ သည်။

အိမ်တွင်းအိမ်မှုကိစ္စမှအစ ခြံရှင်း ရေလောင်းအထိအားကိုးရသူဖြစ်ရကား မလွှဲသာ၍ အိမ်ထောင်ပြုခြင်းကို မဟန့် တားသော်လည်း နမြောနေပုံရလေ သည်။ မေသဲက နှစ်သက်သည့်ဂမုန်းပင် တချို့နှင့် သစ်ခွပင်လေးများကို ယူလာခဲ့ပါရန် မှာကြားလိုက်သော်လည်း သန် လျင်ရှိ ဆွေမျိုးနီးစပ်ထဲမှ လူငယ်တစ်ဦး နှင့် သယ်ဆောင်လာရန် မှာကြားလိုက် ခြင်းဖြစ်သည်။

အခုတော့ကြည့်လေ – မေမေလာပုံက ထိုကလေးတွေ ကိုင်ခိုင်းရင် အထင် တွေ ကျိုးကြေကုန်မည်စိုးသဖြင့် သစ်ခွ ပန်းအိုးလေးများကို လက်မောင်းမှာ ချိတ်လိုချိတ်ထားပြီး တစ်ဖက်မှလည်း ဂမုန်းပင်လေးများကို သေချာစွာ စက္ကူ နှင့်ပတ်၍ မနိုင်မနင်း တပွေ့တပိုက်ကြီး ဖြစ်နေသည်မှာ လူလုံးပင် ပျောက်နေ သည်။

ထိုနေ့ကလည်း မိုးကလေး မစဲ့ သဲ့ရွှေလေး ရွာချလိုက်သဖြင့် လမ်းချော်နေသည်။ တောင်ဒဂုံရှိ မြေသားများမှာ မိုးကြီးအကျယ် ရွာလိုက်ရွာ၊ ဒါမှမဟုတ် မိုးခြောက်အတိုင်းပဲ ရှိချင်ရှိ၊ ဒီလိုဆိုမြေသားလမ်းတွေ မပျက်စီး၊ လမ်းလျှောက်ရသည်မှာအဆင်ပြေသည်။ မိုးက မစဲ့မပို့ ရွာလို့ကတော့ ချော်လဲ၍ ဒူးကွဲပြီသာ မှတ်။

မေသဲတို့ အိမ်ရှေ့လမ်းသည် အုတ်လမ်းမဟုတ်ဘဲ မြေကြီးသက်သက်သာ ဖြစ်သော၍ မိုးကလည်း မစဲ့မပို့နှင့်ဆိုတော့ သစ်ပင်တွေ မနိုင်မနင်းနဲ့ သယ်လာတဲ့ မေမေ ချော်လဲပြီပေါ့။ မေမေမှာ တော်တော်နဲ့ မထနိုင်ရှာ။ ဒူးကွဲပြီး ခြေထောက်ကတော်တော်လေး ထိခိုက်သွား၍ မေသဲတို့အိမ်တွင် နှစ်ရက်၊ သုံးရက်လောက် အနားယူပြီး (ခြေထောက်ကိုဆေးစည်းထားရသေးသည်) မှ ပြန်ရရှာလေသည်။

မေသဲလည်း မေမေပြန်သွားသည်နှင့် ပန်းအိုးအသစ်များ ပြေးဝယ်ပြီး သဲ၊ ဖွဲနှင့်ခွံ၊ မြေသန့်သန့်တို့ကို ရောနှောသမပြီး ပန်းအိုးအောက်ခြေ၌ ငွေအကြေးစေ့နှင့်ရွှေရည်၊ ငွေရည်လောင်း၍ စိုက်ပျိုးလိုက်လေသည်။ ဂမုန်းပင်လေးများကြီးထွားရှင်သန်လာသည်နှင့်အမျှ မေသဲတို့ အိမ်ထောင်သက်မှာလည်း တဖြည်းဖြည်း ကြာရှင့်လာလေပြီ။

သားကြီးပင်ဒီနှစ်ဆို (၅) တန်းတက်ပြီး သားငယ်မှာ နှစ်တန်းပင်ရှိပြီ။ တစ်နေ့ မေသဲစိုက်ပျိုးထားသော ကွင်းထိုးဂမုန်းပင်လေးမှာ တစ်ခုနှင့်တစ်ခု ကွင်းမထိုးတော့ဘဲ ပြေလျော့နေလေသည်။ စီးပွားဂမုန်းအရွက်စိမ်းစိမ်းလေးများမှာ ပိုးစားပြီး အရွက်များ နသလို ဖြစ်နေလေရာ ရေလောင်းရင်းစိတ်ထဲလေးလံနေမိလေသည်။ ဒေါ်မေသဲမှာ ဘုရားပဲ အားကိုးစရာ ရှိပေတော့သည်။

“ဘုရား – ဘုရား – ဒီလောက်ဂရုစိုက်နေတဲ့ ဂမုန်းပင်လေးတွေ တစ်မှုထူးခြားနေပါလား”

ဒေါ်မေသဲ ဘုရားတနေမိသည်။ အစစအရာရာ သတိထားပြီးနေရန် ဂမုန်းပင်လေးတွေက ပြောပြနေသယောင် ဒေါ်မေသဲလည်း မိခင်ကြီး မှာကြားထားသည့်အတိုင်း ဘုရားတရားကို ပိုမိုဂရုတစိုက် လုပ်လေသည်။ သတ္တဝါအားလုံးကိုမေတ္တာပို့သရေစက်ချခြင်း အချိန်ကုန်လာရင်း တစ်နေ့တွင် ...





www.burmeseclassic.com

www.burmeseclassic.com

"မေသဲရေ"

"ရှင်"

"ဒီမှာ လာကူဦးဟ"

ဒေါ်မေသဲနောက်ဖေးတွင်ညနေစာ ချက်ပြုတ်ရင်းအိမ်ရှေ့သို့ကမန်းကတန်း ပြေးထွက်လာရာမေသဲ၏ယောက်ျားမှာ ခြေထောက်အား ပတ်တီးစည်းထားသည်ကို တွေ့ရလေသည်၊

"ဟင် - အစ်ကို ဘာဖြစ်တာလဲ"

"အိမ်ထဲရောက်မှ မေးပေါ့"

"ဩော် - ဟုတ် - ဟုတ်ကဲ့"

လိုက်ပို့သူ ပြန်သွားသည်နှင့် ဒေါ်မေသဲက ...

"အစ်ကို - ဘယ်လိုဖြစ်တာလဲ၊ တော်တော်ဆိုးသွားသလား"

"တော်သေးတယ် - မိန်းမရေ ကံကောင်းတယ်လို့ပဲ မှတ်လိုက်တော့၊ လမ်းဆုံမှာ ဒေါ်သင်းသင်းစိုးရဲ့သား စက်ဘီးစီးလာရင်း ငါ့ကို အနောက်က လိုက်စီးဖို့ခေါ်လို့ နောက်က တက်စီးလာတာ၊ ငါတို့ လမ်းထိပ်ရောက်ခါနီးမှာ ကလေးတစ်ယောက်ကိုရှောင်ရင်း ဟန်ချက်လွဲပြီး စက်ဘီးမှောက်သွားတာပေါ့ - ပစ်ကိုလဲတာ၊ ငါက ဖြုန်းခနဲဆိုတော့ သတိမထားမိလိုက်ဘူး၊ အဲဒါ လဲသွားတုန်း ကားတစ်စီးက အရှိန်နဲ့ လာနေတာ၊

တက်ကြိတ်မိမလို့ ငါတို့နှစ်ယော ... တော်တော်နဲ့ မထနိုင်ဘူး၊ ကား ... အနားပဲရောက်မှ ဘရိတ်အုပ်လိုက် ... တော်ပါသေးတယ်၊ ဘေးနားက လူ ... ဆိုရင် "ဟင် - ဟာ" နဲ့တောင် ဖြစ် ... တယ်၊ ကြည့်နေတဲ့ လူတွေထဲက အ ... မတော်တဲ့ ခ လိုက်ပို့ပေးတဲ့ ချာတိတ် ... လာပြီး ဆွဲထူပေးတယ်၊ အခုတ ... ဘာဖြစ်နေလဲ မသိပါဘူး၊ မိန်းမ ... အလုပ်အကိုင်လည်း သိပ်အဆင်မ ... ဘူး"

ဒေါ်မေသဲမှာ သူမ၏ ယောကျ် ... အား ပါးစပ်အဟောင်းသားကြီးနှ ... ကြည့်ရင်း ဘာပြောရမှန်းတောင် ... တော့၊ စိုက်ပျိုးထားသော ဂမုန်းပင် ... များကိုလည်း မျက်လုံးထဲ ဖျပ်ခနဲ ... ယောင်မိလေသည်၊ ဘုရား - ဘုရား ... ဒါတောင် ဘုရားကယ်ပေလို့၊ နောက် ... သာဆိုရင် မေသဲ ဆက်မတွေးရဲတော ... ဂမ္ဘီရနွယ်ဝင်ဂမုန်းပင်လေးများကြ ... အတိတ်နိမိတ်ပြပြီးသားပေမို့ "ဟူး" ... သဲမသိမသာ သက်ပြင်းချလိုက်မိသည် ... ဒီနှစ်သားကြီး (၁၀) တန်းဖြေထားသည် ... မေသဲတို့တစ်အိမ်သားလုံး ရင်တမမ ... (၁၀) တန်းက နတ်ကြီးတယ်လို့ နာမည် ... ကြီးနေတာလေ၊

... ဆဲလည်း သက်သတ်လွတ်စား ... န်ဝင်၊ သားကြီးလည်း ဘုရား၊ ... နေသည်၊ တစ်နေ့တွင် ...

"မေမေရေ"

"ဟေ - ဘာတုံးသား"

"ဒီမှာ မေမေရဲ့ ဂမုန်းပင်လေးတွေ ... ကြည့်ပါဦး"

"ဒီဝတ္တုမြား ဂမုန်းပင်က ပင်မကြီး ... ပြီး အပင်ငယ်လေးတွေ တစ်အိုး ... ဖြည့်လျှံနေတာပဲနော် - မေမေ၊ ပြီး ... အပွင့်နီနီရဲရဲလေးတွေက တစ်ပင် ... ပွင့်နေတာ၊ အဝေးကကြည့်ရင် ... များတောင်ကုန်း အသေးစားလေး ... ဘူးလား၊ ဟိုကွင်းထိုးဂမုန်းပင် ... သည်း ရွက်ရှည်ကြီးတွေ တစ်ခုနဲ့ ... တွင်းထိုးနေကြတာဝလုံးသဏ္ဍာန် ... င်ဖြစ်နေတယ် မေမေရဲ့ ကြည့်လို့ ... တာနော်၊ ဟိုဘက်ကစီးပွားဂမုန်း ... အပွင့်တွေအများကြီးပဲနော် မေမေ"

"ဩော် - အေးအေး - ဟုတ်ပါရဲ့ - ... ကြီးရယ်၊ အခုတစ်ပတ် နှစ်ပတ် ... ပွင့်ပိုပြီးထူးခြားနေသလိုပဲ"

ဒေါ်မေသဲ ခေါင်းထဲ လက်ခနဲ ဝင် ... သည်၊ သားကြီးတို့ အောင်စာရင်း ... ရန် နှစ်ပတ်သာလိုတော့ပြီပဲ၊ သိဒ္ဓိ ... ဂမုန်းပင်လေးများ၏ ဂမ္ဘီရဆန်စွာ

ဖော်ကျူးနေပုံကို ကျေနပ်အားရစွာဖြင့် ဒေါ်မေသဲတစ်ယောက် လက်ပိုက်၍ ပြုံးပြုံးကြီး ကြည့်နေမိလေတော့သည်၊

"မေမေ - မေမေ - ဖေကြီးရေ - ညီလေး"

သားကြီးရဲ့ဝမ်းသာအားရဖြင့်အော် ပြေးလာပုံထောက်ပြီး ဒေါ်မေသဲတို့ ဇနီးမောင်နှံ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ရင်း ပြုံးမိလေသည်၊

"ဘယ်နှယ့် - ကိုကြီး အောင်လား"

"အောင်တာပေါ့ - ညီလေးရာ ဂုဏ်ထူးနှစ်ခုတောင် ပါတယ်"

ဖေကြီးက လက်ခုပ်တီးလိုက်ရင်း ...

"ဖြောင်း - ဖြောင်း - ဖြောင်း - ဖြောင်း - သိပ်တော်တာပဲ၊ သားကြီး သိပ်တော်တယ်ကွာ"

"မေမေ့သားလေး - တော်တယ်ပေါ့"

တစ်မိသားစုလုံး ပျော်ပွဲဝင်နေသလို ရှေ့ဆောင်အတိတ်နိမိတ် ထွန်းပြနေသော ဒေါ်မေသဲချစ်တဲ့ ဂမ္ဘီရဂမုန်းပင်လေးများလည်း ပြုံးနေမှာ အမှန်ပင်၊

ထိုနှစ်အတွင်း ဒေါ်မေသဲတို့မိသားစု အခြေအနေမှာ သိသိသာသာကြီး တိုးတက်လာလေသည်၊ နောက်ဖေး မီးဖို

www.burmeseclassic.com

ချောင်အား အုတ်ပတ်ကားတက်၍ မြင်နိုင်သည့်အမြင့် ဒေါ်မေသဲ၏ မိခင်ကြီး အလည်အပတ်လာ၍ သားအမိနှစ်ယောက် ထီစပ်တူထိုးရာ ထီဆုပေါက်၍ ငွေကြေးအတော်အသင့် ချောင်လည်လာသည်အထိ အကျိုးပေးလာလေသည်၊

တစ်နေ့တွင် ဒေါ်မေသဲတို့၏ ခေါင်းရင်းဘက်တွင် နေထိုင်သော ဒေါ်အမာတ ...

"ဒေါ်မေသဲရေ - ရွှေလာဂမုန်းပင်စိုက်မလား၊ သူက နွယ်ပင်တစ်မျိုးပဲလေ၊ ရွှေလာဂမုန်းဆိုတဲ့အတိုင်းပဲ အရွက်လေးတွေက ရွှေရောင်လို ဝင်းဝင်းဝါဝါလေးတွေ ကျက်သရေသိပ်ရှိတာ သိလား၊ ဒီမယ်လေ - ကြည့်လှတယ်နော်"

ဆိုပြီးပြသဖြင့် ဒေါ်မေသဲက ဂမုန်း(ခရေစီ)ဖြစ်ရကား စိုက်မယ်ယူမယ်ပေ့ါ၊

ထုံးစံအတိုင်းအိုးသန့်သန့်၊ မြေသန့်သန့်နှင့် ခေါင်းရင်းဘက်တစ်နေရာတွင် စိုက်ပျိုးထားလိုက်လေသည်၊ စိုက်ပျိုးထားသည့် ရက်ပေါင်းကြာလာသည်နှင့်အမျှ ရွှေလာဂမုန်းပင်လေးမှာ တစ်စစ အိမ်ရှေ့သံဆန်ကာပေါ်သို့ တွယ်တက်လာပြီး ပန်းလေးများပင် ပွင့်လာပေပြီ၊

ဒေါ်မေသဲသည် တစ်နေ့ အိမ်ရှေ့ဧည့်ခန်းတွင် အလုပ်အားလပ်သဖြင့် ထိုင်ရင်း ဂမုန်းပင်လေး အကြီးအထွားမြန်ပုံကို ကြည့်ရင်း ပီတိဖြစ်နေလေသည်၊ ဒီဂမုန်းပင်လေးက တခြားဂမုန်းပင်လေးများနှင့် မတူဘဲ အရွက်လေးတွေက ရွှေရောင်ဝါဝါလေးတွေဖြစ်နေသဖြင့် မိန်းမပီပီနှစ်မြိုက်သဘောကျနေမိသည်၊

ထိုစဉ် တဖြည်းဖြည်း အိပ်ငိုက်လာသဖြင့် မေးခနဲ အိပ်ပျော်သွားလေတော့သည်၊ ထိုသို့ အိပ်ပျော်နေစဉ် ရွှေလာဂမုန်းပင်လေးဆီမှ ခပ်ချောချောဆံပင်ရှည်ရှည်၊ အသားအရေမှာ ဝါဝါဝင်းဝင်းနှင့် ခန္ဓာကိုယ် အချိုးအဆစ်လှပသော အမျိုးသမီးငယ်တစ်ယောက် ထွက်လာလေရာ ဒေါ်မေသဲမှာ အံ့ဩပြီးကြည့်နေစဉ် အမျိုးသမီးမှာ အိမ်ပေါ်သို့တက်လာလေရာ ဒေါ်မေသဲမှာ အံ့အားသင့်နေရာမှ သတိဝင်လာရင်း ...

"ဟဲ့ - ဟဲ့ - ဘယ်သူလဲ၊ ငါ့အိမ်ထဲကို ဝင်လာတာ ထွက်သွားစမ်း"

ဆိုပြီး အော်ငေါက်လိုက်လေရာ ထိုအမျိုးသမီးငယ်လေးမှာ ...

"ကျွန်မက တခြားက မဟုတ်ပါဘူး အဒေါ်ရယ်"

ဆိုပြီး ရွှေလာဂမုန်းပင်လေးထံ လက်ညှိုးထိုးပြလေသည်၊

ထိုအခါ ဒေါ်မေသဲက ...

"ဒါဆိုရင် ငါ့ဆီ ဘာလာလုပ်တာလဲ၊ အဲဒီအပင်ထဲမှာပဲ နေလေ၊ ငါ့ကို လာတိုက်တာ လုပ်မလို့လား" ဟု စိတ်မာမာအသံဖြင့် မေးလိုက်ရာ ...

"မဟုတ်ပါဘူး - အဒေါ်ရယ်" ဟု ပြောပြီး ထီနံပါတ်ကို လက်နှင့်ထောင်ပြပြီး ပျောက်ကွယ်သွားလေတော့သည်၊

ဒေါ်မေသဲတစ်ယောက် အိပ်ပျော်နေရာမှ ချက်ခနဲ နိုးလာလျှင် ချက်ချင်းထ၍ အမျိုးသမီးငယ် ပြသွားသော ထီနံပါတ်ကို စာအုပ်ထဲတွင် ရေးမှတ်သားလိုက်လေသည်၊

ဒေါ်မေသဲတို့အိမ် ထီပေါက်သဖြင့် သံဃာတော် (၅) ပါး ပင့်ဖိတ်၍ အလှူအတန်းပြုလုပ်နေလေသည်၊ ဒေါ်မေသဲ ရေစက်ချရင်း ထီနံပါတ်ပေးသွားသော ဂမ္ဘီရသိဒ္ဓိနွယ်ဝင် ရွှေလာဂမုန်းပင်လေးထဲမှ ထွက်လာသော ဂမုန်းပင်စောင့်နတ်မိမယ်လေးအား မျက်စိထဲ မြင်ယောင်ရင်း အမျှပေးဝေလိုက်လေသည်၊ ထိုညတွင် ရွှေလာဂမုန်းပင်လေးမှ ပွင့်သော ပိန်းပန်းသဏ္ဍာန် ဂမုန်းပွင့်ဝါဝါလေးများ၏ အနံ့သည် ထူးခြားစွာ သင်းပျံ့မွှေးကြိုင်နေသည်ကို တစ်အိမ်လုံး သတိပြုမိကြလေတော့သည်၊

ထို့ကြောင့် သိဒ္ဓိရှိသော ဂမ္ဘီရနွယ်ဝင် ဂမုန်းပင်လေးများ အမြဲရှင်သန်ကြီးထွား၍ လူသားတိုင်း၏ ကောင်းကျိုးကိုသာ ရှေးရှုပြီး အတိတ်ကောင်း နိမိတ်ကောင်း ပေးနိုင်ပါစေဟု ဆုတောင်းရင်း ...

အောင်ဇာသက်ဝေ



www.burmeseclassic.com

www.burmeseclassic.com




# သတိ
## ရှေ့ကိုက်တစ်ရာတွင် သရဲခြောက်နေသည်

**စိုးမိုးနိုင်**

နေရာက နေပြည်တော် အဝေးပြေး
လမ်းမကြီး၏ တစ်နေရာ ...။

"ဝူး-ဝူး-ဝရော"

အနက်ရောင်ဗင်ကားလေးတစ်စီး
ညီညာပြန့်ပြူးနေသော ရှစ်လမ်း
င်း အဝေးပြေးလမ်းမကြီးပေါ်တွင်
ရိပ်ရိပ်နှင့် မောင်းနှင်နေသည်။ ဒိုင်
တွင် ကီလိုမီတာ (၈၀) မိုင်နှုန်းကို
နေ၏။

သူရိန်စိုးက မောင်းနှင်နေရင်းမှ
လေကာမှတစ်ဆင့် ရှေ့တည့်တည့်
ကွင်းများကို သတိထားကြည့်မိရာ
တစ်လျှောက် ရှောင်စရာကားများ
သလောက် နည်းပါးနေသည်ကို တွေ့
ထို့ကြောင့် လီဗာကိုစိတ်ရှိတိုင်း
ဖိနင်းနေမိခြင်းဖြစ်သည်၊ သည်ကြားထဲ
ကားကာတ်ဆက်မှနေ၍ Rock သီချင်း
များကို ဆူညံစွာဖွင့်ထားသေး၏။

ထိုသို့ပြုမူနေသည်ကို ကားနောက်
ခန်းမှနေ၍ "ဓာရဏပရိတ်" စာအုပ်ကို
လက်က မချတမ်းကိုင်ထားရင်း ရန်ကုန်
မှစထွက်ကတည်းက လမ်းတစ်လျှောက်
ရွတ်ဖတ်လာသော စစ်ရန်နိုင်မှ သတိ
ပေးရတော့၏။

"ဟာ-ဟော့ကောင် သူရိန်စိုး၊ ကား
ကို ဘယ်လိုမောင်းနေတာလဲကွ၊ အရှိန်
ကို လျှော့မောင်းပေးပါလားကွာ"

"ဟား-ဟား- မင်းကြောက်တတ်
ရင်ဆင်းနေခဲ့လိုက် စစ်ရန်နိုင်၊ ငါကတော့
ဒီလိုမောင်းရမှ feel ရှိတာကွ"



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းနေစဉ်ကတည်းက အတူ ပေါင်းသင်းလာခဲ့သူများပေမို့ သူရိန်စိုး ခေါင်းမာတတ်မှန်း စစ်ရန်နိုင် သိ၏။ ထို့ကြောင့် စစ်ရန်နိုင်မှ ပြောမရသည့်အတူတူ စိတ်လျှော့ထားလိုက်တော့၏။

ယနေ့ သူတို့ ခရီးထွက်လာကြခြင်းမှာအကြောင်းရှိ၏။ ၎င်းမှာ - သင်္ကြန်တွင်း ရေကစားနိုင်ရန်အတွက် မန္တလေးမြို့ရှိ သူရိန်စိုး၏ အမျိုးများရှိရာသို့ ခရီးထွက်လာကြခြင်းဖြစ်သည်။

စစ်ရန်နိုင်မှာ သူရိန်စိုးအား ကောင်းသည် ဆိုးသည် မည်သည့်စကားမျှမဆိုတော့ဘဲ သူ၏ဖတ်လက်စ ဓာရေဏပရိတ်ကိုသာ ဆက်၍ ရွတ်ဖတ်နေတော့၏။ သူရိန်စိုးမှာတော့ သူ၏ ထုံးစံအတိုင်း ကား၏အိတ်ဇောသံကိုမြင့်၍ သီချင်းကို တျယ်လောင်စွာဖွင့်ပြီး ကားကို high speed ဖြင့် မောင်းနှင်နေ၏။

ထိုအချိန်တွင်သူ၏ဗင်ကားလေးမှာ မိုင်တိုင်အမှတ်သို့ ရောက်ရှိဖို့ရန် ကိုက် ၁၀၀ ကျော်မျှသာ လိုတော့သော အကွာအဝေးသို့ ရောက်ရှိနေပြီဖြစ်သည်။

စင်စစ်တွင် ၎င်းနေရာသည် ဖြတ်သန်းသွားလာကြသော ကားကြီး၊ ကားငယ်များ မကြာခဏ Accident ဖြစ်ပေါ်နေသည်ဟု နာမည်းဆိုးဖြင့် မကြာခဏ ပေါ်ထွက်နေသောနေရာ ဖြစ်ပါသည်။ ထိုသို့သော မကောင်းသတင်းများကြောင့် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သတိဆိုတာ ပိုသည်မရှိဆိုသော စကားကို စစ်ရန်နိုင်မှ ဓာရေဏပရိတ်တို နစ်ဆတိုး၍ ရွတ်ဖတ်နေမိတော့၏။

အချိန်မှာ ညနေ နေဝင်ရီတရော အချိန် နယ်မှလူများ၏ အခေါ်အရ "နွားရိုင်းသွင်းချိန်" ဖြစ်၏။ (တချို့ကလည်းညီအစ်ကို မသိတသိအချိန်ဟု ခေါ်ကြ၏) အတိအကျပြောရရင်တော့ ညနေ (၆) နာရီပေါ့။

သို့နှင့် မိနစ်အနည်းငယ်အကြာတွင် သူတို့ ကားလေးသည် မိုင်တိုင်သို့ ရောက်ရှိလာကြတော့၏။ ၎င်းနေရာတွင် "အန္တရာယ်သတိပေး" မှတ်တိုင်လေး တစ်ခု စိုက်ထားသည်ကို စစ်ရန်နိုင်မှ သတိထားကြည့်မိ၏။

ထိုစဉ် သူတို့နှစ်ဦးအတွက် လုံးဝမျှော်လင့်မထားသောအခြေအနေတစ်ခုက ရုတ်တရက် ပေါ်လာပါတော့သည်။

"ဟာ - ရှေ့မှာ မိန်းမတစ်ယောက် လမ်းဖြတ်ကူးနေတယ်"

ဟုတ်ပါသည်။ စစ်ရန်နိုင်သတိပေးလိုက်သည့်အတိုင်းပင် ယခင်က ကား လမ်းမပေါ်၊ ဝဲယာနှစ်လုံးတွင် အရိပ်

တင်မှုမတွေ့ရပါသော အမျိုးသမီး ဦးအတိအကျပြောရလျှင်ဆံပင်ကို အလယ်အထိ ဖားလျားချထားပါ သော အမျိုးသမီးတစ်ဦးသည် ကား သွားအလာရှင်းနေသော ရှစ်လမ်း င်း လမ်းမကျယ်ကြီးပေါ်သို့ ရုတ် တ် ဘွားခနဲ ရောက်လာပါတော့ ည်။

"တာ"

"ကျီ - ကျီ - ကျီ"

မိုင်တိုင်အမှတ်(...)တစ်ဝိုက်တွင် ရာလမ်းမကြီးနှင့် ကားတာယာ၏ ကြိတ်ဆွဲသံ၊ Non Stop Break ထံတို့ဖြင့် ဆူညံပွက်လောရိုက်သွား တော့သည်။ သို့ပါသော်လည်း အနီး တ်မှ ရုတ်တရက်ကြီးပေါ်လာသော ဆို ပါ အမျိုးသမီးကြောင့် လည်း ာင်း၊ ကားကို ကီလိုမီတာ ၈၀ ကျော် ၀ နီးပါးမျှတတ်အောင် လီဗာကို သားကုန်နင်း၍ မောင်းလာသော ရိန်စိုးကြောင့်လည်းကောင်း ဗင်ကား မှာ ဘရိတ်မနိုင်၊ အရှိန်မထိန်းနိုင် တော့ပါဲ နိုင်ငံခြား Action ရုပ်ရှင်ကား ထဲကလို လမ်းဘေးရှိ လူတစ်ရပ်မျှ ခြင့်ရှိသော ချောက်ထဲသို့လေထဲတွင် ဝတ်မျှကျွမ်းပစ်ပြီးကာ အရှိန်ပြင်းစွာ ဖြင့် ကျလေတော့၏။

"အား"

"အား"

"ဝုန်း - ဒုန်း - ဂလုမ်း - ဒုန်း"

❀

ယခုတော့ လောကကြီးတစ်ခုလုံး (သို့) အရာရာအားလုံးသည် ယခင်က ဖြစ်ပျက်သမျှ အနိဋ္ဌာရုံများသည် သူနှင့် လားလားမျှ မသက်ဆိုင်သည့် နယ်တုံ့ကိုဘာဝေ ဆိတ်ဆိတ်သာနေ၏။

"အား - ကျွတ် - ကျွတ်"

လယ်ကန်သင်း ရိုးပြတ်များပေါ်မှ တွန့်လိမ်ကြေမွ၍သုံးမရလောက်အောင် ပျက်စီးနေသော ဗင်ကားလေး၏နောက်ခန်းမှ တံခါးပွင့်၍ လွင့်စဉ်ကျပြီး ဒယိမ်းဒယိုင်ဖြင့် စုတ်သပ်ရင်း ထွက်လာသူတာ စစ်ရန်နိုင်ဖြစ်သည်။ လက်ဝါးဖြင့် အုပ်ကိုင်ထားသော ဝဲဘက်နဖူးမှ သွေးများ ယိုစီးကျနေသည်။ ဗင်ကားလေး၏ အင်ဂျင်မှာ လုံးဝပျက်စီးနေပြီး မီးခိုးများ အူထွက်နေသည်။ စစ်ရန်နိုင်မှ သွေးများ စီးကျနေသော မျက်ဝန်းအစုံကြားမှ မိမိတို့ကားအား အကြီးအကျယ် ဒုက္ခပေးသွားသော (သို့) သေမင်းနိုင်ငံသို့ ပို့ဆောင်ပေးသွားသော လမ်းဖြတ်ကူးသူ





www.burmeseclassic.com

www.burmeseclassic.com



အားလုံး ထိတ်လန့်ချောက်ချားစွာဖြင့် အော်ဟစ်လိုက်မိကြသည်။ အကြောင်းကား သူတို့ကားရှေ့တည့်တည့်မှ ပိတ်ရပ်၍ ကားကို တားနေသူ တခြားသူမဟုတ်၊ လွန်ခဲ့သောတစ်လခန့်က ဤနေရာတွင်ကား Accident ဖြစ်၍ ရုတ်တရက် သေဆုံးသွားခဲ့ရရှာသော သူရိန်စိုး ဖြစ်နေသောကြောင့် ပင်တည်း ...

မိန်းမပျိုအား အရပ်ရှစ်မျက်နှာသို့ ဖြန့်ကျက်၍ ရှာဖွေကြည့်ရှုပါသော်လည်း ထူးဆန်းအံ့သြဖွယ်ရာ အဆိုပါ မိန်းမပျိုအား လုံးဝမတွေ့တော့ချေ။ မိမိ တွေ့လိုက်ရသည်ကတော့ မီးခိုးတွေ အူထွက်နေသော ကားရှေ့ခန်းထဲ၌ ထိုင်ခုံနှင့် စတီယာရင်ကြားနင့်ညှပ်၍ ဒဏ်ရာပရပ္ပသွေးအလိမ်းလိမ်းဖြင့် မကြည့်ရက်စရာ သေဆုံးနေသော အချစ်ဆုံးကျောင်းနေဖက်သူငယ်ချင်း သူရိန်စိုးသာ၊

"အား"

သူ သွေးပျက်ချောက်ချားစွာ တစ်ကိုယ်တည်း အာခေါင်ခြစ်၍အော်ဟစ်လိုက်မိတော့၏။ သူ၏အော်သံကြောင့် အဝေး၌အစာရှာစားနေကြသော ငှက်တစ်အုပ်မှာ လန့်ဖျပ်၍ အဝေးဆီသို့ ပျံသန်းသွားကြတော့၏၊

❀



"အဖြစ်ကတော့ အဲဒါပါပဲကွာ"

လွှမ်းဆွတ်ဆွေးမြည့်သော အသံဖြင့် ကြေကွဲစွာပြောရှာလာသူက စစ်ရန်နိုင်ဖြစ်ပါသည်၊ နေရာကား ရှစ်လမ်းဆောင်း နေပြည်တော်အဝေးပြေးကားလမ်းမကြီးအပေါ်၌ ဖြစ်ပါသည်။ မနစ်ကညအဝေးပြေးလမ်းမကြီးပေါ်၌ မတော်တဆ ကား Accident ဖြစ်၍ ကွယ်လွန်အနိစ္စရောက်သွားရရှာသော သူရိန်စိုး၏ အကြောင်းကို ကားနောက်ခန်း၌ လိုက်ပါလာသော သူငယ်ချင်းများဖြစ်သည့် ဝင်းကိုနှင့် မျိုးမင်းတို့သိစေရန် စစ်ရန်နိုင်မှ သူ၏ရှေ့ဝါးကားလေးကိုမောင်းနှင်ရင်းနှင့်လည်းပြောပြနေခြင်းဖြစ်ပါသည်၊

"ဒါနဲ့ - အဲဒီတုန်းက မင်းမှာ ဒဏ်ရာကြီးနဲ့ ခရီးကလည်း တစ်ဝက်ပဲရှိသေးတယ်၊ ရန်ကုန်ကို ဘယ်လိုလုပ် ပြန်ရောက်လာတာလဲ"

ကားစီးရင်း ဖုန်းပွတ်နေသော မျိုးမင်းမှ မေးလာခြင်းဖြစ်သည်။ စစ်ရန်နိုင်မှ သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ဟင် - အဲဒီတုန်းက အက်ဆီးဒင့်ဖြစ်ပြီးချင်းအချိန်မှာ ဖြစ်နေတဲ့ ငါ့ရဲ့ အားငယ်စိတ်ကတော့ကွာ ပြောမပြနိုင်လောက်အောင်ပါပဲ၊ ဘေးပတ်ဝန်းကျင်ကြည့်တော့လည်း လယ်ကွင်းပြင်ထီးတည်းကြီးထဲမှာ ငါတစ်ယောက်တည်း၊ အကူအညီတောင်းဖို့လူကလည်းမတွေ့နဲ့၊ စိတ်ဓာတ်တွေ ကျနေတာ"

"ဒါပေမဲ့ - ငါ သိပ်ကံမဆိုးဘူးလို့ပဲ ပြောရမယ်၊ သိပ်ကြာကြာ မစောင့်လိုက်ရပါဘူး၊ မန္တလေးကနေ ရန်ကုန်ကို ဆင်းလာတဲ့ ကုန်သည်ကားကြီးက ငါတို့ကားမှောက်နေတာကို မြင်သွားတယ်၊ ငါကလည်း လှမ်းတားပြီး အကျိုးအကြောင်းပြောပြ၊ အကူအညီတောင်းလိုက်တော့ ငါ့ကိုနီးစပ်ရာတပ်ကုန်းမြို့ကိုခေါ်သွားပြီး ဆေးခန်းတစ်ခုရှေ့မှာ ချပေးတယ်၊ ဒါပေမဲ့ - ဒီအချိန်မှာ ငါက ကျန်ရစ်ခဲ့တဲ့ သူရိန်စိုးရဲ့အလောင်းနဲ့ ကားကိုစိတ်မချဖြစ်နေတာကြောင့် ရဲစခန်းကိုပဲ အရင်ဆုံး ရှာပြီး အကြောင်းကြားပြီး အခင်းဖြစ်သွားတဲ့နေရာကို ရဲတပ်ဖွဲ့နဲ့အတူ ပြန်သွားကြတယ်၊ ဟိုရောက်တော့ ရဲလုပ်ထုံးလုပ်နည်းတွေနဲ့ သူတို့ ပုံစံယူကြတယ်၊ နောက်တော့ ကားကို အရှိန်နဲ့ ချောက်ထဲက မ,တင်ကြပြီး အလောင်းကိုဆေးရုံကားခေါ်ပြီးတင်ပေးကြတယ်၊ ငါ့ကို အဲဒီဆေးရုံကားနဲ့ပဲ လိုက်ခိုင်းတယ်၊ အဖော်အဖြစ်နဲ့ပေါ့၊ ငါ့ကိုတော့ ပေါ်မှာပဲဆရာဝန်က ခေါင်းကဒဏ်ရာတို ဆေးထည့်ပြီး ပတ်တီးစည်းထားပေး



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ နောက်တော့ ရန်ကုန်ရောက်လာတယ်ပေါ့ကွာ"

စစ်ရန်နိုင်မှ သူ ကြုံတွေ့ခဲ့ရသည့် အမြန်လမ်းမကြီးပေါ်မှ သေရွာပြန်အတွေ့အကြုံတွေကို ရှည်လျားစွာရှင်းပြလိုက်ရ၍ ကားကို free ရိုက်၍ အေးအေးဆေးဆေးမောင်းရင်း အမောဖြေနေ၏။

"အင်း - တကယ်တော့ ဒီအမြန်လမ်းမကြီးပေါ်မှာ ပရလောကသားတွေ ကနှောင့်ယှက်ခြောက်လန့်နေကြတယ် ဆိုတာကတော့ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဒါက တစ်ပိုင်းပေါ့ကွာ၊ အဓိကတတော့ ယာဉ်မောင်းတဲ့ သူတွေက ကိုယ့်အရှိန်ကိုကိုယ်နိုင်ဖို့တော့လိုတယ်ကွ၊ အရှိန်ကို လျှော့မောင်းနိုင်ရင်တော့ အကောင်းဆုံးပေါ့ကွာ"

ကားစီးရင်း မုန့်တွေ ပလုတ်ပလောင်းနှင့် စားနေသော ဝင်းကိုမှ ဆရာကြီးစတိုင်ဖြင့် တွေးတွေးဆဆ ပြောလာခြင်းဖြစ်၏။

"ဟာ - ဘာဟုတ်သော်ရှိလဲကွ၊ ငါ ကိုယ်တိုင် ကြုံတွေ့လာခဲ့ရတဲ့ အဖြစ်အပျက်ကြီးကိုကွာ"

စစ်ရန်နိုင်မှ ကားကို လီဗာပြန်တင်ရင်း ပြောလိုက်သည်။

ရွှေငါးကားလေးမှာ နောက်ဆုံး

Auto ဂီယာနှင့်မို့ နေပြည်တော် အ

ပြေးလမ်းမကြီးပေါ်မြင်းရိုင်းတစ်ကော

နှယ် တရိပ်ရိပ် ပြေးလွှားနေ၏၊ က

လေးက မောင်းရသည်မှာ အရမ်း

လွန်းသည့်အတွက် လီဗာပေါ်ဖိနင်း

လိုက်တိုင်း ကီလိုမီတာတွေက ချက်ချင်း

တက်တက်သွား၏။

(ကီလိုမီတာ ၆၀ မှ ၇၀

ကီလိုမီတာ ၇၀ မှ ၈၀

ကီလိုမီတာ ၈၀ မှ ၉၀)

"ဝူး - ဝူး - ဝရော"

"ဟား - ဟား - ဟုတ်ပြီကွ၊ ငါ

ကားကို အဲဒီလို Speed နဲ့ မောင်းတာ

မျိုးကိုမှ သဘောကျတာကွ"

မျိုးမင်း၏ စကားကို ဝင်းကိုမှ

သဘောမကျဟန်ဖြင့် မျက်စောင်းထိုး

ကြည့်၏။

သို့ဖြင့် သူတို့အားလုံး တိုက်တိုက်

ဆိုင်ဆိုင်ပင် မိုင်တိုင်အမှတ် ( )သို့

ရောက်ရှိလာကြ၏။

ထိုအချိန်၌အားလုံး၏နှုတ်တို့ဆိတ်

နေကြသော်လည်း မျက်နှာပျက်နေကြ

သည်။ အဘယ့်ကြောင့်ဆိုသော် ရှေ့မှာ

နာမည်ဆိုးဖြင့် ကျော်ကြားလှသော မိုင်

တိုင်အမှတ် ( )ရှိသည် မဟုတ်လား

စစ်ရန်နိုင်မှ ကားကိုယခင်ကထက်

ကြီးစွာထား၍မောင်းနှင်ရင်းလီဗာ

ကိုလည်း လျှော့ချလိုက်၏။

ကီလိုမီတာ ၉၀ မှ ၈၀ သို့...။

သို့သော် ကားလေးကတော့ ထို

အချိန်တွင် မိုင်တိုင်အမှတ် ( )ရှေ့သို့

ရောက်နေပြီဖြစ်၏။

ထို စဉ် သူတို့ အားလုံး ထင်မှတ်

ထားသော အံ့ဖွယ်သရဲ ထူးခြားဆန်း

ကြယ်သော အဖြစ်အပျက်တစ်ခုက

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း

ပေါ်ခဲ့ပါဘဲ ဝင်ရောက်လာပါတော့

သည်။ ၎င်းကား ...

မိုင်တိုင်အမှတ် ( )ရှေ့တွင် လူ

တစ်ယောက်က သူတို့ကားအား လှမ်း၍

တားနေ၏။ စစ်ရန်နိုင်၏ ရွှေငါးကား

လေးက ထိုသူနှင့် မလှမ်းမကမ်းအကွာ

အဝေးသို့ ရောက်ရှိသွားချိန်တွင်တော့

...

"ဟာ..."

"ဟင်..."

"အမလေး"

အားလုံး ထိတ်လန့်ချောက်ချားစွာ

ဖြင့် အော်ဟစ်လိုက်မိကြသည်။

အကြောင်းကား သူတို့ကားရှေ့တည့်

တည့်မှ ပိတ်ရပ်၍ ကားကို တားနေသူ

အခြားသူမဟုတ်၊ လွန်ခဲ့သောတစ်လ

ခန့်က ဤနေရာတွင် ကား Accident ဖြစ်၍ ရုတ်တရက် သေဆုံးသွားခဲ့ရရှာသော သူရိန်စိုး ဖြစ်နေသောကြောင့်ပင်တည်း။

ကားတားနေသော ၎င်းသူရိန်စိုး၏ ဘေးတစ်ဖက်တစ်ချက်မှာက လူတစ်ရပ်ကျော်မျှ နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီးများ ရှိနေသည်။

နောက်ပြီး၎င်းနေရာကမကြာခဏ လမ်းချော်တတ်သဖြင့် အန္တရာယ်သတိ ဆိုင်းဘုတ်များ ထားရှိရာနေရာ။

ရုတ်တရက် ဖြစ်ပေါ်လာသော စစ်ရန်နိုင်၏ ဦးနှောက်ထဲ အလျင်အမြန်ဆုံးဖြတ်တွက်ချက်မှုတို့ဖြင့် အလုပ်ရှုပ်သွားရ၏။ ထိုအချိန်တိုလေးအတွင်း၌ စစ်ရန်နိုင်၏ အသိထဲတွင် သူရိန်စိုးကို မမျှော်လင့်ဘဲတွေ့လိုက်ရသည့်အတွက် အချစ်ဆုံးသူငယ်ချင်းဟူသောစိတ်ဖြင့် ကားကို သူရိန်စိုးနှင့်လွတ်ရာ (ချောက်ကမ်းပါး)ဘက်ဆီကို ဆွဲကွေ့ချရန် ကြံရွယ်လိုက်မိသေး၏။

"ဝူး - ဝူး"

"ဟား - သူငယ်ချင်း"

နောက်တော့မှ သူ၏ ဘဝတော် လျှောက်သက်တော်စောင့်အဖြစ်သည် အချိန် ဒီအသက်အရွယ်၌ ရှုတ်ဖတ် သရဲရွာယ်လာခဲ့သော ယုံကြည်အား





www.burmeseclassic.com

www.burmeseclassic.com

ထားခဲ့ရသော မာရဏပရိတ်တော်၏ အစွမ်းကြောင့်လောမသိ၊ နောက်မှ သူ၏အသိစိတ်ထဲ လျှပ်ပြက်သလို ဒိုင်းခနဲ ဝင်ရောက်လာသည့် အတွေးသစ်၊

"ဟာ - မဟုတ်သေးပါဘူး၊ သူရိန်စိုးက ငါ့မျက်စိရှေ့မှာတင် သေသွားခဲ့ပြီပဲ၊ ဒါ သူရိန်စိုးအစစ် လုံးဝမဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး၊ ဒါ - သူ့ရဲ့ဝိညာဉ်က ခြောက်လှန့်နေတာပဲ" ဟူသော ကယ်တင်ရှင် အတွေးပင်တည်း၊

ထို့ကြောင့် ချက်ချင်းပင် သူရိန်စိုးနှင့်လွတ်ရာ မျောက်ကမ်းပါးဆီသို့ ဦးတည်နေသောကားကို လမ်းမကြီး အလယ်တည့်တည့်ဆီသို့ ပြန်လည်ဆွဲတင်လိုက်တော့၏။

(မှတ်ချက်၊ ၊ ထိုအချိန်တွင် ကားမှာ အရှိန်အရမ်းများနေခြင်းက တစ်ကြောင်း၊ သူရိန်စိုးကို အနီးကပ်ကျမှ မြင်တွေ့လိုက်ရခြင်းကတစ်ကြောင်းတို့ကြောင့် ကားကို ရပ်ဖို့ ကြိုးစားရာတွင် လုံးဝမရတော့ပါ။)

"ဝူး - ဝူး - ဝေါ"

ရွှေငါးကားလေးက သူရိန်စိုးရပ်နေရာ တည့်တည့်သို့ပင် မြင်းရိုင်းတစ်ကောင်နှယ် ခုန်ပေါက်ပြေးလွှား၍ ...ရောက်သွားပါတော့သည်၊

"ဟာ"

"အို"

ကားပေါ်၌ ဒုတိယမြောက်အာ... ဒိုတ်သံတို့ဖြင့် ဆူညံပွက်လောရိုက်သွား... ကြပြန်သည်၊ အကြောင်းကား ...

ရွှေငါးကားလေးသည် ကား... တည့်တည့်မှ မျက်နှာချင်းဆိုင်ရပ်... တားနေသော သူရိန်စိုး၏ခန္ဓာကိုယ်... အား ဖောက်ထွင်းဝင်ရောက်သွား... ကြောင့်ပင်၊ ဥပမာပြ၍ ဆိုရသော်... ကောင်းကင်ရှိ တိမ်တိုက်များကို ထို... ပျံသန်းလိုက်သောလေယာဉ်ပျံတစ်... လိုပင် ဖြစ်ချေတော့၏၊

နောက်ဆုံးတော့ စစ်ရန်နိုင်... တွက်ဆထားသလိုပင်၊ ဤအဝေး... ကားလမ်းကြီးပေါ်တွင် မကျွတ်မလွ... သေးသော သူရိန်စိုး၏ဝိညာဉ်က သူ... ကို လာရောက်နှုတ်ဆက် (သို့) ခြော... လှန့်နေခြင်းပင် ဖြစ်ပါတော့သည်၊

ယခုမှပင် ကားပေါ်မှ စစ်ရန်နိုင်... တကွ သူငယ်ချင်းအားလုံး သက်ပြ... ကိုယ်စီ ချနိုင်ပါတော့သတည်း၊




www.burmeseclassic.com

www.burmeseclassic.com

# မုဆိုး၏ တစ္ဆေမှတ်တမ်း

**ကျော်မိုးမိုလ်**

လမိုက်ရက် ညဥ့် ၁၂း၀၀ နာရီခန့်။ ၁၂ ဘီး ဟီးနိုးသစ်တင်ကားကြီး၏ ရှေ့မီးရောင်က တစ်ကြောင်းထိုး ဒိုစာသစ်ထုတ်လမ်းကိုသာမက ဝဲယာသစ်တော၊ ဝါးတော၊ တောင်ကုန်းနှင့် ချုံပုတ်များကိုပါ လင်းထိန်လျက်ရှိသည်။ အကွေ့တစ်ခုကိုရောက်တိုင်း တောင်ကုန်းတစ်ခုကိုတတ်တိုင်း ကားလမ်းကိုဖြတ်မည့် သားကောင်တစ်ကောင်ကောင်ကို တွေ့ကပစ်ရန် အဆင်သင့်ဖြင့် ကျွန်ုပ်က သာတီးအိုစ် (၃၀.၀၆) ရိုင်ဖယ်ကို အသင့်ကိုင်ကာ လိုက်ပါလာသည်။

ဤလို ညသန်းခေါင်ယံအချိန် ခရီးတွင် ရှီးမတောကြီးအတွင်း၌ စိုင်အုပ်သော်လည်းကောင်း၊ ပြောင်အုပ်သော်လည်းကောင်း၊ ချောက်စထောင်ဆတ်ဖားကြီးတစ်ကောင်သော်လည်းကောင်း လမ်းပေါ်ဖြတ်တက်တတ်လေသည်။ ထိုအခါမျိုးတွင် ကားရှေ့တံခါးကို ဖွင့်၍ အသာဟကာ ပစ်မည်ဆိုပါက ဟင်းအားသာမက အသားကိုကျပ်တင်အခြောက်လုပ်ကာ မြို့သို့ပင် ပြန်သယ်နိုင်လောက်အောင် ရပေမည်။

ထို့အပြင် ကားသမား၊ သစ်ထုတ်သမား၊ သစ်စခန်းများမှ မိတ်ဆွေများကိုလည်း ဝေခြမ်းပေးနိုင်သေးပေရာ ဖယ်ဖင်းသင်းဆက်ဆံရေးအတွက်ပါ အဆင်ပြေသည် မဟုတ်ပါလား။

တောမှာပဲရှူးရှီးမအောလယ်မှ "ကြက်ဖင်နီ" တော ဖြစ်လေသည်။ ကြက်ဖင်နီတောမှာ ကြက်ဖင်နီချောင်းကို အစွဲပြု၍ ခေါ်ခြင်းဖြစ်၏။ ထိုချောင်းမှာ တစ်ချောင်းတည်းမဟုတ်၊ နှစ်ချောင်းဖြစ်လေရာ အစည်ရင်း (မြေပုံပါအမည်)က "ရေရှိကြက်ဖင်နီနှင့် ရေမရှိကြက်ဖင်နီ" ဟူ၍ ခေါ်လေ၏။ အမှန်တကယ်လည်း ရေရှိကြက်ဖင်နီချောင်းမှာ အကျယ် ၁၅ ပေ၊ ၂၀ ခန့်ရှိ၍ မြောက်မှတောင်သို့ စီးဆင်းကာ နွေအခါအချို့နေရာများ၌ပေါင်သယ်ခန့်အထိ ရေရှိ၏။

"ရေမရှိ ကြက်ဖင်နီ" ချောင်းမှာမူ အရှေ့မြောက်တောင်ပေါ်များမှ မိုးများမှ ဆင်းလာကာ ရေရှိကြက်ဖင်နီချောင်းသို့ ဆင်းပြီး မိုးပြတ်သည်နှင့်တစ်ပြိုင်နက် ရေလုံးဝမရှိတော့ပေ။ ပိုမိုထူးခြားသည်မှာ ထိုချောင်းအတွင်းတွင် တောသူဆောင်သား သစ်ခုတ်သမားများ ရေတူး၍ ရခြင်းဖြစ်ပေသည်။ ထို့ကြောင့်လည်း ရေမရှိ ကြက်ဖင်နီဟု ခေါ်ခြင်း ဖြစ်၏။ ၁၉၃၆ - ခုနှစ်ထက် သစ်တောမြေပုံ၊ အောင်ဇာမဏီကြီးဝိုင်း (ပဲခူးတောင်) တွင်လည်း ရေရှိကြက်ဖင်နီ၊ ရေမရှိကြက်ဖင်နီဟု ဖော်ပြထားလေသည်။

ထိုတောနှင့် ချောင်းများ ရှိယာတွင်တောကောင်း၏။ အမြဲစိမ်းသစ်ကြီးများဖြစ်သော ပျဉ်းကတိုး၊ မဒမ၊ ယမနေးဘင်ဂ၊ သံသတ်၊ ကညင်ပင်ကြီးများရှိ၍ ကုန်းမြင့်ရာတောင်ပေါ်တွင်ကျွန်းပင်ကြီးများ ပေါက်လေ၏။ ရေရှိ ကြက်ဖင်နီချောင်းမှာ စိမ့်စမ်း၊ သစ်ရိပ်ဝါးရိပ် အလွန်ကောင်း၍ ဆောင်းအခါဆိုလျှင် နံနက် (၁၀) နာရီလောက်မှသာ နေကိုမြင်ရပြီး အေးစိမ့်၍ နေ၏။ ငှက်ဖျားခံရှိသူများအတွက် မနေအပ်၊ စခန်းမချအပ်သော နေရာဟုဆိုလျှင် မှားမည်မထင်ပေ။

သားကောင်များအနေဖြင့် ရှီးမသားကောင်ကြီးများဖြစ်သော ဆင်၊ ပြောင်၊ ကျား၊ ကျားသစ်၊ ဝက်ဝံ၊ ချေးဆတ်၊ တောဝက်နှင့် မျောက်ညိုကြီးများလည်း ပါလေရာ ၎င်းတို့အား နိုင်နင်းသည့် သေနတ်ကြီး Caliber (ပြောင်းဝကျယ်) မပါက မသွားသင့်သော အရပ်ဖြစ်ပေသည်။ ထိုနေရာရှိ သစ်တွက်များမှ သစ်ထုတ်ဆင်တဲများပင် နှစ်ကာများကို အပြောင်းရှင်းကာ နေရောင်ရနိုင်ရန် ပြုလုပ်ပြီးမှ တဲထောက်ကြရ၏။ သို့တိုင်အောင် ငှက်ဖျားမိ၍ သေဆုံးသူများ မကြာခဏ ရှိခဲ့လေသည်။

ဆင်သမားများမှာမိုးရာသီသစ်ဆွဲဆင်ဆွဲ လုပ်ချိန် သစ်ထုတ်ကားလမ်း



www.burmeseclassic.com

www.burmeseclassic.com

တလည်းမပေါက်ချိန်၊ ဖျားနာပါက ဆင်တဲရှိတော်ရိုလျော်ရိုဆေးများဖြင့်လည်းကောင်း၊ တောသစ်မြစ်၊ သစ်ခေါက် အသီးများဖြင့် လည်းကောင်း ကုသရလေရာ အသက်ဆုံးရှုံးမှုများခြင်း ဖြစ်၏ ခရီးအားဖြင့်လည်းအနည်းဆုံး ဆေးမှုးရှိရာ "ဖောင်းတူရွာ" သို့ခြေကျင်သွားမည်ဆိုလျှင်တစ်ညအိပ်ခရီး ပျဉ်းပုံကြီးသို့ သွားမည်ဆိုလျှင်နှစ်ညအိပ်သုံးရက်ခရီး မျှပင် သွားရလေရာ တော်ရုံဖြင့် မသွားနိုင်ကြ၊

ထို့ကြောင့် ဆင်ဝိုင်းများတွင် အခြေခံဆေးပညာကို ယခုထက် ပို၍ လက်တွေ့သင်ကြားပြသခြင်းနှင့် စားဆေး၊ ထိုးဆေး၊ အကြောဆေးများပါ သစ်တောဌာနမှ စီစဉ်ပေးထားမည်ဆိုပါက ဆင်သမားများဘဝ ပိုမိုကျန်းမာကောင်းမွန်တိုးတက်လာမည်ဟု ထင်မိတော့သည်၊

ရန်ကုန်-မန္တလေး ကားလမ်းမှ မိုင် (၃၀) မျှ ဝေးလာသောအခါ ကြက်ဖင်နီချောင်းဆင်းသို့ ရောက်ပေတော့မည်။ ထိုချောင်းဆင်းသို့မရောက်မီ တစ်မိုင်မျှ အလို ဒိဇလမ်း၏ ယာဘက်၊ ကိုက် ၁၅၀ မျှအကွာတွင် ကြက်ဖင်နီကျစ်

ရှိလေသည်၊

ထိုနေရာမှာပြန့်တောဖြစ်ကာကိုင်း… ပင်များ ပေါက်သည်။ ကွင်းငယ်ကလေး… ၏ အလယ်တွင် ကျစ်တွင်း (ဆားတွင်း…) က ရှိလေသည်။ ထိုကျစ်မှာ အခြားကျ… များကဲ့သို့ရွှံ့ကျစ်၊ ရေကျစ်မျိုးမဟုတ်… သဲ သက် သက် မျှသာရှိကာ ဆားငန်… ပေါက်သဖြင့် သားကောင်များ လာ၍… တတ်လေသည်၊

စကားချပ် ၊ ဤကျစ်တွင် လွန်ခဲ့… သည့်သုံးနှစ်ခန့်က ကျွန်ုပ်၏သူငယ်ချင်း… ဖြစ်သူ ပျဉ်းပုံကြီး အထက်တန်းကျောင်း… မှ ကျောင်းဆရာ ဦးဝင်းမောင်နှင့်အတူ… လင့်ထိုး၍ စောင့်ဖူးခဲ့၏။ အထူးအဆန်း… အသံများလည်း ကြားခဲ့ရဖူး၏။

"ဆရာ-ဆရာ-ဟိုမှာ-ဟိုမှာ"

ကားဆရာကကျွန်ုပ်အားသတိပေး… သဖြင့် ကြည့်လိုက်ရာ ကားရှေ့မီးရောင်… အောက်တွင် ကျစ်တွင်းဘက်မှ ကား… လမ်းကို ဖြတ်၍ထွက်လာသော သား… ကောင် သုံးကောင်။

ဘာကောင်များပါလဲ။

အရပ်နှစ်ပေခွဲမျှဖြင့်ကာ ခါးကိုနှိမ်… လမ်းဖြတ်ကူးလာသော သားကောင်ကြီး… တစ်ကောင်။ ၎င်း၏နောက်မှနှစ်လထက်…



ဆင် ပိုမည်မဟုတ်သေးသော သားကောင်ငယ် နှစ်ကောင်။ ရှေ့မှ အကောင်ကြီးက နောက်မှ အကောင်ငယ်နှစ်ကောင်ကို စိတ်မချဟန် လှည့်ကြည့် လှည့်ကြည့်ဖြင့် ကားလမ်းကိုဖြတ်နေ၏။ အမြီးရှည်ကိုမှ တော့၍ ထောင်ထား၏၊ နောက်မှ အကောင်ငယ်ကလေးများက အရှေ့မှ အမြီးကော့ကိုကြည့်ကာ ငုပ်လျှိုးစွာဖြင့် လိုက်နေကြ၏။

ကျွန်ုပ်က တံခါးကိုဖွင့်ကာ သေနတ်ဖြင့် ထိုးချိန်လိုက်၏။ အသေအချာကြည့် လိုက်သောအခါ ဖြူဝါရောင် အရေပြား အမွေးများပေါ်တွင် ခုံညင်းဒိုးကဲ့သို့သော အမည်းစက်များ အကြီးအသေးအလိုက် ရှိနေသော သားကောင်၊ အကောင်ငယ် ကလေးများမှာလည်း ထို့အတူ၊

သို့သော် ငယ်သေး၍ထင်၊ အမည်းစက်များက သူတို့၏ အရေပြားပေါ်တွင်ထင်းကာ မှောင်သည့်

အထက်ဆင်စခန်းက
ဆင်သမားတစ်ယောက်
ဒီမိုးတွင်းငှက်ဖျားမိတာ
ပဲခူးပို့ပြီး ဆေးကုဖို့
ဆင်နဲ့သယ်လာခဲ့တယ်။
ဒီလည်းရောက်ကော
ဆုံးသွားတာနဲ့ ဒီမှာပဲ
မြှုပ်ထားခဲ့တာ ဆရာ။
ဆယ်ရက်လောက်ပဲ ရှိဦးမယ်။
တောထဲမှာ တရားဟောဆရာ
ကလည်းမရှိတော့ သူ့အတွက်
ခရစ်ယာန်ဘာသာအရ
ဘာမှလုပ်မပေးနိုင်ကြဘူးလေ။
ဒါနဲ့ ကျွန်တော်တို့လည်း
ဆင်သမားတွေစုပြီး
တတ်သလောက် မှတ်သလောက်
ကျမ်းစာပဲ ရွတ်ပေးခဲ့ကြတယ်
ဆရာ ...





www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ လှနေ၏။ မီးရောင်ကိုတော့ လုံးဝဂရုမစိုက်။

ထိုအချိန်တွင် ကားဆရာက ...

"ဆရာ - ကျားသစ်သားအမိ သုံးကောင်ပစ် - ဆရာ - ပစ်"

မှန်ပါသည်။ ချစ်တွင်းလာမည့် သားကောင်ကို ရှာရာမှ ပြန်လာသော ကျားသစ်အမကြီးနှင့် သားငယ်နှစ်ကောင်။

ကျွန်ပ်က အသေအချာကြည့်ရှုပြီး သိရသောအခါ သေနတ်ကို ချက်ချင်း ပြန်ရုတ်လိုက်၏။

"ကားဆရာ - သွားပါစေကွာ။ ကလေးတွေက ငယ်သေးတယ်။ အမကြီးကို ပစ်လို့မဖြစ်ဘူး။ ပြီးတော့ ဒီအကောင်မျိုးတွေက ရှားပါးတိရစ္ဆာန်ဖြစ်နေတယ်။ မပစ်သင့်တဲ့ အကောင်တွေပဲ"

ကျွန်ပ် ဆုံးဖြတ် ပြောဆိုချက်ကြောင့် ကားဆရာမှာ အံ့ဩသွားပုံရ၏။ သေနတ်ကိုင်ထားသည့် မုဆိုးတစ်ယောက်က သားကောင် တွေ့ပါလျက် မပစ်ဘူးဆိုတော့ သူ့အတွက် ထူးဆန်းနေသည်မှာ အမှန်ပင်။

ကျွန်ပ်တို့ ပြောဆိုနေစဉ်မှာပင် ကျားသစ်သုံးကောင်မှာ လမ်းတစ်ဖက် ချုံအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့လေပြီ။ ကားဆရာမှာ ကျွန်ပ်အကြောင်းကို သူ့မိတ်ဆွေများအား ပြန်ပြောဖြစ်ပေလိမ့်မည်။ ထိုသို့ ပြောရင်း တစ်ချိန်ချိန်တွင် ကျွန်ပ် ဘာကြောင့် မပစ်ခဲ့သည်ကို သူ သဘောပေါက် နား လည်လာပေလိမ့်မည်။

"ကားဆရာ - ကြက်ဖင်နီချောင်းက တဲ့ချပြီး တဲတားလုပ်ပြီးပြီမို့လား"

"ဟုတ်ကဲ့ - လုပ်ပြီးပြီ ဆရာ"

"ဒါဆိုရင် တဲတားကူးပြီးရင် ကျွန်တော်တို့ဆရာတပည့်ဆင်းမယ်။ ချောင်းတစ်ဖက်မှာ ဝါးတဲပေါင်းတော့ ရှိတန်ကောင်းပါရဲ့"

"ရှိတယ် - ဆရာ၊ တစ်တဲပဲ ကြမ်းခင်းနဲ့ အကာတွေ မရှိတော့ဘူး။ အဲဒီကနေ မြောက်ဘက်မှာ ဆရာတို့ သွားမယ့် အုန်းရွှေတို့ ဆင်တဲရှိတယ်။ ကားမိုင်လောက်တော့ဝေးဦးမယ်။ ကျွန်တော်တို့က အနောက်ဘက်လမ်းအတိုင်းဒိုးအ ရှိတဲ့ဆီကို ဆီပို့ရမှာ"

"အေးဗျာ - ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို အဲဒီတဲပေါင်းမှာ ချထားပေးပါ"

"ဖြစ်ပါ့မလား - ဆရာ၊ လူလည်း ... လူလည်း မနီးဘူး။ ကျွန်တော်တို့ ...စခန်းကို လိုက်ခဲ့ပါလား"

"ဖြစ်ပါတယ် - ကျွန်တော် တပည့် ...တယ်။ မနက်ကျမှ အုန်းရွှေတို့ ဆင် ...သွားပြီး လမ်းပြနဲ့ အကောင်ကြီး ...ည့်မှာ"

ကျွန်ပ်က ဆုံးဖြတ်ထားသည့် ...အတိုင်း ပြောလိုက်ရာ ကားဆရာမှာ ...မှ ပြန်မပြောတော့။ မကြာမီ ကြက် ...ဖင်နီချောင်းကူးမှ တဲပေါင်းကလေး ...ရောက်ခဲ့ရာ ကားကို ရပ်ပေးသဖြင့် ...ဆရာတပည့်နှစ်ယောက် ဆင်း၍နေခဲ့ ...ပါတော့သည်။ ကားဆရာနှင့် စပယ် ...မှ ကားကို ဆက်မောင်းသွားလေ ...

❀

တောင်ပေါ်မှ သစ်ထုတ်ရန် ကား ...ကို ဘူဒိုဇာထိုးဆဲဖြစ်၍ သစ်မဆွဲ ...ပ၊ လမ်းကရည်မှန်းချက်မရောက် ...၍နောက်မှ ဒီဇယ်ဆီ လိုက်ပို့သော ...ကြောင့် ကျွန်ပ်တို့ဆရာတပည့်အပဲကြီး ...ည်ရန် လိုက်ခဲ့ကြခြင်း ဖြစ်၏။ တွင်း ...များ လယ်မပြီးသေး။ သစ်ကား မဆွဲသေးချိန် တောအေးသည့်အချိန်တွင်သားကောင်ကြီးလည်ရန်အကောင်းဆုံးအချိန်ဖြစ်လေရာ ဒီဇင်ဘာလဆန်းကို ရွေး၍ တောတက်ခဲ့ခြင်း ဖြစ်၏။

တပည့်ဝင်းမြင့်မှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ရိက္ခာကျောပိုးအိတ်ကြီးတစ်အိတ်၊ ကျွန်ပ်၏ Sleeping Bag၊ ခြင်ထောင်၊ အဝတ်အစား၊ ပုခက်တစ်အိတ်၊ သူ၏ ပစ္စည်းကျောပိုးအိတ်တစ်အိတ်တို့ကို တဲပေါင်းကလေးရှေ့တွင် ချလိုက်၏။

"ဝင်းမြင့်ရေ - ဆင်တဲလမ်းကိုငါတို့ မသိဘဲနဲ့ ညကြီးသွားလို့ မဖြစ်သေးဘူး။ မနက်ကျမှ လမ်းရှာသွားမယ်၊ ဒီတဲလေးမှာပဲ ညအိပ်ကြစို့"

ကျွန်ပ်က နာရီကို ဓာတ်မီးဖြင့် ထိုး ကြည့်ကာ ပြောလိုက်၏။ ည၌ ၁ နာရီ ရှိပေပြီ။

"တဲက အိပ်လို့မရဘူးဦး။ ကြမ်းခင်း မရှိဘူး"

"ငါ မြင်ပါတယ်ကွာ၊ တဲရဲ့တောင်ဘက်မှာ တွေ့လား၊ မြေပြင်မို့မို့လေး ရှင်းထားတာ၊ အဲဒီနားက ယမနေ့ပင်နှစ်ပင်မှာ ငါ့ပုခက်ကို ချည်ပေး။ အဲဒီမှာ ငါ အိပ်မယ်၊ မင်းလည်း သင့်မယ်နေရာရှာအိပ်"



www.burmeseclassic.com

www.burmeseclassic.com

တာ့ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ ကျွန်ုပ် အိပ်မည့်နေရာကို ထိုးပြ၏။

ဝင်းမြင့်မှာ ကျွန်ုပ်၏ကျောပိုးအိတ် အတွင်းမှ ခြင်ထောင်နှင့် တွဲထားသော ပုခက်ကိုထုတ်ကာ သစ်ပင်နှစ်ပင်တွင် ချည်၍ ဆင်ပေး၏။ သူကမူ ကျွန်ုပ်၏ အရှေ့ဘက် ရှောင်းစောင်းချုံစပ်တွင် တောလိုက်ဓားဖြင့်ရှင်းကာ သူ အိပ်ရန် လုပ်လေ၏။

"ဝင်းမြင့်ရေ - မီးဖိုဖို့ ထင်းရှာ၊ ထင်းတို မပြတ်ထည့်၊ ပြီးတော့ သတိနဲ့ အိပ်၊ ဆင်လာရင် ငါ့ကိုလည်း သတိပေး - တာတ်လား"

"ဟုတ်ကဲ့ - ဦး"

ဝင်းမြင့်မှာ ၁၅ မိနစ်၊ နာရီဝက်မျှ အကြာတွင် မီးပါဖိုပြီးလေပြီ။ ချမ်းလိုက် သည့်အချမ်းကားဖူးများပင်တုန်နေသဖြင့် ကျွန်ုပ်၏ East Boy တံဆိပ် ရှမ်းကပ် တောလိုက်ရှာကင်ကြီးကို ဇစ်အပြည့် ဆွဲကာ ဝတ်ရ၏။ တောစီးဖိနပ်ကို ချွတ် ကာခြေစွပ်အတိုပေါ်မှသောကန်ခြေစွပ် ရှည်ကိုလည်း ထပ်စွပ်ကာတောစီးဖိနပ် ပြန်စီးရ၏။ လက်အိတ်၊ ခေါင်းစွပ်တို့ကို လည်းဝတ်ကာ မီးလည်း လှုံခဲ့ရလေ သည်။

အနည်းငယ် နွေးလာသောအခါ သေနတ်ကို မောင်းတင်၊ ဆေ့ဖ်ပိတ် (safe) လုပ်၊ ပုခက်တွင်းသွင်း၍ မှိန်းနေရ၏။ ခေတ္တအကြာတွင် အိပ်ပျော်သွားခဲ့သည်။ တောနက်ကြီးအတွင်းမှ ဆရာ တပည့်နှစ်ယောက်တည်း။

"ဟီးဟီး - ဟီးဟီး"

"အီးအီး - အီးအီး"

"အင်းအင်း - ကျွတ် ကျွတ် ကျွတ်"

လူမမာ ညည်းသံကဲ့သို့ အသံများ က ကြားနေရသည်။ ကျွန်ုပ် အိပ်မက် မက်နေသည်ထင့်၊

"အီးအီး - အင်းအင်း"

ထပ်မံ၍ အသံများ ကြားရ၏။

"ကျွတ် - ကျွတ် - ကျွတ် - ကျွတ်"

လူညည်းသံ၊ ကျွန်ုပ် အိပ်ရာမှ နိုး၍ သတိဝင်လာ၏။

"အီးအီး - အင်းအင်း"

ဟော - အိပ်မက်မဟုတ်၊ လူညည်း နေသံ၊ ဤသို့ စိတ်မှ သတိဝင်လျှင် ဝင် ချင်း ထင့်ခနဲ ဖြစ်သွား၏။

တပည့်ဝင်းမြင့် ငှက်ဖျားများ တတ် လေသလား။

အလွန်အားကိုးရသော တပည့် တစ်ဦးတည်းကိုသာခေါ်ကာတောလည်

ရာမှ သူ ဖျားလျှင် မဖြစ်၊ စခန်းသိမ်း၍ ပြန်ရမည်။ ဤနေရာမျိုးက ငှက် ဖြင့် ကြာကြာနေသင့်သည့် အရပ် တ်၊ အမဲမပစ်ရ၍ အရေးမကြီး။ ည့်မဖျားဖို့က အရေးကြီးပေသည်။ ရာတပည့် နှစ်ဦးမှာ ငယ်စဉ်ကပင် လည်ခဲ့ရာ နှစ်ဦးစလုံး ငှက်ဖျား ခံတာရှိ၏။ ခရီးပြင်းခြင်း၊ ညောင်းညာ တ်ခဲခြင်း၊ အားနည်းခြင်းရှိပါက ငှက် တာ ချက်ချင်းထလာနိုင်၏။

ထို့ကြောင့် စိုးရိမ်မိခြင်း ဖြစ်ပေ သည်။

"အင်းအင်း - ဟင်းဟင်း"

ဒီတစ်ခါ ညည်းသံကြားရသော အခါ...

"ဝင်းမြင့် - ဝင်းမြင့်"

ကျွန်ုပ်ကပုခက်ခြင်ထောင်အတွင်း မှလှမ်းခေါ်လိုက်၏။

"ဗျာ - ဦး"

ဝင်းမြင့်က ချက်ချင်းနိုးကာ ထူး၏၊

"မင်း ညည်းနေသလား။ ဖျားလို့ လား"

"မညည်းပါဘူးဦး၊ ဖျားလည်းမဖျား ပါဘူး။ အိပ်ပျော်နေတာပါ"

မဖျားဘူးဆို၍ စိတ်ချသွားရ သဖြင့်...

"ဟုတ်လား - အေး - အေး - အိပ် - အိပ်"

ကျွန်ုပ်က ပြောလိုက်ပြီး ပြန်၍မှေး နေမိ၏။ နာရီဝက်ခန့်အကြာတွင် ...

"အီး - အီး - ဟီး - ဟီး"

"ကျွတ် - ကျွတ် - ကျွတ် - ကျွတ်"

ဟော - ညည်းပြန်ပြီ၊ တကယ် ညည်းနေခြင်းဖြစ်၏။ ထို့ကြောင့် ...

"ဝင်းမြင့် - ဝင်းမြင့်"

ကျွန်ုပ်က ခေါ်ကြည့်ရပြန်သည်။

"ဗျာ - ဦး"

"မင်း ညည်းပြန်ပြီလား"

"မညည်းပါဘူး - ဦး။ အိပ်နေတာပါ"

"အေးကွာ - မညည်းရင်လည်း ပြီး ရော၊ အိပ်တော့ ပြန်အိပ်တော့"

နာရီဝက်ခန့် ကြာသွားပြန်သည်။

"ဟီး - ဟီး - ဟီး"

"အီး - ဟီး - ဟီး - ကျွတ် - ကျွတ် - ကျွတ် - ကျွတ်"

"ဒီတစ်ခါတော့ သေချာပြီ။ မင်းတ မညည်းဘူးသာဆိုတယ် ငါက ကြားနေ ရတယ်။ မင်း ညည်းတာကို မိအောင်ဖမ်း မယ်" ဟု စိတ်က ဒေါသဖြစ်ကာ ခြင် ထောင်အတွင်းမှ အသာထွက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ပုခက်တွင်းမှဆင်းကာ မာတ်မီးမထိုးဘဲ ကြယ်ရောင်ဖြင့် ဝင်းမြင့်အိပ်ရာနားသို့ ချဉ်းကပ်ခဲ့၏။ ညည်းတာတွေ့လို့ တတော့ပိတ်ကန်ပစ်လိုက်မည်ဟုတွေး ရင်း သူ့အနီးသို့ ရောက်သွား၏။

"ဦးလား – ကျွန်တော် မအိပ်ပါဘူး"

"ဟေ – ဟုတ်လား၊ မင်း မအိပ်ရင် ဘယ်သူ ညည်းနေတာလဲ"

"မသိဘူး – ဦး။ ကျွန်တော်လည်း ကြားတယ်။ ဒါကြောင့် – နားထောင်နေ တာ၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"အေးကွာ – ငါလည်း ကြားတယ်။ သုံးခါတောင် ရှိပြီ၊ လူညည်းသံပဲကွ၊ တိုက်ခဲလို့ တကျွတ်ကျွတ်လုပ်သံလည်း ပါတယ်"

"ဟုတ်တယ် – ဦး"

"အေးကွာ – ချမ်းကလည်း ချမ်း တယ်၊ ငါက မင်း ညည်းတယ်ပဲ ထင်နေ တာ၊ မီးဖိုကို မီးထည့်ကွာ၊ ဒီတောကြီး ထဲမှာ ဆင်တို့၊ ကျားတို့မလာဘဲနဲ့ ဘယ် တလူကလာညည်းနေတာလဲ၊ သေနတ် နဲ့ တစ်ချက်တော့ ပစ်ထည့်လိုက်မှ ထင် တယ်"

"ကောင်းတယ် – ဦး၊ ဒါမှ သေနတ် သံကြားရင် မနက်ကျ ဆင်သမားတွေ လည်း လာချင်လာမှာ၊ ကျွန်တော်တို့ လည်း လမ်းမသိသေးတာနဲ့ အခတော်ပဲ"

ထို့ကြောင့် ကျွန်ုပ်က သေနတ်ကို (Safe) ဖြုတ်ခါမိုးပေါ်သို့ပစ်ဖောက်လိုက် ရလေ၏။

"ဒိုင်း"

နံနက် (၃) နာရီခွဲခန့်အချိန်တွင် သေနတ်အသံက တောကြီးအတွင်း၌ ပဲ့တင်ဟိန်း၍ သွားလေသည်။ မှဆိုး ရောက်ကြောင်း တောက သိလေပြီ။

❀

"ဖောက် – ဖောက် – ဘောက် – ဘောက်"

အမြဲစိမ်းတောကြီးမှ နင်းစက် ကျ သံက မိုးဖွဲဖွဲရွာနေသည့်ထက်ပင် ပြင်း ထန်သေးသည်။ တောတွင်းအအေးအက် ကို အန်တုနိုင်ဆုံးမှာ မီးသာဖြစ်လေရာ မီးဖိုကို ထင်းမပြတ်စေဘဲ မီးတောက် ရရန် တဲပေါင်းမှ ဆင့်လုပ်ထားသည့် ဝါးများကို မြေကြီး နှင့် ရိုက်ခွဲကာ ထင်း ထည့်ရ၏။ ဝါးထင်းက မီးတောက်ဖါ ကောင်းလေသည်။

တစ်ချက် တစ်ချက် ဝါးဆစ်ပိတ် မီးလောင်လျှင် ဖုန်းခနဲ ဖုန်းခနဲပင် မြည် ပေသေးသည်။

သို့ဖြင့် အရှေ့ဆီမှအလင်းရောင်ပင် ထွက်၍လာခဲ့ပြီ၊ သို့သော် မြေပြင်မှာ မှောင်ရိပ်ပင် ရှိသေး၏။

"ဦး – ဦးရေ၊ ချောင်းထဲကို ကြည့် စမ်း၊ မီးတုတ်တွေနဲ့ လာနေ တယ်"

သူ့အပြောကြောင့် ကြည့်မိရာ တို့ထံသို့ တန်းတန်းမတ်မတ် လာ သော မီးတုတ်နှစ်ခု၊ ဝါးခြောက်များ ဖြင့်ကာ မီးရှို့ထားသဖြင့် မီးတုတ်က တောက်နေ၏၊ အဝေးမှ မီးတုတ်ကို မြင်ရသော်လည်း လူလား၊ ဘာလား မသိသေးကွဲသေး။ သို့သော် အကောင် မည်ရှိသောအရာ ဖြစ်ရပေမည်၊ ထို့ကြောင့် ကျွန်ုပ်က သေနတ်ကို ကန့် ဖြုတ် ပေါင်ပေါ်တွင်တင်ကာ ထိုင် ရင်းမှ ကြည့်နေမိ၏။

မီးတုတ်နှစ်ခုမှာ ကျွန်ုပ်တို့ထံ တန်း မတ်မတ် တက်လာရာမှ အနီးသို့ ရောက်သောအခါ အသံကို ကြားရ၏။

"ဟာ – ဖါ့ဆရာတို့ပါလား၊ သေနတ် သံကြားလို့ ထင်သားပဲ။ ဒီနေရာကို ရောက်တာ ဆရာပဲ ဖြစ်လိမ့်မယ်လို့"

နှုတ်ဆက်ပြောလာသူမှာ ဆင်ပိုင် ရှင်အန်းရွှေဖြစ်နေတာ သူနှင့်အတူ ဆင် သမားတစ်ဦး ပါလာခြင်း ဖြစ်၏။

"ဒါကြောင့် လာကြည့်တာ၊ ဒါပေမဲ့ ဘယ့်နှယ် ဒီမှာ အိပ်နေတာလား"

သူက ကျွန်ုပ်၏ခြင်ထောင်ပါပုခက် နှင့် ပစ္စည်းများ၊ ဝင်းမြင့်၏အိပ်ရာများကို ပါ ကြည့်၍မေး၏။

"ဟုတ်တယ် – အုန်းရွှေရေ၊ ငါတို့ ဆီပို့ကားနဲ့ ည တစ်ချက်တီးလောက်တ ရောက်တာ၊ မင်းတို့ ဆင်တဲသွားတဲ့ လမ်းကို မသိသေးတာနဲ့ မနက်မှ လမ်း ရှာမယ်ဆိုပြီး အိပ်နေတာ"

"ဖြစ်ရလေ – ဆရာရယ်၊ ဒိုဇာစခန်း ထိလိုက်သွားတာ မဟုတ်ဘူး။ ဒီမှာ အိပ် နေရတယ်လို့ ဆရာတို့မို့ မကြောက် မရွံ့"

"အုန်းရွှေ – မင်း ငါ့အကြောင်း သိသားပဲ တပည့်ရာ၊ ဒီတောတွေက ငါ လည်ဖူးတဲ့ တောတွေပဲ၊ ဘာကြောက် ရမှာလဲ၊ ဒီချောင်းမှာ ငါ့ကို ဆင်တစ်ခါ အလိုက်ခံရတယ်၊ ကိုသောင်းမြကို တောကြီးမြွေဟောက် တစ်ခါအလိုက် ခံရဖူးတယ်၊ ဒါပေမဲ့ ပြောင်နဲ့ ဝက်တွေ ငါ အများကြီးပစ်တာ မင်း သိတယ်မို့လား"

(အုန်းရွှေမှာ ကျွန်ုပ် သေနတ်ပစ် သင်ပေးထားသော တပည့်ရင်းဖြစ်သည့်





www.burmeseclassic.com

www.burmeseclassic.com

အပြင် လူသတ်ပြောင်တစ်ကောင် နောက် လိုက်ပစ်ခဲ့စဉ်က သူကိုယ်တိုင် ကျွန်ုပ်နှင့် ပါဖူး၏။ အခြားသားကောင် ငယ်များ ပစ်နိုင်ရန် လမ်းပြပေးခဲ့သူ လည်းဖြစ်လေသည်)

"ဒါတွေ သိပါတယ် – ဆရာ၊ ဒါပေမဲ့ ဆရာတို့ ဒီမှာစခန်းချ၊ အိပ်ရဲတာကို ပြောတာ"

"ဟာကွာ – ဒီကောင်၊ ဒါထက်မက တောကြီးတွေမှာတောင် ပြောင်လိုက်ရင်း စခန်းချတာတို့၊ သစ်ပင်ပေါ်တက် အိပ်တာတို့ လုပ်ခဲ့ဖူးသေးတာ မင်း သိသားနဲ့"

"အဲဒါလည်း သိပါတယ် – ဆရာ။ ဆရာတို့နေရာမှာစခန်းချရဲတာကိုပြောတာ။ ပြီးတော့ ဆရာက ဟိုမြေပြောင်ပြောင်မို့မို့ နံဘေးက သစ်ပင်မှာ ပုခက်ချည်ပြီး အိပ်တာကိုပြောတာ" ဟု ဆိုပြီး ကျွန်ုပ်၏ ပုခက်ကို လက်ညှိုးထိုးပြ၏။

ထိုအခါမှ ကျွန်ုပ် သတိရလာပြီး ...

"အဲဒီ မြေပြောင်ပြောင်က ဘာဖြစ်လို့လဲ၊ ဘာလုပ်ထားလို့လဲကွ"

"ဆရာ – ညက ဘာမှ မထူးဘူးလား"

ကျွန်ုပ်က အမှန်သိလို၍ ထူးခြားမှုကို မပြောဘဲ သူ့အား ...

"မထူးပါဘူးကွာ – ဒီရောက်ပြီးမင်း တို့ လာတာပဲ မထူးတယ်။ မင်းတို့ ဘာ သေနတ်သံကြားလို့ လာတာမို့လား"

"ဟုတ်တယ် – ဒီအချိန်ဆို ဆရာ နစ်တိုင်းတောကြီးတက်ပြီး အမဲကြီး ပစ်နေတာ သိတယ်လေ"

"ကဲ – ဒါတွေထားတော့၊ ဟိုမြေ ပြောင်ပြောင်က ဘာဖြစ်လို့လဲ၊ ပြော စမ်းကွာ"

"အဲဒီ မြေပြောင်ပြောင်က"

သူက စကားမဆက်၊ ထို့ကြောင့် ကျွန်ုပ်က စိတ်မရှည်စွာဖြင့် ...

"ဆက်ပြောလေကွာ"

"အဲဒီ မြေပြောင်ပြောင်မို့မို့က လူ သေမြှုပ်ထားတာ ဆရာ"

"ဟေ"

"ဘယ်တုံးက မြှုပ်ထားတာလဲ၊ ဘယ်သူ သေလို့လဲ"

"အထက်ဆင်စခန်းက ဆင်သမား တစ်ယောက် ဒီမိုးတွင်းငှက်ဖျားမိတာ ပဲ ရှူးမို့ပြီး ဆေးကုဖို့ ဆင်နဲ့သယ်လာခဲ့ တယ်။ ဒီလည်းရောက်ကော ဆုံးသွား တာနဲ့ဒီမှာပဲမြှုပ်ထားခဲ့တာ ဆရာ၊ ဆယ် ရက်လောက်ပဲ ရှိဦးမယ်၊ တောထဲမှာ ... ဟာ ဆရာကလည်း မရှိတော့ ... တွက် ခရစ်ယာန် ဘာသာအရ ... လုပ်မပေးနိုင်ကြဘူးလေ။ ဒါနဲ့ ... တော်တို့လည်း ဆင်သမားတွေ ... သတ်သလောက် မှတ်သလောက် ... ပဲ ရွတ်ပေးခဲ့ကြတယ် ဆရာ"

"တော်သေးတာပေါ့ – ဆရာတို့ကို ... တာလုန့်တာတို့ မလုပ်လို့၊ ကဲ – ... တွေ သိမ်းပြီး ကျွန်တော့် ဆင် ... သွားကြစို့၊ နောက်နေ့မှပဲ အမဲကြီး လည်ကြတာပေါ့ဆရာ၊ အမဲကြီးသတင်း လည်း ရထားပါတယ်"

အုန်းရွှေပြောပြမှသာ ကျွန်ုပ်အိပ်ခဲ့သည့် နေရာမှာ လူသေမြေပုံအပေါ်မှ နေရာမှန်း သိခဲ့ရပါတော့သည်၊ ညည်း ညူသံမှာလည်း ပရလောကမှ မကျွတ် မလွတ်သေးသည့်အသံပင်ဖြစ်ပေမည်။ မုဆိုးဝါသနာရှင်အပျော်တမ်းတစ်ဦးဖြစ် သော ကျွန်ုပ်အနေဖြင့်မူ ဂမ္ဘီရဆန်သည့် အတွေ့အကြုံတစ်ခုဟုသာ မှတ်တမ်း တင်ထားမိပါတော့သည်။

ကျော်စိုးဗိုလ်

**ဂမ္ဘီရလောကဆေးမြီးတို**

**ရောင်ရမ်းနာ** – စပါးလင်ကိုထုထောင်း၍အဝတ်ဖြင့် ထုပ်ပြီး ကျပ်ထုပ် ထိုးပေးပါ။

**လေငန်း(ရွဲ့စောင်း)** – ခွေးလေးယားအစေ့ကို အချွံချွတ်၊ နွားနို့နှင့် ကျိုသောက်ပါ။

**ရင်ဘတ်နာ** – သဘော်ရွက်ပြုတ်ရည်နွေးနွေးတွင် ထန်း လျက်ခတ်၍ သောက်ပါ။

**လေငန်းရောဂါ** – ရှားစောင်းလက်ပပ်၏ငါးဆ ဆင်တုံးမနွယ် စာမှုန့်ထည့်၍ ပျားရည် နှင့် ကြိတ်၍စားပါ။

**လေဆေး** – နံရိုးကြားတွင်ထိုးသောလေမျိုးအတွက်ကင်ပွန်း သီးမီးဖုတ်၊ စမုန်နက်၊ ဆင်သမနွယ်၊ ဆား ဆတူရောစပ်၍ တိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com




# တမလွန်မှ ဝိညာဉ်ခေါ်သံ

**ဇော်မင်း**

"အူး - ဝူး - ဝူး - အူး - အူး - ဝူး"

သန်းခေါင်ယံကျော်လွန်လာသည် ... အင်တိုင်းရွာလမ်းတစ်လျှောက် ... ငင်ငင်အူလိုက်သော ခွေးအူသံက ... ခြေတစ်ရာကျော်မျှသာရှိသည့် ရွာ ... တွင်း ဖုံးလွှမ်းလို့သွားတော့သည်။

အသံမျိုးစုံတိတ်ဆိတ်ပြီး အမှောင် ... ကြီးသော ယခုလို လမိုက်ရက်များ ... အဆက်မပြတ် ထွက်လာသော ခွေး ... သံကြီးကို ကြားရသူတိုင်း အသည်း ... နဲ့ အူတုန်ဖြစ်စေတော့သည်။

တစ်လောကလုံး အိပ်မောကျနေ ... သည့် မမြရှင်တစ်ယောက် အိပ်၍ ... မပျော်နိုင်သေးပါ။

အိပ်မပျော်ရက်တွေလည်း များခဲ့ပြီ။

ခွေးအူသံများကို ညစဉ်ရက်ဆက် ကြားလာရသလို အသံတစ်သံကိုလည်း ယခုရက်ပိုင်း နေ့ရောညပါ ကြားလာရသည်။

"မြရှင် - နင်တို့ ပြန်လာချိန်ရောက်ပြီ၊ နင်တို့မောင်နှမကို ငါတို့ စောင့်နေကြတယ်"

"မြရှင် - နင်ပြန်ချိန်ရောက်ပြီ"

ထိုစကားတစ်ခွန်းကိုသာ နေ့စဉ်ရက်ဆက်ကြားနေရသည်။

မိမိတို့မောင်နှမကို ဘဝဟောင်းမှ ဆွေမျိုးများက လာပြန်ခေါ်ခြင်းလို့တော့ သိနေသည်။ ဘယ်လိုဆွေမျိုးများလည်းဟု မစဉ်းစားမတွေးတော့ပေ။

www.burmeseclassic.com

မိမိတို့ မောင်နမက သိုက်နန်းရှင် အဖြစ်မှ လူ့ဘဝရောက်လာကြခြင်းလား တော့ မသိ၊ ယခုရက်ပိုင်း အကောင် အထည်မမြင်ရဘဲ နားထဲမှာသာ ပြန့်ခေါ် နေသည့်အသံ ကြားနေရသည်။

မိမိ မောင်လေးကျော်စိုး တစ် ယောက်လည်း သူကြားသလိုများကြား နေရပြီလားမသိ။ မောင်လေးကျော်စိုးက အသက်နှစ်ဆယ်၊ သူက နှစ်ဆယ့်သုံးနှစ် မောင်နမနှစ်ယောက်လုံး အိမ်ထောင် မကျသေး။

မောင်လေးကျော်စိုးက ယခု အင်း တိုင်းရွာမှာ မရှိ၊ ရန်ကုန်သို့ ရောက်နေ သည်။

ရန်ကုန်မှာ အစ်မတစ်ဝမ်းကွဲ၏ ယောက်ျားကပြည်နှင့်ရန်ကုန်ဟိုင်းလက် ခရီးသည်တင်ကား မောင်းနေသူ ဖြစ် သည်။

လွန်ခဲ့သောနှစ်က ရွာကို အလည် လာစဉ်ကျော်စိုးအား ကားနောက်လိုက် စပါယ်ယာအလုပ်ကို လုပ်ခိုင်းရန် ခေါ် သွားကြသည်။

ရွာမှာ မိဘများက လယ်ပိုင်ယာပိုင် မရှိ၊ ကြုံရာကျပန်း လုပ်နေရခြင်းဖြစ်၍ မောင်လေးကျော်စိုးကို အလုပ်ပင်တိုင် ရစေခြင်းအတွက်ရန်ကုန်သို့ထည့်လိုက် ရသည်။

❀

တကယ်တော့ အင်းတိုင်းရွာ... ခင်း ပျိုးခင်းအတွက် အားထားစရာ... နေရာမျိုး ရှားပါးလှသည်။ နှမ်း၊ လူး... ပြောင်းစသည့်သီးနှံအနည်းအပါး... စိုက်ပျိုးနိုင်သည်။

အင်းတိုင်းမှာ အဓိကအား... ရသော လုပ်ငန်းကား ထန်းလုပ်ငန်း... သည်။

အင်းတိုင်းရွာနှင့် တစ်မိုင်ကျော်... မိုင်ခန့်ဝေးသော ယင်းမာရွာမှာ စိုက်... ပျိုးခင်းအတွက် မြေနေရာ အများအပြား... ရှိသည်။ ဆန်စပါးကအစ နှမ်း၊ ပဲ၊ ပြောင်း... ပဲအမျိုးမျိုး စိုက်နိုင်သည်။

သို့ကြောင့် မနက်စောစော ... နာရီခန့် အိပ်ရာမှထပြီး ယင်းမာရွာ... ခုနစ်နာရီအရောက် သွားရသည်။ ... ယင်းမာရွာ၏ ယာကွင်းများရောက်... ရာအလုပ်ကိုဝမ်းရေးအတွက် လုပ်... ရသည်။

မမြရှင်တို့ သားအမိလည်း အ... ရှမ်းရိုးမမှ နေလုံးထွက်ပြူလာသည်... နေ့စဉ် ယင်းမာရွာ၏ ယာကွက်များ... ရောက်နေပြီဖြစ်သည်။



မိမိတို့သားအမိအား နေ့စား ငှား ...သည်။ ယာခင်းသို့အရောက်လာပြီး ...တာက်သည်၊ ရေတ်သီးခူးသည်၊ ...နုတ်သည်၊ မြေပဲခွဲသည်။

နေ့စဉ် ပုံမှန်မဟုတ်သော အလုပ် ...ကို ထိုယင်းမာရွာ၏ ယာကွင်းများ ...တ်မှ ကြုံသလိုလုပ်ကိုင်ခဲ့သည်။

ဖခင်က အင်းတိုင်းရွာ၊ ထန်းတောရှိ ...လျက်ချက်သောဖိုမှာ အလုပ်ဝင် ...နေသည်။

သားအမိ၊ သားအဖသုံးယောက် ...လုပ်နှင့်လက် မပြတ်အောင်လုပ်ပါမှ ...အရေးဖူလုံရုံလောက် ရှိသည်။ ပိုပိုလျှံ ...စုနိုင်ခဲ့ကြ။

ယခု အဖေနဲ့အမေတို့က အသက် ...ကြပြီ။ ဖခင်ဖြစ်သူက အသက်ငါး ...ယ့်ငါးနှစ်၊ မိခင်ဖြစ်သူက အသက်ငါး ...ယ်အရွယ် ရှိနေကြပြီ။

မမြရှင်က အိမ်ထောင်ရေးကိုစွ ...ဉ်းစားနိုင်အား၊ နေ့စဉ်ဝမ်းရေးအတွက် ...လုပ် လုပ်ရင်းသာ အချိန်တို့ကုန်နေခဲ့ ...သည်။

မိခင်၊ ဖခင်တို့နှင့်အတူ နေထိုင်၍ ...ပ်တိုင်ကျွေးမွေးခဲ့ရသည်မှာ မိမိ ...သက်နှစ်ဆယ့်သုံးနှစ်ဆိုတော့အလွန် ...ဆုံး ဆယ်နှစ်ခန့်သာ လုပ်ကျွေးခွင့် ...သေးသည်။

ယခုရက်ပိုင်း အမည်မသိ အသံ တစ်သံကိုမကြာမကြာကြားနေရသည်။ ဘဝဟောင်းက ပြန်ခေါ်သံသည်။

ညမှာလည်း ခေါ်သံကြားရသည်။

နေ့ခင်း အလုပ်လုပ်ချိန်မှာလည်း ကြားရသည်။

မိမိကြားနေရသောအသံအကြောင်း မိခင်အားပြန်ပြောပြတော့ ...

“အင်း - အမေလည်း ဘယ်လိုပြော ရမယ် မသိတော့ပါဘူး သမီးရယ်၊ သမီး ကို ပြန်မခေါ်အောင် အမေလည်း မကြံ တတ်ဘူး”

“အမေလည်း သမီးအတွက် စဉ်း စားပြီး ညည အိပ်မပျော်တာ ကြာပြီ - သမီး”

ရိုးသားလွန်းသော မိဘများ မကြံ တတ်၊ မစည်တတ်သည်ကို မပြစ်မဆို သာ။ အကြားအမြင် ဗဟုသုတကလည်း မရှိကြ။ တောထဲ၊ ယာထဲမှာသာ အချိန် ကုန်သူများဖြစ်ကြသည် မဟုတ်ပါလား။

“သမီးမမွေးခင် သုံးလေးညဆက် အမေနဲ့ လိုက်နေပါရစေဆိုပြီး အိပ်မက် မက်တယ်၊ ညည်းက ဘယ်သူလည်း၊ ဘယ်ကလည်းဆိုတော့”

“သိုက်စောင့်မောင်နမတဲ့၊ သူတို့ အရင် လာခဲ့မယ်တဲ့၊ အမေလည်း ဒီ လောက်လာနေချင်မှတော့ လာနေဖို့ခွင့်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်လမ်းကြောမှ အပြင်းမောင်းလာသော ဆယ်ဘီးကား၏ ဘေးပေါင်သံချိတ်နှင့် မေးစေ့ကို ချိတ်မိသွားကာ ခေါင်းက ကားကြီးနောက် ပါသွားပြီး ခန္ဓာကိုယ်က ဟိုင်းလတ်ကားပေါ် ပါသွားသည်။ ကားပေါ် က ခရီးသည်များ ထအော်လိုက်မှ ဒရိုင်ဘာလည်းသိပြီး ကားကိုရပ်လိုက်သည် ...



ပြုလိုက်တယ်၊ မကြာခင် သမီးကို ကိုယ်ဝန်ရခဲ့တာ ပဲ"

"သမီး မောင်လေးကို ကိုယ်ဝန်မရခင်ကလည်း ဒီလိုပဲ အိပ်မက် မက်တယ်၊ အစ်မကြီးရှိတဲ့အတွက် အတူလာနေပါရစေဆိုပြီး အိပ်မက်ပေးခဲ့တယ်"

"အမေက ထုံးစံအတိုင်း လာနေဖို့ခွင့်ပြုလိုက်တာ ပေါ့၊ ဘယ်လိုစိတ်ကူးနဲ့များ အမေ့ဝမ်းမှာ လာဝင်တာ တယ် မသိပါဘူး"

"အဲဒီအချိန်က အမေတို့ အိမ်ထောင်ကျတာ ငါး နှစ်ကျော်လောက်ပဲ ရှိသေးတယ်"

"အိမ်ထောင်ကျတာ တစ်နှစ်ကျော်ပြီ၊ ဘာမှ စုဆောင်းမိတာ မရှိဘူး။ တန်းထဲမှာ အမေရော၊ သမီး အဖေပါ ထန်းလျက်ချက်၊ ထန်းလျက်လုံး၊ ထန်းလျက် လှမ်းလုပ်နေကြတာ၊ ဘယ်လိုအမြင်နဲ့ အမေ့ဝမ်းထဲ ဝင်စားချင်ရမှန်း မသိဘူး"

"သမီးရဲ့အဖေက သိုက်နန်းရှင် မောင်နမ ဝင်စားပြီး မွေးတယ်လို့ ပြောတော့ ဒါဆို တို့မကြာခင် ချမ်းသာတော့ မှာတဲ့"

"ဘာဆိုင်လို့လည်းလို့ အမေက မေးတော့"

"သိုက်ကလာတဲ့ သူတွေ သူတို့ အထုပ်အထည်နဲ့ သူတို့ လာကြတာ၊ ဘယ် ဆင်းဆင်းရဲရဲ လာနေပါ့မလဲတဲ့"

"အဲဒီလိုနဲ့ အမေရော အဖေပါ ဝမ်း သာနေခဲ့ကြတာ၊ ဒါပေမဲ့ သမီးတို့အမြင် ဲ ဒီနေ့အထိ ငွေအထုပ်လိုက်၊ အထည် လိုက် ဘယ်မှာရဖူးလို့လဲ"

"သမီးတို့ မျက်စိမှားပြီး အမေ့ဝမ်း ထဲမှာ ဝင်စားခဲ့တာလား"

"အဲဒီလို မတွေးပါနဲ့ - အမေရယ်၊ အမေတို့၊ သမီးတို့က ဘဝတစ်ခုမှာ အမျိုးဆက်၊ အကြောင်းဆက်ရှိခဲ့လို့ လာဆုံကြရတာပါ"

"ဖြစ်ရာ ဘဝမှာသာ ပျော်အောင် နေတတ်ဖို့ အရေးကြီးပါတယ်"

ယခုတော့ အမိနှင့် အဖကိုပင် ချမ်းသာအောင်လည်း မထားနိုင်သေး။ မိမိ တစ်ယောက် လုပ်စာနှင့်ပင်မလောက်င၍ မိခင်ကြီးပါ ဝင်လုပ်နေရသည်။ မောင်လေး လုပ်စာက ပြန်မရသေး၊ အလုပ်သင် အဖြစ် ကားလိုက်နေသည်ဟု သတင်းကြားရသည်။

ယနေ့ မြေပဲကိုမမြရှင်တို့ သားအမိ နှစ်ယောက်အပြင် အခြားအလုပ်သမ ငါးယောက်၊ ပေါင်းခုနစ်ယောက် နတ်ကြရသည်။

ဒီနေ့လည်း ခါတိုင်းရက်များလိုပင် နားထဲမှာ ပြန်လာရန် ခေါ်သံကြားလိုက်ရသည်။

အလုပ်မှာ စိတ်ဝင်စားနေစဉ် ရုတ်တရက် ခေါ်သံကြောင့် အမှတ်တမဲ့ ပါးစပ်က ...

"လာခဲ့ပါ့မယ်"

မိခင် ခေါ်လိုက်သံထင်၍ ပါးစပ်က အသံထွက်သွားပြီးမှ ရုတ်တရက် မိခင် ဖြစ်သူအား ကြည့်လိုက်သည်။

နောက်ဆက် ခပ်လှမ်းလှမ်းမှာ နတ်ပြီးသား မြေပုံအပုံများ လှည်းပေါ်လှမ်းတင်ပေးနေသည့် မိခင်ကို တွေ့လိုက်သည်။

မိမိအား မိခင်ဖြစ်သူက ခေါ်လိုက်သည်ထင်ပြီး အမှတ်တမဲ့ထွက်သွားပြီးမှ မိခင်ခေါ်သံမဟုတ်မှန်း သိလိုက်သည်။

"လာခဲ့မယ်" ဟု ပြောလိုက်ခြင်းသည် မှားများမှားပြီလား စဉ်းစားနေသည့် လက်က မြေပဲတစ်အုံကို ဆွဲနုတ်ရန် လက်လှမ်းလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

"အား"

"ဟဲ့ - မြရှင် ဘာဖြစ်လို့လဲ"

"ငါ့ - ငါ့ - လက်ခွကြားကို - မြွေ - မြွေ - ပေါက်"

စကားဆုံးအောင် မပြောနိုင် ခွေလျက် လဲကျသွားသည်။

"ဒေါ်ကြီး အေးဘုံ - ဒေါ်ကြီး အေးဘုံ - ဒီမှာ - မြရှင် - မြရှင် - ရယ် - လာကြည့်ပါဦး"

"ဟဲ့ - ဟဲ့ - ဘာဖြစ် လို့လည်း လုံးတင်"

မြေပဲထုံးကို ပစ်ချပြီး ဒေါ်အေးဘုံ သမီးရှိရာ ပြေးလာသည်။

လုံးတင်က မမြရှင်ကို ဆွဲထူပြီး ပေါင်ပေါ်မှာတင်ထားလိုက်သည်။ မြရှင်က လက်ကို ဖိကိုင်ထားသည်။ သတိတော့ မမေ့သေး၊ နာလွန်း၍ ရှုံ့မဲ့နေသည်။

"မြရှင်လက်ကို မြွေပေါက်လိုက်လို့"

"ဟယ် - ဖြစ်ရလေ သမီးရယ်"

မြေပဲပုံများ လိုက်စည်းနေသော တင်စိုးက "မြွေပေါက်တယ်သာဆိုတယ် မြွေနေရာမှာ ဟောဒီ သစ်ကိုင်းခြောက်လေးပဲ တွေ့တယ်"

"ကဲ - တင်စိုးမြွေမတွေ့လည်းထားတော့၊ ဟိုလှည်းပေါ်က မြေပဲထုံးတွေပြန်ချပြီး မြရှင်ကို ဆေးဆရာဆီ ခေါ်သွားရအောင်"

မြရှင်လည်း ခေါ်မရ မေးမရ၊ မြွေဆိပ်တက်နေပြီ။

လှည်းနှင့် ခေါ်သွားသော်လည်း လမ်းမှာပင် အသက်ဆုံးသွားရသည်။

"ဖြစ်ရလေ - သမီးရယ်၊ အမေတို့ကို ထားပြီး ဘဝပြောင်းကို ပြန်သွားပြီလား - ဟီး - ဟီး"

ဒေါ်အေးဘုံ အငိုရပ်သွားတော့ လုံးတင်က စပ်စုလိုက်သည်။

"ဘယ်ဘဝပြောင်းက ပြန်ခေါ်လို့လည်း ဒေါ်ကြီး"

"ငါ့သမီးက ပြောတယ်၊ သူ့ကို ပြန်လာခဲ့ဆိုပြီး မကြာမကြာ ဥစ္စာစောင့်တွေ လာခေါ်တဲ့ အသံကြားနေရတယ်တဲ့၊ အခုတော့ သူတို့ ခေါ်ရာနောက် လိုက်သွားပြီလား သမီးလေးရဲ့ ဟီး - ဟီး"

ဒေါ်အေးဘုံလည်း သမီးအတွက် ကြေကွဲစွာ အော်ငိုရင်း လှည်းပေါ်ပါသွားတော့သည်။

❀

ကျော်စိုးတစ်ယောက် ဒီနေ့အိပ်ရာထသည်မှာ ခါတိုင်းကဲ့သို့ သွက်လက်မှု မရှိလေးကန်နေသည်။ စိတ်ထဲမှာလည်း ညစ်ညူးနေသည်။

ညက အိပ်မက်ထဲမှာ အစ်မဖြစ်သူ မြရှင် မျက်နှာ ညှိုးညှိုးငယ်ငယ်နှင့် သူ့ထံရောက်လာသည်။

"မောင်လေး - အစ်မတို့ အတူတူ နေရအောင်"

"မောင်လေး - အစ်မတို့ အတူတူ နေရအောင် ပြန်ခဲ့နော်၊ အစ်မ စောင့်နေမယ် - ပြန်ခဲ့နော်"

ထို စကားများသာ ပြောနေပြီး အခြားစကားကိုမပြော၊ မျက်နှာကလည်း မကောင်း။ အိပ်မက်မှ ရုတ်တရက် လန့်နိုးသွားသည်။ ထိုနေ့က ကားတစ်ရက်ပိတ်သော နေ့ဖြစ်သည်။

ကျော်စိုးလည်း အိပ်မက်က ထူးထူးခြားခြား မက်နေ၍ စိတ်ထဲ ဇဝေဇဝါဖြစ်နေသည်။

အိပ်မက်ထဲမှာ မြင်လိုက်ရသော အစ်မ၏ မျက်နှာသွင်ပြင်က ညှိုးငယ်နေသဖြင့် ...

"အစ်မများ ရွာမှာ တစ်ခုခု ဖြစ်နေသလား"

ရွာသို့ အဆက်အသွယ်ရဖို့လည်း လွယ်၊ လူကြုံလည်း မရှိတတ်၊ တမင်သွားမှသာ၊

သို့ကြောင့် အိပ်မက်မှ လန့်နိုးပြီးကတည်းက ပြန်အိပ်မရတော့၊ စိတ်လေးနေသည်။

ထို့နောက်တော့ ကျော်စိုး၏ အစ်မ ငှားရမ်းနေထိုင်သော အိမ်၏ ခေါင်းရင်းခြံမှာ အကြားအမြင်ဆရာမတစ်ယောက် ရှိသဖြင့် ထိုခြံသို့ ကူးခဲ့သည်။

အချိန်က မနက်ရှစ်နာရီခန့် ရှိပြီး ကျော်စိုးအိမ်ပေါ်ရောက်တော့ ဆရာမကို အသင့်တွေ့လိုက်သည်။

"စောစောစီးစီး မောင်ကျော်စိုးပါလား၊ အကြောင်းကိစ္စ အထူးရှိလို့လား"

"ဟုတ်ကဲ့ - ဆရာမကို ညက အိပ်မက်အကြောင်းကို ပြောပြရင်း သားအကြောင်းကိုလည်း ကြည့်ခိုင်းချင်လို့ပါ"

ကျော်စိုးလည်း အိပ်မက်ထဲမှာ အစ်မဖြစ်သူ၏ ခေါ်သံအကြောင်းကို ဆရာမအား ပြောပြလိုက်သည်။

ဆရာမက ဘုရားကို ဆီမီးပူဇော်ပြီး ဦးချလိုက်သည်။

ဘုရားကျောင်းဆောင်ဘက်သို့ မျက်နှာမူထိုင်ရင်းမှပင် ...

"ဆရာမ မြင်တာ၊ ကြားတာ ပြောရရင် သားတို့ရွာက သတင်းတစ်ခု ရက်ပိုင်းအတွင်းမှာ သား ကြားရလိမ့်မယ်"





www.burmeseclassic.com

www.burmeseclassic.com

"အစ်မများ တစ်ခုခုဖြစ်နေလို့လား ဆရာမ"

"သားမှာ ကားလိုက်လို့ရတဲ့ငွေ စုဆောင်းမိတာ ရှိလား"

"ဟုတ်ကဲ့ - အနည်းအကျဉ်းတော့ စုမိဆောင်းမိပါတယ် ဆရာမ"

"ဒီရက်ပိုင်း ကားမလိုက်နဲ့ဦး။ အဲဒီ ငွေကိုယူပြီး မိခင်ဖြစ်သူကို သွားကန်တော့လိုက်၊ သွားဖြစ်အောင်သွားလိုက် ဟုတ်လား"

"ညက အိပ်မက်ကတော့ ရွာကို စိတ်စွဲလို့ မက်တာပါ။ ဒါပေမဲ့ - သား ဒီရက်ပိုင်း ကားမလိုက်ဘဲ ရွာကိုပြန်ပြီး မိခင်နဲ့ ဖခင်ကို သား လုပ်အားခရတဲ့ငွေနဲ့ကန်တော့လိုက်"

"အမေများ တစ်ခုခုဖြစ်လို့လား"

"အမေ ဘာမှမဖြစ်ပါဘူး - သားရယ်၊ သား သားကုသိုလ်ရစေချင်လို့ပါ"

"ဟုတ်ကဲ့ - ရွာက ဘယ်သူမှတစ်စုံတစ်ခု မဖြစ်ဘူးဆိုလို့ သား စိတ်အေးသွားပါပြီ။ သားကို ခွင့်ပြုပါဦး ဆရာမ"

ကျော်စိုးလည်း ဘုရားကိုဦးစွာကန်တော့လိုက်ပြီး ဆရာမကိုဦးချကာ အိမ်သို့ ပြန်ခဲ့သည်။ ဆရာမ ပြောပြသော အကြောင်းအရာများကို အစ်မနှင့် ယောက်ဖတို့ကို ပြန်ပြောပြသည်။

"အေး - မင်းအတွက် ချန်ထားပေးတဲ့ ပိုက်ဆံထဲက ငါတို့ ယူသုံးထားသေးတယ်။ မနက်ဖြန် ကားတစ်ခေါက်တော့ လိုက်ခဲ့ဦး၊ အဲဒီက ရတဲ့ ပိုက်ဆံကို ငါတို့ မင်းအတွက် ပေးလိုက်မယ်၊ ပြီးတော့မှ ရွာပြန်ပေါ့"

"မင်း - ကားမလိုက်ရင်လူစားထည့်ရအောင် အဆင်သင့် မရှိသေးဘူး ဖြစ်တယ်မို့လား"

"ရပါတယ် - မနက်ဖြန် တစ်ခေါက်တော့ လိုက်ဦးမယ်"

"အိပ်မက် မကောင်းလို့ ရွာပြန်ရမှာ တာ ဆရာမကလည်း ရွာမှာ ဘာဖြစ်နေတယ်မပြောဘဲ ချက်ချင်းပြန်ခိုင်းနေတာ နည်းနည်းထူးသလိုပဲ"

"အေးပါ - မနက်တစ်ခေါက်လိုက်ပြီး သန်ဘက်ခါ မနက်စောစော အဝေးပြေးကားနဲ့ ပြန်ပေါ့ကွာ"

သို့ဖြင့် - နောက်နေ့ရောက်တော့ ကျော်စိုးတစ်ယောက် ဟိုင်းလတ်ကားနှင့် ပြည် - ရန်ကုန် ခရီးသို့ စပယ်ယာအဖြစ် လိုက်ခဲ့သည်။

ပြည်သို့ ရောက်ခဲ့သည်။

အပြန်ခရီးမှာ တိုက်ကြီးမရောက်ခင် ကားဘီးပေါက်သွားသဖြင့် ကားထိုးရပ်ပြီး ဘီးကိုလည်း တပ်လိုက်သည်။

အားလုံးပြီးသည်နှင့် ကားဆက်ထွက်ရန် စက်နှိုးလိုက်သည်။

"ဆွဲ - ဆရာရေ - ဆွဲ"

"ဖူး"

"ဖုန်း"

ကျော်စိုးလည်း ကားနောက်ပိုင်း ထိုင်ကို မှီတွယ်ရင်း အတွင်းလမ်းမှ ခေါင်းပြူထွက်ပြီး လှမ်းအော်စဉ် —

တစ်ဖက်လမ်းကြောမှ အပြင်း လာသော ဆယ်ဘီးကား၏ ဘေး ချိတ်နှင့် မေးစေ့ကို ချိတ်မိသွား ခေါင်းက ကားကြီးနောက်ပါသွားပြီး ကိုယ်က ဟိုင်းလတ်ကားပေါ်ပါသွားသည်။

ကားပေါ်က ခရီးသည်များ ထအော် မှ ဒရိုင်ဘာလည်း သိပြီး ကားကို လိုက်သည်။

ထိုအချိန် ကျော်စိုး၏ အသက်မဲ့ ကိုယ်ကြီးက ကားနောက်ပိုင်းမှ ပေါ်သို့ ပြုတ်ကျသွားတော့သည်။

အစ်မဖြစ်သူကို ဘဝခြားမှ အမျိုး များက လာခေါ်သွားသလို ကျော် အားလည်း အစ်မဖြစ်သူက အရပ်ပြန် သွားခဲ့လေပြီ။

ဆရာမက ထိုအဖြစ်အပျက်များကို မပြောသင့်၍ ကားမလိုက်ဖြစ်ရန် ရွာသို့ အားချင်းပြန်ခိုင်းခဲ့သော်လည်း နောက်ဆုံးတစ်ခေါက်လိုက်ပြီးမှ ရွာပြန်မည်ဆိုကာ ကားနောက်လိုက်သွားခဲ့သည်။

ထိုခရီးက သူ့အတွက် နောက်ဆုံးခရီး ဖြစ်သွားတော့သည်။ ကျော်စိုး ဝိညာဉ်နှင့် သူ့အစ်မဝိညာဉ်တို့ အတူတကွ ဘဝဟောင်းသို့ ပြန်ရောက် မရောက် မသိပေမယ့် ဘဝဟောင်းက ပြန်ခေါ်သည့်အသံများကြားသည်ဆိုပြီး မမြရင်နှင့် ကျော်စိုးတို့ မောင်နှမနှစ်ယောက် တစ်ပတ်အတွင်းမှာပင် လောကကြီးထဲမှ အပြီးအပိုင် ထွက်ခွာသွားခဲ့ကြတော့သည်။

❀


လွန်ခဲ့သော အနှစ် (၂၀) ခန့်က ပြည် - ရန်ကုန်ခရီးသည်တင် ဟိုင်းလတ်ကားစပယ်ယာလိုက်ရင်းမှ ခေါင်းပြတ်သွားသူနှင့် သူ၏အစ်မတို့ တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်မှန်အကြောင်းအရာကို အမည်လွှဲပြီး ရေးသားထားခြင်း ဖြစ်သည်။

ကျော်ဇင်



www.burmeseclassic.com

www.burmeseclassic.com




# မရဏာမှတ်တိုင်

**သန္တာမြတ်သောင်း**

သန်းခေါင်ဆိုသော ညအချိန်သည် ...န်မြို့လို မြို့ကြီးတွင် လျှပ်စစ်မီးတွေ ...ထိန်ညီးပြီး ကြောက်စရာကောင်း ...ဟုတ် သော်လည်း မြိုင်သာလို ...စစ်မီးမရှိသော မြို့မှဟုတ် တော ...တ်ဒေသလေးမှာဖြင့်လူသွားလူလာ ...အတော်ပင် ခြောက်ကပ်ကပ်လွန်း ...ည်၊ ဆောင်းရာသီ၏ အဆိုးဆုံး ...ဖြစ်သော ဒီဇင်ဘာညက နှင်းတွေ ...သည်းနေအောင် ထူထပ်နေသည်။ ...ယိုမှ နှင်းမုန်တိုင်း တိုက်ခတ်မည် ...ကြညာထားသည်။

...တားဂိတ်လေးတွင် ခိုင်ရပ်ရင်း ...ပြေးကားတွေကို မျှော်နေခဲ့သည် ...သ်နာရီကျော်ခဲ့ပြီ။ ခိုင့် ခြေထောက်တွေလည်း သွေးကျပြီး ညောင်းကိုက်ခဲနေပြီ။ မလှမ်းမကမ်းတွင် အောက်လင်းမီးအိမ်လေး ချိတ်ဆွဲထားသော မိုးအလင်း ကွမ်းရာဆိုင်လေးတစ်ဆိုင် ရှိသော်လည်းယောကျ်ားအုပ်စုကိုပြိတ်ိ အပြောအဆိုတွေနှင့် ကွမ်းယာရောင်းနေသော မိန်းကလေးကို သဘောမတွေ့သဖြင့် ခိုင် သွားမထိုင်ဖြစ်တော့ပါ။

ခိုင်က ဂျာကင်အနွေးသိကျွာကို ရှေ့ထက်တန်မိုးထားသည်၊ ခရီးသွားဖြစ်သဖြင့် ညဥ့်နက်သန်းခေါင် လမ်းပေါ်ရောက်နေသော မိမိကို လူအထင်အသေးမခံနိုင်။ နှင်းတွေကထူထပ်စွာကျလာသည်။ ခိုင် ဆောင်အိတ်တစ်လုံးကို ဆွဲပြီး လင်းဘတ်အိတ်လေး လွယ်ထားသော ခိုင့်

www.burmeseclassic.com



နိုင့်မျက်လုံးများက
ကားသမားနံဘေးမှ
သေတ္တာအခေါင်းကြီးထံ
ရောက်သွားသည်။
အခေါင်းပေါ်မှာ နာမည်ကို
ဖတ်မိသွားသည်။
မသည်းစုနိုင်၊
အသက် (၂၂)နှစ်။
ဘုရား–ဘုရား။
နိုင်ခေါင်းထဲ မိုက်ခနဲ
ဖြစ်သွားသည်။
ဒါ–ဒါ
နိုင့် နာမည်ပါလား။
နိုင့် ဒေါ်သတကြီး
အော်ဟစ်လိုက်မိသည် ...

ချောက်ပြင်တွေပင်ထုံကျဉ်ကိုက်ခဲလာပြီ၊ ခရီးသွား
တွေက ရှားပါးလွန်းသည်၊ မြို့ပြင်သာမှသည် အမြန်
ပေါ်တက် ရမည်၊ အမြန်လမ်းပေါ်ရောက်လျှင် ငါး
ကျော်စီးပြီး နိုင်အိမ်ရှိရာ မြို့တော်ရန်ကုန်သို့ ရော
မည်။

နိုင် ရပ်သာရပ်နေသည်၊ စိတ်က အိမ်သို့ ရော
နေပြီ၊ မေမေ သက်သာရဲ့လား။ မေမေနှင့် နိုင်သ
နှစ်လွှာပေါင်းမှ တစ်ရှက်၊ နှစ်ယောက်တစ်ဘဝ
သည်၊ မေမေ့ကိုပစ်ပြီး မြို့ပြင်သာလိုနေရာမျိုး
အလုပ်လာဝင်မိသည်ကို နိုင် နောင်တရချင်သ
မေမေအခြေအနေ မကောင်းဆိုသော ဖုန်းတ
ရင်ကို မီးတောက်စေသည်။

ထုထဲပိတ်သိပ်စွာ ကျလာသော နင်းထုကြီး
ထဲတွင် ခရီးသွားကားတစ်စီးကို တွေ့လိုက်ရသဖြင့်

သွားသည်၊ ဝမ်းသာအားရဖြင့်
ပြ ကား တားမိသည်၊ ကားက နိုင်
ပေးသည်၊ စပယ်ရာလည်းမတွေ့၊
သွားမှာလဲဟုလည်း မမေး၊ ခေ
သာရပ်၍ ဘီးလိမ့်တော့မည့်ကား
နိုင် တဖျာကယာတက်လိုက်သည်၊

နိုင် ကားပေါ်ရောက်သည်နှင့် ကား
မြန်ပြင်းပြင်းနှင့် မောင်းထွက်သွား
ည်၊ မြန်လိုက်သည့်မှာ တရိပ်ရိပ်၊

ကားတစ်စီးလုံး ခရီးသည်အပြည့်
ည်၊ တစ်နေရာစာ ခုံလွတ်ကိုတွေ့
နိုင် ဝင်ထိုင်လိုက်သည်၊ ကားထဲ
အဲယားကွန်းမိုင်ကုန်ဖွင့်ထားသလား
နိုင်မေးခိုက်အောင် ချမ်းလာသည်၊
ထိုင်ခုံအပေါ်ဘက်မှ အဲယားကွန်း
နေရာကို ကြည့်သည်၊ ဘာအဲယား
မှမတွေ့သဖြင့် ဘယ်နေရာက ပိတ်
ဲသိ၊ ထိုင်ခုံအသီးသီးတွင်ထိုင်နေ
သော ခရီးသည်တွေထံ ဝေ့ဝဲကြည့်
ည်၊ သူတို့ အားလုံးကို ကြည့်ရသည်
ချမ်းကြအေးကြဟန် မတူ၊ အနွေး
ည်မပေါ၊ အင်္ကျီပါးပါးလေးတွေနှင့်
ည်တည်ငြိမ်ငြိမ် ထိုင်နေကြသည်၊
တွင်းကြီး အဲယားကွန်းဖွင့်ထား
ကို သူတို့က မတုန်မလှုပ်၊

ခရီးသည်၏ မျက်နှာကြီးတွေက
သွေးမရှိသလို ဖြူဖပ်ဖြူရော်တွေမို့ နိုင်
လန့်သွားသည်၊ စိတ်ကိုထိန်းရင်း နိုင်
အသံပြုသည်၊

"ဒီမှာ ဒီမှာရှင့် – စပယ်ရာမရှိဘူး
လား၊ ကျွန်မကားခပေးချင်လို့ပြီးတော့ –
အဲယားကွန်းပိတ်ပေးကြပါဦး"

ကားက တရိပ်ရိပ်ပြေးမြဲပြေးနေဆဲ၊
နိုင်အော်သံကို ဘယ်သူမှ စိတ်ဝင်စား
ဟန်မပြ၊ စပယ်ရာ ပေါ်မလာ၊

ကားပေါ်ထိုင်ရင်း မေးခိုက်အောင်
ချမ်းလာသဖြင့် နိုင် ဆက်မလိုက်တော့
ဘဲ ရောက်ရာနေရာတွင် ဆင်းပြီး အခြား
ကားပြောင်းစီးမည်တွေးသည်၊ ကား
ပြတင်းမှ အပြင်ဘက်သို့ လှမ်းကြည့်
သည်၊ အမြန်လမ်းပေါ်ရောက်ပြီလား၊
ဘယ်နားရောက်နေပြီဖြစ်ပါလိမ့်၊ ဘယ်
နေရာရောက်နေပြီမမှန်းဆနိုင်၊ မိုင်တိုင်
တွေ မတွေ့၊ လမ်းဘေးမာကျူရီ မီးတိုင်
တွေ မတွေ့၊ ဘာဆိုဘာမှ မတွေ့၊ ဒါ
ဘယ်နေရာရောက်နေပါလိမ့်၊ မှောင်နှင့်
မည်းမည်း။ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်း
ပိတ်အောင် မှောင်နေသည်၊

နိုင် ဘေးမှ ခရီးသည်ကို မေးမိ
သည်၊

"ဦးလေး – ဒါ ဘယ်မိုင်တိုင်ကို
ရောက်ပြီလဲဟင်"




www.burmeseclassic.com

www.burmeseclassic.com

ခရီးသည်လူကြီးက မျက်လုံးများဖွင့်၍ နိုင် ဖက်ကြည့်သည်၊ ဒီလူကြီးအကြည့်များက နိုင်ရင်ထဲ ထိုးဖောက်ဝင်သွားသလို ခံစားရသည်၊ လူကြီးက နိုင့်ကိုရယ်ပြသည်၊ လူကြီး၏အပြုံးတွေ တနိုင့်ရင်ထဲအေးစက်ကျင်ခဲသွားသည်၊ ကြောက်စရာပါလား၊

"ဒီနေရာလား၊ ဒီနေရာက မရဏ မိုင်တိုင်၊ ကိုးလောင်းရွာ"

"အို"

နိုင် ရင်ထဲ လွန်စွာကြောက်ရွံ့သွားသည်၊ ပြတင်းပေါက်မှန်မှ အပြင်ဘက်သို့ထပ်ကြည့်သည်၊ ကိုးလောင်းရွာသာဆိုသည့် ဘာအိမ်မှ မရှိပါလား၊

"ဦးလေး - ရွာနာမည်ကြီးက ဘယ်လိုကြီးလဲ၊ အိမ်လည်း မတွေ့ပါလား"

နိုင်အပြောကြောင့် လူကြီးက ထပ်ပြုံးသည်၊ ပြီးတော့ တစ်လုံးချင်းပြောသည်၊

"အိမ်မလိုဘူးလေ ကလေးမရဲ့၊ မြေကြီးထဲမှာနေတာပဲ"

ထိုင်ခုံမှ နိုင်အထိတ်တလန့်ထရပ်သည်၊ နိုင့်မျက်လုံးများက ကားမောင်းသမားနံဘေးမှ သေတ္တာရှည်ရှည်ကြီးတစ်လုံးဆီ ရောက်သွားသည်၊ အဲဒီကြီးမားသော သေတ္တာကြီးက ဘာပါလိမ့်၊ နိုင် မနေနိုင်၊ ဘေးမှ ခရီးသည်လူကြီးကို မေးမိသည်၊

"ဦးလေး - ဟိုသေတ္တာက ဘာသေတ္တာလဲ"

သေတ္တာနံဘေးတွင် ရွှေရောင်အလုံးတွေ၊ ပန်းခက်တွေ ကပ်ထားသည်၊ လူကြီးက နိုင့်အမေးကြောင့်ရယ်သည်၊ လူကြီး၏ရယ်သံက မြင်းဟီသံနှင့် တူသည်၊

"ဟီ - ဟီ - ဟီ - ဟီ - မေးပြန်ပြီလား၊ အဲဒါ လူသေထည့်တဲ့အခေါင်းလေ"

"အမလေး"

နိုင် ကြောက်လန့်တကြား အော်သည်၊

"ရပ် - ရပ် - ကားအခုရပ်၊ ကျွန်မဆင်းမယ်၊ အရှုးကားကြီး မလိုက်သူးကားဆရာရပ်၊ အခုရပ်ပါ"

နိုင့်စကားကိုဘယ်သူမှအရေးစိုက်ဟန်မပြ၊ စိတ်ဝင်စားဟန်မပြ၊ ကားသမားမိုင်ကုန်ဆက်ပြီး စက်ကုန်ဖွင့်ကာ မောင်းလွှားနေဆဲ၊ ခရီးသည်များအားလုံးမျက်လုံးတွေ မှိတ်လို့ မလှုပ်မယှက်၊ လူသေကောင်များနှင့်ပင် တူနေသေးသည်၊

"ကားသမားကြီး - ကားရပ်ပေး၊ ကျွန်မ ဆင်းမယ်၊ ကားအခု ရပ်ပေးပါ"

နိုင့် စကားကို ကားသမားက ဂရုစိုက်၊ လှည့်မကြည့်၊ ကားရှိန်က လျှော့သွားပါ၊ နိုင်နေရာမှထ၍ တရွေ့ရွေ့လက်ကိုင်တန်းကို ကိုင်ပြီး ကားသမားနားသွားသည်၊ ဒေါသတကြီးဖြင့် ကားမောင်းသမားအနီးတွင် ရပ်သည်၊ နိုင့်မျက်လုံးများက ကားသမားနံဘေးမှ သေတ္တာအခေါင်းကြီးထံ ရောက်သွားသည်၊ အခေါင်းပေါ်မှာ နာမည်ကို ဖတ်မိသွားသည်၊ မသည်းစုနိုင်၊ အသက် (၂၂)နှစ်၊ ဘုရား - ဘုရား၊ နိုင် ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်၊ ဒါ - ဒါနိုင့်နာမည်ပါလား၊ နိုင့် ဒေါသတကြီး အော်ဟစ်လိုက်မိသည်၊

"ဒါဘယ်သူ့အတွက်အခေါင်းလဲ"

အစောက နှုတ်ဆိတ်နေသော ခရီးသည်အားလုံးက တပြိုင်နက်အသံထွက်သည်၊ အသံကကားထဲဟိန်းသွားသည်၊ ခရီးသည်တွေ၏ မျက်လုံးတွေက ကြောက်မက်ဖွယ် တောက်ပြောင်နေသည်၊

"ခင်ဗျားအတွက်"

"မဟုတ်ဘူး"

ထိတ်လန့်ကြောက်ရွံ့စွာ နိုင် အော်ဟစ်ငြင်းဆန်မိသည်၊ အားကောင်းမောင်းသန် ယောကျ်ားကြီးနှစ်ယောက်နိုင့်အနီးကပ်လာသည်၊ နိုင့်လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ကြသည်၊

"မင်း အခေါင်းထဲဝင်ရမယ်"

"မဝင်ဘူး - မဝင်ဘူး၊ လွှတ် - အခု - လွှတ်"

ယောကျ်ားကြီးနှစ်ယောက်၏ လက်များကပြုတ်တူပမာနိုင်မြဲလှသည်၊ ခွန်အားရှိသမျှ နိုင်ရုန်းသည်၊ နိုင် မသေချင်သေးပါ၊

"ကားရပ်ပါ - ကားရပ်ပါ - အခု ရပ်ပေး၊ ကျွန်မ ဆင်းမယ်"

ခရီးသည် ယောကျ်ားကြီးတစ်ယောက်က ပြောသည်၊

"ရပ်လို့ မရဘူး၊ ကားက သေမင်းနိုင်ငံမှာ ဂိတ်ဆုံးမှာ ဟီ - ဟီ - ဟီ"

"အရူးတွေ - အရူးတွေ - လွှတ်ပါ၊ မေမေရေ - မေမေ"

မေမေ့ကို သတိရသောအခါ နိုင်ရင်ထဲတစ်ခုလုံး မီးတောက်သလို ပူလောင်လာသည်၊ နိုင်မျက်လုံးတွင် မျက်ရည်တွေ ပြည့်လျှံလာသည်၊ ပါးပြင်ပေါ်သို့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်၊

"ကျွန်မ အမေအသည်းအသန်ဖြစ်နေလို့ ကျွန်မ ရန်ကုန်သွားမလို့ပါ၊ ကျွန်မကို မသတ်ပါနဲ့နော်၊ ကျွန်မ သေ





www.burmeseclassic.com

www.burmeseclassic.com

သွားရင် ကျွန်မ အမေကြီး ဒုက္ခရောက်ပါ့မယ်၊ ကျွန်မ ရှိခိုးပါရဲ့"

လူကြီးနှစ်ယောက်က ဂရုမစိုက်ဘဲ နိုင်လက်မောင်းကို ဖွတ်ဆွဲ၍ သေတ္တာအခေါင်းထဲ ရောက်အောင် ထည့်နေသည်၊

"ကျွန်မ မသေပါရစေနဲ့၊ ကျွန်မ တောင်းပန်ပါတယ်"

နိုင့် ခွန်အားနှင့် လူကြီးနှစ်ယောက် အားမမျှ၊ အခေါင်းတွင်းသို့ နိုင် ရောက်လုရောက်ဆဲမှာပင် မေမေ သင်ပေးထားသော မြတ်စွာဘုရားရှင်၏ ဂါထာတော်ကို သတိရသည်နှင့် အသံကျယ်ကျယ် ရွတ်မိသည်၊

"သံဗုဒ္ဓေ၊ အဋ္ဌဝီသဉ္စ"

လူကြီးနှစ်ယောက်၏ လက်မှ နိုင် လွတ်သွားသည်၊ လူကြီးတွေက နိုင့်ကို ကြောက်ရွံ့စွာ ကြည့်ရင်း နောက်ဆုတ်သွားသည်မို့ အားတက်သွားပြီး အသံကျယ်ကျယ် ထပ်ရွတ်သည်၊

"သံဗုဒ္ဓေ၊ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊ ပဉ္စသတ သဟဿနိ နမာမိ သိရသာမဟံ"

ခရီးသည်တွေအားလုံး နားနှစ်ဖက်ကိုပိတ်ပြီး ကြောက်လန့်တကြား အော်ကြသည်၊

"မရွတ်ပါနဲ့ - မရွတ်ပါနဲ့"

နိုင် ဆက်ရွတ်သည်၊ ကားကြီး ရပ်သွားသည်၊ ကားပေါ်မှ အားလုံး ခနဲ ပျောက်ကွယ်သွားသည်၊ ကား ပေါ်တွင် နိုင်တစ်ယောက်တည်း ကျန် သည်၊ ကြောက်ရွံ့ထိတ်လန့်မှုများ နိုင်ပုံလဲသွားသည်၊

❀

"ဟော - သတိရလာပြီ - အစ် အစ်မ သတိရပြီနော်"

မျက်လုံးကို ကြိုးစားဖွင့် သည် နိုင်ပတ်ပတ်လည်တွင် မျက်နှာစိမ်း ယောက်များတချို့ ရပ်နေသည်၊ ကွမ်း သည် ကောင်မလေးက နိုင့်ကို ပွေ့ထ သည်၊ ကွမ်းယာဆိုင်လေးဘေးမှ ခုံ ပေါ်နိုင်ရောက်နေသည်၊

"အစ်မ သတိရပြီလား"

"ကျွန်မ၊ ကျွန်မ ဘယ်ရောက်နေ တာလဲ"

တိုးဖျော့သောလေသံနှင့် နိုင် မေး မိသည်၊

"ကားလမ်းပေါ်မှာ အစ်မလဲကျ လို့ ကျွန်မတို့ ကျွန်မဆိုင်ဘက် ရွှေ့ တာ"

"ဟို - ကျွန်မ စီးသွားတဲ့ ကားကြီးရော"

နိုင်အမေးကြောင့် ကွမ်းယာသည် ကောင်မလေးက ဇဝေဇဝါ ဖြစ်သွားပြီး ခေါင်းသည်းသည်း ခါသည်၊

"အို - ဒီနားကို ဘာကားမှ မလာသေးဘူး၊ နင်းတွေကျပြီးလမ်းပိတ်နေလို့ ကားဆက်ပြတ်နေတာ၊ အစ်မက ကားလမ်းပေါ် ခွေခနဲ ကျသွားတာ၊ နင်းတောထဲ ရှိနေလို့ အအေးပတ်ပြီး မေ့လဲတာ ဖြစ်မယ်၊ စိတ်အေးအေးထား အစ်မ၊ နောက် တစ်နာရီလောက်ဆိုဟိုက်ဝေးကားတွေ လာပြီ"

နိုင် မျက်ဝန်းတွေ မှိတ်ပြီး စိတ်ကို အနားပေးထားလိုက်သည်၊ မှိတ်ထားဆဲမျက်ဝန်းတွေမှာ ကြောက်မက်ဖွယ်ရာ မရဏပုံရိပ်များကို မြင်ယောင်ရင်း ရင်ဘတ်ထဲ တထိတ်ထိတ် လှုပ်ခတ်နေ ဆဲ ဖြစ်သည်၊

မည်သို့ပင်ဖြစ်စေ နိုင် သေတ မရောက် သက်မပျောက်ခြင်းသည် မိခင် အိုကြီးကို လုပ်ကျွေးနေသော သမီးလေ ဖြစ်၍ အနန္တော အနန္တငါးပါး ဂုဏ်ကျေးဇူး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ၏ ဂါထာဖြစ်သော သံဗုဒ္ဓေဂုဏ်တော် ကြီး၏ အစွမ်းကြောင့် နိုင် သေဘေးမှ လွတ်ခြင်းဖြစ်သည်၊ မည်သူ့ကို ပြောပြ ၍မှ မယုံကြည်မည်မဟုတ်သော မရဏ နိုင်ငံမှ လွတ်မြောက်ခဲ့သော ဤအဖြစ် ကိုဖြင့် နိုင် တစ်သက်တာ မေ့တော့မည် မဟုတ်ပါ၊

သဒ္ဓါမြတ်သော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်စာရေးသူသည် အမီးဘုံးယောက်၏ ကောင်းမှုဖြင့် ၂၀၀၆ ခုနှစ်၊ မေပြီလတွင် ရဟန်းဝတ်ဖြစ်ခဲ့၏။ ၎င်းတွင် ပုဂံမြို့တောင်ဘက် တခုရင်ရွာလေးမှ ဦးစိန်တိုးအမည်ရှိ ပုဂံသားကြီးတစ်ယောက်သည်လည်း လှည်းတန်းမှာနေသော သားဖြစ်သူ မောင်ကျော်ဇေယျဦးဆိုသူနှင့် ပတ်သက်ပြီးကျွန်ုပ် ရဟန်းဖြစ်သော ဘုန်းတော်ကြီးကျောင်းတွင် ရဟန်းဟာဝတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

# သရဲစီးနေသည့်ကြက်

**နန္ဒဝင်းကျော်ခေါင် (ဓေဇ္ဇာရူ့ပြည်)**

ဤ၌ ကျွန်ုပ် စာရေးသူနှင့် ပုဂံသား ကိုစိန်တိုး ဆုံဖြစ်လေ၏။

ကိုစိန်တိုး၏ ရဟန်းဘဝ၌မှာ ရှင်ဇောတိကပါလဖြစ်၍ ကျွန်ုပ် စာရေးသူ၏ ရဟန်းဘဝ၌မှာ ရှင်ဥတ္တမ ဖြစ်၏။

ကျွန်ုပ်နှင့် ရှင်ဇောတိကပါလမှာ ကျောင်းထိုင်ဆရာတော်မှ ကျိန်းစက်ရန် နေရာချထားပေးသောအခါ တစ်နေရာတည်း ခြင်ထောင်ချင်း ကပ်လျက်ဖြစ်သလို တရားထိုင်ရာတွင်လည်း ဘေးချင်း ကပ်လျက်ဖြစ်ကာ ဆွမ်းစားလျှင်လည်း တစ်ဝိုင်းတည်းဖြစ်လေ၍ ကိလေသာကို ပယ်သတ်ဖို့ထက် ကိလေသာ ပယ်နိုင်ခြင်းထက် ကိလေသာမီးအောင်းရာ ဓမ္မာရုံဖြစ်သည့်စိတ်အကြောင်းဆွေးနွေး ဖြစ်ကြ၏။

အချိန်နှင့် တရားထိုင်ကြ၏။ ဥ

တရားပွဲ ရှစ်နာရီခွဲပြီးမှ နားခွင့်ရကြ၏

ဤ၌ ပုဂံသားကြီး ကိုစိန်တိုးနှ

ရန်ကုန်သား ကျွန်ုပ် စာရေးသူတို့သ

ညဝိုင်း တရားထိုင်ပြီးချိန်တွင် အ

အကြောင်း ကိုယ့်အကြောင်း ပြော

ကြပြီး ကျွန်ုပ် စာရေးသူအား ရုပ်ရှ

ဒါရိုက်တာ၊ ဗွီဒီယိုဒါရိုက်တာ၊ စာ

ဆရာတစ်ဦးဖြစ်မှန်း သိ၍သွား၏။

ကိုစိန်တိုးမှာ တုရင်တောင်ခြေ

သည် ပုဂံသမိုင်းတွင် အလွန်အရေး

သော နေရာဌာနတစ်ခုဖြစ်ကြောင်

အလောင်းစည်သူမင်းကြီးမှာ မိမိ

အမတ်လေးယောက်တို့မှ လက်ပျ

နေသည်ကိုမြင်တွေ့ကာ မင်းကြီး အိုမင်းရွှမ်းဖြစ်နေပြီဟု ပြက်ရယ်ပြုသည်ကို မြင်တွေ့လေ၏။

အလောင်းစည်သူမင်းကြီးမှာ သူ့အား ပြက်ရယ်ပြု ရယ်သွမ်းသွေးသည့် အမတ်လေးယောက်တို့အား တုရင်တောင်ခြေတွင် ဦးပေါင်းစင်းနှင့် မြင်းညို ရှင် လူတစ်ယောက် သောင်းကျန်းနေသည်၊ သင်တို့လေးယောက်သွားရောက် နှိမ်နင်းချေဟု စေ၏။

အမတ်လေးယောက်တို့မှာ မြင်းလေးတောင်၊ ဓားလေးစင်းဖြင့် ဦးပေါင်းစင်းနှင့် မြင်းညိုရှင်ကို သွားရောက်နှိမ်နင်းရာ လေးယောက်တစ်ယောက် ဖြစ်သော်လည်း အနိုင်မရခဲ့ချေ။

အလောင်းစည်သူမင်းကြီး၏ဘုရင့် ညီလာခံ ဝင်ရောက်စားသောအခါ အမတ်တို့မှာ ဦးပေါင်းစင်းနှင့်မြင်းညိုရှင်သည် လူမဟုတ်ရာ၊ နတ်စစ်သူကြီးဖြစ်ရာ၏။ သူတို့လေးယောက်၊ မြင်းလေးကောင်၊ ဓားလေးလက်ဖြင့် ဝိုင်းရံထိုးသော်လည်း ဖမ်းဆီးမမိနိုင်ကြောင်း လျှောက်ထားရာ အလောင်းစည်သူမင်းကြီးမှာ ဦးပေါင်းစင်းနှင့် မြင်းညိုရှင်မှာ လူမဟုတ်၊ ငါပင် ဖြစ်၏။ သင်တို့ နေ့တညီလာခံမှာ ငါ့ရဲ့လက်ပျဉ်းကျနေသည်ကို မြင်တွေ့သွားပြီ၊ ငါ့ကို လူအိုကြီးဟုစကားတင်းဆိုခဲ့သည်။ မဟုတ်လော။ ယနေ့ ငါ့အစွမ်းကို မြင်တွေ့ခဲ့ကြပြီမဟုတ်လော၊ ငါ မအိုသေး” ဟူသော လူ့ စွမ်းပြခဲ့သောနေရာ ဖြစ်၏၊ ဤနေရာသည် တုရင်တောင်ခြေပင် ဖြစ်ပေတော့၏။

ထို့ပြင် - မင်းလေးဆက်တိတိပုဝံ၏သာသနာ့ဥဒေါ်ချောင် ဖြစ်ခဲ့သော ရှင်အရဟံ ရဟန်းတော်မြတ် ပရိနိဗ္ဗာန်ပြုခဲ့သော နေရာထူးတစ်ခုလည်း ဖြစ်ပြန်လေ၏။

ရွှေစည်းခုံ ဘုရားကြီးအား ကျန်စစ်မင်းကြီး ထပ်မံတည်ထားစဉ် ဤတုရင်တောင်မှ ကျောက်များအား တူးဖော်၍ လက်ဆင့်ကမ်းသယ်ခဲ့ရသည်ဟုသမိုင်းက ဆိုပြန်လေသည်။

ကျန်စစ်သားမင်းကြီးသည် တုရင်တောင်မှ ကျသည့် ရေတို့အား ဆယ်၍ မြကန်သာကြီးတူးကာ လယ်ယာမြေတို့အား ရေပေးဝေသည့် နေရာလည်း ဖြစ်ပြန်လေ၏။

ထို့ပြင် သံပျင်မင်းသမီး စာချသော နေရာ၊ ပိဋကတိုက် (စာအုပ်တိုက်) ရှိခဲ့သောနေရာ၊ စာရဟန်းမင်း သိမ်ရှိခဲ့သောနေရာ၊ သံယာတော်များ တရားကျင့်ရာ တုရင်တောင်ဂိုဏ်း ရှိခဲ့သော နေရာဖြစ်၍ တုရင်တောင်ဗွယ်တော် ဘုရားကြီး တည်ရှိနေလေ၍ တုရင်





www.burmeseclassic.com

www.burmeseclassic.com

တောင်သည် ပုဂံနှင့်အပြိုင် ထင်ပေါ်လေ၏။

တုရင်တောင်သည် ညောင်ဦး ကျောက်ပန်းတောင်း ကားလမ်း၏ အနောက်ဘက် ပုပ္ပါးမြို့နှင့် ချောက်မိုင် အကွာတွင် တည်ရှိလေ၏။

တုရင်တောင်စွယ်တော်ဘုရားကြီးသို့ အနောက်ဘက်မှလည်း တက်၍ ရသလို အရှေ့ဘက်မှလည်း တက်၍ ရလေ၏။

အနောက်ဘက်မှအတက်သည် ကားလမ်းဖြစ်၍ဘုရားစောင်းတန်းအထိ ကားလမ်းပေါက်၏။

တုရင်တောင်စွယ်တော်ဘုရားကြီး၏အထက်ပိုင်းထီးတော်မှာ သေးသွယ်ချွန်ထက်နေ၏။

ခေါင်းလောင်းပုံမှာ အောက်ခြေတွင် ရှစ်မြှောင့်ပစ္စယံရှိ၏။ ထိုပစ္စယံတွင် ဆင်ရုပ်သုံးဆယ့်နှစ်ရုပ်ဖြင့် ခံထားလေသည်။

တုရင်တောင်ထိပ်သည်မြေဖရိယာကျဉ်း၏။ စေတီပတ်လည်တွင် စေတီရံများ မရှိသော်လည်း ဘုရားရင်ပြင်တစ်ပတ်လုံးတွင် ကုသိုလ်ထူးသူတို့က ဗုဒ္ဓသာဝက ရဟန္တာရုပ်ထုများ ထုလုပ်လှူဒါန်းပူဇော်ထားကြ၏။

တုရင်တောင်နှင့်သက်ဆိုးတောင်၏ အနောက်ဘက်၌ မြကန်ရှိ၏။ ထိုမြကန်၏ ဘေးတွင် သံပျင်မင်းသမီးကောင်း သမ်းတော်မူစေတီရှိ၏။

ကျွန်ုပ်စာရေးသူသည်အထက်တွင် တင်ပြခဲ့သည့်အတိုင်း တုရင်တောင်ရွာသားကြီးဦးစိန်တိုးနှင့်တွေ့ဆုံပြီးနောက်ပိုင်း ပုဂံ တုရင်တောင်ခြေရှိ တောင်ပ အမည်ရှိရွာကလေးသို့ဗီဒီယိုဇာတ်ထား သွားရောက်ရိုက်ကူးရန် စီစဉ်လေ၏။

မင်းသားမှာ ကျွန်ုပ် စာရေးသူ ရေးသားသည့် လူမိုက်အသည်းနှစ်ကျပ် မဟုတ်ပါ။ ဇာတ်လမ်းနှင့် လိုက်ဖက် သည့် မင်းရာဇာ (သို့မဟုတ်) မင်းသား တို့ဖြင့် စီစဉ်ထားလေ၏။ မရိုက်သည် သရုပ်ဆောင်နှင့် ရိုက်ဖြစ်သည်ဖြစ်စေ ကျွန်ုပ်စာရေးသူမှာ ကျွန်ုပ်၏ရောင်းရင်း ကြီးဖြစ်ခဲ့သောကိုစိန်တိုးထံသွားရောက် ရလေ၏။

ကိုစိန်တိုးနေထိုင်ရာ တောင်ပ အမည်ရှိ ရွာလေးသည် ထနောင်းတို့ သလို တမာရန့်တို့လည်း သင်းလေ၏ ကုက္ကိုပြင်အုပ်အုပ်ကြီးတို့မှာလည်း တောင်ပရွာ၏ကြက်သရေကိုဆောင် နေချေ၏။ လူတို့မှာလည်း လွန်စွာမှ စကားတစ်လုံးကတိတစ်လုံးကိုအသ

...နှင့်အမှုတည်၏။ ပုဂံသွေး၊ ပုဂံသားပီသကြပါသည်။

သို့သော် - လူဆိုသည့် သတ္တဝါ ...ည် ကောင်းသူရှိသကဲ့သို့ ဆိုးသူများ ...ည်း ရှိကြလေ၏။

ယခုကျွန်ုပ်စာရေးသူရေးသားမည့် သရဲစီးနေသည့် ကြက်အမည်ရှိ ဝတ္ထု ...ည် ပုဂံလူဆိုးများအကြောင်း (သို့ ...တ်) တုရင်တောင်ခြေရှိ တောင်ပ ...မှ လူဆိုးလူကြမ်းများအကြောင်း ...ဖြစ်ပေတော့သည်။

ကျွန်ုပ်ရေးသားမည့်ဝတ္ထုအမည်ကို ...ည်း ထူးထူးဆန်းဆန်းပင် အမည်နာမ ...စ်လိုက်ရပေတော့သည်။

❀

## သရဲစီးနေသည့် ကြက်

မိုးကုန်၍ ဆောင်းရောက်သည်နှင့် ...တောင်ပရွာ ကြက်ပိုင်းတို့ အလျှို အလျှို ...၏။

ထိုကြက်သမားကြီးများထဲတွင် ...ကြက်သမားကြီး ဖိုးသော်တာမှာ အထူး ...ဆုံးဖြစ်ပေတော့၏။

ဖအကြောင့် ကြက်သမားကြီးများ ...တွင် ဖိုးသော်တာမှာ အများတကာ ...တ် ပို၍ထူးကဲ ရသနည်းဆိုသော်

ဖိုးသော်တာမှာ တိုက်ကြက်များသာ သီးသီးသန့်သန့်မွေး၏။ စိန်ခေါ်လာသော ကြက်ကိုလောင်းကြေးကောင်းကောင်း ထပ်၍ ခွပ်၏။ နိုင်သည်က များ၏။

ထို့ကြောင့် တောင်ပရွာမှ ကြက်သမားကြီးဖိုးသော်တာ၏ကြက်ခွပ်မည့် နေ့တွင်တောင်ပရွာ၏ရွာနီးချုပ်စပ်ထိန်တော၊ ဒလက်ဂူ၊ မုန်းချောင်း၊ သူရိန်တော စသည့် ရွာများမှ ကြက်သမားတို့၊ ဖိုးသော်တာ၏ခြံဝိုင်းကြီးအတွင်း ရှာခံလူများနှင့်အတူ ရောနှောရောက်ရှိလာကြပြီး လက်ဖျားဆွဲသူ၊ လက်ရင်းဆွဲသူတို့ ဖြစ်လာကြ၏။

လက်ဖျားဆွဲသူဆိုသည်မှာ ကြက်နှစ်ကောင်ခွပ်ရာ၌ ခွပ်လမ်း၊ ခွပ်ပေါက် ခွပ်ချက်တို့ကိုကြည့်ကာ သာသည့်ဘက်မှ စပြီး ကြေးခေါ်ခြင်းဖြစ်၍ ဤသည်ကိုပင် လက်ဖျားဆွဲသည်ဟု ကြက်သမားတို့၏ ဆိုထုံးစကား ဖြစ်ပေတော့၏။

ကြက်ပိုင်ရှင်များကိုယ်တိုင်လည်း သူ့ကြက်သာမည်ထင်လျှင် လက်ဖျားဝင်ဆွဲ၏။ ရှုံးမည်ထင်လျှင်လည်း တစ်ဖက် ကြက်ဘက်မှ လက်ဖျား လိုက်ဆွဲတတ်လေ၏။

ဒါမှ အရှုံးကာမိပြီး ပိုးပြုံပက်စက် ရှုံးချက်မနာ ဖြစ်နိုင်လေ၏။





www.burmeseclassic.com

www.burmeseclassic.com

ပုဂံတောင်ပရွာ
အညာသားကြက်ကြီးသည်
မိတ္ထီလာ
မလှိုင်သားကြက်ကြီး၏
ပြင်းထန်သော ပစ်ချက်အပြီး
မြေသို့ ပြန်အကျ
ကိုယ်ကို ဝပ်ချပြီး
ခေါင်းကို ငုံ့စောင်းအရှောင်
မြန်ပြီးသည်နှင့် သူ့ မှုိင်
ဘယ်ခြေခုန် အတက်
ညာခြေအတက် ရှူးရှူးကြီးဖြင့်
မလှိုင်ကြက်ကြီး၏
ရင်ပုံကို တစ်ချက်ပြင်းပြင်း
ပစ်လိုက်သလို ပြင်းထန်သော
ညာခြေထောက်ရှိ
အတက်ရှူးရှူးကြီးမှာလည်း
မလှိုင်ကြက်ကြီး
မျက်စိတစ်လုံးကို
ဖောက်ထုတ်ပစ်လိုက်
လေ၏ ...



ကြက်ဝိုင်း၏အကျယ်အဝန်းမှာ ဆယ့်နှစ်တောင် စည်းဝိုင်းဖြစ်၏။ ကြက်ဝိုင်း၏ စည်းဝိုင်းမြေပြင်သည် စပါးခြွေမည့်တလင်းပြင်ကဲ့သို့ လင်းရှင်းနေ၏။ အမှိုက်တစ်စ မရှိချေ။

ဤ၌ ကြက်ပွဲသည် ခွပ်မည့်ကြက် နှစ်ကောင် အရေးပါသကဲ့သို့ ကြက်ဝိုင်းကို ဒိုင်လုပ်ပေးမည့်ကြက် ဒိုင်သည် လည်း လွှတ်၍ အရေးပါပြန်လေ၏။

ဤကြက်ဒိုင်လူကြီးများထဲတွင် တောင်ပရွာ ဘဘိုးစိန်ကြီးသည် တောင်ပရွာ၌သာမက အထက်တွင် ကျွန်ုပ်စာရေးသူ ရေးသားခဲ့သည့်ထိန်တော၊ ဒလက်ထွေး မုန်းချောင်း၊ သူရိန်တော စသည့် ရွာကြီးများထဲတွင် သမာသမတ် မျှတသလို ပြောရဲ ဆိုရဲ ရိုက်ရဲ နှက်ရဲ ဖရှိသူ လူကြီး ဖြစ်၏။

❀



ကြက်ပွဲဒိုင်လူကြီး ဘဘိုးစိန်သည် တား တောင်ပရွာ၊ ရွာလယ်ပိုင်းတွင် နေ ထိုင်ကာ အသက်အရွယ်ထောက်လာ၍ တိုက်ကြက်များကို ကိုယ်တိုင်တော့ မမွေးတော့ချေ။ ငယ်ရွယ်စဉ်အခါ တာတော့ ဘိုးစိန်ကြီးသည် တိုက်ကြက် များချည်း သီးသန့်မွေး၏။ ကြက်ကို ခြင် တိုက်မည်စိုး၍ ခြင်ထောင်ဖြင့်ပင် သိပ် သူ ဖြစ်၏၊ ကြက်ကို ကိုယ်တိုင်မွေး၍ ကိုယ်တိုင်လည်း ကြက်ပွဲများစွာကို တိုက်ခဲ့သူ ဖြစ်၏။

ယခု အရွယ်ထောက်လာသည့် အရွယ်လွန်ချိန်တွင်တော့ ကြက်တိုက် ခြင်းကိုရှောင်လိုက်သော်လည်း ဝါသနာ၊ လွှတ်ပါသူဖြစ်လေ၍တစ်ကြောင်း၊ သမာ သမတ်မျှတစွာ ဆုံးဖြတ်နိုင်သူဖြစ်လေ ၍တစ်ကြောင်း နှစ်ဖက်ကြက်ရှင်ငွေရှင် တို့၏ယုံကြည်မှုကို ရရှိထားသူဖြစ်သည် နှင့်တောင်ပရွာနှင့် ရွာနီးချုပ်စပ်ကြက်ဝိုင်း တို့၌ ဘဘိုးစိန်ကြီးသည်သာ ထာဝရဒိုင် လူကြီး ဖြစ်လေတော့၏။

"ဒိုင်လူကြီးလုပ်ပါ - ဘဘိုးစိန်ကြီး တို့ အပ်ပါတယ်"

ဤကဲ့သို့ နှစ်ဖက်ကြက်ရှင်တို့မှ ဘိုးစိန်ကြီး၏ခြံဝိုင်းအတွင်း ကြက်ပွဲလာ ၍ခွပ်ကြသကဲ့သို့ဒိုင်အဖြစ်လည်းဘဘိုး စိန်ကြီးကို အပ်ကြလေ၏။

"ကောင်းပြီ - မင်းတို့တောင်းဆိုလို့ ငါ ဒိုင်လုပ်ရမယ်ဆိုရင် ငါ့ စည်းကမ်းကို လိုက်နာရမယ်"

ကြက်သမားတို့မှာ နှစ်ဖက်စလုံးမှ လိုက်နာပါ့မည်ဟု ခေါင်းညိတ်ဝန်ခံ၏။

"သုံးခါကောက်ရင် တစ်ခါက ကြက် သာ ခေါ်ရမယ်၊ ကြက်နာလား၊ ကြက် လည်းမထု၊ ကြက်မွေးမယူ၊ လေပေးရေ ပေး တစ်ဖက်ကြက်ကို မထိစေရဘူး။ အတောင်ကျိုး၊ ပေါင်ကျိုး၊ စုံကန်းထွက် ပြေး၊ ခွပ်ဘက်မရ အရှုံးလက်ခံလား"

နှစ်ဖက်ကြက်သမားတို့မှာ လက်ခံ ပါကြောင်း၊ သဘောတူပါကြောင်း ဝန်ခံ ကြပြီးနောက် ကြက်ပွဲကို စကြသည်တာ များ၏။

ထို့ပြင် တောင်ပရွာကြက်ဝိုင်းသည် လူများ နှစ်ရာနီးပါးခန့် ရှိသော်လည်း လွန်စွာအသံတိတ်၏။ ကြက်နှစ်ကောင် ၏ ခွပ်ချက် ခွပ်လက်ကို ကြည့်ကာ တင် ခနဲ၊ ဟာခနဲ အာမေဍိတ်သံတို့သည်သာ တစ်ချီ တစ်ချီ ပွင့်ထွက်၏။

ဘဘိုးစိန်ကြီး၏ခြံဝိုင်းခြံစည်းရိုးမှ ၌ ထနောင်းတို့ စိုက်ထား၏၊ ကုက္ကိုပင် ကြီးများ ရှိ၏။ နေပြောက်ပင် မထိုးနိုင် ချေဟု ဆိုရမည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

တော်ရုံတန်ရုံ အသံတို့ မြဲဝိုင်းကြီး အတွင်း၌ပင် ပျောက်၏။ ဤကြက်ပွဲ ကျင်းပနိုင်ရန် ရွာလူကြီးကို တံစိုးလက်ဆောင်ပို့ရ၏။

ထိုမှသာကြက်ပွဲကိုစိတ်လက်အေးချမ်းသာယာစွာ ကျင်းပနိုင်မည်ဖြစ်၏။

ထိုနေ့က တောင်ပရွာကြက်သမားကြီးဖိုးသော်တာ၏ကြက်က ကြက်စင်း၊ အရပ်အမောင်း ကောင်း၏။ ကြက်အတက်ကြီးမှာလည်း မြမြကို ချွန်နေလေရဲ့။ ဇာတိက ပုဂံကြက်စစ်စစ်ဖြစ်၏။ ကြက်အညာသားဟု ဆိုရပေမည်။

ဖိုးသော်တာ၏ ကြက်နှင့်ခွပ်မည့် ကြက်က မလှိုင်က ကြက်ဖြစ်၏။ ကြက်ရှင်မှာ သူ၏ ကြက်ကို သုံးလေးထောင် တန် မွေးပွသဘက်ကြီးအတွင်းထည့်၍ ပွေ့ပိုက်လာသည်။

ကြက်ခွပ်ကြေးမှာ သုံးသိန်းဟု သိလိုက်၏။ ကြေးကြီးသော ကြက်ဝိုင်းဖြစ်လေ၏။

ဖိုးသော်တာမှာလည်း သူ၏ကြက်ကို သိန်းဂဏန်းမရှိလျှင် မခွပ်စေခဲ့။ ယခု သူ၏ကြက်စင်းနှင့် တိုက်မည့် မလှိုင်ကြက်မှာ သူ၏ကြက်၊ ကြက်စင်းနှင့်လုံးတူ၊ ဒေါက်တူ၊ အတက်တူ၊ အမွေးတူ၊ မွေးတူ ဖြစ်၏။

ကြက်စကားဖြင့် ဆိုသော် ဆယ်ပြားစီလောက် ရှိမည်ထင်၏။ ကြက်၏ အရပ် ကိုတိုင်းလျှင် ခြေဖနောင့်ကနေ တောင်ပံရိုးက ဘုနီနီအထိ ဒင်္ဂါးပြားနှင့် တိုင်းကြခြင်း ဖြစ်၏။

ယခုတိုက်မည့် ဖိုးသော်တာ၏ ကြက်စွဲမှာ ကြက်ပိုင်ရှင် ဖိုးသော်တာ ကိုယ်တိုင် ကြက်စွဲ လုပ်မည်ဖြစ်ပြီး မလှိုင်ကြက်မှာ မလှိုင်သားကြီးကိုယ် တိုင်ကြက်စွဲလုပ်မည်ဖြစ်၏။

မလှိုင်ကြက်စွဲပုံသဏ္ဌာန်မှာလည်း အသက်က ငါးဆယ်ခန့်ရှိ၏။ အရပ်တာ ငါးပေခွဲခန့် ရှိနိုင်၏။ မျက်နှာကြောမှာ တင်းလွန်းလှ၏။ အသားအရေမှာ မြေလတ်သားပီပီ မည်း၏။ ပြုံးခြင်း၊ ရယ်ခြင်း မတွေ့ရချေ။ လူတစ်ယောက်ကို ကြည့်လျှင် မျက်မှောက်ကုတ်၍ကြည့်တတ်၏။

နှစ်ဖက်ကြက်သမားတို့မှာ ကြက်ပွဲ ဒိုင်အဖြစ် ဘဘိုးစိန်ကိုအပ်ကြ၏။ ကြက် ပွဲဒိုင်မှာ နှစ်ဖက်ကြက်သမားတို့၏ လောင်းကြေးငွေထဲမှ ငါးရာခိုင်နှုန်း ပေးရ၏။

ဤသည်ကိုလည်း နှစ်ဖက်ကြက် သမားတို့မှ ကျေကျေနပ်နပ်ပေးကြရ၏။ ဒိုင်၏ အဆုံးအဖြတ်ကိုလည်း ပြန်လှန် ဆင်ခြေတက်ခြင်း မရှိရ။

ဤတွင် ကြက်ပွဲ စတော့၏။

နှစ်ဖက်ကြက်ကိုင်တို့မှာ ကြက်နှစ် ကောင်ကိုလက်တွင်ပွေ့ကိုင်ထားကြ၏။ ကြက်ဒိုင်၊ ဘဘိုးစိန်ကြီး၏ လွှတ်ဟု [illegible]သည့် အသံစကြားသည်နှင့် နှစ်ဖက် ကြက်ကိုင်နှစ်ယောက်တို့မှာ ကြက်ဝိုင်း အတွင်းမျက်နှာချင်းဆိုင်ပစ်လွှတ်လိုက် ကြ၏။

ကြက်နှစ်ကောင်မှာ ပစ်၍ လွှတ်ချ လိုက်သည်နှင့် တန်း၍ပစ်တော့၏။ တန်း၍ ခုန်သည်နှင့် ဖုန်းခနဲ ဖောင်းခနဲ မြည်သံ ဆူညံသွားလေ၏။

ဤတွင် ပုဂံမြို့ တောင်ပရွာသား ဖိုးသော်တာ၏ ကြက်က ကြက်လျှော့ ကသလို ကခြေမပျက်ချေ။ အသာ အသာပင် ရှောင်၍ပြန်တည်၏။

အကယ်၍များမိတ္တီလာ၊ မလှိုင်သား ကြက်၏ပစ်ချက်ကိုတင်းခံခဲ့မည်ဆိုပါက မလှိုင်ကြက်၏ ပစ်ပုံနှင့် ဖြတ်ထွက်သွား [illegible]။

ဝိုင်းထဲတွင် ကြက်နှစ်ကောင်လည်း အမွေးတထောင်ထောင်၊ တစ်ကောင် [illegible]မှာ တစ်ကောင်စိုက်ကြည့်ရင်း ခွပ် ကွက်ချောင်းနေ၏။

မလှိုင်ကြက်ကြီးမှ ပုဂံကြက် တောင်ပရွာ အညာသားကြက်ကြီးကို စခွပ်၏။ ဖောင်းခနဲ မြည်သံစွဲ၏။ ဝိုးခနဲ အသံထွက်သလို တောင်ပရွာ အညာ သားကြက်ကြီးမှာ လိမ္မာပါးနပ်စွာ ကိုယ် နှင့် ခေါင်းကိုရှိ၍ ရှောင်လိုက်သလို ခြေ ပေါ်ကိုစိုက်၍ကျလာသော မလှိုင်ကြက် မှာလည်း မြေသို့အကျ ကိုယ်ကို ပြန် လှည့်ပြီး အသင့်ပြန်ဖြစ်၏။

ဤသို့ဖြင့် ကြက်နှစ်ကောင် ခွပ် ချက်၊ ခွပ်လမ်း၊ ခွပ်ပုံမှာ အမာနှင့်အပျော့ ကွဲလာ၏။

အချိန်မှာလည်း မိနစ်သုံးဆယ်ခန့် ကြာလာ၏။ မလှိုင်ကြက်ကြီး၏ ပစ်ချက် တို့မှာလည်း ပို၍ပြင်းလာပြီး ပို၍မောလာ ပုံပေါ်၏။

ပုဂံ၊ တောင်ပရွာ၊ ဖိုးသော်တာ ကြက်ကြီးကမူ မလှိုင်ကြက်ကြီး၏ ပစ် ချက်၊ ခွပ်ချက်တို့ကို မျက်စိနှစ်လုံး လျှင် လျှင်ထားကာ စူးစိုက်ကြည့်ရင်း အမော လုံ့နေပုံ ပေါ်၏။

ကြက်ပွဲထိုးသားတို့မှာ မလှိုင်ကြက် ကြီး၏ ခွပ်လမ်း၊ ခွပ်ပုံကို ကြည့်ကာ မလှိုင်ကြက်ဘက်မှ စတင်ကြေးခေါ်၏။

ထိုးသားတို့မှာ မလှိုင်ကြက်ဘက်မှ လက်ဖျားဆွဲ၏။ လူအများစုမှာ မလှိုင် ကြက်၏ ပြင်းထန်သော ခွပ်ချက်ထိတာ ပုဂံတောင်ပရွာ ဖိုးသော်တာ ကြက်မြတ်

www.burmeseclassic.com

သတ်ထွက်ပြီး ရှုံးနိမ့်သွားမည်ဟု ထင်မြင်တွက်ဆကြ၏။

ထို့ကြောင့် လည်း မလှိုင်ကြက်ဘက်မှ လက်ဖျားဆွဲသူများ၏။

ပုဂံကြက်ပိုင်ရှင် တောင်ပရွာသားကြီး ဖိုးသော်တာပင်လျှင် သူ့ကြက်၏ ခွပ်ချက်များကိုကြည့်၍ အားမရဖြစ်ကာ မလှိုင်ကြက်ဘက်မှ လက်ဖျားဆွဲထားရကောင်းနိုးနိုး စိတ်များဝင်နေ၏။

ကြက်ပွဲ၏ ခွပ်နေသည့် အချိန်မှာလည်း မိနစ်သုံးဆယ်နီးပါး ကုန်ဆုံးလာနေပြီ ဖြစ်၏။

မလှိုင်ကြက်ပိုင်ရှင်နှင့် မလှိုင်ကြက်တိုင်တို့မှာ ပြင်းထန်သော ရင်းတို့ကြက်၏ ခွပ်ချက်များကိုကြည့်ကာ မပြုံးတုံ့တုံ့၊ ပြုံးတုံ့တုံ့ ရှိနေကြ၏။

မလှိုင်ကြက်ရှင်နှင့် ကြက်ကိုင်တို့ တွေးထင်သကဲ့သို့ပင် မလှိုင်ကြက်ကြီး၏ ပစ်ချက်တစ်ချက် ထိထိမိမိ တောင်ပရွာ၊ အညာသားကြက်ကြီး ထိလိုက်လျှင် အညာသားကြက်ကြီး မြေသို့ပြားပြားဝပ်ညွတ်ကျသွားလိမ့်မည်ဟု လက်ဖျားဆွဲထားသူများလည်း တွေးထင်ကြကုန်၏။

ပုဂံသား၊ အညာသား ကြက်ကြီးတမူ သုံးရှိ သုံးလာ သုံးရေချပြီး ဖြစ်နေသော်လည်း ပြန်လှန်ခွပ်ချက် မဆင်သလို သူ၏ အပြောင်မြောက်ဆုံးသော ဘယ်ခြေတက်၊ ညာခြေခွပ်ချက်ကိုလည်း အသုံးပြုခြင်း မတွေ့ရလေ၍ ကြက်ပိုင်ရှင်ဖိုးသော်တာကြီး ကိုယ်တိုင်ပင် သူ့ကြက်ကြီးကိုကြည့်ကာ စိုးရိမ်စိတ် ဝင်နေ၏။

သို့သော်ကြက်ကိုင်လူကြီး ဘဘိုးစိန်မှာမူ သူ၏အညာဖျင်ကြမ်းအိတ်ကလေးအတွင်းမှ ကုတ်ကပ်ထားသော ငွေဖီးထောင်ကို နှိုက်ထုတ်၍ အညာသားကြက်ကြီးဘက်မှ လက်ဖျား ဆွဲလိုက်သည်ကို မည်သူမျှ မသိရှိကြချေ။

ထိုအချိန်မှာပင် ပုဂံတောင်ပရွာ အညာသားကြက်ကြီးသည် မိတ္ထီလာ မလှိုင်သားကြက်ကြီး၏ ပြင်းထန်သော ပစ်ချက်အပြီး မြေသို့ပြန်အကျ ကိုယ်ကိုဝပ်ချပြီး ခေါင်းကိုငုံ့စောင်းအရှောင်ပြုပြီးသည်နှင့်သူ၏မှုပိုင်ဘယ်ခြေခုန်အတက် ညာခြေအတက် စူးစူးကြီးဖြင့် မလှိုင်ကြက်ကြီး၏ ရင်ပုံကို တစ်ချက်ပြင်းပြင်းပစ်လိုက်သလို ပြင်းထန်သော ညာခြေထောက်ရှိ အတက်စူးစူးကြီးမှာလည်း မလှိုင်ကြက်ကြီး မျက်စိတစ်လုံးကို ဖောက်ထုတ်ပစ်လိုက်လေ၏။

မည်မျှ ပြင်းထန်သနည်းဟူမူ မျက်စိ ပေါက်ထွက်သံပင် ဖောက်ဟူသော အသံလေးပင်မြည်သွားလေ၏။

မလှိုင်ကြက်ကြီးမှာ ရင်အုံမှ သွေးချင်းထွက်လာသလို မျက်စိတစ်လုံးသည်းပေါက်ထွက်သွားပြီးကြက်ဝိုင်း အပြင်း ရှာရှာလည်ထွက်သွားသည်ကို ကြက်ပွဲလာ လူအပေါင်း မြင်တွေ့သွား[illegible] "ဟင်" "ဟိုက်" ဟူသော အသံပြုသူ[illegible]။ "ဟာ" ဟူသော အသံပြုသူတို့ [illegible]ကြကုန်၏။

မိတ္ထီလာ မလှိုင်ကြက်ရှင်တို့မှာ နဂို[illegible]ည်းပြာနေသော အသားအရေတို့ [illegible]ရင်းတို့ ကြက်ကြီး ကြက်ဝိုင်းတွင်း [illegible]သုံးပေါက် မျက်စိကန်းကာ သွေးများ [illegible] လူး၍ မှောက်ကျနေသည်ကို မြင်[illegible]သွားပြီး အသားအရေတို့မှာ ပို၍ [illegible]ညိုးနက်သွားကြလေတော့၏။

အနိုင်ကြက်ပိုင်ရှင်ပုဂံ၊တောင်ပရွာ[illegible]သား ဖိုးသော်တာမှာ စိတ်ကိုပင် မထိန်း[illegible]နိုင်တော့ပဲ ကြက်ကွင်းအတွင်းလူအများ[illegible]အတွင်း မရှက်မရွံ့ ခွာ ထ၍ ကွေးနေ[illegible]ဝင်ကပါလေတော့သည်။

ကြက်ဒိုင်လူကြီး ဘဘိုးစိန်မှာမူ [illegible]နှာ တစ်ခိုတွင် အပြုံးရိပ်တို့ ရှက်[illegible]သွားလေ၏။

ထိုနေ့က ပုဂံတောင်ပရွာ ကြက်ပွဲ[illegible]ည်နှစ်နာရီအတွင်း ပြီးဆုံးသွား၏။

❀

ကြက်ဝိုင်းပြီးသည်နှင့်ကြက်သမားတို့မှာ ဖိုးသော်တာ၏ ခြံဝိုင်းအတွင်းမှ အလျှိုအလျှိုသူ့အုပ်စုနှင့်သူ ပြန်၍သွားကြလေ၏။

တောင်ပရွာ ဖိုးသော်တာ၏ အိမ်ခြံဝိုင်းအတွင်း လူများ မရှိတော့၍ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ဖိုးသော်တာမှာ ကြက်နိုင်ငွေကို ဇနီးဖြစ်သူ မငွေစိန်အား အပ်၍ သူ၏ ကြက်ကြီးအား ချွဲများထုတ်ပေး၏။ ကြက်ချိုင်းကို ရေပေး၏။ တစ်ကိုယ်လုံးကိုသာသာယာယာလေးနှိပ်နယ်ပေး၏။ ပြီးသော်အထုံးဖော်စပ်ထားသောကြက်အားတိုးရည်ကို ကြက်ပါးစပ်အတွင်း လောင်းထည့်ပေး၏။

ထိုအချိန်မှာပင် အညာသားကြက်ကြီး၏ ဇနီးမယားနှစ်ယောက်ဖြစ်သော ကြက်မနှစ်ကောင်မှာ အညာသားကြက်ကြီးအနီးသို့ ရောက်လာပြီး မြည်သံပေးသည်ကို ကြားကာ အညာသား ကြက်ကြီးမှာ ဇနီးမယားနောက်သို့ လိုက်ပါသွားလေတော့သည်။

ဖိုးသော်တာမှာလည်း ဇနီးမယားကိုစွ ကြက်ကိုစွများကို တာဝန်ရှေ့ဆောင်ရွက်ပေးပြီးသည်နှင့်တောင်ပရွာ၊ ရွာလယ်ပိုင်းတွင်ရှိသော[illegible]မြို့အရက်





www.burmeseclassic.com

www.burmeseclassic.com

ဆိုင်သို့ ထွက်ခဲ့လေတော့၏။ ဖိုးသော်တာမှာ အရက်သမားစစ်စစ်ကြီး တစ်ယောက်မဟုတ်ချေ။ အလုပ်များပင်ပန်းသည့်အခါ စိတ်ရှုပ်ထွေးသည့်အခါများတွင် အရက်ကို ဆေးဖြစ်ဝါးဖြစ် မှီဝဲသူသာ ဖြစ်၏။

ဖိုးသော်တာအရက်ဆိုင်ကိုရောက်ချိန်တွင်တော့ မိတ္ထီလာ မလှိုင်မြို့မှ ကြက်ရုံးအုပ်စုမှာ အရက်များ မူးနေကြပြီ ဖြစ်၏။

ဖိုးသော်တာကိုမြင်တွေ့လိုက်သည့်အခိုက် ကြက်ရှုံးအုပ်စုမှာ ထူးထူးကဲကဲ ပြူးပြူးပြဲပြဲ လှည့်၍ကြည့်ကြကုန်၏။

မလှိုင်သားကြက်စွဲကြီး၏အကြည့်သည်က ပို၍ထူးကဲနေ၏။ ဖိုးသော်တာကိုကြည့်ရင်း ကွမ်းတပျစ်ပျစ်ဝါးရင်း ဖါးစပ်မှ ကွမ်းတံတွေးကို ထွီဟူသောအသံပြတ်ကြီးဖြင့် ထွေးထုတ်၏။

ဖိုးသော်တာမှာ ကိုယ့်ရွာ ကိုယ့်မြေ ကိုယ့်ဒေသသည်ဟု စိတ်မှတ်ထားကာ မလှိုင်သား ကြက်သမားအုပ်စုကို မကြည့်တော့ဘဲ စိန်မြစိုး အရက်ရောင်းသည့် ကောင်တာသို့သွားကာ အရက်ပြင်းတစ်လုံးဝယ်ရန် တာစူလိုက်စဉ်မှာပင်မလှိုင်သားအုပ်စုထံမှဖိုးသော်တာကို လှမ်း၍ ခေါ်သံကြားလိုက်ရချေတော့၏။

ဖိုးသော်တာ၏ လှမ်းလက်စ ခြေလှမ်းတို့ပင် တုံ့ခနဲ ရပ်သွား၏။

"လာပါဗျ - ခင်ဗျားနဲ့ တွေ့ချင်နေတာနဲ့ ခင်ဗျား ရောက်လာတာနဲ့ အချိန်ကိုက်ပဲဗျ"

အသံမှာမိတ္ထီလာမလှိုင်သားကြက်ပိုင်ရှင်၏ အသံမှန်း ဖိုးသော်တာ ခန့်မှန်းမိပြီး အနားယူချင်စိတ်ကို ခေတ္တမျိုသိပ်ကာ မလှိုင်သားကြက်သမားများအနီး သွားရောက်မိလေ၏။ ခြေရင်းမှာ မလှိုင်ကြက်ကြီး။

"ထိုင်ဗျာ"

"မထိုင်တော့ဘူးဗျာ - ကျွန်တော်လည်း ပင်ပန်းနေလို့ပါ"

ဖိုးသော်တာ၏ စကားအဆုံး မိတ္ထီလာ မလှိုင်သား ကြက်စွဲကြီးမှာ ဒုတိယအကြိမ် ထပ်မံပြီး ကွမ်းတံတွေးကို ထွီဟု ထပ်မံထွေးထုတ်၍ဖိုးသော်တာကို သူ၏ပုံစံအတိုင်း မျက်စိကို ခပ်မှေးမှေးဖြင့် မျက်မှောင်ကြုတ်၍ကြည့်ကာ ဘုကျကျ ပြော၏။

"ကျုပ် မကျေနပ်ဘူးဗျာ"

ဖိုးသော်တာမှာ မလှိုင်သားကြက်စွဲကြီး၏ စကားကို ကြားပြီး ကြောင်အမ်းအမ်း ဖြစ်၍သွား၏။

"ဗျာ - ဘာ - ဘာပြောတာလဲဗျာ"





ပုဂံတောင်ပျာ မြောက်ဘက်မှ ဒလက်ခွကြက်ကြီးသည် မလှိုင်ကြက်စွဲကြီးကို စူးစူးစိုက်စိုက်ကြည့်ရင်း ကြက်ကြီး၏ မျက်လုံးနှစ်လုံးတို့သည် နီရဲ၍လာ၏။ ရန်သူနှင့် ရင်ဆိုင်တွေ့၍ ပြင်းပြင်းထန်ထန် ခွပ်တော့မည့်သဏ္ဌာန် အားမာန်ယူလိုက်ပြီး မလှိုင်ကြက်ဆွဲကြီးအား ဒလက်ခွကြက်ကြီးသည် ပြေး၍ခွပ်လိုက်လေတော့၏ ...

"ကျုပ် ကြက်ရှုံးတာကို ပြောတာ"

"ကြက်သမားတွေပဲဗျာ။ ရှုံးတစ်ခါ နိုင်တစ်လှည့်ပေါ့"

ဖိုးသော်တာမှာ မလှိုင်သား ကြက်စွဲကြီး၏ မာမာကြောကြောစကားကိုလေ ပြေလေးထိုးကာ အေးအေးဆေးဆေးသာ ပြန်ပြောကြား၏။ မလှိုင်ကြက်ကြီးမှာ ခြေရင်းတွင်ငြိမ်ငြိမ်လဲကျနေလေသည်။

"ကျုပ်ကြက်က ကျောက်ပန်းတောင်းနဲ့မိတ္ထီလာ တစ်ကြော မိတ္ထီလာနဲ့ တပ်ကုန်းနယ်တစ်ကြော ဘယ်ကြက်ကိုမှ မရှုံးဖူးဘူးဗျ"

ဖိုးသော်တာမှာ မလှိုင်ကြက်စွဲကြီး၏မကျေမချမ်းမှုကို ပြုံး၍နေရင်း မလှိုင်ကြက်စွဲကြီး၏ အောက်ဖိုးသော်တာ၏ကြက်၊ ပုဂံသားအညာသားကြက်ကြီးမှာ ရင်ဘတ်တွင် အတက်စူးကာ မျက်စိပေါက်နေသော မလှိုင်ကြက်ကြီးမှာ မသေမရှင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အကြောဆွဲနေသည်ကို မြင်ယောင်နေမိလေသည်။

ဤသည်ကို မလှိုင်သားကြက်တိုင်ကြီးမှာ ကြက်ပွဲရုံး၍စိတ်တိုကာ မြင်တွေ့လိုက်ပြီး သူ၏ကြက်ကြီးကို ...

"ဟာ - ဒီကြက်က သေမှာမသေဘဲ လှုပ်နေပြန်ပါပြီ။ ကဲ - ဟာ"

မလှိုင်သားကြက်ကိုင်ကြီးမှာ မသေမရှင် တိုက်ကြက်ကြီးအား ခြေထောက်မှဆွဲ၍ စားပွဲစောင်းနှင့် ကိုင်ရိုက်ပစ်လိုက်လေ၏။ ပြီးသော် - ကြက်သေကြီးမှာ အကြောဆွဲကာ သေဆုံးသွားသည်ကို မြေပေါ်သို့ ဆောင့်ကာ ပစ်ချလိုက်လေတော့၏။

လူအားလုံးတို့မှာ ကြက်ကိုင်မလှိုင်သားကြီးအား ကြည့်၍ သက်ပြင်းကိုယ်စီ ချလိုက်ကြလေ၏။

"ခင်ဗျားကြက်ရောင်းမလားဗျ။ နှစ်သိန်းပေးမယ်"

မလှိုင်သား ကြက်အုပ်စုထဲမှ လူတစ်ယောက်မှာ ဖိုးသော်တာကို ကြည့်၍ မေးလေသည်။

"မရောင်းပါဘူးဗျာ။ ဒီကြက်က ကျွန်တော့်ကို ရွှေဥတွေ ဥပေးဦးမှာဗျ"

ဖိုးသော်တာ၏ စပ်ဖြဲဖြဲစကားကို ကြားလိုက်သော မလှိုင်သားကြက်ကိုင်ကြီးမှာ ...

"ခင်ဗျားလို ကြက်မျိုးတွေ ကျုပ်
မလှိုင်မှာ ပေါပါတယ်ဗျာ၊ သိပ် ဈေးတ
မနေစမ်းပါနဲ့"

မလှိုင်သား ကြက်ကိုင်ကြီး၏
ကိုကြားလိုက်သော ပုဂံတောင်ပရွာသ
ကြီး ဖိုးသော်တာမှာလည်း စိတ်တွင်
ဒေါသတို့ ကြွတက်လာ၏။

ဖိုးသော်တာ ဆို သည်မှာလည်
ဒေါသူတစ်ယောက် မဟုတ်ချေ။ ကြ
ဝိုင်းတို့တွင် မိုက်ဂုဏ်ပြခဲ့လေသူမို့
စွာစွာတစ်ယောက်ပင် ဖြစ်၏။

ဤနေ့၌ မလှိုင်သားတို့၏ စ
အရာတွင် ညွှန်၍ပြောသည်ကို ကြား
ရင်တွင်း၌ ဒေါသတို့ပင် လိပ်၍တက်
လေ၏။

တောင်ပရွာသား ဖိုးသော်တာ
ဆက်လက် စကားမပြောလို တော
မလှိုင်သားအုပ်စုရှေ့မှ ခွာထွက်
ဟန်ပြင်လိုက်စဉ်မှာပင် မလှိုင်ကြ
ကြီးမှ ဖိုးသော်တာကို ထွက်ခွာခွင့်
ဘဲ ရင်ဘတ်မှ အကျီကို လှမ်းဆွဲ
ခံလိုက်ရလေ၏။

တောင်ပရွာသား ဖိုးသော်တာ
ဒေါသတို့ အထွတ်အထိပ်ရောက်
၏။ တစ်ဆက်တည်း လူလူချင်း
ကြိတ်ခဲ့သည်မှာ ကြာနဲ့ပြီဖြစ်သော
သီးဖြင့် မလှိုင်ကြက်စွဲကြီး၏ မျက်

တန်းမတ်မတ်ကြီး ထိုးချလိုက်ပါ
သည်။

"ခွပ်"

လှိုင်ကြက်စွဲကြီးမှာ တောင်ပရွာ
ကြီး၏ပြင်းထန်သောလက်သီးချက်
င့် နောက်သို့ပင် လန်၍ကျ၏။

လူအများတို့မှာ အဖြစ်အပျက်တို့
လျှပ်ပြက်သကဲ့ဖြစ်ပွားပြီးဆုံးသွား
ဆင်လိုက်ကြသော်လည်း မဟုတ်ခဲ့

ပုဂံ တောင်ပရွာသားကြီး လက်
ကြောင့် နောက်ပြန်လဲကျသွား
မလှိုင်ကြက်စွဲကြီးမှာ ပါးစပ်မှ
ကျလာသော သွေးကို လက်ခုံဖြင့်
ကြည့်လိုက်ပြီး ချက်ချင်းမျက်နှာ
တွင် သွေးရောင်လွှမ်းသွားသကဲ့
တာ တစ်မုဟုတ်ချင်း ပြန်ထ၍
ထွက်လာကာ ဒေါကြောင်ကြည့်နေ
ပုဂံတောင်ပရွာသား ကြက်စွဲကြီး
တာထံအရောက် ဘယ်အချိန်
ဆွဲထုတ်လိုက်သည် မသိသော ဓား
ရှောင်းဖြင့် ပုဂံသား ကြက်စွဲကြီး၏
အတွင်းသို့ ထိုးစိုက်ချလိုက်
တော့၏။

"ခွပ်"

မှာ ပုဂံတောင်ပရွာသားကြီး၏

ရင်အုံကို ဖောက်ဝင်ပြီး ကျောပြင်သို့ပင် ထုတ်ချင်းပေါက် ဖောက်ဝင်သွားလေတော့သည်။

သွေးတို့မှာ ပန်း၍ပင် ထွက်၏။ တောင်ပရွာသားကြီး ဖိုးသော်တာမှာ မလှိုင်ကြက်စွဲကြီးအား နာကျင်မှုများကြားမှ တောက်ပြောင်ဝင်းလက်သည့် မျက်လုံးကြီးနှစ်လုံးဖြင့် စူးစူးရဲရဲကြည့်ရင်း လဲကျပြိုဆင်းသွား၏။

"ဝုန်း"

အားလုံးသောလူတို့မှာ အံ့ဩတုန်လှုပ်သွားကြ၏။ သို့သော်ပုဂံတောင်ပရွာသားကြီးကို ဓားဖြင့် ထိုးလိုက်သော မလှိုင်သားကြက်စွဲကြီးအနားသို့မူ လက်တွင်း ဆုပ်ကိုင်ထားသော သွေးစွန်းဓားအား ကြည့်ကာ မည်သူ့မျှ အနားသို့ မကပ်ဝံ့ကြချေ။ ထိုအချိန်မှာပင် တောင်ပရွာလူကြီး အိမ်သို့ ရောက်ရှိနေသော ပြည်သူ့ရဲအရာ ရှိနှင့် ရဲသားတို့မှာ သတင်းကြားသိပြီး မလှိုင်ကြက်စွဲကြီးအား လက်ရောက် လက်ထိတ်ခတ် ဖမ်းဆီးသွားလေတော့၏။

ဤအမှုဖြင့် မလှိုင်ကြက်စွဲကြီးမှာ ပြစ်မှုထင်ရှားသဖြင့် ထောင် (၁၀)နှစ် ကျသွားခဲ့လေ၏။

❀





www.burmeseclassic.com

www.burmeseclassic.com

ဤတစ်နှစ်အတွင်းမှာပင် မလှိုင်ကြက်သမားအုပ်စုမှာ ပုဂံတောင်ပရှာရှိ သေဆုံးသွားခဲ့ပြီဖြစ်သော ကြက်စွဲကြီး ဖိုးသော်တာ၏ ဇနီးမယားအိမ်သို့သွားကာ အညာသားကြက်ကြီးအား သွားရောက်ဝယ်ယူ၏။

သေဆုံးသူ ဖိုးသော်တာ၏ဇနီးဖြစ်သူမှာ လင်ယောကျ်ားမရှိတော့၍အညာသား ကြက်ကြီးအား တစ်သိန်းခွဲဖြင့် မလှိုင်ကြက်သမားအုပ်စုထံ မျက်ရည်များ ရစ်ဝဲ၍ မရောင်းချင်ရောင်းချင်ရောင်းထုတ်ပစ်လိုက်လေတော့၏။

အညာသားကြက်ကြီးအား မိတ္တီလာ မလှိုင်သားများလက်သို့ ရောင်းလိုက်သည့်ညတွင် ပုဂံတောင်ပရှာရှိ ကြက်စွဲကြီး ဖိုးသော်တာ၏ အိမ်ခြံဝင်းအနောက်ဘက်မှ ထူးခြားသော အသံနက်ကြောကြောကြီးအား ကြားလိုက်ရပြီး ကြောက်ရွံ့နေရလေ၏။

"ငါ - ကြက်ကြီး - ပြန်ပေး"

"ငါ့ - ကြက်ကြီး - ပြန်ပေး"

ဖိုးသော်တာ၏ ဇနီးဖြစ်သူမှာ ငါ့ကြက်ကြီး ပြန်ပေးဟူသော အသံနက်ကြီးအား ကြားကာ လွန်စွာကြောက်ရွံ့ထိတ်လန့်နေလေ၏။

သို့သော် - သူမ ရောင်းလိုက်သော အညာသားကြက်ကြီးအား ဘယ်သို့လိုက်၍ ခေါ်ရမည်ကို မသိနိုင်တော့၍ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လက်မှိုင်ချ ကာသာ နေရချေ၏။

တကျော့ဥပါဒါန်ဟူသည်စွဲရာသ ဖြစ်လေ၏။

ဖိုးသော်တာကြီးသည်မလှိုင်ကြက် စွဲကြီး၏ မားဖြင့် ထိုးသတ်ခံလိုက်ရ သေဆုံးခဲ့ရသူ ဖြစ်၏။

ဤတွင် ဗုဒ္ဓဘာသာတရားတော်မှ ဤသို့ပြ၏။

လောဘဖြင့်သေလျှင်ပြိတ္တာ၊အသု ရကာယ် ဖြစ်၏။

ဒေါသဖြင့် သေလျှင် ငရဲပြည်တွင် ဝင်ရောက်ဆပ်ရ၏။

မောဟဖြင့်သေလျှင် တိရစ္ဆာန်ဖြ ၏ဟု ဖွင့်ဆို၏။

ကြက်သမားကြီး ဖိုးသော်တာ လောဘဦးစီး၍ ဒေါသဖြင့် သေသူ ဖြစ်သည့်အတွက် သူ၏ လားရာ သည် ပဖာနည်းနှင့်မျှမကောင်းနိုင်

ဖိုးသော်တာအား မားဖြင့်ထိုးသ ခဲ့သူ မလှိုင်ကြက်စွဲကြီးမှာ ထောင်ဆ နှစ်ကျသွားခဲ့သော်လည်း ထောင်ရ ရက်၊ နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာ များဖြင့် ထောင်သက် ခုနစ်နှစ်ရေ ကျော်တွင်ပြန်လည်လွတ်မြောက်လာ လေ၏။

အရက်သမားသည် အရက်နှင့် ရှည်စွာ ခွဲခွာခဲ့ရသော် အရက်ကို စွာသော ရည်းစားနှင့် ခွဲခွာခဲ့ရသူ သို့ တန်းတန်းစွဲဖြစ်၏။

ဘိန်းသမားသည်လည်း ဘိန်းကို ထက်ထက် ဘိန်းကို ပိုချစ်လေ၏။

ထို့အတူပင် မလှိုင် ကြက်စွဲကြီးမှာ ောင်မှလွတ်လာသည်နှင့်မိသားစုနှင့် စ်ရက် တစ်မနက်သာ အတူနေ၍ ာက်တစ်နေ့မှာပင် ကြက်ပွဲများသို့ ာက်တော့၏။

ထိုနေ့ကကြက်ပွဲမှာပုဂံတောင်ပရှာ ြာက်ဘက်တွင်ရှိသော ဒလက်ခွရွာ င်ဖြစ်၏။

မလှိုင်ကြက်စွဲ ထောင်ထွက်ကြီးမှာ ည်းထောင်မှထွက်ပြီး ဒုတိယနေ့တွင် ် ဒလက်ခွရွာကြက်ပွဲသို့ ရောက်၍ ၏။

သူကိုယ်တိုင်ပင်ကြက်စွဲလုပ်၏။

တောင်ပရှာရှိ ဖိုးသော်တာ ခြံဝန်း ွင်း ကြက်ဒိုင်လူကြီး လုပ်ခဲ့သော ိုးစိန်ကြီးပင် ဒိုင်ခန့်၏။

တစ်ဖက်ကြက်မှာ ဒလက်ခွရွာမှ က်သမားကြီး ဖိုးအောင်တင့်၏ကြက် ၏၊ ဖိုးအောင် တင့် မှာ ငွေကြေး ယ်ဝသူမဟုတ်၍ ဒလက်ခွရွာ ကြက် ားများမှစု၍ မလှိုင်၏ လက်နှင့် ခွပ် ကြခြင်း ဖြစ်၏။

ဒလက်ခွကြက်ကြီးမှာ ဖောင်းဖြစ်၏။ အရပ်အမောင်းမှာ မလှိုင်ကြက်နှင့် လုံးတူ ဒေါက်တူဖြစ်၏။

ကြက်ပွဲမှာ နစ်ရီ နစ်လားခွပ်ပြီး၍ သုံးချီရှိခဲ့ပြီ ဖြစ်၏။

ဒလက်ခွကြက်ကြီးမှာမလှိုင်ကြက်ကြီးကို ဖိ၍ခွပ်နေရာ မလှိုင်ကြက်ကြီးမှာ အမောက်တွင် သွေးတို့ ချင်းချင်းနီနေ၏။

ကြေးမှာလည်း ဒလက်ခွကြက်ဘက်မှ လက်ဖျားလောင်းကြေးတွေများ နေလေ၏။

ဒလက်ခွကြက်ကြီး၏ခွပ်ချက်တွေက မလှိုင်ကြက်ဖြာကြီးကို နားစလှမ်းဆွဲပြီး ခွပ်ပစ်လိုက်တာ ပလောက်လို့တောင် အသံမြည်ထွက်သွားပြီး ဖြာကြီးသည် မျက်နှာနောက်ကိုပင် လှန်ထွက်သွား၏။

ဒီမှာတင် ဒလက်ခွကြက်ကြီးဘက်မှ လက်ဖျားလောင်းကြေးတွေ ခေါ်ကြ၊ လောင်းကြပြန်၏။

မလှိုင်ကြက်ဖြာကြီးမှာ ခေါင်းပင် ညွှတ်ကျနေလေပြီ ဖြစ်၏။

ထိုအချိန်မှာပင်ဒလက်ခွကြက်ကြီးမှာ အနိုင်ရ ကြက်ကြီးဖြစ်၍ ဂုဏ်ထောင်နေသော အမောက်ထောင်ထောင်ကြီး





www.burmeseclassic.com

www.burmeseclassic.com

မှာ ထောင်ထောင်ထောင်ထောင်ဖြစ်၍ နေ၏။

မလှိုင်ကြက်ဖြာကြီးမှာ ဒလက်ခွ ကြက်ကြီးအားစိုက်၍ကြည့်နေရင်းမှပင် နှုတ်သီးမှာ မြေမှာ ထောက်ပြီး ငြိမ်နေပြီ ဖြစ်၏။

ထိုအချိန်မှာပင်ဒလက်ခွကြက်ကြီး မှာ နောက်သို့ အသာဆုတ်၍ အားယူ လိုက်ပြီး ပွဲသိမ်းအဖြစ် ပြေးခွပ်ရန် ဟန် ပြင်လိုက်စဉ်မှာမလှိုင်ကြက်ကြီးမှာပဖော သို့ဖြစ်လေသနည်း မသိချေ။ ကရော့ - ကရော့နှင့်အော်ရင်း ဝိုင်းပြင်သို့ ထွက် ပြေးလေတော့၏။

ပုဂံတောင်ပရွာကြက်စွဲကြီး ဖိုး သော်တာကို ဓားဖြင့်ထိုးသတ်ခဲ့သော ထောင်ထွက်မလှိုင်သားကြီးမှာ သူ့ ကြက်မှ ကတော် ကတော်ဟုပင် ထွက် ပြေးသွားလေ၍ ငေးကြောင်ကြည့်နေ စဉ်...

ပုဂံတောင်ပရွာ မြောက်ဘက်မှ ဒလက်ခွကြက်ကြီးသည် မလှိုင်ကြက် စွဲကြီးကို စူးစူးစိုက်စိုက်ကြည့်ရင်းကြက် ကြီး၏ မျက်လုံးနှစ်လုံးတို့သည် နီရဲ၍ လာ၏။ ရန်သူနှင့် ရင်ဆိုင်တွေ့၍ ပြင်း ပြင်းထန်ထန် ခွပ်တော့မည့်သဏ္ဍာန် အားမာန်ယူလိုက်ပြီး မလှိုင်ကြက်ဆွဲ ကြီးအား ဒလက်ခွကြက်ကြီးသည် ပြေး ၍ခွပ်လိုက်လေတော့၏။

ဒလက်ခွကြက်ကြီး၏ ချွန်ထ သော ကြက်အတက်ကြီးနှစ်ချောင်း မှာ မလှိုင်ကြက်စွဲကြီး၏ မျက်လုံးနှစ် တို့အား ထိုးဖောက်၍ ခွပ်လိုက်ေ တော့၏။

ဒလက်ခွ ကြက်ကြီး၏ ခွပ်ချ ကြောင့် မလှိုင်ကြက်စွဲကြီး၏ မျက် နှစ်လုံးတို့မှာ ဖောက် - ဖောက်ဟု တိုးညင်းသည့်အသံလေး နှစ်သံထွ ပေါ်လာပြီး မလှိုင်ကြက်စွဲကြီး၏ အ သော ကြောက်မက်ဖွယ်အော်သံကြီး ဒလက်ခွရွာကြီးကြက်ဝိုင်းအတွင်းထွ ပေါ်လာပြီး ကြက်ပွဲလာ ကြက်သမာ မှာမြင်တွေ့သွားကြကာ ထိတ်လန့် ကြလေ၏။ သွေးတို့မှာလည်း မလှို ကြက်စွဲကြီး၏ မျက်နှာ၌ ရဲရဲတော သွားလေ၏။

ဒလက်ခွရွာ၊ တောင်ပရွာ၊ ထ တောရွာ၊ မုန်းချောင်းရွာ၊ သူရိန်တော စသည့် ရွာတို့မှ ကြက်သမားတို့မှာ ခါဖူးမျှ မမြင်ဘူး၊ မတွေ့ဘူးသလို ကြ တောင် မကြားဘူး၍ လွန်စွာလည် အံ့သြသွားကြလေ၏။

မလှိုင်ကြက်စွဲကြီးမှာ နီးပင် ဆေးခန်းသို့ ပြေး၍သွားပြသော်လည် ပေါက်ထွက်သွားသော မျက်လုံးကြီး

လုံးတို့မှာ ပေါင်းလောင်းကြီးသာ ဖြစ် သွားခဲ့ပြီး အကန်းကြီးဘဝ ဖြစ်သွားခဲ့ လေတော့၏။

❀

ဤသို့ မလှိုင်ကြက်စွဲလူမိုက်ကြီးနှင့် တောင်ပရွာကြက်သမားကြီး သေဆုံး သွားသည့် ဖိုးသော်တာတို့နှစ်ဦး အကြောင်းကို ထဲထဲဝင်ဝင် သိကြကုန် သော ကြက်သမားတို့မှာ ထူးပြီးမအံ့သြ ကြချေ။

ထိုနေ့က ဒလက်ခွတိုက်ကြက်ကြီး မှ မလှိုင်ကြက်စွဲကြီးအား ကြက်ဝိုင်း အတွင်း မျက်စိပေါက်ထွက်သွားအောင် ခွပ်ပစ်လိုက်သောသတင်းကိုကြားလိုက် ရသောလူအများတို့မှာ အံ့သြသွားကြ သလို...

ကြက်သမားကြီး ဖိုးသော်တာမှ သရဲဘဝဖြင့်ဒလက်ခွကြက်ကြီးအားဝင် ပူးကာရန်သူကြီးဖြစ်သည့်မလှိုင်ကြက်စွဲ ကြီးအား ပြန်လည်ကလဲ့စားချေလိုက် ခြင်းဖြစ်သည်ဟု ပြောကြကုန်၏။

မလှိုင်ကြက်စွဲကြီးမှာလည်းဒလက် ခွကြက်ကြီးခွပ်သည့်မျက်စိပေါက်ထွက် သည့် ဝေဒနာဖြင့်ပင် ခုနစ်ရက်ခန့်တွင် သေဆုံးခဲ့ရလေ၏။

ဤသို့ကြက်ကိုသရဲပူးနိုင်သည့်တိစ္ဆ နှင့်ပတ်သက်၍ ပုဂံလူကြီးသူမတို့သည် လွန်စွာမှ အံ့သြကြကုန်၏။

ခွေးတို့၊ နွားတို့၊ ကျွဲတို့ကိုအစိမ်းသရဲ တို့ပူးသည်ကိုကြားဖူးသည်ဟု ပြောကြ ကုန်၏။

ယခုဒလက်ခွကြက်ကြီးကိုပူးသည် မှာလည်း တောင်ပရွာကြက်စွဲကြီး ဖိုး သော်တာမှ ၎င်းကို ဓားဖြင့်ထိုးသတ် သည့် မလှိုင်ကြက်စွဲကြီးအား ပြန်လည် ကလဲ့စားချေရန် ဒလက်ခွကြက်ကြီး အား ဝင်၍ ပူးကပ်ပြီး မျက်စိနှစ်လုံး ပေါက်ထွက်အောင် ခွပ်ပစ်ကာ အသက် အသက်ချင်း သွေးကလဲ့စားချေလိုက် ခြင်းပင် ဖြစ်ပေတော့၏ဟု ဆိုကြကုန် ၏။

ဤအဖြစ်အပျက်သည်လွန်ခဲ့သည့် ၂၀၁၀ ခုနှစ်တွင် ပုဂံတောင်ပရွာနှင့် မုဝံ ဒလက်ခွရွာကြီးနှစ်ရွာတွင် ဖြစ်ပွားခဲ့ သောကြက်ခွပ်၍သေသောကြက်စွဲကြီး တစ်ဦးအကြောင်းပင် ဖြစ်ပါတော့ သည်။

နန္ဒဝင်းကျော်ခေါင် (ဧကြာလု မြည်)



www.burmeseclassic.com

www.burmeseclassic.com




# ဖုတ်ဝင်သူ

**ဂျီဂျီး**

ထန်းခြောက်ပင်ရွာသည် အိမ်ခြေ (၁၇၀)ကျော်ခန့်ရှိသော ရွာတစ်ရွာဖြစ်သည်၊ အများစုမှာ လယ်လုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ဘာသာတရား အလွန်ကိုင်းရှိုင်းကြသည်၊ ဦးဝင်းထိန်တို့ မိသားစုသည် ထိုရွာ၏ မျက်နှာဖုံး ဖြစ်သည်၊ ဦးဝင်းထိန်၏ အဘိုးလက်ထက် တတည်းကပိုင်ဆိုင်ခဲ့သော လယ်ယာများကို သားစဉ်မြေးဆက် ဆက်လက်လုပ်ကိုင်လာရာမှ သူ့လက်ထက်တွင် ပို၍ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်သည်၊ သူသည် စိတ်သဘောထားကောင်းမွန်ပြီး အလှူအတန်းများတွင်လည်း ရက်ရောသူတစ်ဦးဖြစ်သည်၊ မိခင်ဖြစ်သူ ဒေါ်ဖွားခင်၊ ဇနီးဖြစ်သူ ဒေါ်လုံးစိန်၊ သမီးဖြစ်သူ သဇင်နှင့် ညီမ၏မိသားစုတို့နှင့်အတူ ရွာ… မြောက်ပိုင်းတွင် နေထိုင်သည်၊

"အောက် - အီး - အီး - အွတ်"

ဒေါ်လုံးစိန် သည် ကြက်တွန်သံ… ကြားသောကြောင့် အိပ်နေရာမှ နိုးလာ… ကာ လူးလဲထ၍ ဆံပင်ကိုခွေပြီး ဆံညှပ်… ဖြင့်ညှပ်လိုက်သည်၊ ထို့နောက် အိပ်ခန်း… ထဲမှထွက်၍ သံယာတော်များကို ဆွမ်း… လောင်းဖို့အတွက် ချက်ပြုတ်ရန် မီးဖို… ချောင်ထဲသို့ ဝင်လာချိန်တွင် ယောက်… ဖြစ်သူမိနွယ်မှာ သူမထက် မီးဖိုချောင်ထဲ… သို့အရင်ရောက်နှင့်နေပြီး ထမင်းအိုး… တည်ပြီးနေပြီဖြစ်သည်၊

"မိနွယ် - ဘယ်အချိန်ကတည်းက ထလု… နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

သူမ၏ အသံကြောင့် မိနွယ်သည် ပါးခေါင်းများကို ခုတ်နေရာမှ သူမဘက် လှည့်၍ ...

"ဩော် - အစ်မတောင် နိုးလာပြီ လား၊ ညတုန်းကလေ အမေမေပေါ့၊ အဖျားတွေတက်ပြီး ကယောင်ကတမ်းတွေ ပြောနေလို့ တစ်ညလုံး အမေ့နားမှာပဲ နေ.နေတာ၊ နောက်မှအဖျားပြန်ကျသွားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာနဲ့ ညီမလည်း မအိပ်ဖြစ်တော့ဘဲ လာချက်ပြုတ်နေတာ၊ ပြီးရင် အမေ့အတွက် ဆန်ပြုတ်လေးလည်း ပြုတ်ရဦးမယ်လေ"

ဟု ရှင်းပြလေသည်၊

"မိနွယ်ရယ် - အမေ - အဖျားတွေ တက်နေတာကို ငါ့ကို လာနိုးရောပေါ့"

"အစ်မရယ် - အစ်မကမနက်ကြက် တွန်သံကြားတာနဲ့ ထပြီးရင် အိမ်အလုပ်တွေကို တောက်လျှောက်လုပ်နေရတော့ တစ်နေ့ တစ်နေ့ ညီမထက် ပိုပင်ပန်းတယ်လေ၊ ညီမကတော့ မနက်ခင်း အစ်မနဲ့ နည်းနည်းပါးပါးကူပြီး ချက်ပြုတ် - ပြီးရင်ကလေးတွေကိုကျောင်းပို့ကျောင်းကြိုပြဲ လုပ်ရတော့တာ၊ အဲတော့ ညကလည်းအစ်မကိုလာပြောမလို့အခန်းထဲကိုဝင်လာပေမယ့်အစ်မ အိပ်မောကျ နေတာကို တွေ့ရတော့ ညီမက ဘယ်နိုး ရက်ပါ့မလဲ"

"နောက်ဆို ငါ အိပ်မောကျ... လည်း ငါ့ကို နိုးပါအေ၊ ဒါနဲ့ ညည်းအစ်... ရော၊ သိလား ..."

"သိတယ် - ညတုန်းက အမေ့... သွားရင်နဲ့ အမေ့အခန်းထဲမှာ မီးလ... နေလို့ ဆိုပြီး ဝင်လာတာ၊ အစ်ကို... လည်း အမေ အဖျားပြန်ကျသွားတော့... သူ့အခန်းထဲ သူပြန်ပြီး သွားအိပ်တာ"

"အေး - အေး - ဘာပဲ ဖြစ်ဖြ... နောက်ဆို ငါ့ကို နိုးနော်"

"ဟုတ်ပါပြီ - အစ်မ မိလုံးရယ်"

သမီးယောက်မနှစ်ယောက် ... ပြောနေကြစဉ် မီးဖိုချောင်ထဲသို့ ဒေါ်လုံး... စိန်၏သမီး သဇင်သည် အိပ်ချင်မူး... ပုံစံဖြင့် ဝင်လာကာ ...

"မေမေ - သမီး ဘာကူလုပ်ပေး... မလဲ"

ဟု မေးလေသည်၊ မိခင်ဖြစ်သူ... ဒေါ်လုံးစိန်က ...

"ဘာမှ လုပ်စရာမရှိပါဘူး... မျက်နှာသစ် သွားတိုက်ပြီးရင် အိမ်ရှေ့... မှာ စာပဲ သွားဖတ်နေချေ"

ဟု ပြောသောကြောင့် သဇင်သည်... ပြန်ထွက်သွားသည်၊ ဒေါ်လုံးစိန်နှင့်... မိနွယ်လည်း ဟင်းများကို ဆက်လ...

...ပြုတ်ပြီးနောက် ဆွမ်းလောင်းရန် ...တွက် အိမ်ရှေ့စားပွဲပေါ်တွင် ထမင်း ...နှင့်ဟင်းပန်းကန်ကို တင်ထားလိုက် ... အုပ်ဆောင်းဖြင့် အုပ်ထားလိုက် ...သည်၊

"ဒူ - ဒူ - ဒူ"

ကြေးစည်သံကြားသောကြောင့် ...ဝင်းထိန်သည် စားပွဲပေါ်ရှိ ထမင်းအုပ် ...နှင့် ဟင်းပန်းကန်ကိုယူကာ အိမ်ပေါ်မှ ...င်းလာခဲ့သည်၊ ထို့နောက် သံဃာ ...တော်များ၏ သပိတ်ထဲသို့ ထမင်းနှင့် ...ဟင်းများကို လောင်းလှူ၍ ခြံထဲသို့ ပြန် ...ဝင်လာစဉ် အိမ်၌ မွေးထားသော ခွေး ...အောင်နက်သည်သူ့ဆီပြေးလာပြီး ...တောင်းနေသောကြောင့် ...

"မိလုံးရေ - မိလုံး - ဒီမှာအောင်နက် ...အတွက် ထမင်းနဲ့ဟင်းကိုနယ်ဖတ် ...လှူခဲ့ပါဦးကွာ"

တုအိမ်ပေါ်တွင်ရှိသောမိန်းမဖြစ်သူ ... လှမ်းပြောလိုက်လေသည်၊ ခဏ ...သောအခါ အိမ်အဝသို့ ဒေါ်လုံးစိန် ...လာပြီး အောင်နက်အတွက် ...နှင့်ဟင်းများ နယ်ဖတ်ထားသော ...ကို ဦးဝင်းထိန်အား လှမ်းပေးကာ ...ပေါ်တွင် တင်ထားသော ထမင်း ...နှင့်ဟင်းပန်းကန်ကို ယူသွားလေ သည်၊ ဦးဝင်းထိန်လည်း ထမင်းများကို အားရ ပါးရစားနေသော အောင်နက်ကို ကွပ်ပျစ်ပေါ်တွင် ထိုင်ကြည့်နေပြီး ဇလုံ အတွင်းမှထမင်းများကုန်သွားသောအခါ အိမ်ပေါ်သို့ ပြန်တက်လာခဲ့သည်၊ အိမ်ပေါ်သို့အရောက်တွင် ဇနီးဖြစ်သူ ဒေါ်လုံးစိန်သည် ဘုရားသောက်တော်ရေ တစ်နေပြီးနောက် သူ့ဘက်သို့ လှည့်၍ —

"အမေ့ကို ရွာတောင်ပိုင်းက ဆေးဆရာကြီး ဦးစောနဲ့ ပြကြည့်ရင် ကောင်းမလား - ကိုဝင်းထိန်"

"ငါလည်းအဲ့လိုစဉ်းစားထားတယ်၊ ဒီနေ့ပဲ ကောင်လေးတစ်ယောက်ကို သွားပင့်နိုင်းလိုက်မယ်၊ ငါတို့ အမေတော့ ကျန်းမာပါတယ်၊ နေမကောင်းဖြစ်လည်း ခဏပေါ့"

"ကျုပ်တော့ အမေ့ကို စိတ်ပူတယ်တော်၊ အမေက ကျန်းမာပြီး နေမကောင်းဖြစ်လည်း ခဏဆိုပေမယ့် အသက်တာ ကြီးနေပြီ"

"သိပ်လည်း စိတ်မပူပါနဲ့ မိလုံးရာ၊ ဟိုနေ့က ညဘက်ကြီး ရေသွားချိုးပြီး တော့ဖျားတာဆိုတော့ အအေးပတ်တာ ပဲ ဖြစ်မှာပေါ့၊ မနက်တုန်းကလည်း ဆန်ပြုတ်နဲ့ ဆေးတစ်ခွက် တိုက်ထားပါတယ်"





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တော့ ဟုတ်ပါတယ်ရှင်"

"ကဲ - ကဲ - အမေလည်း နေပြန်ကောင်းလာမှာပါ။ အခုတော့ ဒါရေသွားချိုးလိုက်ဦးမယ်"

❀

ယောကျ်ားဖြစ်သူဦးဝင်းထိန်သည် ရေမိုးချိုးပြီးနောက် မနက်စာ စားကာ မိနွယ်၏ ယောကျ်ားအောင်လင်းနှင့်အတူ လယ်ထဲသို့ ထွက်သွားသည်။ ကျောင်းချိန်နီးသောအခါ မိနွယ်တလည်း သူမ၏ သားနှစ်ယောက်နှင့်သဇင်ကို ကျောင်းပို့ရန် အိမ်မှ ထွက်သွားသည်၊ ထို့ကြောင့် အိမ်တွင် ဒေါ်လုံးစိန်နှင့် ယောက္ခမဖြစ်သူ ဒေါ်ဖွားခင်သာ ကျန်ရစ်ခဲ့သည်။ ဒေါ်လုံးစိန်သည် အိမ်၌ လူရှင်းချိန်တွင် အိမ်ပေါ်တွင် တံမြက်စည်းလှည်းကျင်းပြီးနောက် ရေမိုးချိုးသနပ်ခါးလိမ်းကာ မနက်ဖြန်ချက်ရန်အတွက် ဆန်များကို ဆန်ကောထဲတွင် ထည့်၍အိမ်ရှေ့လှေကားပေါ်တွင်ထိုင်ပြီး ရွေးနေသည်။ ထိုစဉ်...

"ဟီး - ဟီး - ဟီး - ဟီး"

အခန်းအတွင်းမှ ရယ်သံကြီးကြားရ၍ ဆန်ရွေးနေသော ဆန်ကာကို ဘေးသို့ ချကာ ဒေါ်ဖွားခင်၏ အိပ်ခန်းဆီသို့ လျှောက်လာခဲ့သည်။ သို့သော် ဒေါ်ဖွားခင်၏အိပ်ခန်းထဲသို့ဝင်ရန် ကန့်လန့်ကာကိုဖယ်လိုက်သောအချိန်တွင်မြင်လိုက်ရသော မြင်ကွင်းကြီးကြောင့် ဒေါ်လုံးစိန်မျက်လုံးပြူးသွားရပြီး ဒေါ်ဖွားခင်အနားသို့ဆက်မသွားရဲဘဲအခန်းဝတွင်ကြောင်အကာ ရပ်နေမိသည်။ နေမကောင်းဖြစ်နေသောဒေါ်ဖွားခင်မှာခုတင်ပေါ်တွင်ထထိုင်နေကာမျက်နှာကြီးကိုနောက်သို့လှန်ပြီး တစ်ခုခုကို ကျေနပ်အားရနေသော ပုံစံကြီးဖြင့် ရယ်မောနေခြင်း ဖြစ်သည်။

"အမေ - အမေ - ဘာဖြစ်နေတာလဲ"

သူမ အနောက်မှ အသံကြောင့် လှည့်ကြည့်လိုက်ရာ မျက်နှာတွင်အံ့ဩမှုများ အပြည့်ဖြင့် ဒေါ်ဖွားခင်အား လှမ်းမေးနေသော မိနွယ်ကို တွေ့လိုက်ရသည်။ ဒေါ်ဖွားခင်မှာမူမိနွယ်၏အမေးကိုကြားပုံပင်မပေါ်ဘဲ ဆံပင်ကြီးဖားလျားဖြင့် မျက်နှာကို ဘယ်ပြန်ညာပြန် ယမ်းပြီးရယ်မောနေသည်။ သူမတို့နှစ်ယောက်မှာလည်း ကြည့်နေရင်းမှ စိတ်ထဲတွင် မသိုးမသန့်ကြီးဖြစ်သလိုခံစားမိလာကာ ကြောက်စိတ်များ ဝင်လာကြသည်။ ထို့နောက် မိနွယ်သည် သူမ လက်မောင်းအား လှုပ်၍...

"အစ်မ - အမေ - ဘယ်လိုတွေဖြစ်တာလဲ"

ဟု အထစ်ထစ် အငေါ့ငေါ့ မေးနေသည်ကို ခေါင်းသာခါပြနိုင်၍ ဒေါ်ဖွားခင်ထူးခြားသောပုံစံကို ဆက်ကြည့်နေမိသည်။ ထို့နောက် ဒေါ်ဖွားခင်သည် ရယ်နေရာမှ ရုတ်တရက်ရပ်သွားကာ ခေါင်းငိုက်စိုက်ကျသွားသောကြောင့် သူမတို့ပြူးသွားလိုက်ကြပြီး...

"အမေ - အမေ - ဘာဖြစ်သွားတာလဲ"

ဟုဒေါ်ဖွားခင်၏အရှေ့တွင်ထိုင်ကာမေးလေသည်။ စောစောတုန်းကဒေါ်ဖွားခင်၏ ပုံစံကြောင့် နှစ်ယောက်စလုံး ကြောက်ကြောက်ဖြင့် မေးနေသော်လည်း ကြာသည်အထိ ဘာမှပြန်မပြောဘဲခေါင်းငိုက်စိုက်ကြီးကျပြီး ထိုင်နေသောကြောင့် စိတ်ပူလာကြသည်။

"အမေ - အမေ - အမေ"

ဘာမှပြန်မထူးတော့သောကြောင့် ဒေါ်လုံးစိန်သည် မိနွယ်အား...

"ဦးလေးလူမျိုးတို့ကို မြန်မြန်သွားခေါ်နွယ်"

ဟု ပြောလိုက်စဉ် ငိုက်စိုက်ကျနေသောခေါင်းကြီးသည်ပြန်ထောင်လာပြီး နီရဲနေသော မျက်လုံးများဖြင့် သူမတို့အားကြည့်၍...

"ဟား - ဟား - ဟား - ဟား"

ဟုရယ်မောကာ ခုတင်ပေါ်တွင်ပြန်လှဲ၍ အိပ်လိုက်လေသည်။ ဒေါ်လုံးစိန်နှင့်မိနွယ်မှာလည်းတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ကြောက်လန့်ကာ ဒေါ်ဖွားခင်၏အခန်းထဲမှပြန်ထွက်လာခဲ့သည်။

ညနေစာ ထမင်းစားပြီးသောအခါ ဦးဝင်းထိန်နှင့် အောင်လင်းအား ဒေါ်လုံးစိန်နှင့် မိနွယ်တို့က မနက်တုန်းက ဒေါ်ဖွားခင်၏ထူးခြားသောပုံစံကိုပြောပြလိုက်သည်၊ ဦးဝင်းထိန်သည် ရယ်မော၍...

"နေမကောင်းဖြစ်ရင် ဒီလိုပါပဲ၊ ကယောင်ကတမ်းတွေပြောပြီး အထူးအဆန်းတွေ လုပ်တတ်ကြတာပဲ၊ အမေက မကြာခင် နေကောင်းတော့မှာပါ၊ ဒီနေ့ပဲ ကောင်လေးတစ်ယောက်ကို ဆေးဆရာ သွားပင့်ခိုင်းထားတယ်၊ မနက်ဖြန်လောက်ဆိုဦးတေကြီးရောက်လာမှာပါ"

ဟု ပြောသောကြောင့် သူမတို့လည်း ဘာမှထပ်မပြောတော့ဘဲ နေ





www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြသည်။ ဦးဝင်းထိန်သည် အိမ်ရှေ့တွင်စကားပြော၍လက်ဖက်သုပ်စားပြီးနောက် အမေဖြစ်သူ ဒေါ်ဖွားခင်အား သွားနှိပ်ပေးမည်ဟုဆိုကာ အခန်းထဲသို့ ဝင်သွားသည်။ ထို့ကြောင့် ဒေါ်လုံးစိန်နှင့် မိနွယ်တို့ လင်မယားသာ ကျန်ခဲ့ပြီး အောင်လင်းက ...

"အစ်မနဲ့ မိနွယ်ပြောပုံဆို အမေ့ကို မကောင်းဆိုးဝါး ပူးနေတာများလား"

ဟု၍ သူ့အမြင်ကို ပြောလေသည်။ မိနွယ်ကလည်း ...

"ဟုတ်မယ်ထင်တယ်၊ ကိုယ့်အမေကို မပြောကောင်းပေမဲ့လည်း မနက်တုန်းက ပုံစံက အမေ မဟုတ်တာ သေချာတယ်၊ အစ်မလည်း တွေ့သားပဲ"

ဟု ဒေါ်လုံးစိန်ကို ပါ ပြောလေသည်။

"ဟုတ်တယ် - အစ်မလည်း တွေ့လိုက်ပါတယ်၊ အမေ့အသံ၊ အမေ့မျက်လုံးတွေက ပုံမှန်လုံးဝမဟုတ်ဘူး၊ ဒါနဲ့ မောင်အောင်လင်းက ဘယ်လိုလုပ်ပြီး မကောင်းဆိုးဝါး ပူးနေတယ်လို့ ပြောနိုင်တာလဲ"

"ကျွန်တော့် အမေ့ဘက်က ညီမဝမ်းကွဲတစ်ယောက်လည်း အဲ့လို ဖြစ်ဖူးတယ်လို့ လူကြီးတွေပြောတာ ကြား[illegible]လို့"

"ဪ - ဒါဆို အစ်မတို့ ဘယ်လို လုပ်သင့်သလဲ"

"ကျွန်တော်ကတော့ ကျွန်တော့် အမြင်ကို ပြောပြတာပါ၊ အရင်ဆုံးတော့ အမေ့ရဲ့ အခြေအနေကို ထပ်စောင့်ကြည့်ရမယ်"

ဒေါ်လုံးစိန်တို့စကားပြောပြီးနောက် အောင်လင်းသည် ဦးဝင်းထိန်နှင့်အတူ ယောက္ခမဖြစ်သူ၏ အခန်းထဲ၌ သွား[illegible]အိပ်သည်။ ဒေါ်လုံးစိန်နှင့်မိနွယ်ကတော့ ဒေါ်ဖွားခင်ကိုကြောက်၍ ကိုယ့်အခန်းထဲမှာပဲ ကလေးများနှင့် အိပ်ကြသည်။

နောက်နေ့များတွင် ဒေါ်လုံးစိန်နှင့် မိနွယ်တို့လင်မယားသည် ဒေါ်ဖွားခင်၏ အခြေအနေကိုပိုသတိထား၍အကဲခတ်ကြသည်။ ဒေါ်ဖွားခင်သည် အိပ်ရာ[illegible]တွင် လှဲနေသော်လည်း သူမ၏ မျက်[illegible]မှာခက်ထန်ကာ မျက်ထောက်ကြီးနီ[illegible]တတ်သည်။ တစ်ခါတစ်ရံ မျက်နှာ[illegible] သူမ၏ မျက်နှာပုံစံမဟုတ်တော့ဘဲ မကောင်းဆိုးဝါးတစ်ကောင်၏ မျက်နှာပုံစံကို မသိမသာ ပြောင်းပြောင်းသွားသည်။ ဒေါ်လုံးစိန်သည် ဤအကြောင်း[illegible]တွကို ယောက်ျားဖြစ်သူ ဦးဝင်းထိန်အား ပြန်ပြောပြသော်လည်း လုံးဝမယုံ[illegible]ရွာတောင်ပိုင်းကဆေးဆရာဦးစော[illegible]ကိုလည်း တခြားရွာမှ လာပင့်သွားသည်ဆိုသောကြောင့် ဒေါ်ဖွားခင်အား [illegible]အိမ်တွင် ဆေးမြီးတိုများဖြင့်သာ ကုသနေသည်။ ဒေါ်ဖွားခင်ကြီးကလည်းဦးဝင်းထိန်ပြန်ရောက်လျှင် နေမကောင်းသလိုသာ လှဲနေ၍ ငြိမ်သက်နေသည်။ ထို့ကြောင့် ဒေါ်လုံးစိန်နှင့် မိနွယ်တို့မှာ ဦးဝင်းထိန်အားဘယ်လိုပင်ရှင်းပြရှင်းပြ [illegible]ထင်ခြင်းဖြစ်သည်။

❀

ဒေါ်ဖွားခင် အစားမစားသည်မှာ [illegible]ဆို (၃) ရက်ရှိပြီ ဖြစ်သည်။ ထို့ကြောင့်ဦးဝင်းထိန်သည်ဒီနေ့ညနေတွင် [illegible]တောထဲမှ စောစောပြန်လာကာ [illegible]ဖြစ်သူ၏အနားတွင်နေပြီးနှိပ်နယ်[illegible]နေရင်း ဇနီးဖြစ်သူအား ...

"ဒီနေ့ နေ့ခင်းရော အမေ အစား[illegible]ား"

ဟုမေးလိုက်လေသည်။

"မစားဘူး - ကိုဝင်းထိန်၊ ကျွန်မ [illegible]ကြိုးစားပြီးကျွေးကြည့်ပါတယ်"

ဒေါ်လုံးစိန်သည် ယောက်ျားဖြစ်သူ၏ အမေးကို ပြန်ဖြေနေစဉ် ဒေါ်ဖွားခင်သည် ခုတင်ပေါ်တွင် လှဲနေရင်း ဒေါ်လုံးစိန်၏ လည်ပင်းတွင် ဆွဲထားသော ပရိတ်ကြိုးကို စူးစိုက်ကြည့်နေသည်။

"မစားလို့တော့ မဖြစ်တော့ဘူး - မိလုံး၊ ဆန်ပြုတ်လေး ပြုတ်လာခဲ့ပေး"

ဦးဝင်းထိန်၏စကားကြောင့်ဒေါ်လုံးစိန်သည် မီးမွှေး၍ ဆန်ပြုတ် ပြုတ်ရန် အခန်းထဲမှထွက်သွားသည်။ ဦးဝင်းထိန်သည်အမေ့အား ဆက်လက်နှိပ်ပေးနေရင်း ...

"အမေရယ် - အစားလေးတော့ နည်းနည်းဖြစ်ဖြစ် စားမှပေါ့၊ အခု မိလုံးကို ဆန်ပြုတ်ပြုတ်ခိုင်းထားတယ်၊ ပြီးရင် သားကိုယ်တိုင် ခွံ့ကျွေးမယ်နော်"

ဟုပြောနေသော်လည်း ဒေါ်ဖွားခင်သည်ဘာစကားမှမပြောဘဲငြိမ်သက်နေသည်။ ခဏအကြာတွင် ဒေါ်လုံးစိန်သည် အခန်းထဲသို့ဝင်လာပြီး ဆန်ပြုတ်ပန်းကန်အား ဦးဝင်းထိန်ဆီသို့ လှမ်းပေးလိုက်သည်။

"အမေ - ဒီမှာ ဆန်ပြုတ်နွေးနွေးလေး စားမယ်နော်"

ဦးဝင်းထိန်သည် ဆန်ပြုတ်ကို ဇွန်းဖြင့် ခပ်၍မှုတ်ပေးကာ အမေ့၏ပါးစပ်ထဲသို့ခွံ့ကျွေးလိုက်သည်။ သို့သော် ဒေါ်ဖွား





www.burmeseclassic.com

www.burmeseclassic.com

ခင်သည် ဆန်ပြုတ်ကို မမျိုချသော ကြောင့် ဦးဝင်းထိန်က ...

"အမေ - မျိုချလေ"

ဟုပြောပြီးမျိုချခိုင်းမှသာမျိုချလိုက် သော်လည်း နောက်ထပ်ဆက်ကျွေး၍ မရတော့သောကြောင့် လက်လျှော့ လိုက်ရလေသည်၊ ထို့နောက် အမေဖြစ် သူအား ဆေးတိုက်ရန် မိန်းမဖြစ်သူကို ရေတစ်ခွက် သွားခပ်ခိုင်းလိုက်ပြီး ဦးဝင်း ထိန်က ...

"အမေ - အစား မစားချင်လည်း ဆေးလေးတော့သောက်ရမယ်နော်" ဟု ချော့ပြောလိုက်သည်၊

ဒေါ်ဖွားခင်သည် သားဖြစ်သူ၏ စကားကို မျက်စိမှိတ်ထားလျက် ခေါင်း တစ်ချက် ညိတ်လိုက်သည်၊ ဒေါ်လုံးစိန် ရေခွက်ကိုကိုင်၍ အခန်းထဲသို့ ပြန်ဝင် လာသောအခါ ဦးဝင်းထိန်လည်း အမေ အားဆေးနှင့်ရေကိုတိုက်လိုက်သည်နှင့် မျက်ထောက်ကြီးနီလာကာ ပါးစပ်ထဲမှ ရေများကိုပြန်ထွေးထုတ်ရင်း ...

"ကောင်မ - ညည်းကများ လူပါးဝ လို့ငါ့ကိုသတ်ချင်တယ်ပေါ့လေ၊ဟား - ဟား - ဟား - ဟား - ဒီရေက ရေမန်းဆို တာ ငါမသိဘူးများ ထင်နေလား၊ ထွက် သွား - ချက်ချင်း - ငါ့အရှေ့ကနေ ထွက် သွား"

ဟု ဒေါ်လုံးစိန် အား ဆဲဆိုကြိမ်း မောင်းကာ အခန်းထဲမှ နှင်ထုတ်လိုက် လေသည်၊ ဦးဝင်းထိန်လည်း အမေဖြစ် သူ၏ စကားပြောပုံနှင့် အသံတို့ကြောင့် သူ့အမေ ခန္ဓာကိုယ်ထဲမှာ မကောင်းဆိုး ဝါးကောင် ပူးကပ်နေပြီဆိုတာကို ချက် ချင်း သတိပြုမိလိုက်လေသည်၊

နောက်နေ့ နေ့ခင်းတွင်မိနွယ်သည် အိမ်ရှေ့မှနေ၍ အိမ်နောက်ဖေးတွင် ပန်း ကန်ဆေးနေသော ယောင်းမဖြစ်သူ အား ...

"အစ်မရေ - ညီမ ကလေးတွေကို ကျောင်းသွားကြိုရင်နဲ့ ဈေးဝင်လိုက်ဦး မယ်၊ အစ်မ ဘာမှာလိုက်ဦးမလဲ"

ဟု လှမ်းအော်မေးသောကြောင့် —

"မမှာတော့ဘူး - မိနွယ်ရေ"

ဟု ပြန်ဖြေလိုက်သည်၊

"ဒါဆို ညီမသွားတော့မယ်နော်"

"အေး - အေး"

ဒေါ်လုံးစိန်သည် ပန်းကန်များဆေး ကြောပြီးနောက် အိမ်ရှေ့တွင်ထိုင်၍ နေသော အိမ်နေရင်းဝတ်သည့် အင်္ကျီ လက်မောင်းကို လက်ချုပ်ဖြင့် ပြန်ချုပ် နေသည်၊ ထိုစဉ် ...

"မိလုံးရေ - မိလုံး"



ခြံရှေ့မှ သူမ၏ နာမည်ကိုခေါ်သံကြား၍ အိမ်ပေါ်မှ ဆင်းလာခဲ့သည်၊

"ဪ - ဒေါ်ဝတုတ်ပါလား - အိမ်ပေါ် တက်ဦး လေ"

"မတက်တော့ပါဘူးအေ - ဒီမှာ ညည်း အိမ်မှာ ချက်စားဖို့ ဂေါ်ဖီထုပ်တွေ လာပေးတာ"

"အားနာစရာကြီး - ဒေါ်ဝတုတ် ရယ်၊ အိမ်မှာ လည်း ရှိတာကို"

"ဘာမှ အားနာမနေနဲ့၊ ဟိုဘက်ရွာ က ကျုပ် ညီမ ကျုပ်ဆီ အလည်လာတုန်း အများကြီးပါလာလို့ လာ ပေးတာ"

"ဘာပဲဖြစ်ဖြစ် - ကျေးဇူးတင်ပါတယ် ဒေါ်ဝတုတ် ရယ်"

ဒေါ်လုံးစိန်သည် ဒေါ်ဝတုတ်နှင့် စကားအနည်း ငယ် ပြောပြီးနောက် ဂေါ်ဖီထုပ်များကိုယူကာ အိမ်ပေါ်

"ဖြန်း" ဟူသော
လက်ဝါးရိုက်သံကြီးတစ်ချက်
ကျယ်လောင်စွာ မြည်သွားတာ
အောင်နက်မှာ အိမ်အောက်သို့
ပြုတ်ကျသွားလေသည်။
ထို့နောက် အောင်နက်မှာ
လဲကျသွားရာမှ ပြန်ထပြီး
အိမ်ပေါက်ဝကို ကြည့်၍
တစ်စုံတစ်ခုကို
ကြောက်လန့်သောပုံစံဖြစ်နေပြီး
ခြံထဲမှ
ပြေးထွက်သွားလေတော့သည်...





www.burmeseclassic.com

www.burmeseclassic.com

သို့ပြန်တက်လာခဲ့သည်။ ထိုအချိန်တွင် အနောက်ဘက်မီးဖိုချောင်ထဲမှဟင်းအိုးသံများ ကြားရသောကြောင့် ဂေါ်ဇီထုပ်များကို အိမ်ရှေ့စားပွဲပေါ်တွင် တင်ထားကာ မီးဖို ချောင်ဆီသို့ လျှောက်လာခဲ့သည်။

မီးဖိုချောင်ထဲတွင် မနက်ကတည်းက ဆေးပင်တိုက်လို့ မရတော့သော ဒေါ်ဖွားခင်သည်ဟင်းအိုးထဲတွင်ထမင်းနှင့်ဟင်းများကိုနယ်ဖတ်ကာ အားရပါးရစားနေသည်။ ဒေါ်လုံးစိန်သည်ယောက္ခမဖြစ်သူ၏အခြေအနေကို သိပြီးသားဖြစ်နေ၍ မီးဖိုချောင်ထဲသို့ ဝင်မသွားဘဲ အပြင်မှ အသာလေးချောင်းကြည့်နေသည်။ ထမင်းနှင့်ဟင်းများကို စားလို့ကုန်သွားသောအခါတွင် ဒေါ်ဖွားခင်သည် ဗိုက်ဝသေးပုံမရဘဲ တခြားဟင်းအိုးများကိုပါ လှန်လှောကာရှာနေသည်။

နောက်ဆုံး၌ ဘာမှရှာမတွေ့တော့သဖြင့် ဒေါသများထွက်ကာ လက်တွင်ပေကျံနေသော ထမင်းလုံးများကို လျှာဖြင့်လျက်စားပြီး ခြေသံပြင်းပြင်းနေ၍ ပြန်ထွက်လာသောကြောင့် ဘေးတွင်ရှိသော မိန္ဒယ်တို့မိသားစုနေသော အခန်းထဲသို့ သူမ ပြေးဝင်လိုက်သည်။ ဒေါ်ဖွားခင်သည် သူမအား သတိထားမိပုံမပေါ်။ အခန်းအရှေ့မှဖြတ်၍အိပ်ခန်းထဲသို့ပြန်ဝင်သွားသည်။ သူမလည်း အိမ်ထဲတွင် မကောင်းဆိုးဝါးပူးနေသော ဒေါ်ဖွားခင်နှင့် သူမ နှစ်ယောက်ထဲရှိနေသည်ကို တွေး၍ကြောက်လာကာအိမ်ပေါ်မှဆင်းလာပြီး ဘေးခြံတွင်နေသော ဦးဝင်းထိန်၏ဦးလေးဦးလှမျိုးထံသွား၍ဒေါ်ဖွားခင်၏ အခြေအနေကို ပြောပြလိုက်လေတော့သည်။

❀

ထို့ကြောင့် ဦးလှမျိုးသည်ညနေစာထမင်းစားပြီးနောက်သူ၏အိမ်သို့ဦးဝင်းထိန်တို့မိသားစုကိုလာခိုင်းပြီး ဒေါ်ဖွားခင်အကြောင်းကို ဆွေးနွေးကြသည်။

"ဝင်းထိန် – မင်းမိန်းမပြောပုံအရဆို မင်းအမေကို မကောင်းဆိုးဝါး ပူးနေတဲ့ပုံပဲ၊ မင်းရော ဘယ်လိုထင်လဲ"

"ကျွန်တော် လည်း အမေ့ကို မသက်သာဘူး ဦးလေး၊ မနေ့က မိလုံးယူလာတဲ့ ရေကိုတောင် ရေမန်းလို့ သူချက်ချင်းသိပြီး ပြန်ထွေးထုတ်ပစ်တယ်"

"မင်းတို့ – ခုဦးလေးပြောမှာကိုမင်းရော မိန္ဒယ်ရော သေချာနားထောင်၊ အခုမင်းတို့တွေ့နေတဲ့ မင်းတို့ အမေ ဒေါ်ဖွားခင်က မင်းတို့အမေ မဟုတ်တော့ဘူး၊ မကောင်းဆိုးဝါးတစ်ကောင်က မင်းတို့အမေ ခန္ဓာကိုယ်မှာ လာပြီးကပ်တွယ်ပြီး အသာက်နေတာပဲ"

"ဒါဆို ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ"

"လောလောဆယ် ဒီညတော့ အလေးတွေကို ငါ့အိမ်မှာ လာထားရင်အား၊ မင်းတို့လည်း သူ့အနားကို သိပ်ဆက်ပြန်နဲ့၊ မနက်ကျရင်တော့ မင်းနဲ့ ငါ ဆရာတော်ဆီမှာ သွားလျှောက်တင်ပြီး ဘယ်လိုလုပ်ရမလဲဆိုတာ မေးကြည့်ရမယ်"

ဦးလှမျိုး၏ စကားကို အားလုံး သဘောတူလိုက်ကြပြီး ထိုနေ့ညက ကလေးသုံးယောက်နဲ့ မိန္ဒယ်သည်ဦးလှမျိုး၏အိမ်မှာ သွားအိပ်ကြသည်။ ဦးဝင်းထိန်တို့ လင်မယားနှင့် ဒေါင်လင်းမှာတော့ ဒေါ်ဖွားခင်၏အခြေအနေကိုတစ်ညလုံး စောင့်ကြည့်ကာ မိုးလင်းခဲ့ရသည်။

❀

ဦးလှမျိုးနှင့် ဦးဝင်းထိန်တို့သည် ဘုန်းကြီးကျောင်းသို့ ရောက်သောအခါ ဆရာတော် အား အကြောင်းစုံ ကို လျှောက်တင်လေသည်။ ထို့နောက် ဆရာတော်သည် ဘုရားဆင်းတုတော်တစ်ဆူကို ဦးလှမျိုးအား ပေး၍ –

"ဒီဘုရားဆင်းတုတော်က သိမ်ဝင်ထားတဲ့ ဘုရားဆင်းတုတော်တစ်ဆူပဲ၊ ဒီဆင်းတုတော်ကို ဒကာမကြီး အိပ်တဲ့နေရာရဲ့အပေါ်မျက်နှာကြက်ထဲမှာထည့်ထားလိုက်ပါ၊ ဒကာမကြီးမှာ မကောင်းဆိုးဝါးပူးကပ်နေတာ မှန်တယ်ဆိုရင်တော့ ဖုတ်တစ္ဆေ ချက်ချင်းထွက်သွားမှာပဲ"

ဟု မိန့်လေသည်။ အိမ်ပြန်ရောက်သောအခါ ဦးဝင်းထိန်သည်မိန်းမဖြစ်သူနှင့် မိန္ဒယ်တို့ လင်မယားကို ဆရာတော်မှာကြားလိုက်သမျှကို ပြန်ရှင်းပြပြီးနောက် ဦးလှမျိုးနှင့် ဦးဝင်းထိန်သည် ဒေါ်ဖွားခင်အခန်းထဲသို့ ဝင်လာသည်။ ထို့နောက် မျက်နှာကြက်ထဲတွင် ဆရာတော် ပေးလိုက်သော ဘုရားဆင်းတုတော်ကို ထည့်လိုက်သည်နှင့် ဒေါ်ဖွားခင်သည် တုန်ယင်လာကာ မျက်လုံးကြီးပြူးလာပြီး မျက်ထောက်ကြီးနီကာ –

"အား – ပူတယ် – ပူတယ် – မြန်မြန်ထုတ်ပေး၊ ခုနက နင်တို့ မျက်နှာကြက်ထဲမှာ ထည့်လိုက်တဲ့ဟာကို မြန်မြန်ထုတ်ပေးစမ်း၊ အား – ပူတယ် – ငါ နေလို့ မရဘူး၊ ပူလိုက်တာ"





www.burmeseclassic.com

www.burmeseclassic.com

ဟု အော်ဟစ်ကာ အိပ်ရာပေါ်တွင် လူးလိမ့်နေသည်။ ဦးဝင်းထိန်တို့လည်း အိပ်ခန်းထဲမှပြန်ထွက်ကာ အခန်းအပြင်မှ အခြေအနေကို စောင့်ကြည့်နေကြသည်။

"ပူတယ် - ပူတယ် - ငါ နေလို့မရတော့ဘူး - အား"

ဒေါ်ဖွားခင်သည် အိပ်ရာပေါ်တွင် လူးလိမ့်နေရင်း မျက်နှာကို လက်သည်းများဖြင့် ကုတ်ခြစ်နေသည်။ တစ်ကိုယ်လုံးလည်း ချွေးများဖြင့် ရွှဲနစ်နေသည်။ အော်နေသောအသံမှာလည်းဒေါ်ဖွားခင်၏ အသံမဟုတ်တော့ဘဲ ပြောင်းလာသည်။

"ဟီး - ဟီး - ဟီး - ပူတယ် - အား"

နောက်ဆုံးတစ်ခေါက်တွင် ငိုသံကြီးဖြင့် ဗုဒ္ဓဝါးဝါးအော်လိုက်ပြီးနောက် ငြိမ်သက်သွားလေတော့သည်။ ဦးလှမျိုးသည် အခန်းအပြင်တွင် ရပ်နေရာမှ ဦးဝင်းထိန်တို့ဘက် လှည့်၍ ...

"မကောင်းဆိုးဝါးတော့ ထွက်သွားပြီ။ အစ်မအတွက်ပြင်ဆင်စရာရှိတာပြင်ဆင်ကြတော့"

ဟု ပြောပြီး ထွက်သွားလေသည်။ ဦးဝင်းထိန်နှင့်မိနွယ်မှာမူ အမေဖြစ်သူ၏ အသက်မဲ့နေသော ခန္ဓာကိုယ်အနားသို့ သွားကာ ငိုနေကြသည်။

ရက်လည်ပြီးနောက်ရက်တွင် [...] ရှေ့၌ ဒေါ်လုံးစိန်၊ မိနွယ်နှင့် ဦးလှမျိုး [...] လင်မယား စကားထိုင်ပြောနေစဉ် [...] တွင် မွေးထားသော ခွေးကြီးအောင်နက် [...] သည် အိမ်ရှေ့သို့ရောက်လာကာ အ[...] အရာပြောင်းသွားကာ မာန်ဖီပြီး မျက် [...] ထောက်နီကြီးဖြင့် အိမ်ထဲသို့ ကြည့်နေ [...] သည်။ မိနွယ်က ...

"ဟိုမှာ - အောင်နက် ဘာဖြစ်လာ [...] တာလဲ မသိဘူး"

ဟု ပြောသောကြောင့် ဒေါ်လုံးစိန် [...] နှင့်ဦးလှမျိုးတို့ လင်မယားသည် အိမ်ရှေ့ [...] သို့ လှမ်းကြည့်လိုက်ကြသည်။ အောင် [...] နက်မှာ မျက်ထောက်နီကြီးဖြင့် သူတို့ [...] စိုက်ကြည့်ကာ လေ့ကားပေါ်သို့ တစ် [...] လှမ်းချင်း လှမ်းတက်လာသည်။ ဒေါ်လုံး [...] စိန်သည် ကြောက်ကြောက်လန့်လန့် [...] ဖြင့် ...

"ဒီမှာ - ကိုဝင်းထိန်ရေ၊ အောင်နက် [...] ကြီး ဘာဖြစ်လာလဲ မသိဘူး၊ လာထွက် [...] ကြည့်ပါဦး၊ တစ်ခုခုပဲ"

ဟု အော်ခေါ်သောအသံကြောင့် ဦးဝင်းထိန်သည် ရေတွင်းထဲမှ ရေခပ် [...] နေရာမှ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ အိမ်ရှေ့သို့ရောက်သောအခါအောင်နက် [...]

[...] ကိုကြည့်၍ ပုံမှန်မဟုတ်တော့ဘူး [...] သောပေါက်ကာ ဒေါသများထွက် [...] လသည်။ အောင်နက်ကိုမကောင်း [...] ဝင်ရောက်ပူးကပ်သွားခြင်း ဖြစ် [...] ည်။ ထို့နောက် ဒေါသတွင် ချိတ်ထား [...] ကြိမ်လုံးကို ဆွဲဖြုတ်၍ ...

"တဲ - ဒီလောက် တောင် ငါတို့ [...] ရတို့ဒုက္ခပေးချင်တဲ့မကောင်းဆိုး [...] ကောင်၊ ဒီတစ်ခါ ငါနဲ့ တွေ့မယ်ဟေ့"

ဟု ကြိမ်းကာ အောင်နက်ဆီ တန်း [...] လေသည်။ အောင်နက်ကလည်း [...] ဝင်းထိန် ပြောစကားများကို မာန်ဖီပြီး [...] ကားပေါ် ဆက်တက်လာရာမှ အိမ် [...] ဝအရောက်တွင် ...

"ခြိန်း"

[...] ဟူသော လက်ဝါးသံကြီးတစ်ချက် [...] လောင်စွာ မြည်သွားကာ အောင် [...] မှာ အိမ်အောက်သို့ ပြုတ်ကျသွား [...] သည်။ ထို့နောက် အောင်နက်မှာ [...] သွားရာမှ ပြန်ထပြီး အိမ်ပေါ်က [...] ကြည့်၍တစ်စုံတစ်ခုကိုကြောက်လန့် [...] စုံဖြစ်နေကာ ခြံထဲမှ ပြေးထွက် [...] လတော့သည်။ ဦးဝင်းထိန်သည် [...] နက်နောက်သို့ ဆက်လိုက်မည် [...] တွင် ဦးလှမျိုး၏ ဖနီး ခေါ်ကြည် [...]

"ဒါ အောင်နက်နဲ့အတူ မကောင်းဆိုးဝါး ပါလာလို့ အိမ်စောင့်နတ်က ရိုက်ချတာဖြစ်လိမ့်မယ်၊ ဆက်မလိုက်သွားပါနဲ့တော့ ဝင်းထိန်ရယ်၊ ဘယ်ကို ပြေးသွားမှန်းလည်း မသိဘူး။ တော်ကြာ - မင်းကိုပါ အန္တရာယ်ထပ်ပေးနေဦးမယ်"

ဟု ပြောဆိုပြီးထားသောကြောင့် ဆက်မလိုက်ဖြစ်တော့ဘဲ အိမ်နောက်ဘက်သွား၍ ကိုယ့်အလုပ် ကိုယ် ဆက်လုပ်နေလိုက်သည်။

ညနေ (၄) နာရီကျော် လောက် အချိန်တွင် ရွာထဲမှ ဖိုးဖော် ရောက်လာပြီး ...

ဟု ခြံရှေ့တွင် လာအော်ခေါ်သောကြောင့် ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ ထပြီး အိမ်အောက်သို့ ဆင်းလာခဲ့သည်။

"ဝါ့တူရ - ဘာကိစ္စမို့ ဒီလောက် အလောတကြီး ခေါ်နေရတာတုံး"

"ဦးလေးတို့ - ဦးလေးတို့အိမ်က ခွေးလေးအောင်နက်လေ၊ သချိုင်းကုန်းမှာ သေနေတာကို ခုပဲ ကျွန်တော်တွေ့ခဲ့တယ်၊ ဘယ်သူ သတ်ထားတာလဲတော့ မသိဘူး။ ခွေးကျောကုန်းမှာ လက်ရာကြီးနဲ့"

"ဟေ - ဟုတ်လား"


www.burmeseclassic.com

"ဟုတ်တယ် - ကျွန်တော်လည်း တွေ့တွေ့ချင်း ဦးလေးတို့ဆီ လာပြောတာ"

ဦးဝင်းထိန်တို့မိသားစုသည် အံ့ဩစွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။ ထို့နောက် ဦးဝင်းထိန်သည် မိန်းမဖြစ်သူ ဒေါ်လုံးစိန်နှင့်မိုးဇော်ကိုခေါ်ဆောင်ရာ သချိုင်းကုန်းဆီသို့လိုက်လာခဲ့ကြသည်၊ သချိုင်းကုန်းသို့ အရောက်တွင် တောစိုးအပင်ကြီးတစ်ပင် အောက်တွင် အောင်နက် နေသည်ကို တွေ့ရပြီး ကျောဝေါ လည်း လက်ရာကြီးတစ်ခု ပေါ်နေ ကို တွေ့လိုက်ရသည်။ ဦးဝင်းထိန် မိုးဇော်သည်အောင်နက်ကိုထိုအပင် အောက်တွင်ပင်မြေမြှုပ်လိုက်ပြီး အောင်နက်အတွက် စိတ်မကောင်း နေသော မိန်းမဖြစ်သူ ဒေါ်လုံးစိန် နှစ်သိမ့်၍ အိမ်သို့ ပြန်လာခဲ့လေ သည်။

ဂမ္ဘီရ
လော
က
ဆေး
မြီး
တို့

မြွေပတုတ်ကိုက် - ကျွန်းသားမီးသွေးကို ကြိတ်၍သိပ်ပါ။
မြွေဟောက်ကိုက် - ငြူကြီး၊ စဉ့်မစံနစ်ပါးကိုအရက်၊ ရေနွေးရာနှင့် အမျှစီသွေး၍ သောက်ပါ။
ရေတော်ဝမ်းကျ - မန်ကျည်းဖျော်ရည်တိုက်ပါ။
ရှပ်ပျိုကိုယ်န - ကြိတ်မှန်ရွက်၊ နမ်းရွက်၊ ဆီးဖြူသီးခြောက်ဆတူစု၊ ယင်း(၃)ပါး၏ အလေးချိန် သကြားထည့်၍ ထောင်း၊ နေ့စဉ် မှီဝဲပါ။ အနာကင်း၍နပျိုလာမည်၊



www.burmeseclassic.com

# သစ်ပုပ်ပင်သရဲကြီးနှင့် တံငါသာမောင်

**မင်းတိုင်ပင် (မြရောင်မြေ)**

သစ်ပုပ်ပင်ကြီး။

ရခိုင်ရိုးမတောင်တန်းကြီးနှင့် ဘင်္ဂလားပင်လယ်အော်တို့ ကမ်းခြေနစ်ခုကြား တောမိရောင်း၏ ရောင်းစပ်တွင် ထီးထီးတည်းမားမားကြီး မြင့်မားသည့် သစ်ပုပ်ပင်ကြီး။

မကျီးစင်ရွာသည် အိမ်ခြေ (၅၀) ဝန်းကျင်ရှိ၍ တောင်ခြေနှင့်ပင်လယ်တို့၏ ကမ်းစပ်တစ်နေရာ ကွေ့ပိုက်စီးဆင်းနေသော တောမိရောင်း။ ထိုရွာတွင် အသက်မွေးမှုကား ငါးဖမ်းခြင်းနှင့် ထင်းခုတ်၊ ဝါးခုတ်၊ သားကောင်လိုက်သည့် မုဆိုးအလုပ်၊ အဓိက အသက်မွေးမှုက ငါးဖမ်းခြင်း၊ တံငါသည် အလုပ်ဖြစ်၍ ထိုရွာ၌ သာမောင်ဆိုသော တံငါသည်

တစ်ယောက်နေထိုင်၏။ သာမောင်သည်

မုဆိုးကြီး ဦးဘတူ အမေ ဒေါ်မြိုင်တို့

သာမောင်နှင့် ဘမောင်ဆိုသည့် သား

ယောက်ကို မွေးဖွားခဲ့၏။

လမ်းပန်းဆက်သွယ်ရေးမကော

သဖြင့် အစစအရာရာ အားလုံး နိမ့်ကျ

ရ၏၊ မုဆိုးကြီး ဦးဘတူသည် တော

တောင်ထဲနေရင်း ငှက်ဖျားမိ၍ ဆုံး

ရသည်၊ အမေ ဒေါ်မြိုင်က မျက်စိ

ဒုက္ခိတဆိုတော့ အိမ်မှာပဲနေ၏။ အ

ကပ်စောင့်ရှောက်နိုင်သူမှာ ဖခင်အ

ဆက်ခံသည့် ဘမောင်က တာဝန်

သာမောင်ကတော့ ပင်လယ်တင်

သစ်ပင်အောက် တဲထိုးပြီးပိုက်ချပိုက်ဆွဲ

ခြင်းသာ နေ့စဉ် နိစ္စဓူဝ လုပ်ကိုင်လေ့

ရှိသည်။

သာမောင်သည် စိတ်ကြမ်း၊ လူ

ကြမ်း၊ လူကြီးလူနိုင်ဖြစ်ပြီး သန်မာထွား

ကျိုင်းသူဖြစ်သည်၊ စိတ်မြန်ကိုယ်မြန်

သတ်ရဲဖြတ်ရဲသူ ဖြစ်၏။ ကြောက်စိတ်

ဆိုဘာတစ်ခုမှ မရှိ။ သူ့အဖော် ငှက်ကြီး

တောင် ဓားတစ်ချောင်း၊ ငါးဖမ်းကိရိယာ

များနှင့် သစ်လုံးထွင်းလှေတစ်စီးသာ

ရှိသည်၊ သာမောင်သည် ငါးရှာသည့်

အခါ ပင်လယ်ကမ်းစပ်နှင့် ချောင်းစပ်

တွင် ယာယီစခန်းချ တဲထိုးနေလေ့ ရှိ

သည်၊ အတည်တကျနေသည်ဟူ၍မရှိ။

ပင်လယ် သားတို့၏ အချိန် ဟု

ဆိုအပ်သောအရာသည် သာမောင်အဖို့

အရိုးတစ်လုံး ဆောင်ထားသည်၊ နေ၊

လ၊ တောင်၊ ထိုချိန်သုံးချိန်သည် ပင်

လယ်မုဆိုးတို့အဖို့ အထူးအရေးကြီး

သည်၊ ယခုချိန်ရမည့်နေရာ သုံးချက်ကို

သူသည်၊ အနောက်ရိုးမတောင်ကြီးရိုးနှင့်

ပင်လယ်တို့အကြား ကမ်းခြေတွင်

ငါးသားရလွယ်ကူသောနေရာကား

တွေ့ပြီ၊ ထိုနေရာတွင် တဲထိုးခဲ့၏၊ သူ့

တဲနောက်တွင် သစ်ပုပ်ပင်ကြီး၊ အရိပ်

ကျ်ငါးသားရလွယ်ကူသဖြင့်သာမောင်

စိတ်တိုင်းကျနေရာဖြစ်သည်၊ လူသူ

ကင်းဝေးသောနေရာမျိုးကိုကြိုက်သည်၊

သူ့အကျင့်က အရက်နှင့်ဖက်ကြမ်းဆေး

ပေါ့လိပ် မပြတ်သောက်နေရလျှင်

လောကနိဗ္ဗာန် ဖြစ်၏၊ သာမောင်

အသက် (၂၅) ဝန်းကျင်ဆိုတော့ ရွာထဲ

က ခင်ပြုံးက ကြိုက်သည်၊ ခင်ပြုံးမိဘ

တွေက ပစ္စည်းရှိ ပိုက်ထောင်သူကြီး ငါး

ဒိုင်ပါ ဖွင့်ထားသဖြင့် သာမောင်နှင့်

သဘောတူမှာမဟုတ်၊ သာမောင်က

ဆင်းရဲသားဘဝ၊ အမေတို့ ကိုးကွယ်

သည့်ဗုဒ္ဓဘာသာဖြစ်သော်လည်း သူက

လေးစားရမှန်း မသိပေ၊

ဒီညနေ သာမောင် ပင်လယ်ထဲ

ဆင်းရန်ပြင်နေသည်၊ ပုလင်းထဲမှ ချက်

အရက်ကို မော့ချလိုက်သည်၊ ရေချိန်

ကိုက်ပြီဖြစ်လို့ သစ်လုံးထွင်းလှေကို

သောင်ပေါ်မှ တွန်းချနေသည်၊ ရေကျ

နေသဖြင့် လှေက ရွှေ့တောင်မရွှေ့၊ ထို့ -

တောက် - ငါ - တောက် - ငါ - ငါ - နှင့်

ပါးစပ်ကကြိမ်းဝါးဆဲဆိုနေ၏၊ လှေသည်

မတွန်းရဘဲ ရိပ်ရိပ်ပါအောင် ပင်လယ်ထဲ

ဆင်းသွား၏။

“ဟေ့ - ဟေ့ - ဘယ်လိုကနေဆင်း

သွားတာလဲ၊ ဟား - ဟား - ဟား - ငါ့ကို

ဒီလို တွန်းပေးတဲ့ လူရှိရင် ကောင်းမှာ၊

www.burmeseclassic.com

www.burmeseclassic.com

ဟား - ဟား - ဟား - ဟား။ လှိုင်းတွေက တစ်နေရာတည်း ကြီးလို့ ပါလား။ မနောက်ပါနဲ့ကွာ။ မင်းတို့က သာမောင်ကို ဘာထင်လို့လဲ၊ သာမောင်ကတော့ ဘယ်သူ့ကိုမှ မကြောက်ဘူး။ ကူညီရင် ကျေးဇူးတင်တယ်။ ဟား - ဟား - ဟား - အေး - မင်းတို့ မှတ်ထားရမှာက နာနာ ဘာဝပဲဖြစ်ဖြစ်၊ ပင်လယ်ရေသရဲဖြစ်ဖြစ် သာမောင်ကို ကူညီရင် သာမောင် စား သမျှသောက်သမျှကျွေးမယ်ကွ။ ကဲ - ငါ ပြောတာကြားလား။ ကြားတယ်ဆိုရင် ငါးပိုက်ချမယ်၊ ငါးများများရအောင် လုပ်ပေး၊ ဒါပဲ ..."

သာမောင် ပိုက်ချပြီး ဘောသီးများ ကိုကြည့်လိုက်မိ၏။ ဘောသီးတစ်လုံးပြီး တစ်လုံး အငြိမ်မနေ၊ ပိုက်ကို ငါးတိုးနေ ပြီဟု သိလိုက်ရသည်။ ရင်ထဲမှာ ဖော်မပြ နိုင်ဘဲ ပီတိနှင့် ပိုက်ကို ဆွဲကြည့်လိုက် မိ၏။

"ဟား - ဟား - ငါးတွေ - ငါးတွေ နည်းတာ မဟုတ်ဘူး။ ဟား - ဟား - ဟား - ဟား - ဟား"

ဒီနေ့ မကြုံစဖူး ထူးတဲ့ငါးရခြင်းပဲ၊ တစ်ခါမှ လှေဝမ်းမပြည့်ဘူးခဲ့၊ ဒါပေမဲ့ ယခု ငါးက အံ့ဩစရာရတော့ သာမော အားရဝမ်းသာနှင့်ပုလင်းထဲမှလက်ကျ ကိုမော့ကာ သီချင်းတောင် အော် လိုက်တော့၏။

"ကိုတံငါ - လှေယာဉ်စီးပါလို့ ပို ကြီးကိုရေရှုလာ၊ တယ်နဲ့တူနောင်တ ပြောင်"

သာမောင်လှေငါးအပြည့်နှင့် တ စပ်ကပ်ခဲ့၏။ သူ့တဲပေါ်သို့ လှမ်းကြည့် လိုက်စဉ် သူ့မျက်လုံးကို ပွတ်ကြည့်မိ သူမြင်သောအရာသည်အမွှေးရည် မည်းမည်းအကောင်ကြီး တစ်ကော သာမောင် ဒေါသ ထွက်သွားသည် ပါလာသော ငှက်ကြီးတောင်ဓားကိုကျ ကျစ်ပါအောင် ကိုင်ပြီးနောက် ...

"ဟေ့ - ငါ့တဲပေါ် တက်တဲ့ကောင် ရာရာစစ သေပြီတော့"

"ဖုန်း - ဒုန်း - ရှိုး - ရှိုး"

"မင်းက ဘာကောင်လဲ၊ ငါ့တဲ ပိုင်စိုးပိုင်နင်း ဘာကောင်မှ ဂရုမစိုက် ဘူးကွ။ သာမောင်တဲ့ - မှတ်ထား"

"လာလေ - မင်းသတ္တိရှိရင်ထွက် ထွက်ခဲ့ကွ - ဟား - ဟား - ဟား - ဟား - ဟား"



"ထွက်ခဲ့ - သရဲလား၊ တစ္ဆေလား၊ ...လား၊ ကွင်းပိုင်လား၊ တောပိုင်လား၊ ...တ လမိုင်းကောင်လား၊ ပင်လယ် ...ရဲလား၊ ဘာကောင်ဖြစ်ဖြစ် ဂရုမစိုက် ...မှတ်ထား"

သာမောင် အေးခနဲ စံစားလိုက် ...သစ်ပုပ်ပင်ကြီးက တဟည်းဟည်း ...ည်လာသည်၊ အကိုင်းကြီးများ ကိုင်း ...လာ၏၊ သူ၏ တဲသည်လည်း ငလျင် ...သည့်ပမာ ယိမ်းယိုင်၍ တသဲသဲ ...ည်းလာသည်၊ သူ့တဲပေါ်မှာပင် မတ် ...တ်ရပ်၍မရ၊ ဓားကိုကိုင်ကာ မွေ့ရာတ် ...တော့သည်၊

"သာမောင်တဲ့ ကွ - မှတ်ထား - ..."

သာမောင်နှင့် ဘာကောင်မှန်းမသိ ...ကောင်ကြီးတို့ တိုက်ပွဲဆင်မားသိုင်း ...မ်းပြနေကြသည်၊ မောမောနှင့် လှေ ...ငါးကိုပင်မကြည့်နိုင်၊ တဲရှေ့သဲပြင် ...တွင် ခြေပစ်လက်ပစ် အိပ်ချလိုက်ပါ ...တော့သည်၊ မှောင်အတိကျသွားသော ...တစ်ခုအတွင်းသို့ ရောက်ရှိသွား ...တော့သည်၊ လူလိုလို၊ မျောက်လိုလို ...ကြီးတစ်ကောင် နားရွက်ကြီးက ...ဆွတ်ဆွတ် ...

"ဟား - ဟား - ဟား - မင်းကတော် တော်သတ္တိကောင်းတဲ့ ကောင်လေးပဲ၊ ငါ့ကိုတောင် ခုတ်ရဲတယ်"

"ခင်ဗျားက ဘာကောင်လဲ၊ သတ္တိ ရှိရင် စိန်လိုက်"

"မင်း သတ္တိကို ငါ ချီးကျူးတယ်၊ ငါက ဟောဒီသစ်ပုပ်ပင်ကြီးမှာနေတဲ့ သရဲကြီး"

"ဘာသရဲဖြစ်ဖြစ် မကြောက်ဘူး၊ ခင်ဗျား ကျုပ်ကို မနှောင့်ယှက်နဲ့၊ နှောင့် ယှက်ရင် ဟောဒီဓားနဲ့ ခုတ်သတ်မယ်"

"ဟာ - ငါက သေပြီးပြီ၊ မင်းက အသက်ရှိတဲ့လူ၊ မင်း ငါနဲ့ မိတ်ဆွေ ဖြစ် ချင်လား၊ ကောင်လေး"

"ခင်ဗျားကရော"

"ငါက ဒီအနားမှာရှိတဲ့ နာနာဘာဝ ကောင်တွေဟာ ငါ့တပည့်တွေပဲ မင်းနဲ့ ကျမှ ငါ မိတ်ဆွေဖြစ်ချင်တာ၊ မင်းကို ငါတို့ ကူညီမယ်"

"ဒါဆို ခင်ဗျားနဲ့ ကျုပ် မိတ်ဆွေဖြစ် ပြီပေါ့၊ ကျုပ်ကို ငါးရအောင် လုပ်ပေး၊ ခင်ဗျားတို့ကို ကျုပ် ကျွေးမယ်၊ အရက် လည်း တိုက်မယ်၊ ကြက်သားလည်း ချက်ကျွေးမယ်၊ ဘယ့်နှယ်လဲ ..."

"ကြိုက်ပြီကွ - ငါ့မိတ်ဆွေရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဟောဒီ
သစ်ပုပ်ပင်ကြီးမှာနေတဲ့
နားရွက်ဖြူကြီးရေ
မင်းကို ငါ ကျွေးပါတယ်၊
လာပါ–စားပါ–
ငါ့မိတ်ဆွေကြီးရေ–စားပါ။
ဟီး–ဟီး–ဟီး–
ဟား–ဟား–ဟား။
သာမောင်–သာမောင်–
မင်း–မင်းနဲ့ငါ
မိတ်ဆွေကွ။
ဟား–ဟား၊
မင်းက ငါ့ကို
အသံသာပေးတာပဲ
ကိုယ်ရောင်ပြပါလား ...



"ဒါဆို ခင်ဗျားနာမည်က"

"သစ်ပုပ်ပင်နားရွက်ဖြူသရဲကြီးတဲ့ဟား–ဟား–ဟား–ဟား–ဟား"

"အမလေး–အေးလိုက်တာ၊ ငါ–ငါ–အိပ်ငေ မက်နေတာပဲ"

သာမောင် အိပ်ရာမှထပြီး ငါးများကို အိတ်ထဲ ထည့်၊ ရွာထဲသို့ ထမ်းပိုးရမည်၊ ငါးက များလွန်းတော့ အိတ်နှစ်အိတ်ထည့်၊ ထမ်းပိုးနှင့် ထမ်းရမည်၊ ငါးထ ကို ထမ်းကြည့်တော့ အတော်လေးနေသဖြင့် မထ နိုင်၊ လက်မှိုင်ချနေမိ၏၊ သတိတစ်ချက်ရတော့ နားရွ ဖြူကြီး ကို မြင်လိုက်မိ၏၊ အကြံရပြီ။

"နားရွက်ဖြူကြီးရေ–ကူညီပါဦး"

"ဟား–ဟား–ဟား–ဟီး–ဟီး–ဟီး"

"ရပြီ–ရပြီ–ငါ့ကိုကူမပါကွ၊ အေး–ဟုတ်ပြီ ထမ်း–ထမ်းခဲ့"

"နားရွက်ဖြူကြီးရေ–မင်းကို ငါ ရောင်းလို့ရတော့မှ မင်းကို ငါ ကျွေး

"ဟား–ဟား–ဟီး–ဟီး–ဟီး"

"ဟုတ်ပြီ–လာ–ငါနဲ့ လိုက်ခဲ့"

သာမောင် အကြံအောင်ပြီ၊ သူ့ ခိုင်း နားရွက်ဖြူကြီးက လုပ်ပေးသည်၊ အတိအတိုင်း ပြန်လာရင် ဝယ်ကျွေး တော့မည်၊ သာမောင်၏ ငါးအိတ် သူ ရဘဲနှင့်ရွာထိပ်ရောက်လာသည်၊ င်းတော့မည်၊ အရက်တက် ချိန် တွင် ငါးရောင်းသူတွေ ရောက်နေ

"တာ–သာမောင်–အစောကြီးပါ တွ၊ ငါးတွေကလည်း အားကြီးပဲ"

"ဟုတ်တယ်–ကိုဖြူရေ၊ ငါးရချက် တော့ လွန်တာပဲဗျ၊ ဟား–ဟား––တား"

"သာမောင်–မင်း ငါးကို ချိန်မယ်

"တာ–အချိန် (၁၂၀) ပိဿာဟုတ် ပါတယ်နော်၊ မင်း ဘယ်လို ထမ်း

"ဒီလိုပဲ ထမ်းတာပေါ့ဗျာ ခင်ဗျား တို့ကလဲ"

"ဟုတ်ပါပြီ–ကဲ–ငွေရှင်းပေးလိုက် တော့ဟေ့"

သာမောင် ငါးဖိုးရတော့ အမေ့အိမ် အပြေးလာခဲ့သည်၊ အမေ့အတွက် စား စရာများ ဝယ်ဖို့ ငွေ၊ ညီလေး ဘမောင် အတွက် ကျန်တာက အရက်တစ်လုံး ကြက်တစ်ကောင်၊ ဆေးလိပ်ဝယ်မည်၊ ထုံးစံအတိုင်း တစ်ဝကြီး သောက်မည်၊ အိပ်ရေးဝဝ အိပ်လိုက်ရင်း လောက စည်းစိမ်ကြီး ခံစားလိုက်မည်၊

"အမေ–အမေ့ရေ သား ပြန်လာပြီ ဗျာ၊ နေကောင်းတယ် မဟုတ်လား"

"လူလေး–သာမောင်၊ သာမောင်–အမေ–ဒီမှာပါကွယ်"

"ဘမောင်–မင်းတောတက်တာ သားကောင် ရရဲ့လားကွ"

"အစ်ကို ရေ–သုံးရက် –တော ခြောက်တာများလို့ မရဘူး"

"ကဲ–တောမတက်တော့နဲ့၊ ငါ ရှာ ကျွေးတော့မယ်၊ မင်းအမေ့ကို စောင့် ရှောက်၊ အစ်ကိုကြီး တာဝန်ယူ ရှာတော့ မယ်"

"ဟုတ်ကဲ့–အစ်ကိုစိတ်ချပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com

သာမောင်သတင်းက တစ်ရွာလုံး ပြန့်သွား၏။ မလိုမုန်းထား ဖြစ်သူက ဒေါ်အာဖြူ၊ သူ့သားနဲ့ သာမောင် စကားများ ရန်ဖြစ်ဖူးသည်၊ အကြောင်းကား ခင်ပွန်းအတွက်နှင့်ပင် ဖြစ်၏။ ဒေါ်အာဖြူ သား ဘဒင်နှင့် သာမောင်တို့ အပြိုင် ကြဲ ခဲ့ရ၏။ ဒေါ်အာဖြူက စုန်းကဝေမကြီးဟု အားလုံးက ကြောက်ကြရသည်၊ သာ မောင်ကတော့ လုံးဝဂရုမစိုက်၊ ဒေါ်အာဖြူ က အသေသတ်မည်ဟု ကြိမ်းဝါးဖူး၏၊ သာမောင်ကလည်း သတ်ရဲရင် သေရဲ တယ်လို့တောင် ကြေညာထားသည်၊ ဒေါ်မြိုင် မျက်စိကန်းတာ ဒေါ်ဖြူအာရဲ့ လက်ချက်ဟု ထင်ကြသည်၊ သာမောင် ကလည်း ဟောဒီစား လူမရွေးဘူးလို့ ကြိမ်းထားသည်၊ ဒီရွာမှာတော့ ဒေါ်အာဖြူ ညြဏအပြောင်းဆုံး၊ သူ နိုင်းသမျှ လုပ် ပေးကြရသည်၊

သစ်ပုပ်ပင်ကြီးရှေ့မီးမွှေး၊ ကြက် သားပြုတ်အိုးတည်သည်၊ သာမောင် သူ့ကတိအတိုင်း နားရွက်ဖြူကြီးကို ကျွေးမည်၊ ထမင်းဆန်တစ်ပြည်ချက်၊ အရက်တစ်လုံးကြက်တစ်ကောင်၊ ဖက် ကြမ်းဆေးလိပ်နှင့် ဆန်ကောထဲမှာ ငှက်ပျောရွက်ခင်းကာ အားလုံးထည့်ပြီး[illegible] များတွေဆိုသလို ဆိုတော့သည်၊

"ဟောဒီ သစ်ပုပ်ပင်ကြီးမှာနေ[illegible] နားရွက်ဖြူကြီးရေ မင်းကို ငါ ကျွေး[illegible] တယ်၊ လာပါ - စားပါ - ငါ့မိတ်ဆွေကြီး[illegible] ရေ - စားပါ"

"ဟီး - ဟီး - ဟီး - ဟား - ဟား[illegible] ဟား"

"သာမောင် - သာမောင် - မင်း[illegible] မင်းနဲ့ငါ မိတ်ဆွေကွ၊ ဟား - ဟား"

"မင်းက ငါ့ကို အသံသာပေး[illegible] ကိုယ်ရောင်ပြပါလား"

"မင်းနဲ့ငါ မိတ်ဆွေက ရန်သူ[illegible] ချင်ဘူး၊ ငါ့ရုပ်ကို မင်းမြင်ရရင် မင်း[illegible] သွားမယ်ကွ"

"ဟေ့ - နားရွက်ဖြူကြီး ငါ မ[illegible] ဘူးကွ၊ မင်းကလည်း သာမောင်[illegible] ဘာမှ မကြောက်တတ်ဘူး"

"တကယ်လား - မင်း မကြော[illegible] ဘူးနော်"

"ပြကွာ - ပြ - ပြတော့"

"ကဲ - ဒီမှာကွာ"

"မင်းက ခေါင်းမှာ အစိမ်းပ[illegible] နဲ့ နားရွက်တစ်ဖက်က အနက်၊ တ[illegible] [illegible]ကြီး၊ အမွေးတွေနဲ့ အစွယ်တ ပြူး နေတာပဲ၊ ဟား - ဟား - ဟား - ရီစရာ [illegible]ပဲ၊ ဟား - ဟား - ဟား - ဟား"

"ဟာ - မင်း ငါ့ကို မကြောက်ဘူး [illegible]"

"နည်းနည်းမှ မကြောက်ဘူးကွ၊ [illegible]တ သရဲကြီးပဲ၊ ငါက ကြားဖူးတာက [illegible]ကြီးတော့ သဘာက်တဲ့"

"ဟုတ်တယ်ကွ - ငါ နှစ်ပေါင်း [illegible]၀၀) ကျော်ပြီ၊ ဟို ငါ့အမတ်ကြီးကို [illegible]လိုက်လို့ လေ့မောက်သေခဲ့တာ၊ [illegible]ဒီသစ်ပင်ကြီးမှာ စုနေတာတောင် [illegible]ပြီကွ"

"ကဲ - နားရွက်ဖြူကြီး မင်းကို ငါ [illegible]ပြီပြီနော်၊ ငါအရက်သောက်မယ်၊ [illegible]တ ငါ့ကို ပိုက်ဆွဲပေး၊ ငါးရရင် ငါနဲ့ [illegible] အတူတူချက်စားကြမယ်၊ ဟုတ်ပြီ [illegible] - အစိမ်းစားလည်း ရတယ်နော်"

"ဟား - ဟား - ဟား"

သာမောင်နှင့် နားရွက်ဖြူကြီးတို့ [illegible]သော မိတ်ဆွေများဖြစ်ကြသည်၊ [illegible]မောင် လှေကို ကူထမ်း၊ ကွန်ထိုး၊ ငါး [illegible] ပိုက်ဆွဲအားလုံး ကူလုပ်ပေး၊ သာ [illegible]င်ကျွေးသမျှစားရင်း နေခဲ့ကြသည်၊ [illegible] သာမောင် ငုတ်စူးရာက အပြင်း များသည်၊ နားရွက်ဖြူကြီးက သာမောင် အနား နားရွက်တစ်ဖက်ဖြင့် ယပ်ခတ် ပေးသည်၊ သာမောင်ကို သူ့နားရွက် တစ်ဖက်ပေါ်တွင် အိပ်စေ၏၊ သာမောင် ၏ပေါင်ကိုနှိပ်နယ်ပေးသည်၊ သာမောင် ကတော့ ဩှောင်နှန်းဖမ်းနေသည်၊ ဘာမှ သတိမရ၊ ညီဖြစ်သူ ဘမောင် ရောက် လာသည်၊ တဲကြီးက လေမတိုက်ပါဘဲ ယိမ်းယိုင်နေသည်ကို မြင်လိုက်ရ သည်၊

"အစ်ကိုရေ - အကို"

"ဟား - ဟား - ဟား - ဟား - ဟီး"

"ဘာသံကြီးလဲ - အစ်ကိုအိပ်နေပါ လား၊ ဟာ - တဲကြီး ယိုင်သွားသလား၊ အစ်ကို - အစ်ကို - ထ - ထပါဦး၊ ဟာ - အစ်ကိုဖျားနေပါလား၊ ကိုယ်တွေလည်း ပူလို့"

"ဟီး - ဟီး - ဟီး - ဟီး - ဟား - ဟား - ဟား - ဟား"

"ဘာလဲကွ - ဘာသံကြီးလဲ"

ဘမောင် အစ်ကို သာမောင်ကို ထမ်း၍ ရွာထဲ ခေါ်မည်ပြုလုပ်စဉ် ဘမောင် ၏ လက်ကို ဆွဲထားသလို ခံရ၏၊ ကြမ်း ကြမ်းရမ်းရမ်း ထိတွေ့သလို ခံရ၏ ဘမောင် ဖင်ထိုင်လဲကျသွားသည်၊

www.burmeseclassic.com

"အစ်ကို - အစ်ကို - အင့် - ဂွျတ် - အား"

"ဟင် - ဟင် - ဟင် - ဘမောင် - ဘမောင် - ငါ - ငါ နေမကောင်းဘူး"

"ဟုတ်တယ် - အစ်ကို၊ ရွာထဲ ပြန်ကြရအောင်လား"

"နားရွက်ဖြူကြီးရေ - လာ - လာ ပါဦး"

"ဟာ - အစ်ကို၊ ဘယ်က နားရွက်ဖြူကြီးလဲ၊ လက်ဖြူပဲ ရှိတာဟာကို"

"ငါ့မိတ်ဆွေပါကွာ၊ မင်း ပြန်တော့ သူမလာဘဲ နေဦးမယ်၊ ပြန် ပြန်"

"ဟား - ဟား - ဟား - ဟီး - ဟီး - တီး"

"လာပြီ - ဟော - လာပြီ - အဲဒါ မင်း ပြန်"

"အစ်ကို ကယောင်ကတမ်းနဲ့ဗျာ၊ ဆေးဝယ်ပြီးမှ ပြန်ခဲ့မယ်"

နားရွက်ဖြူကြီး၏ ယုယကြင်နာမှု၊ တောထဲတောင်ထဲမှ ယူလာသော ဆေးဥ၊ ဆေးရွက်တွေနှင့် သာမောင်၏ငုတ်စူးသော ဒဏ်ရာပျောက်ကင်းပြီး အဖျားပါ ကျသွားသည်။ ရောဂါသက်သာလာတော့ ပိုက်ချရန် ပင်လယ်ထဲ လေ့နှင့် ထွက်ခဲ့၏။ နားရွက်ဖြူကြီးက လေ့ ... လော့်ပြီး ဘမောင်က ထိုင်လိုက်သ... မြင်ရသူ တွေ အဖို့ သာမောင် ထ... ယောက်တည်း လှေက ရိပ်ရိပ်ပြေ... သည်။ စက်တပ်လှေလို့တောင် ထ... ကြသည်။

"သာမောင် - မင်းကို ငါကူညီ... မင်း ရွာထဲမှာ လူတွေကို ဆေးကုရ... ငါက ဖမ်းစားမယ်၊ စုန်းမကြီးဖမ်းတဲ့... ငါက ကုလို့မရအောင် တားထား... သာမောင် မင်း ဆရာကြီးဖြစ်ပြီကွ"

"အေး - ဒါဆို ဘဒင်ကို အရင်... မယ်ကွာ"

"အေး - ဟီး - ဟီး - ဟီး"

နောက်ရက်များတွင် ဘဒင် အ... သောက်ရင်း မူးလဲသွားရာက သတိ... တော့၊ ကယောင်ကတမ်းနှင့် အော်... အော်ရာ အော်နေသည်။ ဒေါ်ဇာဖြူ... သားကို ကုကြည့်သည်၊ လုံးဝသတိ... ကုစား၍မရ၊ ဒေါ်ဇာဖြူ တတ်သမျှ... တွေ အစွမ်းကုန်ပြသည်။ မကျိုးစင်... ပေါ်တွင် လင်းတကြီးတစ်ကောင် ... တုံ့ခေါက်ပြန် ပျံဝဲနေသည်၊ အရိပ်... ကြီးနောက်က လိုက်လျက် မကြ... ...ဟီသံ ကြားရသည်၊ လင်းတကြီး ...ကြီးပေါ် ဖုတ်ခနဲ ပြုတ်ကျလာသည်၊ ...သွားကြီး ဒေါ်ဇာဖြူပင် ဖြစ်လေ...လား၊ ဒေါ်ဇာဖြူနှင့် နားရွက်ဖြူကြီးတို့ ...ဆြိုင်တွင် တွေ့ကြ၏။

"ဟဲ့ - နာနာဘာဝကောင်၊ မင်းက ...ကိုသည်ချင်တယ်ပေါ့၊ ဇာဖြူအကြောင်း ...သိမယ်ပေါ့"

"ဟား - ဟား - ဟီး - ဟီး - ဟီး - ...ဒီး"

"ဦး - ဖုတ် - ဝုန်း - ရှိုး - ဒုတ်"

ဒေါ်ဇာဖြူသည် ထဘီခြုံ လျှောင်...တာဖြစ်၍ နားရွက်ဖြူကြီးနှင့် သတ်...ပ်လျက်ရှိသည်၊ နားရွက်ဖြူကြီးက ...ဖြူကိုင်သော တောင်ဝှေးကို ဆွဲ...ပြင်ပစ်လိုက်ရာ ဒေါ်ဇာဖြူ ဘာမှမတတ်...။ လင်းတကြီးတစ်ကောင်သာ ငုတ်...တ်ထိုင်နေပုံ တွေ့ရသည်။

"ဒေါ်ဇာဖြူ - ခင်ဗျား ပညာကုန်ပြီ...။ ကျုပ်ပါ - သာမောင်ပါ၊ ခုတော့ ...သတ်နိုင်သေးလဲ၊ ကျုပ် လူမသတ်...ဘူး၊ ခင်ဗျား လင်းတဘဝနဲ့ မသေ...နေရမယ်ဗျ၊ ဟား - ဟား - ဟား - ..."

"သာမောင် မင်းက ငါ့ကို အနိုင်ယူတယ်ပေါ့၊ အေး - ငါ နောက်ကျသွားပြီ ပဲ"

"ဟုတ်တယ် - ခင်ဗျားအရှုံးပေးရင် ခင်ဗျား လူ့ဘဝရမယ်၊ နို့မို့ဆို - ခင်ဗျား ရော ဘဒင်ပါ ဒုက္ခရောက်ပြီသာမှတ်"

"ကဲ - မင်းက ဘာလုပ်ရမှာလဲပြော၊ ငါ ဘာလုပ်ပေးရမလဲ"

"ခင်ဗျား - ပညာတွေ ကျုပ်ကိုအပ်၊ အရှုံးပေး၊ ဒီတော့မှ ခင်ဗျားတူ ဘဒင်ကို ကျုပ် ကုပေးမယ်"

"ကောင်းပါပြီ - မင်းကို ငါ အရှုံးပေးပါတယ်"

"လာလေ့ - မှုလပြန်တော့"

ဒေါ်ဇာဖြူသည် လူ့ဘဝအတိုင်းပြန် ရောက်သွားခဲ့၏၊ ထို့နောက် သာမောင်ကို ခေါ်၍ ရွာထဲပြန်၍ ဘဒင်အိမ်သို့ လာခဲ့ကြတော့သည်။ ပက်လက်မြောနေသော ဘဒင်အား သာမောင်မှ လက်နှင့်ပုတ်နှိုးလိုက်သည်၊ မကြာမီဘဒင်သတိရလျက် မျက်စိကိုဖွင့်၍ ကြည့်လိုက်ရာ သူ၏ ရန်သူတော် သာမောင် ဖြစ်နေတော့၏။

"သာမောင် - သာမောင် - မင်းက"





www.burmeseclassic.com

“ဟုတ်လား–ငါ့သား။ သူက မင်း အသက်ကိုကယ်တဲ့သူ၊ ဆရာသာမောင် ပါပဲ၊ မင်း ကျေးဇူးရှင်ပဲကွဲ့”

“ဟုတ်လား–ကိုသာမောင်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် မှားပါတယ်ဗျာ၊ ဟီး–ဟီး–ဟီး”

“တဲ–မင်းကို ငါ ခွင့်လွှတ်ပါတယ် မငိုနဲ့ကွာ”

“မငိုချင်ပေမယ့် မျက်ရည်ကျနေပါတယ်–ကိုသာမောင်ရယ်”

ထိုနေ့မှစ၍ မကျီးစင်ရွာ ဒေါ်ဇာဖြူ တာဝေမကြီးဆိုသူ သူ့ပညာတွေ ဆရာသာမောင်ကို အပ်လိုက်ရတော့ အစွမ်းထက်တဲ့ ပညာတွေမရှိတော့၊ ဒေါ်ဇာဖြူလည်း မကောင်းမိန္တာတို့ သွားရာလမ်းမှ ရှောင်လွှဲခဲ့ပြီ၊ သာမောင်ကတော့ အနီးစပ်ဆုံး ရွာများမှ ရွာသူရွာသားများ ဝယောဂပူးကပ်မှု မှန်သမျှ နားရွက်ဖြူကြီးကဖမ်းစားပြီးဘယ်အရာမှကု၍မရ၊ သာမောင် ကုမှ ပျောက်သည်ဖြစ်လို့ ဆရာသာမောင်၏ သတင်းသည် ကမ်းခြေရွာတွေအားလုံး မသိသူမရှိ ဖြစ်ခဲ့ရလေတော့သည်။

တံငါသည် သာမောင်ဘဝမှ ပယောဂကုဆရာ သာမောင်ဘဝသို့ ပြောင်းလဲကာ နေထိုင်လာတော့သည်။ ဆရာသာမောင်သည် သူ၏ အချစ်ဆုံး ငယ်ချစ် ခင်ပြုံးနှင့် လက်ထပ်လိုက်ရတော့သည်၊ တစ္ဆေကြီး နားရွက်ဖြူကြီးသည် ဆရာသာမောင်နှင့် ခင်ပြုံးတို့ မွေးလာသော သားလေးနီတွတ်ကိုပုခက်ထဲတွင် ထည့်၍ လွှဲနေရသည်၊ ဆရာသာမောင်၏ လုပ်ငန်းများအားလုံး ကူညီလုပ်ကိုင်လေသည်၊ ဆရာသာမောင်၏ အမေ ဒေါ်မြိုင်ဘဝတစ်ပါးသို့ ပြောင်းသွားပြီ၊ ညီ ဘမောင်လည်း ငှက်ဖျားရောဂါနှင့် ဆုံးခဲ့ရပြီ၊ ယခုဆိုလျှင် ဆရာသာမောင်အသက် (၆၀) တွင်းချဉ်းနင်းခဲ့ပြီ။

❀

မကြာခင်ကာလ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်အထူးစစ်ဆင်ရေးထပ်ရပ် ဆင်နွှဲကာကြည်း၊ ရေ၊ လေ ပူးပေါင်း စစ်ရေးလေ့ကျင့်ကြသည်၊ ထိုစစ်ဆင်ရေးသည် သာပေါင်းမြို့နယ်မှ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေရွာများအားလုံး ဆင်လျက်၊ ပစ်ခတ်တိုက်ခိုက်ကြရသည်၊ မော်တာ၊ ဗုံးကျည်နှင့် စက်သေနတ်ကျည်မှ ယမ်းပေါက်ကွဲသံကြီးများ ကြားရသည်၊ တောထဲ တောင်ထဲ ရှိ သတ္တဝါများပင် မကြားဖူးသော ထိုအသံကြီးများကြောင့် လန့်ပြေးအသက်လုပွဲ နွှဲ့ယှဉ်ခဲ့ရသည်၊ မော်တာ ကျည်ဆန်သည် သစ်ပုပ်ပင်ကြီးအနီး၌ ပေါက်ကွဲခဲ့၏၊ သစ်ပုပ်ပင်ကြီး တုန်ဟည်းကာ အကိုင်းများကျိုးပြတ်ကျ၍မီးဟုန်းဟုန်း တောက်လောင်စေရာ နားရွက်ဖြူကြီးလည်း သူ့အသင် မော်တော်ကျည်ထိမှန်သဖြင့် အော်ဟစ်ရာကျွတ်ရာ ပြေးမိပြေးရာ ပြေးတော့သည်၊ သစ်ပုပ်ပင်ကြီးသည် ပင်စည်ကြောက်ဘဝသို့ တစ်မဟုတ်ချင်း ရောက်သွားတော့၏။

ဆရာ ဦးသာမောင်တစ်ယောက် သူ့ထပည့် နားရွက်ဖြူကြီးကို ခေါ်လို့မရတော့၊ သူကုသသည့်လူနာသည်အစစ်အမှန်ဖြစ်၍ အစွမ်းမထက်တော့၊ ဆရာသာမောင်ဘဝပယောဂကုဆရာမဟုတ်တော့၊ ဇရာအိုအရွယ်မှာ ပိုက်ဆွဲကိုင်၍ လှေကို ပင်ပန်းစွာ လှော်တာ ဝမ်းရေးရှာရတော့သည်၊ နေကလည်း ညိုပြာမီနေဝင်ကာ မှောင်အတိကျတော့မည်၊

နားရွက်ဖြူကြီးသည် တမ်းခြေတစ်နေရာတွင် ဇရာမညောင်ပင်ကြီးတစ်ပင်၌ခိုနေရသည်၊ မကြာမီက ထိုနေရာအား ညောင်ပိုင်းကျောင်းတိုက် တည်ထောင်လိုက်သဖြင့် ဓမ္မာရုံနှင့် ကျောင်းပရိဝုဏ်အဖြစ် အုတ်တံတိုင်းခတ်လိုက်ကြသည်၊

တံငါသာမောင်ကတော့ လှိုင်းလေမငြိမ်တဲ့ညမှာအဏ္ဏဝါလှိုင်းဂယက်ကြား ဝါးမျိုခြင်း ခံလိုက်ရသည်၊ နားရွက်ဖြူကြီးနှင့် ဝေးခဲ့ရပြီ၊ တစ်ဘုံတစ်ဘဝသို့ ပြောင်းလဲသွားပါတော့သည်၊

ယခု နားရွက်ဖြူကြီးနေသော ညောင်ပင်ကြီးအနီးတွင် တပ်မတော်မှ တပ်အခြေစိုက်တပ်စခန်းတည်ထောက်ကြသည်၊ ထိုနေရာအား စစ်မိန့်ဝေ၍ သေနတ်ပစ်ဖောက် အမိန့်ပြန်ခဲ့ပါသည်၊ သေနတ်သံကြားလျှင် အလွန်ကြောက်တတ်သည့် နားရွက်ဖြူသရဲကြီး ရောက်တတ်ရာရာပြန်၍ပြေးပြီထင်ပါ၏၊ ယနေ့တော့ ဘာသံမှပင် မကြားမိတော့ပါ။

“ရေမြေသနင်းပြည့်ရှင်မင်းရဲ့အဓိဋ္ဌာန်ပဲ–ဆရာရယ်၊ ဘာကောင်ကမှ မနိုင်မတုံး”

www.burmeseclassic.com

ဇာတ်ကြောင်းနှင့် ဖြစ်ရပ်မှန် ပြန်ပြောပြသည့်ဥမြို့မြို့မရပ်ကွက်ကမ်းခြေ ဦးရွာမှ ဦးတင်ရွှေ အသက် (၈၇) နှစ်၏ တစ်ဆင့်စကား ပြောကြားချက်အရ သာမောင်နှင့် မိမိတို့ ငါးရှာဖက် သူငယ်ချင်းများဖြစ်၍ နားရွက်ဖြူသရဲကြီးနှင့် အတွေ့တွေ့နေခဲ့သူဖြစ်ကြောင်းကို ဖြစ်ရပ်မှန်အတိုင်း တင်ပြရခြင်းဖြစ်၍ပင် အထ... ကျေးဇူးတင်မိပါကြောင်း။

သုံးဆယ့်တစ်ဘုံ၌ မိမိတို့ မမြင်နိုင်... မသိနိုင်သော အရာများစွာ ရှိနေသည့်... ဤဝတ္ထုဇာတ်လမ်းက သက်သေခံ... ပါတော့သည်။

သတ္တဝါအားလုံး ရွှင်ပြုံးကျန်းမာကြ... ပါစေ ...

မင်းတိုင်ပင် (မြရောင်ငြ...

ချို့ရ လော က ဆေး မြီး တို့

ယားနာ

- ခံပင်၏အမြစ်ကို ရေ (သို့မဟုတ်) နမ်းဆီနှင့်ရော၍ သွေးလိမ်းပါ။
- ကျွန်းသီးကို ဆီနှင့် သွေးလိမ်းပါ။
- ကြွက်နပေါင်းမြစ်မှုန့်ကိုသကြားနှင့်စပ်၍သောက်ပေးပါ။
- အရေပြားပေါ်တွင် အဖုအပိမ့်များ ဖြစ်ပေါ်၍ ယားယံလာလျှင် ကောက်ရိုးနွယ်ကို ထုထောင်းပြီး အရက်ညှစ်၍ သုတ်လိမ်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

# ဦးညိုမောင်နှင့် လက်ကောက်ငမိုး

**ဟိမဝန္တာ**

“ပေ့ဟောင်တွေ - ရပ်ကြစမ်း - ရပ်ကြစမ်း”

နံနက်ခင်း အလင်းရောင်ပင် မပြည့်ဝသေးခင် (၂)ဆောင်ရှေ့တွင် ဆူညံ၍နေတော့၏။ ထောင်တွင်းဝန်ထမ်းများမှာ ခရာတွတ်ရင်း အော်ဟစ်ရင်း ပြေးကာလာနေ၏။ (၂) ဆောင်ရှေ့ရန်ဖြစ်နေကြသော အတွဲမှာလည်း လုံးထွေးသတ်ပုတ်နေကြ၏။ တစ်ဦးက အပေါ်ရောက်လိုက် တစ်ဦးက အောက်ရောက်လိုက်ဖြင့် ဘတစ်ပြန် ကျားတစ်ပြန်ဖြစ်နေတော့၏။ ထောင်ဝန်ထမ်းများ ရောက်လာပြီး ရိုက်နက်လေတော့မှ ရန်ဖြစ်ခြင်းသည် ရပ်တန့်သွား၏။ နှစ်ယောက်စလုံးကို မိန်းဂျေးဟုခေါ်သော ထောင်မှူးကြီးရုံးထိုင်ရာ နေရာသို့ ခေါ်ဆောင်သွား၏။

“ပြောပါဦး - မင်းတို့တွေ ဘယ်လိုဖြစ်ကြတယ်ဆိုတာ”

ဟု ထောင်မှူးကြီးမှ စကားစလိုက်လျှင် ရန်ဖြစ်သော နှစ်ယောက်ထဲမှ ကိုယ်လုံးကိုယ်ထည် ခပ်တောင့်တောင့်ဖြင့် တစ်ကိုယ်လုံး ဆေးမင်ကြောင်များ ပြည့်နက်နေသောသူက ဦးစွာ စပြောလေ၏။

“ဒီလို ပါ - အဘ၊ ကျွန်တော်က တောင်ယာဘုတ်ကိုင်ပါ။ ကျွန်တော့်ဘုတ်မှာ ဒီကောင်က အမြဲပေကတ်ကတ်နဲ့၊ သူများတွေ အလုပ် လုပ်နေရင်လည်း ဒီကောင်က မလုပ်ဘူး။ လုပ်ဖို့ပြောပြန်ရင်လည်း ဂရုမစိုက်သလိုနဲ့ တစ်ခါတစ်ခါဆို ပြောတဲ့သူကိုတောင် ချလုပ်သေးတယ်၊ ဒီနေ့လည်းမုန်လာဥတွေနုတ်ပြီးဖိုကြီး (အကျဉ်းသားအားလုံးအတွက် ချက်ပြုတ်ရသောနေရာ)ကိုတင်(ပေး)ဖို့လုပ်ခိုင်းတာကိုမလုပ်နိုင်ဘူးဆိုပြီး ပြောရင်းနဲ့ ဖြစ်ရတာပါ အဘ” ဟု တောင်ယာဘုတ်ကိုင် (ထောင်တွင်းမှ တောင်ယာစိုက်ပျိုးသည်များကို ကြီးကြပ်ရသူ)သည် ရှည်လျားစွာ ပြောပြလေ၏။ ထောင်မှူးကြီးမှာ တောင်ယာဘုတ်ကိုင်၏ စကားကို ကြားရလျှင် နောက်တစ်ဦးအား သေချာစွာ ကြည့်လိုက်လေရာ ...

“ခြော် - ငမိုးပဲ ကိုးကွ။ လက်ကောက်ငမိုး - လက်ကောက်ငမိုး၊ မင်းအကြောင်းကို ပြဿနာရှာတဲ့ကောင်ပဲ။ ဒီတစ်ခါ ကျောက်စခန်းထုတ်ရင်တော့ ငြိမ်းလိုက်သွားလိုက်တော့” ဟုဆိုကာ အနီးရှိ ဒုထောင်မှူးအား ကျောက်စခန်းထုတ်လာလျှင် ထည့်ပေးလိုက်ရန် မှာကြားနေတော့၏။ ပြီးလျှင် တောင်ယာဘုတ်ကိုင်အား အိပ်ဆောင်ဝန်းအတွင်း ပြန်ခိုင်းလိုက်ကာ ငမိုးကိုမူ ခြေကျင်းနှင့် ထောက်ထည့်ခိုင်းလိုက်တော့၏။ (ခြေကျင်းဟူသည် သံဖြင့်ပြုလုပ်ထားပြီး (၅၀)ကျပ်သားခန့် လေးလံ၏။ ထောက်ဟူသည်မှာ ခြေကျင်းနှစ်ခုကြားခြေကျင်းဝတ်နေရာရှိကွင်းနှစ်ဖက်ကိုတားအောင် ထောက်ထားသော မတ်လုံးခန့် သံချောင်းဖြစ်၏။ ထိုသို့ ထောက်ခြေကျင်းခတ်ခံရသူသည် လမ်းလျှောက်သောအခါ ကားတားကားတားဖြစ်နေရတော့၏။ ယုတ်စွအဆုံး အိမ်သာတက်လျှင် ခြေတစ်ချောင်းကို အိမ်သာခွက် နှုတ်ခမ်းဝနားတင်ကာ နောက်ထပ်ခြေ တစ်ချောင်းကိုမူ အိမ်သာအပြင်ဘက်ထုတ်၍ ခက်ခဲစွာတက်ရတတ်ပေ၏။ ထိုသို့သောပြစ်ဒဏ်သည် တစ်လမှ သုံးလခန့် ကြာမြင့်တတ်၏။ တစ်ခါတစ်ရံတွင် နှစ်ပေါက်အောင်ထားသည်များလည်းရှိတတ်ပေ၏)

❀

“ဒေါင် - ဒေါင် - ဒေါင်”

ကျောက်ထုတ်စခန်း၏ နံနက်ခင်း ငရဲခန်းသွားရန်အချက်ပြသံသည်စတင်မြည်ဟည်းပြီဖြစ်၏။ ငရဲခန်းသွားရန်အတွက် တချို့မှာ မှိုင်နေတတ်၏။ တချို့မှာ ပျော်ရွှင်နေကြ၏။ ကျောက်ထုတ်





www.burmeseclassic.com

www.burmeseclassic.com

စခန်းသို့ ရောက်ခါစလူသစ်များနှင့် ရောက်သည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း ကြောက်ရွံ့တတ်သောသူများမှာ ကျောက်စခန်းသည် ငရဲခန်းဖြစ်ပြီး သွားချင်စရာ အနည်းငယ်မျှမရှိပေ။ ရောက်သည်မှာ နှစ်ကြာပြီဖြစ်ကာ ကျောက်ထုတ်စခန်းတွင် အကျဉ်းသားအချင်းချင်းတွင် နေရာရနေသူများမှာတော့ ပျော်စရာဖြစ်နေတော့၏။

"ဒီနေ့ညနေ လူသစ်ရောက်မယ်လို့ ပြောတယ်ကွ"

"ဘယ်ထောင်က လာမှာလဲ"

"ဘားအံထောင်ကလို့ ပြောတယ်၊ အယောင်ငါးဆယ်လောက် ရှိမယ်ထင်တယ်"

တပ်ခွဲမှူးနှင့် တပ်စိတ်မှူးတို့ ပြောဆိုနေကြသံများကို မိန်းဈေးလမ်းအတွင်း တန်းစီနေကြသော ခွဲသားများသည် ကြားလိုက်ရ၏။ လူသစ်ရောက်မည့်သံ ကြားလိုက်ရလျှင် ခွဲသားများသည် တစ်ယောက်တစ်ပေါက်ဖြင့် ပြောဆိုနေကြတော့၏။

ဘားအံထောင်မှရောက်လာသော လူသစ်များကို ထောင်ဝန်ထမ်းများမှ စာရင်းကောက်ယူနေကြ၏။ တချို့က သူတို့အသိများ ပါမည်လား၊ တချို့[illegible] သူတို့နေထိုင်ခဲ့ရာ နေရာဒေသများ[illegible] ရောက်လာသူများကိုထိုနေရာဒေသ[illegible] ၏ အခြေအနေတို့အား မေးမြန်း[illegible] နေရပ်အား လွမ်းဆွတ်မှုကို ဖြေဖျော[illegible] ရန်အတွက် ဖြစ်ကြ၏။ လူသစ်များ[illegible] စာရင်းကောက်ပြီးသည်နှင့် ထောင်[illegible] ထမ်းများမှပြစ်မှုအလိုက်ကျနစ်အလို[illegible] အိပ်ဆောင်များ ခွဲပေးလိုက်တော့[illegible] အိပ်ဆောင်ရှိအခန်းလူကြီးအကျဉ်းသား[illegible] များမှာ မိမိတို့ အဆောင်သို့ရောက်[illegible] မည့် လူသစ်များကို လာရောက်ကာ[illegible] ဆောင်သွားကြတော့၏။

ငမိုးသည် အိပ်ဆောင် (၃) တွင်[illegible] ရ၏၊ အိပ်ဆောင် (၃) မှာ နှစ်ကြီးအကျဉ်း[illegible] သားများနှင့် ပြစ်မှုကြီးသူများကို အစီ[illegible] ထား၏၊ ငမိုးသည်လည်းနှစ်ကြီးအကျဉ်း[illegible] သားဖြစ်သောကြောင့် အိပ်ဆောင် (၃) တွင် နေရခြင်းဖြစ်၏။ ညနေ တန်းစီ[illegible] စစ်ပြီး၍ အိပ်ဆောင်ပိတ်ချိန်တွင် ထ[illegible] မဖြုတ်နိုင်းသေးဘဲအခန်းလူကြီးများ[illegible] စည်းကမ်းထိန်းများမှာ ယနေ့မှ ရောက်[illegible] လာသော လူသစ်များကို အခန်းတွင်း[illegible] နေထိုင်ရမည့်ပုံစံများ၊ စည်းကမ်းများ[illegible] ပြောပြနေ၏။ ငမိုးသည် အဆိုပါ[illegible]

[illegible]များကိုနားမထောင်ဘဲတွေးချင်ရာ[illegible]နေ၏။ သေးမှလူအား စကားပြော[illegible] စည်းကမ်းထိန်းလုပ်သူကျော်ကြီး[illegible]ည်ငမိုး၏ပုံစံကိုလှမ်းတွေ့လိုက်ရလျှင်[illegible]ားသို့ရောက်လာပြီး နားရင်းအား[illegible]ထည့်လိုက်တော့၏။ ဖျောင်းခနဲ[illegible]ည်သံကြောင့် တန်းစီနေသူအားလုံး[illegible]ည် အသံကြားရာဆီသို့ လှမ်းကြည့်[illegible]ကြတော့၏။ ငမိုးသည် မိမိအား[illegible]လိုက်သော စည်းကမ်းထိန်းကျော်[illegible]အား စူးစူးရဲရဲ မော့ကြည့်လိုက်၏။[illegible] အကြည့်ကြောင့် ကျော်ကြီးမှာ ...

"ဘာလဲ – ဟေ့ကောင်၊ မင်းက လူ[illegible]လား၊ ရောက်တာမှ နာရီပိုင်းရှိသေး[illegible]၊ အချိုးက မပြေဘူး၊ ငါ ထပ်လုပ်[illegible]တ်ရင်တော့ သေတော့မယ်" ဟု ဆို[illegible] လက်ကိုရွယ်လိုက်ပြီး ပြန်ချလိုက်[illegible] ငမိုးမှာတော့ စူးစူးရဲရဲ ကြည့်မြဲ[illegible]ည့်နေ၏။

"တော် တော့ – ကျော်ကြီး" ဟု [illegible]န်းလူကြီးမှအော်ကာပြောလိုက်၏။ [illegible]ကြီးသည် ငမိုးအနားမှ မသွားချင်[illegible]ချင်ဟန်ဖြင့် အခန်းရှေ့သို့ လျှောက်[illegible] သွား၏၊ ငမိုးမှာကား ကျော်ကြီး၏[illegible]တ်ကျောအား စိုက်ကြည့်ကာနေလေတော့၏။

❀

နံနက် ၃) နာရီဝန်းကျင်ခန့်တွင် အိပ်ဆောင် (၃) ရှေ့တွင် ထောင်ဝန်ထမ်းများ၊ ထောင်မှူးများပင်မက ထောင်ပိုင်ကြီးပါ ရောက်၍နေ၏၊ အိပ်ဆောင် (၃) ၏ နောက်ဆုံးဗာရာလမ်း (လူလျှောက်လမ်း) တွင်စည်းကမ်းထိန်းကျော်ကြီးမှာ သွေးအိုင်အတွင်း လဲကျကာ သေဆုံးနေ၏။ လည်ပင်းတွင် သံချွန်တစ်ချောင်းမှာ တန်းလန်းစိုက်လျက်နေ၏။

ညက တန်းစီအပြီးမှစ၍ ကျော်ကြီးမှာ ငမိုးအနား ရစ်သီရစ်သီလုပ်ကာ နှုတ်မှ ဆဲဆိုနေတော့၏၊ ငမိုးသည်လည်း ကျော်ကြီး ဆဲဆိုနေသည်ကို ဘာမှပြန်မပြောဘဲ စိုက်၍သာကြည့်နေ၏။ ည (၉) နာရီထိုး၍ အခန်းတွင်းရှိသူအားလုံး ကင်းသမားမှလွဲ၍ ခေါင်းချအိပ်ချိန်ရောက်မှသာ ကျော်ကြီးသည်ငမိုးအနားမှ ခွာသွား၏၊ ငမိုးသည် အိပ်ချိန်တွင် မအိပ်နိုင်သေးဘဲ ရှိ၏။ စိတ်မှ အတော်ခံပြင်းနေ၏၊ မျက်လုံးမှိတ်လိုက်သည်နှင့် ကျော်ကြီး၏ပုံရိပ်ကိုသာ ပြန်မြင်ယောင်နေမိ၏။ စိတ်ထဲမှ "တော[illegible]က်" အကြိမ်





www.burmeseclassic.com

www.burmeseclassic.com

ရှာလကာရည်လေကွာ။
ဒီကောင်တွေက
တကယ်တမ်းတော့
ငါတို့ မင်းတို့လို
ရုပ်ကြမ်းခန္ဓာမရှိကြဘူး။
အဲဒီတော့ ဂက်စ်အငွေ့နဲ့
သူတို့ကိုယ်ကို ဖန်တီးကြ
ရတယ်။ ငါတို့ ခပ်ငယ်ငယ်က
ရွာမှာ လူကြီးတွေပြောတာ
အမြဲလိုလို ကြားဖူးတယ်။
အပင်ကြီးတွေအောက်
သေးမပေါက်မိစေဖို့
အမြဲမှာတတ်ကြတယ်။
ဘာလို့ဆို အပင်ကြီးတွေမှာ
ရုက္ခစိုးတို့၊ အစောင့်အရှောက်
တို့ ရှိတတ်ကြတယ်။ သူတို့က
ဂက်စ်နဲ့ သူတို့ကိုယ်ထည်တွေ
အဆောက်အအုံတွေကို
တည်ဆောက်ထားတာကို
အပင်အောက် သေးဝင်ပေါက်
တော့ အဲဒီသေးမှာပါတဲ့
ယူရင်း အက်ဆစ်ရဲ့ တန်ခိုးနဲ့
အပင်ပေါ်က ဂက်စ်တွေ
ပြိုကွဲကုန်ပါလေရော ...



ကြိမ်ခေါက်နေမိ၏။ ညတစ်ချက်တီးခန့် တွင် ငမိုးမှာ နောက်ဖေးအိမ်သာသို့ ထသွား၏။ အိမ်သာ၏နံရံနှင့် အမိုးကြား ထုတ်တန်းအဟကို ကာထားသော သံဆန် ကာကွက်မှသံချောင်းတစ်ချောင်းကိုမရရအောင်ဖြုတ် ၏။ ဖြုတ်၍မရပေ။ ထိုအချိန်တွင် အိမ်သာခန်းအတွင်း သို့ အသားဖြူဖတ်ဖတ် ခပ်နွဲ့နွဲ့ လူငယ်လေး တစ်ဦးဝင် လာ၏။ ထိုလူငယ်လေးသည် ငမိုးအား စိုက်ကြည့်ပြီး သံချွန်တစ်ချောင်းကိုထုတ်ပေးလေ၏။ နှုတ်ကမှဘာမှ မပြောဘဲ ပေးပြီးလှည့်ထွက်သွား၏။ သံချောင်းမှာထိပ် များတွင် ချွန်မြနေပြီး လက်ကိုင်ကို အဝတ်များဖြင့် ပတ် ထား၏။ ငမိုးလည်း ထိုသံချွန်ကိုဖွက်ပြီးယူကာ အိပ်ရာ နေရာသို့ ပြန်ခဲ့တော့၏။

ည (၂)နာရီကျော်ကျော်တွင် စည်းကမ်းထိန်း ကျော်ကြီးမှာ အိပ်ရာမှထ၍အပေါ့သွားရန် နောက်ဖေး အိမ်သာသို့ ဝင်သွားလေ၏။ ကျော်ကြီး ထသွားသည် ကို ငမိုးမြင်လျှင် မိမိနေရာမှ လျှင်မြန်စွာ ထပြီး နောက်ဖေးဘက်သို့ လိုက်ကာ သွား၏။ ပြီးလျှင် အိပ်ရာကွပ်ပျစ်တန်း ပေါ်တက်လိုက်ပြီး ကျော်ကြီးအိမ်သာ ခန်းမှ ထွက်လာလျှင် အကွယ်မှနေ၍ ကျော်ကြီး၏ လည်ပင်းနေရာသို့ သံချွန် ဖြင့်ဖြတ်ထိုးချလိုက်တော့၏။ ကျော်ကြီး မှာလည်း အမှတ်တမဲ့ဖြစ်ပြီး ကာကွယ် ချိန်ပင်မရကာ နေရာတွင်ပင် လဲကျသွား တော့၏။ ကျော်ကြီး လဲကျသွားတော့မှ တင်းစောင့်နေသော ကင်းသမားတရာ ထိုသည် ကုလားတက်များကို အဆက် မပြတ်ခေါက်ကာ ထောင်ဝန်ထမ်းအား အော်ဟစ်ခေါ်နေတော့၏။ အိပ်ဆောင် တွင်းရှိ သူများလည်း နိုးလာကြပြီး အား လုံးမှာ ငမိုးအနားမကပ်ဝံ့ဘဲ ခပ်ခွာခွာမှ နေနေကြ၏။ ငမိုးသည် ကျော်ကြီး လဲကျ နေရာအနားတွင်ပင် ထိုင်လျက်နေပြီး သွေးအိုင်ထဲ လဲကျနေသော ကျော်ကြီး အား အသက်မဲ့သူကဲ့သို့ စိုက်ကြည့်နေ လေ၏။

ထောင်ဝန်ထမ်းများသည် ငမိုးအား ထောင်ဘူးဝသို့ လက်ထိတ်ခတ်ပြီး ခေါ် ဆောင်သွားကြ၏။ စစ်မေးစရာများ စစ် မေးပြီး ငမိုးနှင့် သံချွန်ပေးသူ လူငယ်တို့ အားပူးဝရှိအလုံခန်းတွင်းပိတ်ထားလိုက် တော့၏။ နောက်တစ်နေ့မနက်တွင် မော်လမြိုင်အကျဉ်းထောင်သို့ အချုပ် ကားဖြင့် ပို့လိုက်တော့၏။ မော်လမြိုင် ထောင်တွင်းရောက်သည့်ညမှစ၍ ငမိုး မှာ ညတိုင်း အိပ်မရဘဲ ရှိနေ၏။ ညစဉ် ညတိုင်းဆိုသလိုပင် အိပ်မက်ဆိုးများ မက်၏။ တစ်ခါတစ်ရံ မိမိ၏ လည်ပင်း အား တစ်စုံတစ်ယောက်သည် လာညှစ် သကဲ့သို့ ခံစားရ၏။ ညတိုင်း ထိုသို့ဖြစ် ပြီး ငမိုးမှာ အရူးပေါ် အရေတင် ဖြစ်လာ တော့၏။

ထောင်တွင်းစိတ်ရောဂါကု ဆရာ ဝန်မှ ငမိုး၏ အခြေအနေကို လေ့လာ ကြည့်ပြီး စိတ်တယောင်ကတမ်းဖြစ်မှု ကြောင့် ထို့ထက်ဆိုးဝါးပြီး အနားရှိသူ များကို ပါ ဒုက္ခပေးလာနိုင်ကြောင်း ထောင်မှူးတို့အား ပြောပြ၏။ ထောင်မှူး များလည်း စိတ်ရောဂါကုဆရာဝန်၏ အကြံပေးမှုဖြင့် တိုက်အတွင်းသို့ ငမိုးတို့ ပို့ထားလိုက်လေတော့၏။

❀



www.burmeseclassic.com

www.burmeseclassic.com

"အား-မလုပ်ပါနဲ့ကွာ၊ ငါ-ငါ-မင်းတို့ ဒေါသထွက်လို့ လုပ်မိတာပါ၊ ငါ့ကို ခွင့်လွှတ်ပါကွာ၊ ငါ့ကို ခွင့်လွှတ်ပါ"

ညရောက်တိုင်း ငမိုး၏အော်သံမှာ တိုက်ကျသူတိုင်း ကြားနေရ၏၊ တစ်နေ့ထက် တစ်နေ့ ငမိုး၏ အခြေအနေမှာ ပိုဆိုးလာ၏၊ နောက်ဆုံးတွင် ထောင်မှူးမှာ ထောင်ပိုင်ကြီးထံတင်ပြပြီး ထောင်ဆေးရုံသို့တင်ရန် ဆုံးဖြတ်လိုက်တော့၏၊ ထောင်ဆေးရုံမှာ ထောင်အတွင်း၌ဝင်ဖြစ်ပြီး ဝေဒနာဆိုးဝါးသူများကိုသာထား၏၊ အနည်းငယ်သက်သာလျှင်ပင် ဆေးရုံမှ ဆင်းခိုင်းတတ်၏၊

ငမိုးမှာ ထောင်ဆေးရုံသို့ ရောက်သည်ဆိုသည်နှင့် ၎င်း၏ ကယောင်ချောက်ချားဖြစ်နေမှုများသည် ပျောက်ကွယ်သွား၏၊ ဆေးရုံမှ စိတ်ငြိမ်ဆေးများ၏ တန်ခိုးပင် ဖြစ်တော့၏၊ ငမိုး၏ဘေးခုတင်တွင်အသက်(၇၀)ခန့်အဘိုးအိုတစ်ဦးပက်လက်အိပ်ပျော်နေ၏၊ ငမိုးမှာရောက်ကတည်းကထိုအဘိုးအိုအား ဝရှထားမိ၏၊ အဘိုးအိုမှာ တစ်နေ့လုံးအိပ်နေတတ်၏၊ ညနေစောင်းသည်နှင့်အိပ်ရာမှ ထ၏၊ မျက်နှာသစ်၏၊ ထောင်ဆေးရုံမှကျွေးသော ဆန်ပြုတ်ရည်ကျဲကို သောက်၏၊ ဆန်ပြုတ်ရည်ကျဲမှာ နံနက်ကတည်းက ပို့ထားသောကြောင့် အေးစက်နေပြီဖြစ်၏၊ အဘိုးအိုသည်ထို အေးစက်နေသော ဆန်ပြုတ်ရည်ကျဲကို လွန်စွာပူလောင်သည့်အလား ဖြည်းညင်းစွာ မှုတ်သောက်နေ၏၊ ငမိုးမှာ အဘိုးအိုကို ထူးဆန်းစွာကြည့်နေမိ၏၊ စိတ်ငြိမ်းဆေးတို့ကြောင့် ငမိုးမှာ သာမန်နီးပါးဖြစ်နေပြီ ဖြစ်၏၊ ငမိုးမှ အဘိုးအိုအား ငေးမောကြည့်ရင်းမှ အနားသို့ တိုးကပ်သွားကာ ...

"ဒီမှာ-အဘိုး၊အဘိုးရဲ့ဆန်ပြုတ်တဒီလောက်အေးစက်နေတာ ဘာလို့မှုတ်သောက်နေတာလဲ"

ဟု ငမိုးမှမေးလိုက်လျှင် အဘိုးအိုမှာ ပြန်မဖြေအားသေးဘဲ ဆန်ပြုတ်ကိုသာ ဆက်ပြီးမှုတ်သောက်နေလေ၏၊ အတန်ကြာမှ ဆန်ပြုတ်ခွက်အားချပြီး ငမိုးကို သေချာကြည့်နေ၏၊ ပြီးလျှင် —

"နေပါဦး-မောင်ရင်၊မောင်ရင်မေးတဲ့ မေးခွန်းကို မမေးသင့်ဘူး ထင်တယ်"

"ဟ-ဘာလို့တုံး အဘိုးရဲ့၊ ကျွန်တော် မေးတာ ဘာအမှားပါလို့လဲ"ဟု ငမိုးမှ ပြန်ပြောလိုက်လျှင် ...

"ဘာဖြစ်ရမတုံးကွ-မင်းကပညတ်ထဲမှာ ပိတ်မိနေလို့လေ၊ အေးတယ်၊ ပူတယ်ဆိုတာ ဘာကိုပြောတာတုံး၊ မင်းတို့အားလုံး သတ်မှတ်ထားသလို အေးတယ်ဆိုတာကို ငါက ပူတယ်လို့ သတ်မှတ်လို့ မရဘူးလား၊ ခက်တယ်-ခက်တယ်၊လောကမှာမင်းလိုလူတွေကြောင့် ငါတို့ အရူးလို့ သတ်မှတ်ခံနေရတာပဲ"

ဟု အဘိုးအိုမှာပြောရင်း ခုတင်ခေါင်းရင်းရှိ ကော်ဖလားအတွင်းမှ ရေကိုမော့သောက်လိုက်လေ၏၊ ထိုအချိန်တွင် အဘိုးအိုအနားသို့ အခြားခုတင်များမှ လူနာများတစ်ဦးပြီးတစ်ဦးရောက်လာလေ၏၊ ထိုသူများသည်အဘိုးအို၏ ခုတင်အနီးတွင် တချို့ခုတင်ပေါ်တွင် ထိုင်သူက ထိုင်နေ၏၊ တချို့က ဆေးရုံကြမ်းပြင်ပေါ်တွင်ထိုင်သူက ထိုင်နေကြ၏၊ ထိုသူများထဲမှ တစ်ဦးက ...

"ဦးညိုမောင်း-ဒီည ဘာပြောမှာလဲဗျ၊ အချိန်တ သိပ်ရတာ မဟုတ်ဘူး၊ စကားကောင်းတုန်း ရှိသေးတယ် (၉) နာရီက ထိုးသွားပြီ၊ အဲဒါကြောင့် ပြောမှာမြင့်လည်း မြန်မြန်ပြောပါဗျာ"

ဟုထိုသူကပြောလိုက်လျှင်ငမိုးမှာ အဘိုးအို၏အမည်မှာ ဦးညိုမောင်းဟူ၍ သိလိုက်ရလေတော့၏၊ ထိုအချိန်တွင် အဘိုးအိုမှ စကားစလိုက်လေ၏၊

"ဒီမယ်-ဒီည အားလုံးကို ပြောချင်တာက အခုပြေမယ့်စကားကို ဒီမလာနိုင်တဲ့သူတွေကိုလည်းပြန်ပြီးပြောလိုက်ပါ၊ ပြောတဲ့စကားကိုလည်း သေချာမှတ်ထားကြပါ"ဟု ဆိုလိုက်ပြီး အနားရှိသူများကို တစ်ချက်မျှ မျက်လုံးဝေ့ကြည့်လိုက်လေ၏၊ ပြီးမှ ဆက်ကာ ...

"အားလုံးသေချာနားထောင်ပါ၊ အခု မင်းတို့ ငါတို့ရဲ့ လောကကြီးတကယ်တော့ မှားယွင်းနေတဲ့လောကကြီးပဲကွ၊ အစောကပဲ အဲဒီမှားယွင်းမှုကို ငါ့ခုတင်ဘေးနားကို အသစ်ကျပ်ချွတ်ရောက်လာတဲ့ ဟိုကောင့်ကို ရှင်းနေရသေးတယ်"ဟု ဆိုကာ ငမိုးအား လက်ညှိုးထိုးပြလေ၏၊ အားလုံး၏ အကြည့်သည် ငမိုးထံ ရောက်သွားကြ၏၊

"အေး-အဲဒီလိုမျိုး မှားယွင်းနေတဲ့ လောကကြီးကို မင်းတို့၊ ငါတို့က တယ်တင်ရလိမ့်မယ်၊ ဒီလောကကြီးမှာ အားလုံးက အပူကို အအေးမှတ်နေတယ်၊ အအေးကို ကျတော့ အပူမှတ်နေကြတယ်၊ နေ့ကို ညထင် ညကို နေ့ထင်နေကြတယ်၊ ပြီးတော့ လူကောင်းကို အရူး





www.burmeseclassic.com

www.burmeseclassic.com

လို့ပြောပြီးအရှုးတွေကတော့လူကောင်းတန်ဆောင်နေကြတယ်၊ ပိတ်လှောင်ခြင်း၊ လွတ်လပ်ခြင်းဆိုတာကိုလည်း အရာဝတ္ထုတွေအပေါ်မှာ သတ်မှတ်နေကြတယ်၊ ငါတို့ကိုဒီမှာပိတ်လှောင်ထားတယ်တဲ့၊ ဟား - ဟား - ဟား - တကယ်ကို ရယ်ချင်တော့တယ်ကွာ၊ ငါတို့ကို ဘယ်သူမှ ပိတ်လှောင်လို့ မရဘူးကွ၊ ငါတို့ဟာ အမြဲလွတ်လပ်နေတယ်၊ ငါတို့တာ အချုပ်အနှောင်ကင်းနေတယ်၊ လောကကြီးကို ကယ်တင်ပါ - လောကကြီးကို ကယ်တင်ပါ - လောကကြီးကို ကယ်တင်ပါ" ဟု အားနှင့်မာန်နှင့် ဦးညိုမောင်းသည်အော်ဟစ်လိုက်လျှင်အနားရှိသူများသည်လည်း ...

"လောကကြီးကို ကယ်တင်ပါ - လောကကြီးကို ကယ်တင်ပါ - လောကကြီးကို ကယ်တင်ပါ" ဟု သံပြိုင်လိုက်လံအော်ဟစ်လိုက်ကြတော့၏၊ ထိုအချိန်တွင် ဆေးရုံအပြင်ဘက်ရှိ ထောင်ဝန်ထမ်းများနှင့် လွတ်ခါနီး ဟာရာကြီးများ ရောက်လာကာအော်ဟစ်နေသောလူစုကို ခြောက်လှန့်ပြီး လူစုခွဲလိုက်တော့လေ၏၊ ဦးညိုမောင်းကိုလည်းခုတင်တွင် လက်ထိတ်ခတ်ထားလိုက်တော့၏၊ ငမိုးမှာ ခုတင်ပေါ်တွင် လှဲနေရင်းမှ ဦးညို[...]မောင်းအား စိုးကြည့်နေမိ၏၊ အတွေး[...]တွင်လည်း ဦးညိုမောင်းပြောသလို[...] လောကကြီးသည် မှားယွင်းနေသည်[...] လားဟု တွေးတောနေမိတော့၏။

❀

ညသန်းခေါင်ကျော်ချိန်တွင် ငမိုး[...]အား တစ်စုံတစ်ယောက်မှ လက်ကုတ်[...]နှိုးသည်ကို ခံရ၍ လန့်နိုးကာလက်ကုတ်[...]သူကို ကြည့်လိုက်မိလျှင် ...

"အား ..."

ဟုအော်ဟစ်လိုက်မိ၏၊ ငမိုး တွေ့[...]သူမှာ ကျော်ကြီးဖြစ်၏၊ ကျော်ကြီးသည် ငမိုး၏ ခုတင်ဘေးတွင် ခပ်မတ်မတ်ရပ်[...]ကာနေ၏၊ မျက်လုံးများမှာ နီရဲနေပြီးငမိုး[...]ကိုသေချာစွာကြည့်နေ၏၊ ပါးစပ်မှလည်း တစ်စုံတစ်ခုကို ဒေါနှင့်မောနှင့် ပြောနေ[...]၏၊ ပြောရင်းမှငမိုးအနားသို့တိုးကပ်လာ[...]ပြီး လည်ပင်းညှစ်သတ်လေတော့၏[...] ကျော်ကြီး၏ လက်တံတို့မှာ ငမိုး လည်[...]ပင်းအနား ရောက်လာခါနီးတွင် ...

"အီး - ဟီး - ဟီး"

ဟု ကျော်ကြီးမှာ အော်ဟစ်ရင်း[...] ပျောက်ကွယ်သွားလေ၏၊ ဦးညိုကြီး[...]

[...]အတွင်းတွင် ကော်ဖလားတစ်လုံး[...]ထားသည်ကို တွေ့ရလေ၏၊ ငမိုးမှာ [...]ကြီးအား အံ့အားသင့်စွာ ကြည့်နေ[...] ဦးညိုကြီးမှာ ခုတင်ပေါ်သို့ပြန်ထိုင်[...]ပြီး ကော်ဖလားကိုလည်းခေါင်းရင်း[...]ပြန်ထားလိုက်၏၊ ငမိုးမှာ အတန်မျှ[...]ကြာ စိတ်ငြိမ်တော့မှ ဦးညိုကြီး[...]

"တိုလေ - ဒီမှာဗျ၊ ဦးညိုကြီးအခု[...]ကော်ဖလားထဲက ရေတွေက ဘာရေ[...]လဲ၊ ကျွန်တော့်ကို ဟိုကောင် ကျော်[...]လည်ပင်းညှစ်သတ်တာ ဦးညိုကြီး[...]တွေ့သလားဗျ"

ဟု မေးလိုက်လျှင် ဦးညိုကြီးမှ ...

"မတွေ့ဘူး - မင်းအနားကို ကပ်တဲ့[...] ငါက ဘယ်လိုလို့တွေ့မှာလဲ၊ မင်း[...]လူသတ်မှုနဲ့ထောင်ကို ပြန်ရောက်[...]တယ်၊ ရောက်ကတည်းကညဆိုရင်[...]တစ်နေတတ်တယ်၊ အဲဒါ မင်း[...]လိုက်တဲ့ကောင် လာဒုက္ခပေးနေ[...]တာ ငါ စဉ်းစားမိပါတယ်၊ မင်း[...]ရောက်ပြီး နှစ်ရက်လောက် ငြိမ်[...] ဘာမှမဖြစ်တာက စိတ်ငြိမ်ဆေး[...]ဆေးတွေကြောင့်လေ၊ အဲဒီ[...] မတိုက်တော့တဲ့အချိန်ကျရင်

တော့ မင်းအဆက်ပေါင်းနဲ့ မင်းပြန်တွေ့မယ်ဆိုတာ ငါတွေးမိတယ်၊ ထင်တဲ့အတိုင်းပဲလေ၊ မင်းအဆက်ပေါင်းကြီး ရောက်လာတာပဲ"

ဟု ဦးညိုမောင်းမှပြောလျှင် ငမိုးမှာ ...

"ဟုတ်ပါတယ် - ဦးညိုမောင်းရယ်၊ ဒါကတော့ဟုတ်ပါပြီ၊ ဒါနဲ့ အဲဒီကောင်ကို ပြေးသွားအောင် ဘာတွေနဲ့ ပက်လိုက်တာလဲ"

ဟု မေးလိုက်လျှင် ...

"ရှာလကာရည်လေကွာ၊ ဒီကောင်တွေက တကယ်တမ်းတော့ ငါတို့မင်းတို့လို ရုပ်ကြွမ်းခန္ဓာမရှိကြဘူး၊ အဲဒီတော့ ဂက်စ်အငွေ့နဲ့ သူတို့ကိုယ်ကို ဖန်တီးကြရတယ်၊ ငါတို့ ခပ်ငယ်ငယ်က ရွာမှာ လူကြီးတွေပြောတာ အမြဲလိုလို ကြားဖူးတယ်၊ အပင်ကြီးတွေအောက် သေးမပေါက်မိစေဖို့ အမြဲမှာတတ်ကြတယ်၊ ဘာလို့ဆို အပင်ကြီးတွေမှာ ရုက္ခစိုးတို့၊ အစောင့်အရှောက်တို့ ရှိတတ်ကြတယ်၊ သူတို့က ဂက်စ်နဲ့ သူတို့ကိုယ်ထည်တွေ အဆောက်အအုံတွေကို တည်ဆောက်ထားတာကို အပင်အောက် သေးဝင်ပေါက်တော့ အဲဒီသေးပေါက်တဲ့ ယူရင်း

www.burmeseclassic.com

အက်ဆစ်ရဲ့တန်ခိုးနဲ့ အပင်ပေါ်က ဂက်စ်တွေ ပြိုကွဲကုန်ပါလေရော။ အဲဒီမှာ စိတ်ဆိုး ဒေါသထွက်ပြီး သေးပေါက်တဲ့ကောင်ကို ကိုင်ထည့်လိုက်တော့တာပဲပေါ့။ အဲဒါကိုပဲ နတ်ကိုင်တယ်လို့ ပြောကြတာပေါ့ကွာ"

ဟု ဆိုရင်း ခဏမျှ အသံတိတ်သွားလေ၏။ ငမိုးလည်း စိတ်ဝင်စားနေသောကြောင့် ဦးညိုမောင်းအား ...

"ဆက်ပြောဦးလေဗျာ၊ ဘာလို့တိတ်သွားတာလဲ"

ဟု ပြောလိုက်လျှင် ဦးညိုမောင်းမှာ ...

"ရေသောက်ချင်လို့ကွ၊ ငါ့မှာ ရေမရှိတော့ဘူး။ ရှိတဲ့ရေကို ဝန်ထမ်းဆီက တောင်းထားတဲ့ ရာလကာရည်ဖျော်လိုက်တာ ကုန်ပြီ"

ဟု ပြောလျှင် ငမိုးမှာ ခေါင်းရင်းရှိ ရေဘူးကို ကမ်းပေးလိုက်လေ၏။ ဦးညိုမောင်းလည်း ငမိုးကမ်းပေးသော ရေကို သောက်ပြီး ...

"မင်း - ငါပြောတာ လက်ခံလား"

ဟု မေးလျှင် ငမိုးလည်း ...

"လက်ခံတယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ - စိတ်တော့ ဝင်စားမိပါရဲ့"

ဟု ပြောလိုက်ရာ ဦးညိုမောင်း
စိတ်ဆိုးသွားသည့် ဟန်ဖြင့် ...

"မင်းက လက်မခံရအောင်
အောက်မှာ ရေးပါလို့ နတ်ကိုင်ခံရ
ဆိုတာကို မင်းကြားဖူးလို့လား။ ပြီး
မင်းရဲ့လက်တွေပဲလေ၊ ငါ ရာလကာ
နဲ့ ပက်လိုက်လို့ ဟိုကောင် ပျောက်
တာ မဟုတ်လား" ဟု စိတ်ဆိုးမာန်
ပြောကာ မျက်နှာကို တစ်ဖက်သို့
လိုက်လေတော့၏။ ငမိုးမှ ချော့
တောင်းပန်သော်လည်း ငမိုးဘက်
မျက်နှာမလှည့်တော့ပေ။

❀

နံနက်ခင်းတွင် ထောင်ဆေး
အမိုးစွန်းတွင် ခိုများ၊ ကျီးများသည်
ဟစ်ဆူညံနေကြ၏။ ငမိုးသည်
ထောင်တွင်းမှကျွေးသော နံနက်စာ
ပြုတ်ကို ဦးညိုမောင်းအတွက်ပါ
ခုတင်သို့ပြန်ခဲ့လေ၏။ ခုတင်သို့
လျှင် ဦးညိုမောင်းမှာ ထူးဆန်းစွာ
မျက်နှာသစ်နေသည်ကို တွေ့ရ
အခါတိုင်းတွင် လူများစွာတို့
သတ်မှတ်ချက်ကို ညဟု သဘော
ကာ အိပ်စက်တတ်သော ဦးညို

နေမှ ထူးဆန်းစွာ နိုးထနေသည်
ဆန်းလှပေ၏။
ပြန်ပ်လည်း ဦးညိုမောင်းအား
ပြုတ်ခွက်ကမ်းပေးရင်း မသိမသာ
ခတ်နေမိ၏။ ထူးခြားသည်မှာ
င်ဖြစ်၏။ ဦးညိုမောင်းသည် မျက်
သစ်ပြီးနောက် အဝတ်အစားခပ်
သစ်တို့ကိုပါ ဝတ်ဆင်ထားလေ၏။
အကဲခတ်နေသည်ကို သိရှိသော
ညိုမောင်းမှာ ဆန်ပြုတ်ကို မသောက်
ဆဲ ခွက်ကို ပြန်ချကာ ...

"မင်း - ငါ့ကို ဘာလို့ စိုးကြည့်နေ
ဘာလဲ - ငါ့ပုံစံက ထူးခြားနေလို့
" ဟု ဦးညိုမောင်းမှ မေးလိုက်လျှင်
မှာ ရယ်ကျဲကျဲလုပ်ရင်း ...

"ဟုတ်တယ် - ထူးတာတော့ အမှန်
လို့ထူးနေတာလဲဆိုတာကိုလည်း
ချင်မိပါတယ်။ ဒါပေမဲ့ မေးပြန်ရင်
း စိတ်ဆိုးမှာစိုးလို့ မမေးဘဲ မသိ
ဘဲ အကဲခတ်နေတာပါ" ပြန်ဖြေ
လျှင် ဦးညိုမောင်းမှ ...

"မင်း မနက်က ဆန်ပြုတ်သွားယူ
ဘာတွေ ထူးခြားလဲ" ဟု မေး
—

"ဘာမှ မထူးခြားပါဘူး" ဟု ငမိုးမှ ပြန်ဖြေလိုက်၏။ ထိုအခါ ဦးညိုမောင်းမှာ ခေါင်းကို ဖြည်းညင်းစွာခါယမ်းရင်း ဆန်ပြုတ်ခွက်ကို မော့သောက်လိုက်လေ၏။ ပြီးလျှင် ...

"အဲဒါကြောင့် ရှေးလူကြီးတွေက ပြောခဲ့တာပဲ။ သတိမမူ ဂူမမြင်တဲ့ အခုဟာတော့ မင်းက ဂူမမြင်မဟုတ်ဘူး၊ ကျီးမမြင်လို့ ပြောရလိမ့်မယ်" ဟု ပြောလျှင် ငမိုးမှ ...

"ဘာကျီးမမြင်လဲဗျ၊ နားရှုပ်အောင် မလုပ်ပါနဲ့"

ဟုဆိုလိုက်လျှင် ဦးညိုမောင်းသည် ငမိုးအား သေချာစွာစိုက်ကြည့်ရင်း —

"မင်းဆန်ပြုတ်သွားယူတဲ့အချိန်က ထောင်အမိုးစွန်းတွေမှာ ကျီးတွေ သာနေကြတာမတွေ့ဘူးလား၊ အဲဒီကျီးတွေဟာ အရှေ့အရပ်ကနေ အေးဆေးတည်ငြိမ်စွာနဲ့ သာနေကြတယ်။ သေချာများ နားထောင်လိုက်မယ်ဆိုရင် သူတို့ရဲ့ အသံဟာ "ကဝ - ကဝ" လို့ မြည်နေတယ်ဆိုတာ ကြားရလိမ့်မယ်၊ အဲဒီနိမိတ်ကို ကောက်ယူရရင်တော့ မင်းစိုးရ တို့ကြောင့် ကြားရသူ အပေါင်း ပျော်ရွှင်

www.burmeseclassic.com

ရလိမ့်မယ်လို့ ဆိုတာပဲ။ ငါတို့ မင်းတို့မှာ မင်းအစိုးရနဲ့ပတ်သက်ပြီး ပျော်စရာ တစ်တော့ သူတို့ကြောင့် ထောင်က လွတ်ခြင်းပဲ၊ နိုင်ငံတော်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ရခြင်းပဲ" ဟု ပြောပြီး ခေါင်းရင်းရှိ ရေခွက်ကိုယူကာ မော့သောက်လိုက်လေ၏။ ငမိုးမှာမူ ဦးညိုမောင်းပြောသည်ကို ကြားရလျှင်ပင် ကြက်သေ သေသွား၏။ ငုတ်တုတ်ထိုင်ရင်း အသက်မရှိသည့် အလား ဖြစ်သွား၏။ ပြီးလျှင် ဆို့နင့်နေသော အသံတို့ဖြင့် ...

"တကယ် - တကယ် လား ဗျာ၊ ဦးညိုမောင်းပြောတာ တကယ်လားဗျာ" ဟု မေးလိုက်မိလေ၏။ ဦးညိုမောင်းလည်း ...

"ဟ - တကယ်ပေါ့ကွာ - တကယ်ပေါ့။ ငါပြောတာ အကြောင်းမဲ့ မဟုတ်ပါဘူးကွာ၊ တကောင်းခေတ်က နဂါးမင်းကို နိုင်တဲ့ မောင်ပေါက်ကျိုင်းဆိုသူရဲ့ မိခင်၊ ဖခင်တွေဟာ သားဖြစ်သူ မောင်ပေါက်ကျိုင်းဆီ သွားရင်နဲ့ လမ်းခရီးမှာတွေ့တဲ့ ကျီးဖို၊ ကျီးမတို့ပြောစကားကိုနားထောင်ပြီး သူတို့ရဲ့သားကို ဘေးဒုက္ခက လွတ်မြောက်စေခဲ့တယ်ဆိုတဲ့ သာဓကတွေ ရှိတယ်ကွ။ ကျီးငှက်ဆိုတာ ငါတို့ လူတွေနဲ့ အတော်ကို နီးစပ်တဲ့ သတ္တဝါ[...] ရှေးကဆိုရင် မင်းပြုလုပ်မယ့် ပုဂ္ဂိုလ်[...] ကျီးငှက်တို့ရဲ့ ဂုဏ်အင်္ဂါငါးပါးလို ပြည့်[...] လိုက်နာရမယ်လို့ ရာဇမတ္တကျမ်း[...] ဆိုထားတာကိုကြည့်ရင် ကျီးငှက်တွေ[...] သဘာဝကိုရှေးလူကြီးတွေက မပစ်[...] ခဲ့ဖူးဆိုတာ ထင်ရှားပါတယ်" ဟု ပြော[...] ခေတ္တနားလိုက်၏။ ထိုအချိန်တွင် င[...] မှ ...

"ဟုတ်ပါပြီ - ဦးညိုမောင်းရယ်[...] အထောက်အထားတွေက ခိုင်ပါပြီ၊ [...] ကျီးငှက်တို့ရဲ့ အင်္ဂါငါးပါးဆိုတာ ဘာ[...] လဲဗျ" ဟု မေးလိုက်လျှင် ...

"ပြောပြုမယ် - မလောပါနဲ့၊ ကျီးငှ[...] တွေရဲ့ အင်္ဂါငါးပါးဆိုတာက (၁) တာ[...] ဂုဏ် မေထုန်အမှုကို မမြင်ကွယ်ရာ[...] လျှို့ဝှက်စွာ ပြုကျင့်ခြင်း၊ (၂) ရန်သူ[...] အမြဲမပြတ် သတိထားစောင့်ကြည့်ခြ[...] (၃) အစာကိုတွေ့လျှင် အပေါင်းအဖေ[...] တွေကို ခေါ်ပြောစားသောက်ခြင်း[...] (၄) အစားအသောက်နဲ့ ရန်သူကို တ[...] မြိုင်နက်ကြည့်ရှုတတ်ခြင်း၊ (၅) ဖွဲ့လုံ[...] ဝီရိယအမြဲရှိခြင်းဆိုတာတွေပဲ၊ ပြီး[...] ကျီးငှက်တွေဟာ တခြားသတ္တဝါ[...] ထက် ထူးခြားတဲ့သတ္တဝါပဲ၊ သူတို့ စ[...] ပြောတဲ့အခါ လူတွေပြောတဲ့ သရတွေဖြစ်တဲ့ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ အော၊ အော်၊ အံ၊ အား စတဲ့ သရတွေကို သံတိုသံရှည်၊ အနိမ့်အမြင့်၊ အပေါ့အလေးပြုပြီး အော်ဟစ်တတ်ကြတယ်၊ ကျီးနဲ့ ပတ်သက်သမျှ ပြောရရင် ကျမ်းတစ်စောင်စေတစ်ဖွဲ့ ဖြစ်သွားလိမ့်မယ်၊ ကဲ - အဲဒီတော့ နောက်ဆုံး မင်းကို ပြောချင်တာ ကတော့ အမြန်ဆုံးနဲ့ အသန့်ဆုံးဝတ်စုံကို သွားလဲထားပါလို့ပဲ ပြောချင်ပါရဲ့" ဟု ဆိုကာ ခုတင်မှ ထသွားပြီး တခြားခုတင်ရှိသူများအား လိုက်လံစကားပြောနေလေတော့၏။


ထိုနေ့သည် ကျွန်ုပ်၏ တစ်သက်တွင် မမေ့မရသောနေ့ ဖြစ်၏။ နိုင်ငံတော်မှ အကျဉ်းကျခံနေရသောသူများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်လေ၏။ ထောင်အပြင်ဘက်တွင် ဦးညိုကြီးအား လိုက်ရှာမိ၏။ ဦးညိုကြီးကို ဝိုင်းဝန်းနှုတ်ဆက်နေသူများစွာတို့ အလယ်တွင် တွေ့ရလေ၏။ အတော်ကြာလျှင် လူစုများ ကွဲသွားပြီးမှ ဦးညိုကြီးအနားသို့ ကျွန်ုပ်လည်း လှမ်းသွားမိ၏၊ အနားရောက်လျှင် ဦးညိုကြီးမှာ ...

"လူတွေအားလုံးက ဒီအရာကို ပျော်စရာလို့ မြင်နေကြတယ်၊ အမှန်ကတော့ ရှုပ်ထွေးမှုရဲ့ လမ်းစပါပဲ၊ အပြောင်းအလဲတိုင်းမှာ ပင်ပန်းမှုတွေ ရှိတတ်ကြတယ်၊ အဆင်ပြေတဲ့ အပြောင်းအလဲဆိုတာ မရှိပါဘူး၊ အခု ဆိုရင် ငါတို့၊ မင်းတို့ဟာ ဒီအပြောင်းအလဲ ရဲ့ ရိုက်ခတ်မှုဒဏ်ကို ခံရတော့မယ်၊ ပထမဆုံးအနေနဲ့ ဝမ်းဖြည့်ဖို့အရေး ဒုတိယအနေနဲ့ နေဖို့အရေးပဲကွ၊ ကဲ - ငါ ကတော့ အရင်နေခဲ့တဲ့ ရန်ကုန် ကျိုက္ကစံ ဘုရားနားက သချိုင်းကိုပဲ ပြန်ရမှာပဲ၊ နောက်ဆုံးချင်သေးရင်တော့ အဲဒီသင်္ချိုင်း မှာ ငါ ရှိနေပါ့မယ်၊ အဲဒီကို လာခဲ့ပါ" ဟု ပြောရင်း လက်ပြနှုတ်ဆက်ကာ ထွက်သွားလေ၏။ ကျွန်ုပ်မှာလည်း ဦးညိုမောင်းပြောသည့်အတိုင်း အပြောင်းအလဲ၏ ဒဏ်ကို ခံစားနိုင်ရန် ကြိုးစားရိုးရခြေဦးလှည့်လိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com




# ဒဂုန်ရွှေမျှား
# ရော်ဘင်ဆင်ကရူးဆိုး


## မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ မိဋ္ဌမျောက်ကင်းစေရမည်။)

# ခရုသင်း(သမင်ဖြူ)

## LEUCODERMA

ခရုထင်း(ထခေဝ်ဖြူ)၊ ဖြူး နီ၊ နတ်ထွတ်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ငွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးတို့ အာမခံနှင့် ကုသပေးသည်။

**LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS,etc.**

ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိတောက်ရိပ်ငြိမ်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၆၆၆၄၇၈
ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉။

ဌာနခွဲ
အမှတ်(၂)၊ ၆၂ - လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့၊
ဖုန်း - ၀၂ ၂၁၁၁


www.burmeseclassic.com

www.burmeseclassic.com





စောစောပိုင်းကပင် တိမ်နီ တိမ်ဝါ တိမ်ပြာတွေနှင့် အလှဆင်ကာ တောက်ပ နေသော ညနေခင်း နွားရိုင်း သွင်းချိန် ပတ်ဝန်းကျင်အလှအပသည် လျင်မြန်စွာ ချုပ်ငြိမ်းကွယ်ပျောက်စ ပြုလာပေပြီ၊

အရှေ့မြောက်ထောင့် ယွန်းယွန်းဆီမှ မျိုးတူရာ မျိုးတူရာအုပ်စုဖွဲ့ပျံသန်းလာကြသော ငှက်အုပ်များသည် အနောက်တောင်ထောင့် တောအုပ်ညိုဆီသို့ တဖွဲဖွဲအိပ် တန်းဝင်နေကြပေပြီ၊ ပေတောကုန်းနှင့် ချပ်သင်းမြောင်

www.burmeseclassic.com

www.burmeseclassic.com

# ညောင်ပင်ပေါ်က တစ္ဆေသုံးကောင်

**မင်းတုန်းသိမ်သူ**

ရွာနှစ်ရွာကြားတွင် အရက်ပုန်းဆိုင်နှင့် ထန်းရည်ဆိုင်များရှိစေရာ ယခုချိန်တွင် ရီဝေဝေမျက်ထောင့်နီမျက်လုံးများ၊ မှုန်တေတေ မျက်နှာထားများ၊ လေချဉ်တအေ့အေ့ အသံများသည် သံပြိုင်ညီညာ ထွက်ပေါ်လာပြီကော။ အချို့က ပေတောကုန်းရွာဘက်ဆီသို့ ဒယီးဒယိုင်ခြေလှမ်းများဖြင့်၊ တချို့ကတော့ ချပ်သင်းမြောင်ရွာဘက်ဆီသို့ ပြန်ကြလေပြီ၊ အများစုကတော့ ချပ်သင်းမြောင်ဆီသို့ပြန်ကြသည်က များသည်၊ ပေတောကုန်းရွာကတော့ နည်းနည်းလှမ်းသည်၊ ပေတောကုန်းရွာသားတွေက သည်အရက်ပုန်းဆိုင်၊ ထန်းရည်ဆိုင်တို့ လာရောက်သည်က နည်းသည်၊ လမ်းကြုံရှိမှသာ ဝင်ရောက်သောက်ကြသည်တများပေသည်၊

အမှောင်သည် တဖြည်းဖြည်းကြီးစိုးဝင်ရောက်လာပေပြီ၊

မြင်းလှည်းဆရာ ကိုတာတီးသည် ရွာအဝင်ကားဂိတ်ခေါက်ဆွဲကြော်ဆိုင်မှ ဝယ်လာသော ခေါက်ဆွဲထုပ်ကို ကိုင်ရင်းတစ်လမ်းလုံးခြေကားရားလက်ကားရားဖြင့် လျှောက်လာသည်၊

"ခလောက်ကလေးရယ်တဲ့ - ဒိုးနိုးဒေါင်"

ပျို့တို့မောင် ယာမလုပ်တဲ့ - မြင်းလှည်းမောင်းတဲ့မောင်"

"ဟား - ဟား - ဟား"

သူသည် တောင်စဉ်ရေမရ ခြောက်တိုက်ရယ်မောရင်းသိုင်းကွက်ဘာလျှောက်လာခြင်းဖြစ်ပေသည်၊ ဝေ မျက်လုံးများဖြင့် ရွာဘက်ဆီကြည့်လိုက်တော့ မှောင်ရီပျိုးစနေခင်းအောက်ဆီတွင် ရွာအိမ်တဲဘာလေးတွေကို မှုန်ကုပ်ကုပ် လှမ်းရပြီဖြစ်သည်၊

ခြေလှမ်းကို ခပ်သွက်သွက် လှမ်းမိသည်၊ အရက်က ထွေနေတော့ အဆင်မပြေ၊ တစ်လုံးတစ်ပိုင်းကြီး သောက်မိုထားပေရာ ရေချိန်နေခြင်း ဖြစ်သည်၊ မနက်ကပင်သူ့ကိုမြင်းလှည်းသိမ်းလျှင်ဝက်နှင့် ခေါက်ဆွဲကြော် ဝယ်လာမည်ထားရာ ဇနီးသည်က စောင့်မျှော်ရောမည်၊

ခြေလှမ်းကို ခပ်သွက်သွက်လှမ်း လှည်းလမ်းကြောင်းပေါ်ကြားထဲထောက်ဝင်သွား၍ လဲမတတ် ဖြစ်လာသည်၊

"တောက် - ဒီပေါ်ကြားအက်နယ်"

ယိုင်တိယိုင်ထိုး လျှောက်လာရာ ရွာထိပ်ညောင်ပင်ကြီးအောက်သို့ ရောက်လာသည်၊ သည်တော့မှ ပြန်ကြနေသော သူ့စိတ်နှင့်ခန္ဓာကိုယ်ကိုတအံပူးကပ်ပေးလိုက်မိသည်၊ သည်ရောမယောကျ်ားကြီး သုံးဖက်စာခန့်ရှိသော ညောင်ပင်အိုကြီးသည် သူ မမွေးခင်ကပင် ရှိနေသည့် ညောင်ပင်အိုကြီးပင်ဖြစ်သည်၊ ဆရာကြီး မင်းသုဝဏ်၏ ပျဉ်းမငုတ်တို ကဗျာထဲကလို "စစ်တိုလည်း ကြုံ၊ ချအုံလည်း ဖြစ်၊ ဓားထစ်လည်း ခံ" ရသည့် ခေတ်စနစ် နှစ်ပေါင်းများစွာကိုဖြတ်သန်းလာခဲ့သည့်ညောင်ပင်ကြီးပင် ဖြစ်ပေသည်တကား၊

ပဒေသရာဇ် ပါတော်မူခေတ်၊ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ယခု လွတ်လပ်ရေးကာလ ရောင်စုံသူပုန်ခေတ်၊ စသည့် ခေတ်စနစ်တွေ ဖြတ်သန်းလာသည်ကိုကြုံရဆုံရသည့်ညောင်ပင်ကြီးဖြစ်ပေသည်တကား၊

သီပေါမင်းလက်ထက်က သည်နယ်တွင် ဓားပြကြီး ဗိုလ်မိုးလုံးကြီးစိုးခဲ့ဖူးရာ စစ်သည်ရဲမက်တို့က ဖမ်းဆီးမိသွားပြီး ညောင်ပင်တွင် ကြိုးဆွဲကာ စီရင်သတ်ခံရသည်ဟု အဆိုး၊ အသွားတွေ





www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်တော့ ပတ်ဝန်းကျင်က တတ်သမျှ မှတ်သမျှ ရေမန်းတိုက် ဘုရားစာတွေ ရွတ်တော့မှ ကွမ်းပြေရသွားကာ အကျိုးအကြောင်း ရှင်းပြနိုင်သည်။ ခေါက်ဆွဲထုပ်ကို ဖြေကြည့်လိုက်တော့ အထဲမှာ ဘာမှမရှိတော့ဘဲ ညောင်ရွက်အစိမ်းတွေသာ ခွေထည့်ထားသည်ကို တွေ့လိုက်ရပေသည်။ လတ်လတ်ဆတ်ဆတ် ညောင်ရွက်တွေ ဖြစ်သည် ...



ပြောဖူးသည်။ ဗိုလ်မိုးလုံး၏အရိုးများကိုညောင်ပင်[illegible] ရင်းတွင်ပင် မြှုပ်နှံထားသည်ဟု ဆိုကြသည်၊

အင်္ဂလိပ်ခေတ် ရောက်ပြန်တော့ ပေတောတျ[illegible] သူကြီးကိုအင်္ဂလိပ်အလိုတော်ရိတစ်ပါးကျွန်ဟုစွဲချ[illegible] တင်ကာ မြန်မာ့မျိုးချစ်သူရဲကောင်းများသည် ဤ[illegible] ညောင်ပင်ခြေရင်းမှာ နဖူးကို သေနတ်နှင့်ပစ်[illegible] အဆုံးစီရင်သွားဖူးသည်၊

လွန်ခဲ့သည့်တစ်လခန့် ပူပူနွေးနွေး ကျောင်း[illegible] ဖိုးငွေတစ်ယောက် ဆွဲကြိုး ချသေဆုံးသွားခဲ့ဖူးသည်[illegible] ဖိုးငွေသည် ရိုးသားသော သူရင်းငှား လူငယ်က[illegible] တစ်ယောက်ဖြစ်သည်၊ သူ့ရည်းစားကို ကောင်မ[illegible] ဘက်မှ မနှစ်မြို့သဘောမတူနိုင်ဘဲ မြို့ပေါ်မှ ချမ်း[illegible] သော လူ တစ်ယောက်နှင့် အတင်းအကြပ်ပေး[illegible] လိုက်ရာ ဖိုးငွေ စိတ်ညစ်ပြီး နဖားကြိုးဖြင့် ညောင်[illegible] ကို ချည်နှောင်ကာ အချစ်အတွက် သက်သေပြသွ[illegible] ခြင်း ဖြစ်ပေသည်၊

ကိုတာတီးသည် ညောင်ပင်ကြီး၏ စိမ်းစိုအုပ်ဆိုင်းလှသော အရွက်ဖားဖား ကြီးများအောက်သို့ ဝင်ရောက်လိုက် သည်နှင့် တစ်ကိုယ်လုံး ကြက်သီးမွေး ညင်းထကာ ကျောပြင်တစ်လျှောက်မှာ ထက်ထက်နှင့် ပေါ့ဖွဖွ ဆွဲချသလို ခံစား လိုက်ရသည်၊

"အား - ကျောထဲကို စိမ့်သွားတာ ဝဲ"

သူ့အတွေး ဆုံးသွားသည်နှင့် နောက် ကျောဘက်ကို တစ်စုံ တစ် ယောက်တိုးကပ်လာသလိုခံစားလိုက်ရ ပြန်သည်၊ သူ လှည့်ကြည့်လိုက်တော့ ဆည်သူမျှမရှိ၊

"ဘယ်လိုလဲ"

ရုတ်တရက် လူတွေ သူ့အနား ဝိုင်း လာသလိုခံစားလိုက်ရပြန်သည်၊ ကြက် သီးတွေ တဖြန်းဖြန်းထကာ ထွက်ပြေး ရမလို၊ ထိုင်ချရမလို ဖဝေဖဝါ ဖြစ်လာ သည်၊ ညောင်ပင်ကြီးပေါ် မော့ကြည့် လိုက်တော့ လေတိုက်သဖြင့် သစ်ရွက် တွေလှုပ်နေသည်၊ သစ်ရွက်လှုပ်သဖြင့် အရိပ်မည်းကြီးတွေ ရွေ့လျားနေကြ သည်၊ အမှောင်ထုထဲမှ တစ်စုံ တစ် ယောက်ပဲ ခုန်ချတော့မလို ဘွားခနဲ ပေါ် လာတော့မလို၊

ကို တာတီး သည် ရုတ်တရက် သောက်စားလာသောအမူးရသာကလေး ပြေပျောက်သွားရတော့သည့်လှုပ်ရှားမှု တစ်ခုက ရုတ်တရက် ပေါ်ပေါက်လာ သည်၊

သူ့လက်ထဲမှကိုင်လာသောခေါက် ဆွဲထုပ်ကိုတစ်စုံတစ်ယောက်ကနောက် မှနေ၍ဆတ်ခနဲ ဆွဲလိုက်ခြင်းဖြစ်သည်၊

"ဟိုက် - ဘယ်ကောင်လဲကွ"

နောက် သို့ လှည့် ကြည့် သည်၊ မည်သူမျှမရှိ၊ ရုတ်တရက် ချွေးစေးတွေ ပြန်လာသည်၊ ကြက်သီးဖြန်းခနဲထသွား သည်၊ ခေါက်ဆွဲထုပ်က လက်ထဲမှာပင် ရှိသေးသည်၊ ဆောင့်ဆွဲလိုက်ရာသို့ ပါမသွား၊ ကိုတာတီးသည် မူးပင်မူးကြား သော်လည်း လက်ထဲက ခေါက်ဆွဲထုပ် တော့ အဆုံးရှုံးခံ၍ မဖြစ်၊ အိမ်ရောက်၍ ခေါက်ဆွဲထုပ် ပါမသွားလျှင် မိန်းမနှင့် ပြဿနာဖြစ်ရတော့မည်၊ ဒါပေမဲ့ သူနှင့် အရက်သောက်တုန်းက ချုပ်သင်းခြောင် က သံလုံးနှင့် အတူတူ အရက်သောက် ခြင်း ဖြစ်သည်၊ သံလုံးများနောက်တ လိုက်လာပြီး တစ္ဆေခြောက်တာလား ဒီကောင်က နောက်တီးနောက်တဲ့ ကောင်၊ ဒါပေမဲ့ ဒီလောက်မှောင်ရိပ်ျမ တစ်မျှော်တစ်ခေါ် ဝေးသည့်နေရာထိ





www.burmeseclassic.com

www.burmeseclassic.com

လိုက်လံ၍ နောက်ပြောင်ကျည်စယ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါဆို ဘယ်သူလဲ၊ အမလေး – ဘုရား – ဘုရား – ဒီနားမှာ လောလောဆယ် ငါတစ်ယောက်တည်းပါလား။ ဖြတ်သွားဖြတ်လာ တစ်ယောက်မှ မရှိ။ ဒါဆို သရဲသုံးကောင်ထဲက တစ်ကောင်ဖြစ်နိုင်သည်။

ကိုတာတီးသည် ညောင်ပင်အောက်မှ အမြန်ဆုံးထွက်ခွာရန် ခြေလှမ်းကိုပြင်သည်။ စောစောက မှုးယစ်ဝေသော ဝေဒနာလေးလည်း အငွေ့ပျံစင်ပျောက်သွားပေပြီ။

ရုတ်တရက် ခေါက်ဆွဲထုပ်ကို နောက်မှ ဒုတိယအကြိမ် ဆောင့်ဆွဲခြင်းကို ခံလိုက်ရပြန်ပြီ။

“ဟ – ဘယ် – သူတောင်းစားလဲ တော့၊ ငါ့မိန်းမအတွက် ဝယ်လာတဲ့ ဟာတို – ဟာကို – ဟာပဲ – ဟာပဲ”

သူသည်အမှောင်ထဲမှာပင်ယောင်ယမ်း၍ ကလော်တုတ်သည်၊ ဆဲရေးတိုင်းထွာသည်။ သည်ကြားထဲခေါက်ဆွဲထုပ်က အနောက်သို့ ပါပါသွားသည်။ အကောင်အထည် မမြင်ရ။

“ခွေးမသားတချွေ”

ထိုစဉ် ခေါက်ဆွဲထုပ်ကို ဆုပ်ကိုင်ထားရာမှ အမှောင်ထဲတွင် ပြောက်ကြည့်လိုက်မိရာ ခေါက်ဆွဲကြော်ထုပ်ကို တစ်စုံတစ်ယောက်က ကြေးစည်ထုသလိုလှည့်နေသည်ကိုတွေ့လိုက်ရလေသည့်တကား။

“ဘုရား – ဘုရား – ငါ့ကိုခြောက်ပြီ – သရဲ”

“ဟီ – ဟီ – ဟီ”

ရုတ်တရက် ရယ်သံကြီးတစ်သံ ညောင်ပင်ပေါ်မှ ထွက်လာသည်။ ထိတ်ထိတ်ပျာပျာဖြင့် မော့ကြည့်လိုက်ရာ ရောမသစ်ကိုင်းခြောက်ကြီးတစ်ခု သူ့ရှိရာသို့ ဆန့်ထွက်လာသည်။ သစ်ကိုင်းခြောက်ကြီးအပေါ်တွင် ...

ဟင်းချိုသောက်ပန်းကန်လုံးပမာဏရှိနီကြောင်ကြောင်မျက်လုံးကြီးနှစ်လုံး ...။ မျက်လုံးကြီးနှစ်လုံးသည် တာတီးကို ပေကလပ်ပေကလပ်ဖြင့် စိုက်ကြည့်နေခြင်းပေတည်း။ ကိုတာတီးသည် နလုံးသွေးရပ်သလို လေဖြတ်သလို ခပ်တောင့်တောင့် ဖြစ်သွားကာ ...

“အောင်မယ်လေးဗျ”

ငယ်သံပါအောင်အော်ကာ တစ်ချိုးတည်း ပြေးလေတော့သည်။ လမ်းတစ်လျှောက် ကျင်းချိုင့်တွေကို မမြင်။ ဟပ်ထိုး ဟပ်ထိုးလဲကျသည်ကို သတိမပြုမိ၊ ချော်လဲသည်ကို နာကျင်ရမှန်းမသိ၊ အိမ်သို့ မည်သို့မည်ပုံ ရောက်သွားသည်ကို စဉ်းစားမရတော့၊

အိမ်ရောက်တော့ ပတ်ဝန်းကျင်က ထတ်သမျှမှတ်သမျှရေမန်းတိုက်ဘုရားစာတွေ ရွတ်တော့မှ ဘုရားကြွေ့ရသွားကာ အကျိုးအကြောင်း၊ ရှင်းပြနိုင်သည်၊ ခေါက်ဆွဲထုပ်ကို ဖြေကြည့်လိုက်တော့ အထဲမှာ ဘာမှမရှိတော့ဘဲ ညောင်ရွက်အစိမ်းတွေသာ ချွေထည့်ထားသည်ကို တွေ့လိုက်ရပေသည်၊ လတ်လတ်ဆတ်ဆတ် ညောင်ရွက်တွေဖြစ်သည်။

“တော်ရေ – ရှင်တော့ မသေတောင်း မပျောက်ကောင်းတော်၊ သောက်ချပ်ဦးအရက်”

သည်လိုနှင့် တာတီး သရဲခြောက်ခံရခြင်းမှာ အရက်၏ပယောဂမကင်းဟု ဆိုကြသည်၊

“ခွေးမသား – ဆွဲကြိုးရှသေတဲ့ ဒီငွေပဲနေမှာ”

❀

နံနက်စောစော ကျီးမနိုးမီအချိန် ရှာဦးကျောင်းဆီမှ ကုလားတက်ခေါက်ခြင်းအချိန် ...

မဆယ်သည် နံနက်စောစော ကပင် ကောက်ညှင်းပေါင်းကာ ငါးခြောက်ခန့်ဆိုလျှင် ရောင်းချရန်ပြင်ဆင်ပြီး ဖြ သည်၊ တစ်မိုင်သာသာဝေးသောရွာထိ မြင်းလှည်းဂိတ်တွင် ဆိုင်ခုံကလေး ချ စိုက်တဲကလေး ဆောက်ထားတာ ရောင်းချသည်၊ ကားဂိတ်မြင်းလှည် ဂိတ်ဆုံရာဖြစ်သဖြင့် အရောင်းအဝေ ကောင်းလှသည်ဟု ဆိုရပေမည်။

မိဘအိုကြီးနှစ်ပါးကို မညည်းမည ဈေးရောင်းရာဖွေလုပ်ကိုင် ကျွေးမွေး သော မဆယ်သည် အပျိုကြီးတ ယောက်သာ ဖြစ်သည်၊ အသက် (၃၅ နှစ်ခန့်ရှိပြီ၊ ရုပ်ရည်ရူပကာ သင့်တ သော်လည်း စိတ်ကြိုက် မတွေ့သေး လော၊ ဖူးစာရှင်မပေါ်ပေါက်သေး၍လေ မသိ၊ အပျိုကြီးဘဝက မလွတ်ကျွတ်နို သေးပေ၊

မြဲဝင်းကျယ်ကျယ် သီးပင်စားပေ ဝေဖဝဆာဆာနှင့်ဝမ်းစာအတွက်လ ကလေးနှစ်ကွက်သုံးကွက်ရှိပြီး မပူပ မတောင့်မတနေရသော်လည်း ရောင်းဈေးဝယ် ဝါသနာထုံ လှ မဆယ်သည်ဝီရိယကြီးမားခြင်း ချ စီးစီးကာလကြီးတွင်ပင် ချေးစိုး တ





www.burmeseclassic.com

www.burmeseclassic.com

တောက်ညှင်းပေါင်းတောင်းရွက်ရင်း မြင်းလှည်းဂိတ်သို့ ထွက်လာသည်။

ဆောင်းကာလသည် ညတာရှည်သည့် အလျောက် နံနက်ငါးနာရီခန့် အချိန်ကာလသည် မှောင်မိုက်တုန်း၊ အလင်းပျောက်နေတုန်းပင်။

ရွာပြင်လမ်းမသည် တိတ်ဆိတ်လျက်ရှိသည်။ ဖြတ်သွားဖြတ်လာ တစ်ဦးစ နှစ်ဦးစကိုပင် မမြင်ရသေးပေ။ တစီစီမြည်နေသော ပိုးပုရစ်ကောင်များ၏ အသံ၊ အစာရှာ ညယံငှက်များ၏ ရိုစ်ခနဲ ရိုစ်ခနဲ ဖြတ်၍ ပျံသန်းသွားသော မြင်ကွင်း။ လေငြိမ်သဖြင့် မလှုပ်မရှက် ငြိမ်သက်ငိုက်မြည်းနေကြသော သစ်ပင်ကြီးများသည်သာ မလှုပ်မယှက် အကဲခတ်စိုက်ကြည့်နေကြသယောင် ရှိသည်။

ခါတိုင်းနှစ္စဝ နံနက်စောစောဈေးထွက်မြဲဖြစ်သည်။ မဆယ်သည် သည်နေတော့ ရင်ထဲမှ လေးလံနေသယောင်ယောင်။

ရုတ်တရက်သွေးခဲမတတ်ဆောင်းလေကြမ်းတစ်ချက်က ခပ်ပြင်းပြင်း တလေးဆောင့်၍ တိုက်လိုက်လေသည်။

"အမလေး - အေးလိုက်တာ"

အမှောင်ထုအောက်ဆီမှ သစ်ရွက်သစ်ခွက်တွေ တရှဲရှဲမြည်ကာ လှုပ်ခါယမ်းသွားလေသည်။ သူသည် နောက်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ရွာသည် ဟိုးခပ်ဝေးဝေးမှာ ကျန်ရစ်ခဲ့ပြီ။ ရွာထဲရှိ တဲအချို့၏ မီးရောင်လက်လက်ကိုသာ မြင်နေရသေးသည်။

သူ့ရှေ့တူရူမှာတော့ အထင်ကရ ညောင်ပင်ကြီးရှိသည်။ ညောင်ပင်ကို ကျော်လိုက်မည်ဆိုလျှင်တော့ လှည်းဂိတ်သည်မဝေးတော့။ မြင်းလှည်းဂိတ်တွင်တော့ လူနှစ်ဦးစ သုံးဦးစ အမြဲရှိသည်။ ကြောက်စရာမလို။

သူမ၏ ခြေလှမ်းများသည် ညောင်ပင်ကြီးကိုမြင်ခါမှ ပို၍ပို၍ ခပ်သွက်သွက်ဖြစ်လာသည်။ လျင်မြန်သော ခြေလှမ်းများကြောင့် ညောင်ပင်ကြီးနှင့် နီးလေ သူမစိတ်တွေ ပို၍ တွေပြားလာလေဖြစ်သည်။

ညောင်ပင်ကြီးမှာ တစ္ဆေရှိသတဲ့၊ တစ္ဆေခြောက်သတဲ့။

မဆယ်သည် ဈေးတောင်းကို လက်ဖြင့် ထိန်းမတ်ရင်း ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်သည်။

ဆောင်းလေက တဟူးဟူးတိုက်လာသည်။ သစ်ရွက်တွေ ဖျောခနဲမြည်ကာ ငြိမ်သက်သွားသည်။

"အေးလိုက်တာနော် - စိမ့်သွားတာ မြန်မြန်လျှောက်မှ"

ညောင်ပင်ကြီး၏ မည်းမှောင်သော အရိပ်သည် နေရာအနှံ့ယူထားသည်။ လေတိုက်သဖြင့် သစ်ရွက်တွေ ငြိမ်သော်လည်း တရွေ့ရွေ့တော့ လှုပ်နေသေးသည်။

မဆယ်သည် အရိပ်ကောင်းလှသည့် ညောင်ပင်ကြီးကို တစ်ချက်တော့ လှမ်းကြည့်မိလိုက်သေးသည်။ ကျောချမ်းခနဲ စိမ့်အေးသွားသည်။

သည် ညောင်ပင်ကြီးမှာ တစ္ဆေခြောက်သတဲ့။

တစ္ဆေတွေမှာ တစ်ကောင်တည်းမဟုတ်၊ နှစ်ကောင်၊ သုံးကောင်တောင်ရှိတဲ့၊ အမလေး - လွန်ခဲ့တဲ့ သုံးရက်လောက်က ရွာထဲက အရက်သမားကိုတာတီးခြောက်လှတ်လိုက်သည်ဆိုပဲ။ တော်တော်ဆိုးတဲ့ သရဲပါလား၊ ခေါက်ဆွဲထုပ်ကို လုစားသတဲ့။ ပြီးတော့ ခေါက်ဆွဲထုပ်ထဲကို ညောင်ရွက်တွေ ထည့်လွှတ်သတဲ့၊ တော်တော်အကျင့်တန်တဲ့ သရဲပါကလား။ မဖြစ်ဘူး - မဖြစ်ဘူး - ညောင်ပင်ကလွတ်အောင် မြန်မြန်လျှောက်မှပဲ။

သူမခပ်သွက်သွက်လျှောက်လိုက်သည်။

ညောင်ပင်ကို ကျော်သွားသည်။

ဘုရား - ဘုရား - တော်ပါသေးရဲ့။ ညောင်ပင်အောက်က လွတ်သွားပြီ။ ဟိုးဝေးဝေးမှာ မြင်းလှည်းဂိတ်ကိုပင် လှမ်းမြင်နေရပြီ။ ထိုစဉ် ရှေ့တူရူမှ မီးအုပ် (ဓားမီးအုပ်) ကလေးကိုင်ကာ လူတစ်ယောက် မျက်နှာချင်းဆိုင်မှ လျှောက်လာသည်။ မြင်းလှည်းဂိတ်ဆီမှ ထွက်လာတာ ဖြစ်မည်။ ရွာထဲကလား၊ ခရီးသည်လားမသိ၊ ဘာပဲဖြစ်ဖြစ်၊ သည်လို လင်းအားကြီးအချိန်မှာ လူတစ်ယောက်ကို တွေ့လိုက်ရတာ အားရှိစရာ၊ အဖော်ပဲ မဟုတ်လား။

မျက်နှာချင်းဆိုင်မှ လူနှင့် တဖြည်းဖြည်း နီးကပ်လာသည်။ ခေါင်းပေါင်းပေါင်းထားသော လူတစ်ယောက် ဓားမီးအုပ်၏ အလင်းရောင်ဖြင့် လှမ်းကြည့်လိုက်တော့ လူစိမ်းတစ်ယောက်ပဲ ဖြစ်သည်။ ရွာထဲကတော့ မဟုတ်ပေ။ ဘာပဲဖြစ်ဖြစ် အဖော်ရသည်။





www.burmeseclassic.com

www.burmeseclassic.com

သူမနှင့် လက်တစ်ကမ်းအကွာတွင်လူစိမ်းကအကဲခတ်သလိုတစ်ချက်လှမ်းကြည့်လိုက်သည်။

"တောင်းထဲက ဘာတွေတုံး"

လူစိမ်းဆီမှ ထွက်ပေါ်လာသော အသံ၊ အသံက ဩရှရှ ...။

"ကောက်ညှင်းပေါင်းပါရှင့်"

လူစိမ်းသည် တစ်ချက် ရယ်လိုက်သည်။

"စောစောစီးစီး အတော်ပဲ၊ အစာထွက်ရှာတော့ ဘာမှ မရလိုက်ဘူး"

သူမသည်တစ်ချက်တော့တွေသွားသည်၊တစ်စုံတစ်ယောက်နှင့်ပြန်ပြောရန်ပြင်ဆင်လိုက်ချိန်မှာပင် လူစိမ်းက အသံဩကြီးနှင့်ပင်။

"နည်းနည်းရောင်းစမ်းကွယ်"

အင် - ဘာပဲဖြစ်ဖြစ်၊ဝယ်သူရှိတော့ ဈေးဦးပေါက် ရောင်းရတာပေါ့၊ ငြင်းလိုက်၍ မဖြစ်၊ ဈေးဦး ကန်းသွားလျှင် နိမိတ်မရှိ။

သူမသည် ဖားမီးအုပ်အရောင်ဖြင့် ဈေးတောင်းကို ချလိုက်သည်။

မဆယ် ၏ ကောက်ညှင်းပေါင်း တောင်းသည် အဖုံးဖွင့်လိုက်သည်နှင့် မွှေးပျံ့သော ကောက်ညှင်းပေါင်းရန့်လိုက်ကာ ထွက်လာလေသည်။

"အား - တယ်မွှေးတာပဲကိုး"

မဆယ်သည် မီးအုပ်ဆောင် လူကို ဆတ်ခနဲ မော့ကြည့်လိုက်သည် အသက်လေးဆယ်ကျော် ခန့်ရှိ မည်၊ အသားမည်းလွန်းသည်၊ မီး ကြောင့် အဆီပြောင်ပြောင် မျက်နှာ သည် ပို၍ ပြောင်တင်းလာသည် သည်၊ အသံကြီးက ပို၍ အစ်တစ် ဖြစ်လာသည် အောက်မေ့သည်။

"ဘယ် - ဘယ်လောက်ဖိုး ပေးရမှာလဲရှင့်"

"ဒီလောက်ဖိုးပေါ့"

ထိုလူသည် အိတ်ထဲမှ ကျ တစ်ပြားကို ထုတ်ပေးသည်၊ မ လှမ်းယူပြီး မီးရောင်တွင် ငုံ့ကြည့် မိသည်။

ရွှေရောင်ဝင်းလက်နေသော ခေတ်သုံး ရွှေဒင်္ဂါးပြားတစ်ပြား မဆယ်သည် အနည်းငယ် တွေ သည်၊ အဖိုးထိုက်တန်သော ရွှေ သုံး ရွှေဒင်္ဂါးပြားနှင့် ကောက်ညှင်း ဝယ်သူသည် မည်သို့သော ပုဂ္ဂို နေနည်း၊ သည်လူကြီးကိုသည်အရပ်မှာ တွေ့ဖူးပေ၊ အချိန်မတော်၊ မည်သည့် အရပ်က ရောက်လာသနည်း။

"ဦး - ဦးလေးကို တစ်ခါမှ မတွေ့ ဘူး၊ ဘယ်မှာနေတာလဲဟင်"

ထိုလူသည် မဆယ်ကို တစ်ချက် ကြည့်ကာ ရွာဘက်သို့ မေးဆတ် သည်၊

"ရွာထဲမှ ဦးလေးကို မတွေ့ဖူးပါဘူး"

မဆယ်၏ရင်ထဲတွင် သံသယစိတ် စုသည် ကြီးထွားလာသည်၊ ဖားမီး အလင်းစက်ဝန်းထဲမှ မြင်နေရ မည်းပုပ်ပုပ်မျက်နှာပြဲအဆီပြောင် ကို ရုတ်ခြည်းကြောက်ရွံ့စိတ်ဝင် သည်၊ ဘုရား - ဘုရား - လူမှ ဟုတ် မသိ - လူ - လူ၊

ထိုလူသည် ဖားမီးအုပ်ကို သေးသို့ ပြီး ရွာဘက်ကို လက်ညှိုးထိုးပြ သည်၊ ရုတ်တရက် ပါးစပ်ဟလိုက် တွမ်းရေးစွဲနေသော ဧရာမ သွားနီနီ တွေကို တွေ့လိုက်ရပေရာ ပို၍ သကြီးထွားလာသည်၊

လက်ညှိုးထိုးရာကို လှည့်ကြည့် တော့မဆယ်ကျော်ဖြတ်လာသော ညောင်ပင်ကြီးပဲ ဖြစ်သည်၊ ဘာမှ မရှိ။

မဆယ်သည် ဖြန်းခနဲ သွေးတွေ ပေါက်ကွဲလွင့်စဉ်မတတ် ကြောက်ရွံ့သွားလေသည်၊ ထိုလူသည် အစာနှင်နေသော ကြက်ဖအိုကြီးတစ်ကောင်၏ လည်ပင်းအစ်သံကြီးဖြင့် ...

"အဲဒီမှာနေတာ - ညောင် - ညောင်ပင်"

"အမလေး - ဘုရား - ဘုရား"

မဆယ်သည် ရုတ်တရက် လေငန်း မိသလို ကြက်သေ သေတာ မလှုပ်ရှား နိုင်တော့၊

"ဟီး - ဟီး - ဟီး"

ကြောက်မက်ရွံ့ရှာဖွယ် ရယ်သံကြီး တစ်သံ၊

ထိုလူသည် ခေါင်းမှာ ပေါင်းထား သော ခေါင်းပေါင်းမျက်နှာသုတ်ပဝါကို ရုတ်တရက် ဖြေချလိုက်သည်၊ မဆယ် သည်မြင်လိုက်ရသည့်မြင်ကွင်းကြောင့် အသက်ရှုရပ်ကာ ...

"အ - အ - အ - သရဲ - သ - သ - ရဲ"

သတိလစ် လျက် ကောက်ညှင်း ပေါင်း တောင်းပေါ်သို့ လဲကျသွားသည်၊

ခေါင်းပေါင်းကို ဖြေချလိုက်သည့် လူ၏မျက်နှာပြင်ရှိ နဖူးပြင်တွင် ကျပ်စေ့

www.burmeseclassic.com

ဝိုင်းခန့် တိုးလျှိုးပေါက် အပေါက်ကြီး တစ်ခုကို မြင်လိုက်ရသောကြောင့် ဖြစ်ပေသည်တကား။

❀

မနက်စောစော တောတက်မည့် ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်ခေတ်ကျန် မီးတိုင်မောင်းပျက် သေနတ်ကိုပြင်ဆင် မွမ်းမံကာ ကျည်ဆန်လုံလုံ လောက်လောက်ဖြင့် နေအိမ်မှထွက်လာသော ဦးပေသည်တောလမ်းအတိုင်းလျှောက် လာသည်။ သူ ထွက်လာသောအချိန် သည်အင်္ဂလိပ်နာရီသုံးနာရီကျော်ကျော် သာ ရှိသေးသည်။ မိုးမလင်းသေး ညဥ့် ငှက်တွေ အစာရှာ၍ ကောင်းသည့် အချိန်။

သူထွက်ခဲ့ရာ ချပ်သင်းမြောင်ရွာကို လှည့်ကြည့်လိုက်တော့ ရွာကလေး သည် ပြင်းထန်ဆိုးဝါးလှသော ဆောင်း ရာသီ၏ နှင်းထုလွှာအောက်တွင် မလှုပ် မယှက် ငေးငြိမ်အိပ်ပျော်နေဆဲ၊ အေး ချမ်းစွာ အနားယူနေဆဲ၊ သူလို တော တက်မုဆိုးကျော် တစ်ယောက်သာ၊ မအိပ်နိုင်ဘဲ တောလမ်းခရီးလမ်းပေါ် တစ်ယောက်တည်း လမ်းလျှောက်နေ ဆဲ။ သူသည် ရောမ ပြောင်းဖူးဖက်ဆေး

လိပ်ကြီးကိုပါးစောင်တွင်ခဲကာသေနတ် တောတက်လွယ်အိတ်ကို လွယ် ငိုက်စိုက်ငိုက်စိုက်ဖြင့် လှမ်းလာခြင်း သည်။

သူသည် တောတက်ရာတွင် တစ် ယောက်တည်း ထွက်ခဲ့သည်၊ ကြော မက်ဖွယ် တောရိုင်းတိရစ္ဆာန်များနှင့် ဆိုင်တွေ့ရာတွင် တစ်ယောက်တည်း သမားအဖို့ လွန်မင်းစွာ အသ အန္တရာယ်များလှသည်။ သည် သူ့ကို လုပ်ငန်းတူ ဝါသနာတူ ယောက်ကို တွဲဖက်ညီစွာ လက်တွဲ ပြုထားရသည်။

စောကြက်ရိုးသည် ပေတော ရွာသားဖြစ်ကာ သူလိုမုဆိုးတစ်ယော ဖြစ်သည်သာမက တောတက်အ အကြံ့လည်း များသူဖြစ်သည်။ သူ နှစ်ယောက်သည်ပူးတွဲကာ တောလို ကြသဖြင့် သားကောင်မရမရှိဘဲ ရွာ ပြန်လာရိုးထုံးစံမရှိပေ။ အနည်း သင်းခွေချပ်၊ ဖွတ်တော့ တစ်ကော ရစမြဲပင်။ စောကြက်ရိုးက ဒူးလေ ကျွမ်းကျင်သလောက် သူကတော့ နတ်ပစ် ကျွမ်းကျင်သည်။ သေနတ် အမျိုးမျိုးပြုပြင်ကာ သုံးတတ်သ သူ၏ အရည်အချင်းတစ်ရပ်ဟု သိ



ကြက်ယူရမည့် အချက်တစ်ချက် ဖြစ်၏။ လုပ် သနတ်၊ လုပ်ကျည်ဆန်၊ ကျွမ်းကျင်စွာ လုပ်တတ်သည်။ လွှ ဆောက်၊ ပွတ်ရုံး၊ တံစဉ်း စသည့် ပစ္စည်းကိရိယာများ ည်းစုံလင်စွာ စုဆောင်းထားသည်။ ယခုတောတက် ာလိုက် ထွက်လာတော့ လက်လုပ်ကျည်ဆန် တောင့်သုံးဆယ်ခန့် ပါလာသည်။ အမဲကြီးများမှ ၍ တော်ရုံတောဝက်၊ ချေလောက်တော့ တစ်ချက် ာင်း ပစ်နိုင်သည်။

လွန်ခဲ့သည့်နှစ်ရက်ကပင် သူသည် စောကြက်ရိုး င့် တောလိုက်ရန် ချိန်းဆို ထားရာ ပေတောကုန်းသို့ ွက်လာခြင်း ဖြစ်သည်။ ချမ်းအေးလှသော ဆောင်း ာသီဖြစ်ရာကားအနွေးထည်လုံလုံလောက်လောက် ွာအပြည့်အစုံ ထည့်ထားသော လွယ်အိတ်ကြီးကို ယ်ကာ ငိုက်စိုက်ငိုက်စိုက်ဖြင့် ထွက်လာခြင်း ဖြစ် သည်။

လူစိမ်း၏ မျက်နှာကြီးသည်
မီးအလင်းရောင်အောက်တွင်
ကြောက်မက်ဖွယ်
ပြောင်လက်လာသည်သာမက
သူ့ကို မီးလျှံကြားမှ
စိုက်ကြည့်နေသော
မျက်လုံးများသည်
ချက်ချင်းအနီရောင်သမ်းလာကာ
ပြောင်လက်လာသည် ထင်သည်။
သူ့လက်ထဲမှ
အမဲခြောက်ဖုတ်ကို
စိုက်ကြည့်နေခြင်း ဖြစ်ပေသည်။
အမဲခြောက်ဖုတ်ကို စားလိုသော
လူစိမ်း၏ မျက်ဝန်းများသည်
တဖြည်းဖြည်း ပြူးကျယ်လာကာ
မျက်နှာကြီးသည်
တစ်စတစ်စ
ဖောယောင်လာသည် ...

www.burmeseclassic.com

ရွာနစ်ရွာကြားတွင် အရိပ်ကောင်းလှသည့်ညောင်ပင်ကြီးတစ်ပင်ရှိသည်။ သူတို့နစ်ယောက်သည် ညောင်ပင်ကို ဗဟိုပြုကာ ချိန်းဆိုစမြဲ၊ ညောင်ပင်အောက်မှာပင် စုရပ်ပြုကာ လမ်းခွဲကြစမြဲ။

ဖိုးပေသည် အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်တော့ ညောင်ပင်ကို စတင်မြင်နေရပေပြီ။ ညောင်ပင်အောက်ရောက်မှ ခေတ္တနားရမည်၊ ဆေးလိပ်ကို အားပါးတရ သောက်ရမည်ဟု အားခံကာ ဆေးပေါ့လိပ်ကြီးကိုကိုင်လျက် တံတွေးကို မျိုချလေသည်။

"ဂလု"

တိတ်ဆိတ်လှသော ညယံတွင် သူ၏တံတွေးကို မျိုချသံက ကြောက်မက်ဖွယ် ကျယ်လောင်သွားခဲ့သည်။ လေသည် တဝေါဝေါမြည်ကာ တိုက်ခတ်လျက် ရှိသည်။ ဆောင်းလေ၏ စူးရှထက်မြက်လှသော အအေးဓက်အအေးမှန်များသည်အကျီလွှတ်ရာအသားများကိုဝင်ရောက်တိုးကပ်ကာကိုက်ဖဲ့လျက် ရှိပေရာ အရိုးကွဲအသားပုံ့ထွက်မတတ် နာကျင်အေားခဲလှပေသည်။ မွေးညင်းပေါက်များကိုအပ်ဖျားနှင့်ဆွဘိသကဲ့သို့ ရိုးတွင်းချဉ်ဆီထိ စိမ့်ဝင်လာသော အအေးဓာတ်ကို မည်သည့်နည်း ကာကွယ်ရမည်ကို မတွေးတောတ အောင် ရှိပေသည်။

သူသည် ဆေးပေါ့လိပ်ကြီးကိုတ ဖွာ နစ်ဖွာ ရှိုက်လိုက်ကာ ညောင်ပ အောက်သို့ တစ်လှမ်းချင်း ဝင်လိုက သည်။ အပင်အောက်သို့ ဝင်လိုက်ခ ပို၍ပင် တစ်ကိုယ်လုံး အေးစိမ့်သွ သလို ခံစားလိုက်ရကာ ကောက်ရိုး ကောင်းကောင်းထဲဝင်၍ခွေအိပ်ချင်စိ ပေါက်သွားပေသည်။

"အားရိုး – တယ်ဆော်တဲ့ ဆော ပါလားကရို"

ညမိုက်ညဖြစ်သဖြင့် အလင်း အလင်းစက် တစ်ရေးသားပင်ရှာ မတွေ့နိုင်သေးပေ။ သူသည်မှန်ရိုရိုတ ထဲမှာပင် ညောင်မြစ်ဆုံကြီးပေါ်တွ ခြေပစ်လက်ပစ် ထိုင်ချလိုက်ကာ ကြက်ရိုးမလာမချင်း စောင့်ရပေတေ မည်။ ပြီးတော့ ရိုးမတောင်ခြေသို့ တ နာရီခွဲခန့် ခြေကုန်သုတ်ရပေမည်။

ဆောင်းလေသည် တသုန် တိုက်ခတ်လျက် ရှိသည်။ လေတိုး လိုက်တိုင်း ညောင်ရွက်များသ

အဖျောဖျောမြည်ကာ အအေးဓာတ်နှင့် အတူ သူ၏အတွေးများသည် အဝေးသို့ လွှင့်စဉ်သွားတတ်သည်။

"ခွေးမသား – စောကြက်ရိုး၊ နင် တော့ ငါဒီညောင်ပင်ကြီးအောက်မှာ စ်ယောက်တည်း လာစောင့်နေတာ ောင် သိမှသိရဲ့လား။ နင်ကတော့ စ်ရာထဲမှာ နင့်မယားနဲ့ ဖိမ်ပဲ၊ ဟေး – ား – ဟေး – ဟူး – ဟူး"

ဖိုးပေသည် ချမ်းရှာလွန်းသဖြင့် အေးဓာတ် သက်သာလို သက်သာ နှုတ်မှ အသံထွက်ကာ တဟေးဟေး ာ်မိလေသည်။ လက်ဝါးချင်း ပွတ် ည်။ ထို့နောက် ဒူးဒူးချင်း၊ ခြေဖဝါး ဝါးချင်း တစ်လှည့်စီ မီးပွင့်မတတ် ်လေသည်။ အချမ်းဓာတ် အနည်း ် သက်သာသယောင်သာ ရှိသည်။ ုံးအရင်းနှင့် ဝင်ရောက်တိုးဝင်လာ ည့်ဆောင်းဒဏ်ကိုလုံးဝ မကာကွယ် ွား။

ရုတ်တရက် အကြံတစ်ခု ပေါ်လာ ည်။

"မီးလှုံရင်းနဲ့ စောကြက်ရိုးကိုစောင့် ိုအဆင်ပြေလိမ့်မယ် ဟုတ်ပြီ"

ဖိုးပေသည် သေနတ်၊ ဝန်စည်

စလွယ်အချို့ကို ညောင်မြစ်ဆုံကြားတွင် ချကာ မတ်တတ်ရပ်ရင်း ပတ်ဝန်းကျင် တွင် ထင်းပေါက်ထင်းခြောက် ရလိုငြား ရှာဖွေကြည့်သည်။ ညောင်ပင်ခြေရင်း ပတ်လည်တွင် သစ်ကိုင်းခြောက်များ အခြားနေရာမှ လွင့်စဉ်လာသော သစ် ကိုင်းတို သစ်ကိုင်းစများကို လိုက်လံ စုဆောင်းကောက်ယူလေသည်။

"အတော်ပဲ – မီးလှုံရင်း ဒီကောင်ကို စောင့်ရမှာ၊ ငါ ဘာဖြစ်လို့ အစကတည်း က ဒီအကြံကို မရပါလိမ့်"

သူသည် သစ်ကိုင်းခြောက်များကို စုကာ ချက်ချင်း မီးမိုလေသည်။ မီးညွှန့်သည် ချက်ချင်းတက်လာသည်။ သည်တော့မှ အနွေးဓာတ်သည် ခန္ဓာကိုယ်တွင်းသို့ ပူးကပ်ဝင်ရောက်လာကာ နွေးထွေးသော မီးမိုဓာတ်ဖြင့် နေသာထိုင်သာ ရှိသွားပေသည်။ မီးရောင်ကြောင့် ညောင်ပင်ပတ်လည် လင်းလင်းထင်းထင်း ရှိသွားသည်။ မီးပုံအထက်တွင် မီးခိုးအရှိန်ကြောင့် ညောင်ရွက်တွေ လှုပ်လှုပ်ခါခါဖြစ်နေသည်။

ဖိုးပေသည် မီးမိုမီး အဆက်ပြတ် စိမ့်သော ထင်းခြောက်များကိုတစ်ခုချင်း ထိုးတည့်နေပေသည်။ တိတ်ဆိတ်သော

www.burmeseclassic.com

ပတ်ဝန်းကျင်နှင့်အမှောင်ထုတောလမ်းတစ်နေရာ လူသွားလူလာပြတ်သည့်အခြေအနေ၊

မြောက်ပြန်လေသည် တဝေါဝေါမြည်ကာ အရှိန်ပြင်းထန်စွာ တိုက်ခတ်လျက်ရှိသည်၊ ထင်းခြောက်မီးဖိုထဲမှ မီးတောက်မီးလျှံအဝါနှင့် အစိမ်း အပြာရောင်များသည်တောကြက်ဖများကာနေသကဲ့သို့ ထင်မှတ်ရသည်၊ စိုတစ်ဝက် ခြောက်တစ်ဝက်သစ်ကိုင်းတစ်ခုပါသွားရာမီးတောက်မီးလျှံထဲမှ တဖျစ်ဖျစ်မြည်နေသော အသံသည် ဥစ္စာစောင့်မတစ်ယောက်၏ မပီမသ ဆွဲဆွဲငင်ငင် သီဆိုနေသော သိုက်နန်းရှင်၏ အလွမ်းတစ်ပုဒ်နှင့်တူသည်၊ ဖျစ်ဖျစ်မြည်နေသောအသံသည် ဆောင်းဘွဲ့တေးကို စည်းဝါးတိုက်နေသကဲ့သို့ ရှိပေသည်၊

ဆောင်းသည် မှန်ရီအေးစက်နေဆဲပင် ရှိသည်၊ လေသည် တဝေါဝေါမြည်ကြွေးကာ မွှေနှောက်တိုက်ခတ်လျက် နေသည်၊

"ဒီကောင် တော်တော်ကြာဦးမယ်ထင်တယ်၊ ငါ့ကိုယ်၌က စောပြီး ထွက်ခဲ့တာလေ၊ ဒီလိုမှမထွက်ရင်တောင်ခြေကို ခပ်စောစော ဘယ်လို ရောက်မှာလဲ၊ အင်း - ဒီကောင်စောကြက်ရိုးလာတော့မှာပါ၊ ကြော် - သတိရပြီ၊ ငါ့မှာ တောထဲမှာအဆာပြေစားဖို့ထမင်းခြောက်နဲ့အမဲခြောက်တွေ လုံလုံလောက်လောက်ပါခဲ့တာပဲ၊ ဟီး - ဟီး - အတော်ပဲ၊ ဒီလိုဆောင်းချမ်းချမ်းမှာ အမဲခြောက်ဖုတ်ကလေးဖုတ်စားလိုက်ရရင် တော်တော်အရသာရှိမှာပဲ၊ ဟုတ်ပြီ - စောကြက်ရိုးကို စောင့်ရင်း အမဲခြောက်ဖုတ်လေမှပဲ၊ မီးကလည်း ကောင်းလိုက်တာ၊ တဲ - ကြာပါတယ်၊

ဖိုးပေသည်ညောင်ပင်မြစ်ဆုံကြားမှ တောလိုက်လွယ်အိတ်ကို ယူကာလွယ်အိတ်ထဲတွင် ထည့်ထုပ်လာသောအမဲခြောက်နှစ်မြှောင်းကို ထုတ်လိုက်လေသည်၊

"မီးကင်စားမယ် - တော်တော်အရသာရှိမှာပဲ"

သူသည် လက်တဝါးသာသာ အမဲခြောက်နှစ်မြှောင်းကို စတင်၍ မီးကင်လေသည်၊ ခဏအကြာတွင် မွှေးပျံ့သောအမဲခြောက်ဖုတ်ရနံ့သည် လှိုက်၍ထွက်လာလေသည်၊

"အားပါး - တယ်မွှေးပါလား"

အမဲခြောက်ဖုတ်ရနံ့သည် ညောင်ပင် ပတ်လည်တွင် ဝေ့ဝဲပျံ့နှံ့လာသေးသည်၊ ဖိုးပေသည် အကျက်ညီအောင်လှည့်၍မေးနေမိသည်၊ ထိုစဉ် ဟိုးခပ်ဝေးဝေး တောစပ်ဆီမှ ကြက်ဖတစ်ကောင်၏ တွန်သံကို စတင်ကြားလာရသည်၊ ထို့နောက် တောခွေးအူသံ ညောင်ပင်ကြီးထက်မှ ငှက်များ၏ တလှုပ်လှုပ် တရှုရှုနိုးထလာသံ၊

ဖိုးပေသည် အသံတွေ လာရာသို့ လှမ်းလိုက်၍ကြည့်သည်၊ ညောင်ပင်ထက်မှအိပ်တန်းတက်ငှက်များ၏ လှုပ်လှုပ်ရှားရှားအသံများနှင့်အတူ တောင်ပံခတ်သံ တဂီးဂီးအော်မြည်သံတွေပါ ဆက်တိုက်ထွက်ပေါ်လာသည်၊

"ဘာဖြစ်နေကြတာလဲ၊ အပေါ်ကအကောင်တွေ တလှုပ်လှုပ် ဖြစ်နေကြပါတလား"

ဖိုးပေသည်အပင်ပေါ်ကိုမော့ကြည့်ကာ ပြောလည်းပြော အမဲခြောက်ဖုတ်ကိုလှည့်၍ပေးလည်းပေးကာမီးပုံကိုထင်းခြောက်တွေ ထပ်၍ထည့်နေမိသည်၊

ထိုစဉ် ညောင်ပင်ပေါ်မှ ငှက်တစ်ကောင်၏ ငယ်သံပါအောင် စူးစူးဝါးဝါး အော်ဟစ်သံနှင့်အတူ အောက်သို့ ငှက်တစ်ကောင်၏ ခေါင်းပြတ်ခန္ဓာကိုယ်တစ်ခု မီးပုံရှေ့သို့ ဘုတ်ခနဲ ပြုတ်ကျလာသည်၊

"ဟ - ဘာလဲဟ"

ဖိုးပေသည် ပြုတ်ကျလာသော ခေါင်းပြတ်ငှက်သေကို သေသေချာချာ စိုက်ကြည့်လိုက်သည်၊ ဖိုးပေသည် ကြောက်တတ်သူမဟုတ်ပေ၊ သတ်ဖြတ်ရဲသော တောလိုက်မုဆိုးတစ်ယောက်ပဲ မဟုတ်လား၊ တောတွင်း အတွေ့အကြုံတွေ အသက်နှင့်မကကြုံရဆုံရဖူးပြီ၊

"အရှင်လတ်လတ် သွေးစိမ်းရှင်ရှင်နဲ့ ဆက်ရက်သေတစ်ကောင်ပဲ"

ခေါင်းပြတ်နေသော ဆက်ရက်သေသည် လောလောလတ်လတ် အသတ်ခံရ၍ အပင်အောက်သို့ ပစ်ချခံလိုက်ရသော သတ္တဝါဖြစ်သည်၊ သွေးတွေစီးကျကာ ထွက်နေဆဲ ဖြစ်သည်၊ ဘယ်လို တိရစ္ဆာန်က အပင်ပေါ်တက်၍ သတ်ဖြတ်ကိုက်သတ်ကာ စားသောက်ပြီး တောင်ပံနှင့် အရိုးများကို ပစ်ချလိုက်လေသည်၊ ကြောင်လား၊ တောကြောင်လား၊ အိမ်ကြောင်လား တခြားဘာအကောင်ပါလိမ့်၊

ထိုစဉ်ငှက်တွေအလန့်လန့်အချော်ချော်ဖြစ်ကာ တဂစ်ဂစ် အော်၊ တောင်ပံတွေ ရိုက်ကာ အပြင်သို့ ပျံထွက်သည်၊ အကောင်က ပျံထွက်၊ တစ်ကိုင်းနှင့်တစ်ကိုင်းခုန်ကူးသည့်ကောင်ကခုန်ကူးနှင့် ဆူဆူညံညံ ဖြစ်ကုန်သည်၊

www.burmeseclassic.com

"အပင်ပေါ်က ကောင်တွေ ဘာတွေဖြစ်နေကြတာလဲဟေ့။ သေနတ်စာ မိချင်လို့လား"

သူသည် တစ်စုံတစ်ရာ တုံ့ပြန်ရန် မတ်တတ်ရပ်လိုက်စဉ်မှာပင် သူ မမြင်ရသော ညောင်ပင်၏ အခြားဘက် အမှောင်ထုဆီမှ သစ်ရွက်တွေ တဖျောဖျော မြည်သံနှင့်အတူ ဖုတ်ခနဲ ခုန်ချလိုက်သံ တစ်သံ ထွက်ပေါ်လာလေသည်၊

ဖိုးပေသည် သတိဝီရိယရှိသူ တစ်ယောက် ဖြစ်ပေရာ ဖုတ်ခနဲ မြေပေါ်သို့ ခြေချသံ ကြားလိုက်ရသည်နှင့် သူ့လက်က နှစ်လုံးပြူး သေနတ်ဆီသို့ လက်က ရောက်ရှိသွားပြီ ဖြစ်သည်၊ သူသည် သေနတ်ကို ဖြောင်းခနဲမြည်အောင် မောင်းတင်လိုက်သည်၊

ခြေသံတစ်သံ ...

ညောင်ပင်၏ နောက်ကျောဘက်ဆီမှ မီးပုံရှိရာသို့ တိုးကပ်လာသော ခြေသံ တစ်စုံ ကို စတင်ကြားလိုက်ရသည်၊ ဖိုးပေသည် အသံကြားရာသို့ သေနတ်ကို ထိုးချိန်ထားလိုက်သည်။

လေးကန်သော ခြေသံနှင့်အတူ ညောင်ပင်၏ ပင်စည်နောက်မှ လူတစ်ယောက် ထွက်လာသည်၊ ညအမှောင်အောက်မှာ လူစိမ်းတစ်ယောက်ကို မြင်လိုက်ရတော့ ကြောင်အသွားသည်။ သူသည်သေနတ်ပြောင်းကိုအောက်သို့ အနည်းငယ်စိုက်လိုက်သည်၊ ဖိုးပေ၏ မျက်ဝန်းအကြည့်စူးစူးများသည် မီးပုံသို့ တရွေ့ရွေ့ချဉ်းကပ်လာသော လူဆီသို့ စူးစူးစိုက်စိုက် ကျရောက်သွားသည်။

ညိုမှောင်နက်ပြောင်သော အသားအရောင်၊ အပေါ်ပိုင်းအင်္ကျီဗလာ၊ လုံချည်ကို ခါးတောင်းကျိုက်ထားပေရာ ပေါင်တွင် ထိုးကွင်းမင်ကြောင်ကို မီးရောင်အောက်တွင် အထင်အရှားမြင်နေရပေသည်၊ ထိုလူသည် မီးရောင်အောက်ဆီသို့ တဖြည်းဖြည်း တိုးကပ်လာပြီး အနားရောက်ခါမှ ထွားကျိုင်းတုတ်ခိုင်သော လူတစ်ယောက်ဖြစ်မှန်း တွေ့လိုက်ရသည်။ ထူးခြားသည်မှာ ရှည်လျားနက်မှောင်သော ဆံပင်များကို သျှောင်တစောင်းထုံးထားခြင်းပေတည်း။ ကြည့်လိုက်လျှင် အဆိုပါပုဂ္ဂိုလ်သည် ရှေးခေတ်မြန်မာအမျိုးသားကြီးတစ်ဦးနှင့် တူသည်အောက်မေ့သည်၊

ဖိုးပေသည် သည်အရပ်တွင် မွေးဖွားကြီးပြင်းလာသူဖြစ်သည့်အလျောက် အထက်ပါသျှောင်တစောင်းနှင့် ပုဂ္ဂိုလ်ကို မသိချေ၊ မြင်လည်း မြင်ဖူးခြင်း မရှိ ထိုပုဂ္ဂိုလ်သည် မည်သည့်ပုဂ္ဂိုလ်ပေနည်း၊ မည်သည့်နေရာက ရောက်လာသနည်း။ မိုးပေါ်က ကျလာသည့် ပုဂ္ဂိုလ်လော၊ ထူးဆန်းပေစွ တကား။

ထိုပုဂ္ဂိုလ်သည် ခါးတောင်းကို မြှောင်နေအောင်ကျိုက်ကာ မီးပုံရှေ့သို့ တိုးကပ်လာပြီး ဖိုးပေကို တစ်ချက်မော့ကြည့်ကာ ထိုင်ချလိုက်လေသည်၊ ထို့နောက် မီးပုံကို လက်ညှိုးထိုးပြသည်၊

ဖိုးပေသည် လူစိမ်းကို တစ်ချက် အတဲခတ်ကြည့်ရင်း ...

"မီးလှုံချင်လို့လား"

လူစိမ်းက ခေါင်းတစ်ချက် ညိတ်သည်၊ နှုတ်ကတော့ မပြော ...

"လှုံချင်လှုံပေါ့ဗျာ - သိပ်ချမ်းတာ ရှိ"

သူတို့နှစ်ယောက်သည် မီးပုံကို အလယ်တွင်ထားကာ မျက်နှာချင်းဆိုင် ထိုင်နေကြခြင်းဖြစ်သော်လည်း ဖိုးပေက အလွတ်မပေး။ ဖိုးပေသည် မီးညွန့် မီးရှည်တွေကြားမှ လူစိမ်းကို ဖျတ်ခနဲ အတဲခတ်ကြည့်နေမိသည်၊ လူစိမ်း ရောက်လာပုံမှာ ထူးဆန်းလှသည် ထင်သည်၊ သူသည် ထူးဆန်းသော အိပ်မက်ထဲမှ မတွေ့မမြင်ဖူးသည့် လူစိမ်း တစ်ယောက်ပမာ အကဲခတ်နေခြင်း ဖြစ်သည်သာမက သေနတ်ကို လက်မှ မချတော့၊ သတိနှင့်တော့ စောင့်ကြည့်နေခြင်းဖြစ်သည်၊

ဖိုးပေသည် လူစိမ်းကို စောင့်ကြည့်နေရာမှ စောစောတ မီးကင်၍ ကျက်နေပြီဖြစ်သော အမဲခြောက်နှင့် ပြောင်းအနက်မှတစ်ပြောင်းကိုကောက်၍ပါးနေမိသည်၊ ထိုစဉ် လူစိမ်းနှင့် မီးညွန့်တွေကြားမှနေ၍ ရုတ်တရက် မျက်လုံးချင်း ဆုံသွားမိသည်၊

လူစိမ်းသည် ပြူးကျယ်၍ အရောင်တောက်နေသောမျက်လုံးများဖြင့်သူ့ကို စိုက်ကြည့်နေသည်ဟု ခံစားမိသည်၊ လူစိမ်း၏ မျက်နှာကြီးသည် တဖြည်းဖြည်းကြီးထွားဖောယောင်လာကာဝတ်သိုးမျက်နှာကြီးကိုမီးကင်၍အဆီပြောင်လာသကဲ့သို့ ထင်မိသည်၊ ဖိုးပေသည် လူစိမ်း၏ နောက်ကျောဘက်သို့ အတဲခတ်ကြည့်သည်၊ မီးပုံမှ အလင်းဖြန့်သည့် လူစိမ်း၏ နောက်၌ မရှိ၊ အရိပ်မထွက်၊ အရိပ်မရှိသော လူထူးလူဆန်း တစ်ယောက်ပေတကား။

လူစိမ်း၏ မျက်နှာကြီးသည် မီးအလင်းရောင်အောက်တွင် ခြောက်မက်ဖွယ်ပြောင်လက်လာသည်သာမက သူ့ကို မီးလျှံကြားမှ စိုက်ကြည့်နေသော



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးများသည် ချက်ချင်းအနီရောင်သမ်းလာကာ ပြောင်လက်လာသည်ထင်သည်။ သူ့လက်ထဲမှ အမဲခြောက်ဖုတ်ကိုစိုက်ကြည့်နေခြင်းဖြစ်ပေသည်။ အမဲခြောက်ဖုတ်ကိုစားလိုသော လူစိမ်း၏မျက်ဝန်းများသည်တဖြည်းဖြည်းပြူးကျယ်လာကာ မျက်နှာကြီးသည် တဖြည်းဖြည်း ဖောယောင်လာသည်။

"လူမှ ဟုတ်ရဲ့လား။ စကားလည်း မပြောဘူး၊ အရိပ်လည်း မထွက်ဘူး။ ငါစားနေတဲ့ အမဲခြောက်ဖုတ်ကိုကြည့်နေတဲ့ သူ့မျက်နှာကြီးက ကြောက်စရာကြီး၊ အချိန်မတော် ဘယ်က ရောက်လာတာလဲ၊ ဘယ်ကနေ လာပြီး မီးလှုံတာလဲ၊ သူ့မျက်နှာပွစိစိကြီးက မီးရောင်အောက်မှာ ပိုပြီးဖောသွပ်သွပ် ပုပ်ပွလာသလိုပဲ၊ သတိတော့ ထားနေမှ၊ ငါ့ကို တစ်ခုခု လုပ်လို့ကတော့ပစ်အထည့်ပဲ၊ ကြိုးစင်ပဲတက်ရ တက်ရ၊ တစ်ကျွန်းပဲ ပို့ပို့၊ ငါတော့ ချမှာပဲ"

ဖိုးပေသည် မိမိကိုယ်မိမိ ရဲဆေးတင်ကာ သတိဝီရိယဖြင့် လူစိမ်းကိုစောင့်ကြည့်နေသည်၊ လူစိမ်းသည် ဖိုးပေ ကိုင်ထားသော အမဲခြောက်ဖုတ်ကို ကြောက်မက်ဖွယ် အဆီပြန်သော မျက်နှာကြီးဖြင့် အာသာငမ်းငမ်း စိုက်ကြည့်နေလေသည်၊

ဖိုးပေသည် မျက်နှာပြဲပြဲ အဆီပြောင်ကြီးကို စိုက်ကြည့်ရင်း ရင်ထဲမှာ ရေနစ်သူ ရေမွန်းသလို ခံစားလိုက်ရသည်၊ ထင်းခြောက်မီးပုံ၏ အလင်းရောင်သည် အမှောင်ထုအောက်တွင် တဟုန်းဟုန်းတောက်ပလျက် ရှိနေသောရာ လူစိမ်း၏ညိုပုပ်ပုပ်မျက်နှာပြဲကြီးကို အလင်းတင်ပေးနေသကဲ့သို့ ရှိသည်။ ထိုမျက်နှာပြဲကြီးတွင်လျှို့ဝှက်သိပ်သည်းမှုတစ်ခုရှိလိမ့်မည်။ ဖိုးပေသည်မျက်နှာပြဲကြီးကို အလစ်မပေးဘဲ စိုက်ကြည့်နေရာမှ ဘယ်သို့ စိတ်ပြောင်းလဲသွားသည်မသိ၊

"အမဲခြောက်ဖုတ် စားချင်လို့လား"

လူစိမ်းသည်ဖိုးပေစကားဆုံးသည်နှင့် ဘာမပြော ညာမပြောနှင့် ဖိုးပေလက်ထဲမှအမဲခြောက်ဖုတ်ကိုဆတ်ခနဲလုယူကာ ပါးစပ်ထဲ ကောက်ထည့်လိုက်လေသည်၊

"ဟင်"

ဖိုးပေသည် ဖိုးဖိုးဖပ်ဖပ် နိုင်လှသောလက်ရဲဖက်ရဲရှိလှသောလူစိမ်း၏ မကျေမနပ် လှမ်းကြည့်သည်၊ ထိုစဉ် ဖိုးပေလက်ထဲမှ လုယူလိုက်သော အမဲခြောက်အမြောင်းကြီးသည် လူစိမ်း၏ ပါးစပ်ထဲမှပင်လျှင် လျင်မြန်စွာ ပျောက်ကွယ်သွားလေသည်၊ ဖိုးပေ အံ့ဩသွားသည်၊ ရင်ထဲမှာလည်းထိတ်ခနဲဖြစ်သွားသည်၊

"ဟင် - မြန်လိုက်တာ၊ ဘယ်လိုမျိုးစားလိုက်ပါလိမ့်"

ဖိုးပေသည် ရင်ထဲမှာ မကျေမနပ်ဖြစ်သွားကာ နောက်ထပ် အမဲခြောက်တစ်ချောင်းကို ဆွဲယူကာ တစ်ကိုက်တစ်ခဲ စားလိုက်သည်၊ ဆောင်းလေကြမ်းသည် တဝေါဝေါမြည်ကာ တိုက်ခတ်နေသည်၊ မီးလျှံဝါဝါတွေ တဟုန်းဟုန်းမြည် တဖျစ်ဖျစ်အော်ကာ ပြာမှုန်တွေ လွင့်ဖျံကုန်သည်၊ သူသည် နောက်တစ်ခုတိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် လက်ထဲမှအမဲခြောက်ဖုတ်ကို ခပ်ကြမ်းကြမ်း လုယူခြင်း ခံလိုက်ရပြန်သည်၊

"တောက် - ရိုင်းလှချည်လားကွာ"

သူ ဒေါသဖြင့် လှမ်းကြည့်လိုက်တော့ လူစိမ်းသည် ဒုတိယအမဲခြောက်ဖုတ်ကိုအငမ်းမရစားသောက်နေသည်၊ ထိုတပ်ပလောင်း စားနေခြင်း ဖြစ်သည်၊

ဖိုးပေသည် မကျေမနပ်ဖြင့် စိုက်ကြည့်နေသည်၊ သူ့လို အမဲလိုက်သမားတစ်ယောက်သည် သည်နယ်တစ်ခွင်မှာ မသိသူ ရှားသည့် မိုက်ရူးရဲတစ်ယောက်ဖြစ်သည်၊ စောကြက်ရိုးလည်း သူ့လိုပင် ဖြစ်သည်၊ သူတို့သည် မည်သည့်အရာကိုမှ ကြောက်ရွံ့ထိတ်လန့်တတ်သည့် လူစားမျိုးတွေ မဟုတ်၊ တောထဲတွင်ကြောက်မက်ဖွယ်အမဲကြီးများဖြင့်ပင် ရင်ဆိုင်ကာ အနိုင်ယူလာသူဖြစ်သည်၊

ဖိုးပေသည်မီးတောက်မီးလျှံတွေကြားမှ လူစိမ်း၏ မျက်နှာကို စိုက်ကြည့်လိုက်ပြန်သည်၊ စိုက်ကြည့်နေရင်းမှပင် လူစိမ်း၏ မျက်နှာသည် အသွင်ပြောင်းသွားသည်ဟု အောက်မေ့မိပြန်သည်၊ မီးလျှံကြားမှ ရုတ်တရက် မြင်လိုက်ရသော လူစိမ်း၏ မျက်နှာပြဲပြဲ ညိုမည်းမည်း ဖောသွပ်သွပ်ကြီးသည် မီးလောင်ဖုကြီးများဖြင့် အသီးသီး ဖုသီးကြီးတွေထကာ ကြောက်မက်ဖွယ် ဖောင်းတားလာသည်ကို တွေ့လိုက်ရသည်၊

မီးပုံသာခြားနေသော ရှုံ့ရှာထိတ်လန့်ဖွယ် မျက်နှာကြီးကို မြင်လိုက်ရတော့ မည်သည့်အရာမှ ကြောက်ရွံ့ပါဟု ကြွေးကြော်ထားသော ဖိုးပေသည်





www.burmeseclassic.com

www.burmeseclassic.com

သူ့တစ်ကိုယ်လုံးရှိသွေးလည်ပတ်မှုများ ရုတ်တရက် ရပ်ဆိုင်းသွားသည့်ပမာ ခံစားလိုက်ရပေသည်။ သူ့ရင်သည်ဖြန်းခနဲ တုန်လှုပ်သွားကာ ပါးစပ်အဟောင်းသားနှင့် အသံပင်မထွက်တော့ပေ။ တစ်ခုခုပြောရန် စကားလုံးများသည် လည်ချောင်းဝတွင် တစ်ဆို့နေသည်။

သူသည် ပထမဦးဆုံးအကြိမ် ဘဝတစ်သက်တာမှာ မတမ်းတဘူးသော ဘုရားရှင်ကို တမ်းတလိုက်မိသည်။

"ဘုရား - ဘုရား - လူလား၊ တစ္ဆေလား၊ ဒါမှမဟုတ် တစ္ဆေပူးကပ်နေတဲ့ လူတစ်ယောက်လား။ ငါ ဘာဆက်လုပ်ရမလဲ"

ရုတ်တရက်လန့်ဖျပ်သွားသောစိတ်နှင့်အတူ ဆင်ခြင်တုံ အသိတစ်ခုက ဦးနှောက်ထဲဝင်လာသည်။ ငါဘာဆက်လုပ်ရမလဲဟူသောအသိတရားပင်ဖြစ်သည်။

ဖိုးပေသည် ကစဉ့်ကလျားဖြစ်နေသော စိတ်ကို တည်ငြိမ်စွာ စုစည်းထိန်းချုပ်လိုက်သည်။ လူစိမ်းကို မကြည့်တော့၊ သူသည် လွယ်အိတ်ထဲမှ မီးသတ်ထားသော ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ထုတ်ကာ မီးဖိုထဲမှ မီးခဲတစ်ခဲကိုယူပြီး မီးညှိလိုက်သည်။ တစ်ဖွာ နှစ်ဖွာကို ခပ်ဆောင့်ဆောင့် တဖူးဖူး အသံထွက်အောင် ရှိုက်လိုက်သည်။ လောလောဆယ် ဖိုးပေ၏ ဆန္ဒသည် လူစိမ်းသည်နေရာမှ လျင်မြန်စွာ ထွက်ခွာသွားရေးပင် ဖြစ်သည်။ သူစားရန် မီးကင်ထားသော အမဲခြောက်ဖတ်ကို လုယူစားသောက်လိုက်ကတည်းက လူစိမ်းကို လုံးဝမကျေနပ်တော့ပေ၊ ကြည့်မရတော့ ...။

ထိုစဉ် လူစိမ်းသည် ခေါင်းတညိတ်ညိတ်ဖြင့် ဖိုးတေကို စိုက်ကြည့်နေပြန်သည်။ ထို့နောက် လက်ညှိုးနှင့် လက်ခလယ်ကို ဆေးလိပ်သောက်သည့်ပုံစံ လုပ်ပြသည်။ သဘောက ဆေးလိပ်သောက်ချင်သေးသည်ဟု ဆိုလိုခြင်း ဖြစ်သည်ကိုဖိုးပေ သဘောပေါက်လိုက်ပြီ။ ဖိုးပေရင်ထဲတွင်ရှိသော ဆင်ခြင်သတိတရားသည် လုံးဝ ပျောက်ကွယ်သွားပေပြီ။ ဒေါသစိတ်က ဝင်ရောက်လာပြီ။

"တောက် - အမဲခြောက်နစ်ချောင်းလည်းတစ်ယောက်တည်းစားပစ်တယ်။ ခု - မကျေနပ်သေးဘူး၊ ခု - ဆေးလိပ်သောက်ချင်သေးတယ်။ ခွေးမသား - နင် လူလား၊ တစ္ဆေလား"

ဖိုးပေ၏ ဒေါသသည် အထွတ်အထိပ်သို့ ရောက်သွားပေပြီကော။

"ဆေးလိပ်သောက်ချင်သေးတယ် ဟုတ်လား။ မျက်နှာမှာ အဖုတွေနဲ့ဖြုတ်တောင်ကြီး"

လူစိမ်းသည် သွားတစ်ချက်ဖြဲကာ ခေါင်းညိတ်ပြသည်။

"ဆေးလိပ်သောက်မှာနော် - ဖြုတ်တောင်ကြီး"

လူစိမ်းသည် ဒုတိယအကြိမ် ခေါင်းညိတ်ပြန်သည်။ ဖိုးပေသည် ရုတ်တရက်အကြံတစ်ခု ရလိုက်သည်။ ထို့ကြောင့် ခေါင်းပေါ်အသင့်အနေအထားဖြင့် တင်ထားသော နှစ်လုံးပြူးသေနတ်ကို ဆွဲယူကာ ပြောင်းခနဲ မောင်းတင်လိုက်သည်။

"ကဲ - ပါးစပ်ဟ"

လူစိမ်းသည် ပါးစပ်ကြီးကိုဟလိုက်ရာ အစွယ်နှစ်ချောင်းကို မြင်လိုက်ရ၏။ အစွယ်သည်လက်နှစ်ဆစ်ခန့်ရှည်ထွက်သည်။ မီးရောင်အောက်တွင်အစွယ်ချွန်ချွန်နှစ်ချောင်းသည် ကြောက်မက်ဖွယ် ချွန်မြနေသည်တကား။

"ပါးစပ်ကို ကျယ်ကျယ်ဟစမ်း၊ ကျယ် ကျယ် - ဟုတ်ပြီ - ရော့ - ဆေးလိပ် - ခွေးမသား ဖြုတ်တောင်"

ဖိုးပေသည် နှစ်လုံးပြူးပြောင်းဝကို လူစိမ်း၏ ပါးစပ်ထဲသို့ တေ့၍ ထိုးထည့်လိုက်ကာ —

"ရှူး - ရှိုက် - လာပြီ မီးခိုးထွက်တော့မယ်။ ကြည့်ထား - ဖြုတ်ကောင်"

ဖိုးပေသည် သေနတ်မောင်းတံကို ဖြုတ်ချလိုသည်။

"ဒိုင်း"

နောက်တစ်ချက် လူစိမ်းသည် သည်နောက်သို့ ခြေပစ်လက်ပစ် ဇင်ထိုင်ကျသွားသည်။ နောက်တစ်ချက် —

"ဒိုင်း"

"ဝူး - ဝါး"

သေနတ်သံနှစ်ချက် ဆက်တိုက် ပတ်ဝန်းကျင်တွင် မြည်ဟည်းထွက်ပေါ်သွားသည်။ ဝုန်းခနဲ ထ၍ ပြေးသည်။

ကြောက်မက်ဖွယ် နာကျင်စူးရှသော အော်သံကြီးတစ်သံ အော်ဟစ်၍ ပြေးသည်။

တောရိုင်းတိရစ္ဆာန်ကြီးတစ်ကောင်၏ အော်ဟစ်သံမျိုး။ ထိုအသံကြီးသည် ညယံကို ထိုးဖောက်ကာ မြေကြီးတုန်မတတ် ထွက်ပေါ်လာခြင်းပင် တကား။

ဖိုးပေသည် နောက်ထပ် သေနတ်ကျည်ဆလုတ်တွင်းသို့ ကျည်ဆန်ထပ်ထည့်ကာ အခြေအနေကို စောင့်ကြည့်နေသည်။ မည်သည့်လှုပ်ရှားမှုမှ မတွေ့ရတော့၊ ညသည် တိတ်ဆိတ်မြဲ၊ ထို့နောက် သူသည်ထင်းမီးပုံကြီးကိုလောင်

www.burmeseclassic.com

တ ထပ်ဖြည့်ကာ တောလိုက်မုဆိုးဗိုဗီ သတိဝီရိယဖြင့် နောက်ထပ် မည်သည့် အန္တရာယ်များ ကျရောက်လာလေမည် လဲဟု စောင့်ကြည့်နေသည်။

နောက်ထပ် နာရီဝက် ခန့်ကြာ သော် စောကြက်ရိုး ရောက်လာသည်။ အကျိုးအကြောင်းကို ရှင်းပြလိုက်သည်။ ထိုအခါ စောကြက်ရိုးက ...

"မြန်မာရှင်ဘုရင်လက်ထက်က တာဖြူကြီး မိုးလုံးဆိုတာ ရှိခဲ့ဖူးတယ်။ ရဲမက်တွေက မီတော့ ဒီညောင်ပင်မှာ သတ်ပြီးမီးရှို့ထားပစ်ခဲ့တယ်ကြားတယ် ကွ။ မင်းပြောတဲ့ပုံစံအရဆိုရင် ဒီကောင်ကြီး ဖြစ်နိုင်တယ်။ တစ္ဆေဖြစ်နေတာ လေ၊ မင်း အဲဒီလို ပစ်ထည့်လိုက်တာ ကောင်းတယ်၊ တော်တော်အီသွားပြီကွ။ နေဦး–ဖိုးပေ၊ တို့သူ ပြေးသွားတဲ့နေရာ ထိ လိုက်ကြည့်ရအောင်။ မိုးလင်းတော့ မှာပါကွ"

"မင်းကလည်း ပေါ်မလာတော့ ဘူး"

"စိတ်မဆိုးပါနဲ့ကွာ"

"ကြာရင်တစ္ဆေကဝ့်အသားတော

မီးဖုတ်စားမလားပဲ"

"မင်းကလည်း ဒီညောင်ပင်မှာ ဒီလောက် သရဲခြောက်တယ်၊ သရဲသုံ ကောင်ရှိတယ်လို့ဒီလောက်နာမည်ကြီ နေတာကွ၊ သိရက်သားနဲ့"

"ငါမှ မယုံပဲကွ"

"ခု – ယုံပြီ မှတ်လား၊ မနက် တော့သူထွက်ပြေးတဲ့နေရာလိုက်ကြည့် မယ်"

မိုးလင်းသည်နှင့် သူတို့နှစ်ယော သည် လူစိမ်းကြီး ထွက်ပြေးသွားရာ လိုက်လံရှာဖွေကြည့်ကြသည်။

ညောင်ပင်ကြီးနှင့် ကိုက်ငါးဆယ် ခန့်အကွာတွင်ရှိသော ဝက်လာချုံကြီ တစ်ချုံထဲတွင် ရောမနှစ်ချိုဖွတ်ကြီး ကောင်ကို ဦးခေါင်းကျေမွလျက် သေ နတ်ဒဏ်ရာနှစ်ချက်ဖြင့် တွေ့ရှိလိုက် ရပေသည်။






ဒဂုန်ရွှေမျှား

ကမ္ဘာမြေအောက်ခရီး

www.burmeseclassic.com